

တော်ဘောဟောင်း
ရတာန့ဝန့ဂါး
လုံးချင်းအသစ်စက်စက်
မျိုးတင်လွင်



# အံအုံတော်

ဇာပွဲ

စာမူး ၁၉၇၊ ရန်ကုန်စာတိုက်ကြီး
ဖုန်း ၈၂၁၃၅
ဖြန့်ချိရေးတာဝန်ခံ
ဒေါ်အေးအေးမြင့်

# ယုံကြည်ချက်
## စာပေ
## စာတည်းအဖွဲ့


ပထမအကြိမ်

၁၉၇၅-ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ-တစ်ထောင်

အဖုံးရိုက် ရန်ကုန်အော့ဖ်ဆက်

မျက်နှာဖုံးပန်းချီ မျိုးတင့်လွင်

တန်ဖိုး ၂၂-ကျပ်

ဦးကျော်ဟင်း(မြ-၀၉၁၀)၊ယုံကြည်ချက်စာပေ၊ အမှတ် ၁၁၁ (၃-ထပ် ယာဘက်)၊ ၃၃ လမ်း၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍၊ ဒေါ်ကျင်ငွေ(မြ-၀၃၁၄၆) ဇမ္ဗူအောင်ပုံနှိပ်တိုက်၊ အမှတ်၁၊ ရေကျော်ကန်လမ်း၊ သာသနာ့ရိပ်သာရင်ကွက်၊ ဗဟန်း၊ ရန်ကုန်မြို့က ရိုက်နှိပ်သည်။

စာအုပ်စာတမ်း စာနယ်ဇင်း ပုံနှိပ်ထုတ်ဝေခွင့်ပြုမှတ် (၀၂၅၄)

စာအုပ်စာတမ်းစာနယ်ဇင်းမျက်နှာဖုံးပုံနှိပ်ထုတ်ဝေခွင့်ပြု အမှတ်(၃၉၃)




ကာလာ
လှစိန်

စာအုပ်ချုပ်
ဘော်ဝင်

စီစဉ်သူ
ကိုစံသောင်း

စာပြင်
ကိုတင်ထွန်း
(ဇမ္ဗူအောင်)



တော်ခေါဟင်း

# ရတနာနဂါး

သိုင်းဘာသာပြန် အသစ်သစ်စက်

(အစအဆုံး)

ယှူရင်း

ဝမ်ယင်း

၏

စိစိး စု ရှဲ့



စာရေးဆရာ တော်စေဟင်း၏

ထုတ်ဝေပြီး သိုင်းဘာသာပြန်ဝတ္ထုများ

၁။ သုံးဘဝကျောက်တုံး
၂။ ကိုယ်ပျောက်ဝတ်ရုံနက်
၃။ ရေနန်းတော်
၄။ နေမဝင်ဒေါင်းမင်းသမီး
၅။ သစ္စာသွေးတစက်နှင့် မေတ္တာသိုင်းတကွက်
၆။ အမိုက်ထွတ်ခေါင် နဂါးပတ်လူသတ်ကောင်
၇။ အရိုပ်စိမ်းဓား (မိုးကျော်သူနှင့်ပူးတွဲ၍)
၈။ ကိုယ်ရံတော်တပ်မှူးလေး (ပထမတွဲ)
၉။ ကိုယ်ရံတော်တပ်မှူးလေး (ဒုတိယတွဲ)
၁၀။ သစ်ကနက်ဒေဝီရုပ်တု မဟာသိုင်းကျမ်းစဉ် (ပထမတွဲ)
၁၁။ သစ်ကနက်ဒေဝီရုပ်တု မဟာသိုင်းကျမ်းစဉ် (ဒုတိယတွဲ)
၁၂။ ကျားရဲသိုင်းကွက်သခင်နှင့် ငွေချိုင်း သိုင်းကွက်ရှင်

ယခုလ

ရတနာနဂါး

ရှေ့လ

ရန်စွယ်တောင်ကြား သိုင်းလက်ဝါး

မိမိငှါးရမ်းသွားသောစာအုပ်
မရုတ်-စုတ်ပြဲ-ပျက်စီး-ပျောက်ဆုံးလျှင်
စာအုပ် တန်ဘိုးနှင့်တကွ ငှါးခ ရက်
အတွက်ပါ ပေးလျော် ရမည်။

လှိုင်စာပေ

အမှတ်(၁၃၈) လှိုင်စာပေ
ဈေးတောင်
အမှတ် ၁၅/၁၃၈၊ မြေလမ်း
တောင်ငူမြို့
ဖုန်း ၂၀၄၅၅

အချိန်ကာလကား....

၁၆၄၄ ခုနှစ် ဝန်းကျင်။

တရုတ်ပြည်ကို မန်ချူးများ သိမ်းယူပြီးစ ကာလဖြစ်သည်။

* * *

တရုတ်ပြည်၏ တိုင်းရေး ပြည်ရေးကား ငြိမ်သက်မှုမရှိလှသေးချေ။

သိုင်းသမား အင်အားစုများသည် တိုင်းပြည်တွင်း၌ အသွင်ပုံသဏ္ဌာန်အမျိုးမျိုး ဖြင့် လှုပ်လှုပ်ရှားရှားရှိနေကြသည်။

အချို့သိုင်းအင်အားစုများက မိမိတို့သိုင်းပညာစွမ်းရည်ဖြင့် ပြည်သူလူထုဘက်မှ အကာအကွယ်ပြုပေးတတ်ကြသည်။

တိုင်းပြည်နှင့်လူမျိုးအပေါ် သစ္စာစောင့်သိကြသည်။

သို့သော် အချို့သိုင်းအုပ်စုများကား ငြိမ်သက်မှုမရှိသော တိုင်းပြည်အခြေအနေကို အခွင့်အရေးယူကာ လက်နက်အားကိုး သိုင်းပညာအားကိုးဖြင့် ကိုယ်ကျိုးရှာကြရန် လုံးပမ်းကြသည်။

မည်သို့ပင်ဖြစ်စေ၊ အားလုံးသောသိုင်းသမားများ၏ အတွင်းစိတ်ထဲတွင်မူ တူညီသောစိတ်ထားလေးများ ရှိနေကြသည်။

ထိုစိတ်ထားကား တိုင်းပြည်ကို မတရားသိမ်းပိုက် အုပ်စိုးလျက်ရှိသော မန်ချူးမင်းဆက်ကို ဖြုတ်ချ၍ မင်မင်းဆက်ကို ပြန်လည်ထူထောင်ရန်ပင်ဖြစ်သည်။

ထိုအထဲတွင် ကြယ်တာရာအဖွဲ့သည် ထိပ်တန်းသိုင်းသမားများဖြင့် ဖွဲ့စည်းထားသည့် မျိုးချစ်သိုင်းအင်အားစုဖြစ်သည်။

သို့သော် အဖွဲ့၏ခေါင်းဆောင်ကိုမူ ယနေ့ထက်တိုင် မည်သူမည်ဝါမှန်း အတိအကျမသိကြရသေးချေ။

ထို့ကြောင့်လည်း ကြယ်တာရာအဖွဲ့ကို သိုင်းလောကသားများရော၊ မန်ချူးအာဏာပိုင်များကပါ စိတ်ဝင်စားစွာ စောင့်ကြည့်လျက်ရှိကြသည်။

သိုင်းလောကသားများအား ကြယ်တာရာအဖွဲ့နှင့် ပူးပေါင်း၍ မင်မင်းဆက် တည်ထောင်ရေးတွင် ပါဝင်လှုပ်ရှားချင်ကြသည်။

သို့သော် မန်ချူးအာဏာပိုင်တို့ကား ထိုသို့မဟုတ်။

ကောက်ကျစ်သောအကြံအစည်ဖြင့် စိတ်ဝင်စားစွာ စောင့်ကြည့်နေခြင်းဖြစ်သည်။

မန်ချူးအာဏာပိုင်များသည် အင်အားများပြားလှသော သိုင်းသမားများ အချင်းချင်းစိတ်ဝမ်းကွဲ၍ တိုက်ခိုက်ကြစေခြင်းဖြင့် သိုင်းသမားများ၏ အင်အား လျော့ချ ပစ်ရန် ကောက်ကျစ်ကြံစည်ကြိုးစားလျက်ရှိကြသည်။



သို့သော် မည်သည့်နည်းဖြင့် မည်သို့လုပ်ဆောင်ရမည်ကိုမူ စဉ်းစား၍မရနိုင်ကြသေးချေ။

* * *

ညဉ့်...

ပတ်ဝန်းကျင်တခုလုံး မည်းမည်းမှောင်၍ ငြိမ်သက်လျက်ရှိသည်။

သို့သော် ဟိုစုဘုရင်၏ သီးသန့်ဆွေးနွေးခန်း အတွင်း၌ကား မီးရောင်ဖြင့် ထိန်လင်းနေသည်။

အခန်းထဲတွင် အသက်(၄၀)ဝန်းကျင်မှ ခန့်ချူးတပ်မှူး အသင့် အတန်းရှိသည့် အဆောင် အယောင် အဝတ်အစားများကို ဝတ်ဆင်ထားသူတဦးသည် ဟိုစုဘုရင်အား အရေးတကြီး ကိစ္စများ ပြောဆိုနေပုံရသည်။

ဟိုစုဘုရင်သည် တပ်မှူးပြောသမျှကို မျက်ခွံမခတ်စိုက်ကြည့်ကာ နားထောင်နေလျက်ရှိသည်။

နှစ်ကိုယ်ချင်းကြားရသောသေသံဖြင့် တီးတိုးပြောဆိုနေကြသည်။

ညဉ့်နက် သန်းခေါင်အထိ ဆွေးနွေးနေသည့် ကိစ္စများကား သာမန်ကိစ္စမျိုးမဖြစ်နိုင်ပေ။

လွန်စွာအရေးကြီးသော ကိစ္စတရပ်သာဖြစ်ပေမည်။

ဟိုစူဘုရင်၏မျက်နှာထားသည် တဖြည်းဖြည်းနှင့် ကျေနပ်အားရသောအပြုံးများ ထင်ဟပ်လာတော့သည်။

ထိုနောက် စိတ်အားတက်ကြွလာသော လေသံဖြင့် ပြောလိုက်၏။

'ဒီကိစ္စကို အမြန်ဆုံး အကောင် အထည်ဖော်ပါ၊ ဒီသိုင်းသမားတွေရှိသမျှ ကိုယ်တော့်အတွက် စိတ်မအေးရဘူး၊ ဒီကိစ္စအောင်မြင်ယင် မောင်မင်းကို ရာထူးထပ်တိုးပေးပါ့မယ်'

တပ်မှူးမျက်နှာလည်း ကြည်လင်တောက်ပသွား၏။

'ဒီညတွင်းချင်းပဲ စာချွန်တော်အရောက်ပို့ပေးလိုက်ပါ့မယ်၊ ဘုရင်မင်းမြတ် စိတ်သာချပါ၊ ကျွန်တော်မျိုး ပြောတဲ့နည်းအတိုင်းဆိုယင် ဒီသိုင်းသမားတွေ တကောင်တလေတောင် ကျန်မှာမဟုတ်ပါဘူး'

ဟိုစူဘုရင်က ခေါင်းတညိတ်ညိတ်နှင့် ပြုံးနေတော့သည်။

သူတို့၏ အပြန်အလှန်ပြောစကားများကို ထောက်ချင့်ခြင်းအားဖြင့်။

သူတို့၏ လျှို့ဝှက်ဆွေးနွေးမှုများသည်သိုင်းသမားများအား ချေမှုန်းသုတ်သင်ရေးဖြစ်သည်ဟု ခန့်မှန်းတွက်ဆ၍ ရသည်။

ကောက်ကျစ်သည့်နည်းဖြင့် သူတို့မည်ကဲ့သို့လှုပ်ရှားကြလေဦးမည်နည်း။

သိုင်းလောကသားများကရော ဟိုစူဘုရင်နှင့် တပ်မှူးတို့၏ အကြံအစည်ကို သိမှ သိပါလေစ။

* * *

# ၂

ညဥ့်သန်းခေါင်ယံ ကျော်လွန်လာခဲ့လေပြီ။

အေးမြသော လေအေးကလည်း တဟူးဟူး တိုက်ခိုက်လျက်ရှိသည်။

နှင်းများက တဖွဲဖွဲကျဆင်းနေသည်။

စင်စစ်ထိုအချိန်ကာလမျိုးတွင် အရေးကြီးသောအကြောင်းကိစ္စမရှိပဲနှင့် မည်သူမျှ အိမ်ထဲမှ အိမ်ပြင် ထွက်ချင်ကြမည်မဟုတ်။

မိမိတို့၏ နေအိမ်ထဲတွင် နွေးထွေးစွာ အနားယူအိပ်စက်နေကြမည်သာ ဖြစ်သည်။

သို့သော် ထိုကဲ့သို့သော အချိန်ကာလမှာပင် မြင်းညိုတကောင်သည် မြို့တွင်းသို့ အပြင်းနှင်လာသည်။

မြင်းညိုပေါ်မှ စီးနင်းလာသော မီးခိုးရောင် ဝတ်စုံ ဝတ်ဆင် ထားသည့် လူငယ်သည် အေးမြသော ရာသီဥတုကိုပင် သတိထားမိပုံမရ။

မြင်းကို ဒုန်းစိုင်း စီးနင်းလာလျက်ရှိသည်။

မြို့တွင်းလမ်းမကြီးအတိုင်း စီးနင်းလာရာမှ ခန့်ညားထည်ဝါသော စံအိမ်ကြီးရှေ့တွင် ရုတ်တရက် ရပ်တန့်လိုက်သည်။

'ဘယ်သူလဲ'

ကင်းသမားက မြင်းစီးလုလင်ကို မာကျောစွာ မေးလိုက်၏။

'နယ်စားကြီးနဲ့ တွေ့ချင်လို့ပါ'

ကင်းသမား မျက်ခုံးတွန့်သွားကာ။

'အချိန်မရှိဘူး၊ မနက်မှ တွေ့ပါ'

'ကျုပ်အတွက် လဲ အချိန်မရှိဘူး၊ ခုချက်ချင်းတွေ့မှဖြစ်မယ်'

မြင်းစီး လုလင်သည် ကင်းသမားအား ဂရုမစိုက်သည့်နှယ် ခွန်းတုံ့ပြန်လိုက်သည်။

'အထောက်အထားပါသလား'

ကင်းသမားက ရှုတည်တည်ဖြင့် မေးသည်။

မြင်းစီးလုလင်သည် နှုတ်မှမဖြေပဲ ရင်ဘတ်အတွင်းသို့ ဆတ်ကနဲနှိုက်လိုက်၏။

* * *



ကင်းသမားသည် ဓားအိမ်မှဓားကို ချက်ချင်းဆွဲထုတ်လိုက်သည်။

မြင်းစီးသမား လုလင်၏သက် အရုပ်အသိမ်း ကိုလည်း မျက်တောင်မခတ် စူးစိုက်ကြည့်နေလျက်ရှိသည်။

မြင်းစီးလုလင် တချက်ပြုံးလိုက်ပြီး ရင်ဘတ်အတွင်း လျှိုဝင်သွားသောလက်ကို ပြန်နှုတ်လိုက်သည်။

ကင်းသမား သက်ပြင်းတချက်ချလိုက်သည်။

မြင်းစီးလုလင်၏ လက်ထဲတွင် စာရွက်လိပ်တလိပ်တွေ့လိုက်ရသည်။

အစိုးရိမ်ကြီးသော မိမိ၏အဖြစ်ကို ပြန်တွေးကာ ရှက်ကိုး ရှက်ကန်းမျက်နှာထားဖြင့် မြင်းစီးလုလင်ထံမှ စာရွက်လိပ်ကို လှမ်းယူလိုက်၏။

ထို့နောက် စာရွက်ကို ဖြန့်ဖတ်သည်။

'နယ်စားကြီးစံအိမ်ထဲမှာ ရှိပါတယ်၊ ဝင်ပါခင်ဗျာ'

စာဖတ်ပြီးသည်နှင့် ကင်းသမားက ငြိတံခါးမှ သည်စံအိမ်တော်ဆီသို့ မြင်းကိုဖြည်းညင်းစွာ ဆက်စီးသွားသည်။

တိတ်ဆိတ်သော ဝန်းကျင်တွင် မြင်းခွာသံ တခွပ်ခွပ်ကို ကြားလိုက်ရသည်။

* * *

ညဥ့်နက်သန်းခေါင်ယံကျော်သည့်တိုင် စံအိမ်တော်ကားနေ့နှင့်မခြား မီးရောင်များ ထိန်လင်းလျက်ရှိနေသည်။

မြင်းစီးလုလင်သည် စံအိမ်ရှေ့၌ မြင်းကို ရပ်တန့်လိုက်သည်။

မြင်းပေါ်မှ ပေါ့ပါးစွာ ခုန်ဆင်းပြီး စံအိမ်တော်တွင်းဝင်သည့် လှေကားအတိုင်း တထစ်ချင်း လှမ်းတက်သွားသည်။

ရုတ်တရက် စံအိမ်တံခါးမကြီး ပွင့်လာပြီး အသက် (၅၀) ဝန်းကျင်ခန့်ရှိ အဘိုးကြီးတဦးကို တံခါးဝတွင် မားမား မတ်မတ် ရပ်လျက်နေသည်ကို တွေ့လိုက်ရ၏။

အဘိုးအိုသည် မြင်းစီးလုလင်ကို သေချာစွာစိုက်ကြည့်လျက်ရှိသည်။

မြင်းစီးလုလင်ကသည်း မည်သည့်စကားကိုမျှမဆို တိတ်ဆိတ်နေကြသည်။

အတန်ကြာမှ အဘိုးအိုသည် ချောင်းတချက်ဟန့်လိုက်ပြီး....

'နေပြည်တော်ကို လိုက်မယ့် နတ်လက်ဝါး သိုင်းသမားကျူးယုရဲ့....'

အဘိုးအို စကားမဆုံးခင် မြင်းစီးလုလင်သည် လျင်မြန်စွာ ခေါင်းညိတ်၍ သွက်သက်စွာ ကြားဖြတ်ပြောလိုက်သည်။

'ဟုတ်ပါတယ်၊ နယ်စားကြီးဆီကြိုတင်အကြောင်းကြားထားတဲ့ နေပြည်တော်ကို လိုက်မယ့်လူဟာ ကျွန်တော်ပါပဲ'

ဟု ပြောပြီး အိတ်အတွင်းမှ စာတစောင်ကို ထုတ်ပေးလိုက်သည်။

နယ်စားကြီးသည် စာကိုဖတ်၍ ခေါင်းတဆတ်ဆတ်ညိတ်ယင်း....



'ကောင်းပြီလေ နက်ဖြန်ခရီးစထွက်မယ်၊ မိုးပျံရွှေကျားအာမခံအဖွဲ့လဲ အားလုံးအသင့်ဖြစ်နေကြပြီ၊ မင်းသုပ်ဆောင်ရမှာက....'

နယ်စားကြီးသည် မြင်းစီးလုလင်၏ နားရွက်နားသို့ တိုးကပ်ပြီး မည်သူမျှမကြားစေနိုင်သော လေသံဖြင့် တီးတိုးပြောဆိုလျက်ရှိသည်။

မြင်းစီးလုလင်မှာ ခေါင်းတဆတ်ဆတ်ညိတ်လျက်ရှိသည်။

မည်သည့်ကိစ္စများကို တိုင်ပင်နေကြသည်မသိ။

လူအများ မသိစေချင်သောသဘော ဆောင်နေသောကိစ္စဟူသည် အသေးအမွှားကိစ္စရပ် မဖြစ်တန်ရာ။ ကြီးမားသောလျှို့ဝှက်သောကိစ္စရပ်များသာ ဖြစ်ရချေတော့မည်။

ထိုကိစ္စသည် မည်သည့်ကိစ္စနည်း။

မြင်းစီးလူငယ်သည် မည်သူနည်း။

လက်ဝါးသိုင်းသမား ကျူးယုနှင့် မည်သို့ ပတ်သက်နေသနည်း။

* * *

## ၃

သိုင်းလောကတွင် သတင်းတရပ် ပျံ့လွင့်လာသည်။

ထိုသတင်းကို သိုင်းသမားများ စိတ်ဝင်တစားရှိကြသည်။

ထို့ကြောင့်လည်း ထိုသတင်းသည် သိုင်းလောကအတွင်း၌ တခဏချင်းပင် တောမီးပမာ ပျံ့နှံ့သွားတော့သည်။

ထိုသတင်းကား အခြားမဟုတ်ပေ။

နေပြည်တော်သို့ လှည်းခုနစ်စီးတိုက်ရှိသော ဘဏ္ဍာတော်များ ပို့ဆောင်မည်ဟူသော သတင်းဖြစ်၏။

ထို့ထက် စိတ်ဝင်စားစရာကောင်းသည်ကား....

ထိုဘဏ္ဍာတော် လှည်းခုနစ်စီး၏နောက်တွင် အမည်မသိသော လူတဦးလိုက်ပါလာသည့် လှည်းတစီး အပိုပါလာခြင်းဖြစ်သည်။



ထိုလှည်းထဲတွင် ပါလာသူကား မည်သူနည်း။

နေပြည်တော်မှ ထိပ်သီးသိုင်း အကျော်အမော်တဦးပေလော။

သို့လော....သို့လော....တွေးတောနေမိကြ၏။

* * *

မည်သို့ဖြစ်စေ ထိုကိစ္စရပ်ကို သိုင်းလောက တခုလုံးစိတ်ဝင်တစားရှိနေကြသည်။

သိုင်းသမားအုပ်စုတိုင်း၏ အာရုံသည် ထိုကိစ္စအပေါ်၌သာ စူးစိုက်လျက် ရှိနေကြသည်။

ထို့ပြင် သိုင်းသမားအချင်းချင်း၊ သိုင်းအုပ်စုအချင်းချင်း၊ တဦးနှင့်တဦး၊ တဖွဲ့နှင့်တဖွဲ့။

တယောက်ခြေလှမ်း တယောက်စောင့်ကြည့် နေကြတော့သည်။

ဤမျှများပြားလှသော ခုနစ်စီးတိုက် ဘဏ္ဍာတော် ရွှေငွေရတနာများကို မည်သူသည် လက်လွှတ်ခံနိုင်ပါမည်နည်း။

လူသည် လောဘ၏သားကောင် မဟုတ်ကြပါလော။

သို့သော် ထိုဘဏ္ဍာတော်များကို တာဝန်ခံပို့ဆောင်မည့် အဖွဲ့ကလည်း အင်အားမသေးလှပေ။

ထို့အတူ ထိုပို့ဆောင်ရေးအဖွဲ့၏ တာဝန်မှူး သိုင်းသမားအဆင့်ကလည်း တော်ရုံတန်ရုံ ယှဉ်နိုင်ဖို့ပင် မလွယ်ချေ။

မှန်ပါသည်။ ထိုဘဏ္ဍာတော်များကို တာဝန်ခံပို့ဆောင်မည့် မိုးပျံရွှေကျား အာမခံအဖွဲ့၏ တာဝန်ခံမှူးကား....

တောင်ပံမြားလက်နက်ပုန်းနှင့် ရွှေဓားစကြာ အသုံးပြု တိုက်ခိုက်ရာတွင် နာမည်ကြီးသော 'ဓားပံ ဓားစကြာ ရှက်မုစေ'ဖြစ်နေသည် မဟုတ်ပါလား။

* * *

# ၄

ရှက်မုစေ။

ရှက်မုစေသည် မိုးပျံရွှေကျား အာမခံအဖွဲ့၏ ဘဏ္ဍာတော် တာဝန်ခံမှူး ဖြစ်သည်။ သိုင်းပညာတွင် အဆင့်မြင့်ရုံမက အတွင်းအားလည်း ထက်မြက်သူတဦးဖြစ်သည်။

သိုင်းလောကတွင် သူ့ကို ယှဉ်ပြိုင်နိုင်သူ ရှားလှပေသည်။

အဘယ်ကြောင့်ဆိုသော် သူ့တွင် တိုက်တိုင်းနိုင်စေသော ရွှေရောင်ဓားဘလက်ကောင်း....

မည်းနက်သည့် တောင်ပံမြားလက်နက်ပုန်းသုံးခုနှင့်အတူ....

ရွှေရောင်စကြာဓားကိုးလက် ရှိနေသည် မဟုတ်ပါလား။

ထို့ကြောင့်လည်း သူ့အမည်သည် သိုင်းလောကတခွင်တွင် တောင်ပံမြားလက်နက်ပုန်းနှင့် ရွှေဓားစကြာကို အစွဲပြုကာ

တောင်ပံ ခါးစကြာရှက်မုဝေ ဟူ၍ ကျော်ကြားလျက်ရှိခဲ့သည်။

ထို့ပြင် ရှက်မုဝေသည် စိတ်ထားမှန်ကန် ဖြောင့်မတ်သည်။

ငွေကြေးဥစ္စာနှင့် ပတ်သက်၍ နာမည်ပျက်မရှိ။

မိမိလက်ခံသော အလုပ်ကို ပြီးသည်အထိ သစ္စာရှိရှိဖြင့် တာဝန်ယူလုပ်ဆောင်ပေးတတ်သည်။

ထို့ကြောင့်လည်း သယ်ယူပို့ဆောင်ရေးအာမခံအဖွဲ့များ၊ များစွာရှိနေသည့်ကြားမှ သူဦးစီး တာဝန်ယူသည့် မိုးပျံရွှေကျား အာမခံသယ်ယူပို့ဆောင်ရေး အဖွဲ့သည် လူအများ၏ စိတ်ချယုံကြည် ကိုးစားခြင်းကို ခံရခြင်းဖြစ်သည်။

ထို့အတူ သိုင်းလောကသားများကလည်း ရှက်မုဝေကို ရိုသေလေးစားမှုရှိကြသည်။

မိုးပျံရွှေကျား အာမခံအဖွဲ့ သွားလာရာ ခရီးလမ်းတလျှောက်တွင်လည်း သွယ်ဝိုက်၍အကူအညီများ ပေးခဲ့ကြသည်။

ထို့ကြောင့်လည်း သိုင်းလောကထဲတွင် မိုးပျံရွှေကျား အာမခံသယ်ယူပို့ဆောင်ရေးအဖွဲ့သည် အနှစ်နှစ်ဆယ် အတွင်း တရှိန်ထိုးနာမည်ကျော်ကြားလာခဲ့သည်။

လုပ်ငန်းလည်း တဖြည်းဖြည်းတွင်ကျယ်လာသည်။

သို့သော် ယခုတခေါက်သည်ကား ရှက်မုဝေ အတွက် ကံကောင်းခြင်းလော၊ ကံဆိုးခြင်းလော မပြောတတ်တော့ပေ။

နေပြည်တော်သို့ ဘဏ္ဍာတော်လှည်းခုနစ်စင်းနှင့် အမည်မသိသူတဦး ပါဝင်လာသည့်လှည်းတစီးကို တာဝန်ယူပို့ဆောင်ပေးရမည်ဖြစ်သည်။



လှည်းခုနစ်စီးတိုက် ပို့ဆောင်ရမည့် ဘဏ္ဍာတော်များ၏ အတိုင်းအဆကား လူအများ၏ မျက်စိကျစရာ ဖြစ်လာခဲ့သည်၊

စင်စစ် ထိုပစ္စည်းများ ပို့ဆောင်ပေးရေးအတွက်ရှက်မုဝေသည်လည်း ရသင့်သော ငွေကြေးပမာဏထက် ပိုမိုရရှိခဲ့ပါသည်။

ထိုကဲ့သို့ မြောက်မြားစွာရရှိသော သယ်ယူပို့ဆောင်ခ ရရှိသောကြောင့်လည်း ရှက်မုဝေတာဝန်ယူ ပို့ဆောင်ပေးခြင်းဖြစ်သည်။

သို့သော် ထိုမျှ များပြားလှသော ဘဏ္ဍာငွေများသည် အန္တရာယ်မည်မျှ များပြားကြောင်းကိုမူ ရှက်မုဝေသိဟန်မတူ။

ရရှိသော သယ်ယူပို့ဆောင်ခနှင့် ကြုံတွေ့ရမည့် အန္တရာယ်သည်ကော ညီမျှပါရဲ့လား။

ထိုထက် အဓိကကျသည်ကား ဘဏ္ဍာတော်လှည်းနှင့် အတူပါလာသော အမည်မသိ လူတယောက်အကြောင်း။

ထိုလူသည် မည်သူဖြစ်မည်နည်း။

သိုင်းလောကသားတိုင်း စိတ်ဝင်တစား ရှိနေကြတော့သည်။

* * *

# ၅

လမ်းတလျှောက်တွင် မြင်းခွာသံများ တဖြောင်းဖြောင်း အဆက်မပြတ် ထွက်ပေါ်လာသည်။

မြင်းများ၏ ပြေးလွှားသော အရှိန်ကြောင့် ဖုန်များ တထောင်းထောင်းထလျက် ကျန်ရစ်ခဲ့သည်။

မြင်းပေါ်မှ လူများသည် ဝေးလံသောခရီးကို နှင်လာခဲ့ပုံ ရသည်။

မျက်နှာပြင်ပေါ်တွင် ချွေးသီးချွေးပေါက်များ ကျဆင်းလျက်ရှိ၏။

ထိုသူများသည် ငှက်ဝါမြို့သို့ ဦးတည်မောင်းနှင်နေကြသည်။



ထိုသူများကား သိုင်းလောကတွင် ကောက်ကျစ်ရက်စက်သည့် နေရာ၌ နာမည်ကြီးနေကြသော ဝံပုလွေညီနောင်ငါးဦးဖြစ်သည်။

* * *

ငှက်ဝါမြို့။

ငှက်ဝါမြို့သည် မြို့ကြီးတမြို့မဟုတ်ပေ။

သို့သော်....

ဈေးတည်ရှိရာ ဈေးလမ်းက စည်ကားလှ၏။

ဈေးလမ်း၏ တဘက်တချက်တွင် ဆိုင်ကြီးဆိုင်ငယ်များ ပြည့်ကျပ်လျက် ရှိသည်။

လမ်းဆုံမြို့လေးဖြစ်သည့် ခရီးသွားလာကြသော ကုန်သည်များ ဧည့်သည်များ စည်ကားလျက် ရှိသည်။

သို့သော်....

ငှက်ဝါမြို့သူမြို့သားများသည် ယခုတလောတွင် ကျီးလန့်စာစား ဖြစ်နေကြသည်။

အဘယ်ကြောင့်ဆိုသော်။

ငှက်ဝါမြို့တွင် လူစိမ်းဧည့်သည်များ အုပ်စုလိုက် ရောက်ရှိလာကြသောကြောင့် ဖြစ်သည်။

ထိုလူစိမ်းဧည့်သည်များက သိုင်းလောကတွင် နာမည်ကျော်ကြားနေသော ထိပ်သီး သိုင်းသမားများ ဖြစ်နေကြသည်။

သိုင်းသမားအုပ်စုများ ပေါင်းစုမိကြလျှင် ပြဿနာ တစုံတရာ တက်တတ်သည်ကို နားလည်ထားကြသည် မဟုတ်ပါလား။

ငှက်ဝါမြို့လေးကို တိုက်ခတ်လာသော လေသည်ပင် လန်းဆန်းမှု မရှိ။

အန္တရာယ်ရနံ့ကို ထိတ်သန့်စွာ ရှူရှိုက်နေရသယောင်ရှိနေတော့သည်။

* * *

တောင်ကမူကွေ့ ....

တောင်ကြားလမ်းတခု၏ လမ်းကွေ့တနေရာ၏ အမည်ဖြစ်သည်။

တဘက်တချက်တွင် ကျောက်တောင် ကျောက်ဆောင်များ တည်ရှိနေကြသည်။

ကျောက်တောင်ကျောက်ဆောင်များပေါ်၌လည်း သစ်ပင်ချုံနွယ်များ ပေါက်ရောက်လျက်ရှိကြသည်။

ကျောက်တောင်ကျောက်ဆောင်များ၏ နောက်ဘက်တွင် မြင့်မားထူထပ်သော တောအုပ်များရှိနေကြပြန်သည်။



ထိုတောင်ကမူကွေ့ကို အန္တရာယ်ကွေ့ဟု အချို့က နာမည်ပေးထားကြသည်။

ထိုသို့ ခေါ်ရလောက်အောင်လည်း အန္တရာယ်များ ကြုံတွေ့တတ်ကြသည်။

ထိုနေရာသည် တောင်ကွေ့ဖြစ်သဖြင့် ထိုနေရာတွင် ဖြစ်ပျက်သမျှကို ရှေ့ဘက်နောက်ဘက်မှလူများ မမြင်တွေ့နိုင်ကြရပေ။

တဘက်တချက်တွင် ရှိနေကြသော ကျောက်တောင်များကြားတွင်လည်းကောင်း၊ သစ်တောများ ကြားဝယ် လည်းကောင်း အန္တရာယ်ပေးနိုင်သည့် ရန်သူများ ပုန်းကွယ်နေပါက လည်း မြင်တွေ့နိုင်ကြမည် မဟုတ်ပါလား၊

ထိုသို့ အန္တရာယ်များလှသော တောင်ကမူကွေ့၏ ဘေးတဘက်တချက် သစ်တောများထဲတွင် မီးခိုးရောင်ဝတ်စုံ ဝတ်ဆင်ထားကြသည့် လူအယောက်သုံးဆယ် ပါဝင်သော သိုင်းသမားများ အုပ်စုနှင့် အမည်းရောင်ဝတ်စုံ ဝတ်ဆင်ထားကြသော လူလေးဦး ပါဝင်သည့် အုပ်စုသည် လျှို့ဝှက်စွာ နေရာယူ ပုန်းကွယ်နေကြသည်။

ထိုသိုင်းအုပ်စုသည် ထူထပ်သော သစ်တောများ ကာရံထားသောကြောင့် တဖွဲ့၏ လှုပ်ရှားမှုကို တဖွဲ့က တွေ့မြင်နိုင်ခြင်း မရှိပေ။

ထိုသိုင်းအုပ်စု နှစ်စုကား။

မျိုးချစ်သိုင်းသမားဖြစ်ကြသည့် ကြယ်တာရာ အုပ်စုနှင့် သိုင်းလောကတွင် ဆိုးသွမ်းရာ၌ နာမည်ကြီး နေကြသော အနက်ရောင် သိုင်းသမားများ ဖြစ်ကြသည့် မာန်စောင်တောင်သူရဲညီနောင် လေးဦးဖြစ်သည်။

အသွင်စရိုက် မတူညီကြသော သိုင်းအုပ်စုနှစ်စုသည် တော အုပ်တခုတည်းအတွင်း၌ လျှို့ဝှက်စွာ လှုပ်ရှားနေကြသည်။

သို့သော်....

သူတို့၏ ပစ်မှတ်ကား တခုတည်းဖြစ်ပုံရသည်။

သူတို့၏ မျက်လုံးသည် တောင်ကမူကျေ့သို့ စူးစိုက်ကြည့် လျက် တစုံတရာကို စောင့်စားနေပုံရသည်။

သူတို့သည် မည်သည့်အရာကို စောင့်ဆိုင်းသည်မသိချေ။

* * *

## ၆

လမ်းတလျှောက်တွင် အလံတလူလူ လွင့်လူသားသော လှည်းများ တန်းစီမောင်းနှင်လာကြသည်။

လှည်းတဘက်တချက်တွင်လည်း လက်နက်ကိုယ်စီ ကိုင် ဆောင်ထားကြသော သယ်ယူပို့ဆောင်ရေးအဖွဲ့၏ တာဝန် မှူးများ ဖြစ်ကြသော သိုင်းသမားများ ဝန်းရံလိုက်ပါလာကြ သည်။

ရှည်လျားသော မြင်းလှည်းများ၏ နောက်ဘက်တွင်လည်း သိုင်းသမားများ ပိတ်ဆီးကာရံလိုက်ပါကြသည်။

ထိုအထဲမှ ရွှေပိုင်းရှိ မြင်းလှည်းခုနစ်စီးတွင် နေပြည်တော် သို့ ပို့ဆောင်မည့် ဘဏ္ဍာတော်များ ပါဝင်သည့် ဘဏ္ဍာတော် လှည်းများ ဖြစ်ကြသည်။

ထိုဘဏ္ဍာတော်လှည်းများ၏ နောက်ဘက်ရှိ မြင်းလှည်းထဲတွင်မူ ဘဏ္ဍာတော်များ မပါဝင်ချေ။

နေမကောင်းဖြစ်နေသောဓားသမားလူငယ်လေးတယောက်သာ ပါဝင်သည်ဟု သိရသည်။

သို့သော် ထိုလူငယ်လေးသည် မည်သူမည်ဝါဖြစ်ကြောင်း မသိရုံတွင်မက တွေ့ဆုံခြင်းပင် မရှိသေးပေ။

ထို့ကြောင့်လည်း နောက်ဆုံးလှည်းတွင် လိုက်ပါလာသော လျှို့ဝှက်သည့် လူငယ်လေးကို မိုးပျံရွှေကျား ဘဏ္ဍာတော်ပို့ဆောင်ရေး အဖွဲ့သားအားလုံး စိတ်ဝင်တစား ရှိနေကြသည်။

* * *

လေအဝှေ့တွင်ဘဏ္ဍာတော်လှည်းများ၌ တပ်ဆင်ထားသော အလံများ တလူလူလွင့်လျက်ရှိသည်။

ထိုအလံများကို သေချာစွာအနီးကပ် ကြည့်ပါက အလယ်ဗဟိုတည့်တည့်နေရာတွင် ရွှေရောင်ပိုးချည်ဖြင့် ထိုးထားသော ကျားတကောင်၏ပုံကို တွေ့ရမည်။

သို့သော် ထိုကျားပုံကား သာမန်ကျားပုံ မဟုတ်ချေ။

ကျား၏ ပခုံးတဘက်တချက်တွင် အတောင်ပံများတပ်ဆင်ထားကာ လေတွင် ခုန်ပျံတော့မည့်နှယ် တောင်ပံနှစ်ဘက် ဖြန့်ကျက်ထားသည်။



ထိုအလံတော်ပါ တံဆိပ်ပုံကို ကြည့်ခြင်းအားဖြင့် စာတလုံးတပါဒမျှ မရေးထားသော်လည်း မိုးပျံရွှေကျားဘဏ္ဍာတော်သယ်ယူပို့ဆောင်ရေး အာမခံဌာနမှ အလံတော်ဖြစ်ကြောင်း သိုင်းလောကသားတိုင်း သိရှိကြသည်။

မိုးပျံရွှေကျားအာမခံ အဖွဲ့သည် သိုင်းလောကသားတိုင်း သိရှိကြသလို တာဝန်ခံမှူးဖြစ်သည့် တောင်ပံ ဓားစကြာ ရှက်မုဝေကိုလည်း ရိုသေလေးစားခြင်း ရှိခဲ့ကြသည်။

မိုးပျံရွှေကျားအမှတ်တံဆိပ်တွေ့သည်နှင့် အနှောင့်အယှက်ပေးရန်မဆိုထားဘိ ဝေးဝေးမှ ရှောင်ရှားနေတတ်ကြသည်။

မိုးပျံရွှေကျားတွင် အခက်အခဲတစုံတရာ တွေ့ပါကလည်း မဆိုင်းမတွ ဝင်ရောက်အကူအညီပေးတတ်ကြသည်။

သို့သော် မိုးပျံရွှေကျား အခြေအနေကား ယခုအခေါက်တွင် ပြောင်းလဲသွားကြချေပြီ။ အဖြူရောင်သိုင်းသမားရော အနက်ရောင်သိုင်းသမားများပါ မိုးပျံရွှေကျား၏ ခရီးစဉ်ကို အနံ့ခံလိုက်ပါလျက် ရှိနေကြသည်။

မိုးပျံရွှေကျားအဖွဲ့သည် သိုင်းလောကသားများ အတွက် သကာခဲနှယ် ဖြစ်နေသည်။

သိုင်းလောကသားများ၏ စိတ်ဝင်စားမှုသည် အဘယ် အရာနည်း။

ဘဏ္ဍာတော်များလော။

သို့တည်းမဟုတ်။

ဘဏ္ဍာတော်လှည်းများ၏နောက်မှ လှည်းထဲတွင် လျှို့ဝှက်စွာ လိုက်ပါလာသော အမည်မသိလူကိုလော။

* * *

မိုးပျံရွေကျား အာမခံအဖွဲ့သည် သိုင်းသမား အင်အား သုံးဆယ်ကျော် ခြံရုံလျက် ဆက်လက်ခရီးနှင်လာကြသည်။

မိုးပျံရွေကျား အာမခံအဖွဲ့သည် ယခင်အခေါက်များက သိုင်းသမား အင်အားဆယ့်လေးငါးယောက်သာ ပါဝင်တတ်ကြသည်။

သို့သော်....။

ယခုအခေါက်တွင်မူ လူအင်အား နှစ်ဆ တိုးထားသည်ကို ကြည့်ခြင်းအားဖြင့် ပို့ဆောင်ရသည့်ဘဏ္ဍာတော် များသည် ငွေသား တသန်းထက်မနည်း ရှိမည်ဟု ခန့်မှန်း၍ရသည်။

ထိုစဉ် အဲခဝးမှ အမြေးနှင်လာသော မြင်းခွာသံများကို ကြားလိုက်ရသည်။

မြင်းခွာသံများကြောင့် ကဏ္ဍာတော်ပို့ဆောင်ရေး သိုင်းသမားခေါင်းဆောင် နတ်ကျာပွတ်သံလက်ဝါးရှောင်ထင်သည် မြင်းဇက်ကြိုးကို တုံ့ကနဲ ရပ်ဆိုင်းလိုက်၏။

ထို့နောက် မြင်းခွာသံလာရာဆီသို့ သတိကြီးစွာ လှည့်ကြည့်လိုက်ကြသည်။

* * *

၇

မြင်းခွာသံသည် တဖြည်းဖြည်း နီးလာသည်။

အပြင်းဒုန်းဆိုင်းလာသော အနီရောင် မြင်းတကောင်နှင့် အဖြူရောင် မြင်းတကောင်ကို တွေ့လိုက်ရ၏။

မြင်းပေါ်တွင် ပန်းရောင်ဝတ်စုံ ဝတ်ဆင်ထားကာ မိုးကာ ဦးထုပ်ကို မျက်နှာတခြမ်းဖုံးသည်အထိ ခပ်ငိုက်ငိုက် ဆောင်း ထားသော လူနှစ်ယောက်ကို တွေ့လိုက်ရသည်။

မြင်းနှစ်ကောင်သည် ဘဏ္ဍာတော်လှည်းနား ရောက်သော် လည်း ရပ်တန့်ခြင်းမရှိပဲ နတ်ကျာပွတ် လက်ဝါးရှောင်ထင်ထံ သို့ ဦးတည်မောင်းနှင်ကြ၏။

မြင်းပေါ်မှ လူနှစ်ယောက်၏ မျက်နှာ အရိပ်အကဲကိုမူ ဦးထုပ်ဖုံးကွယ်ထား သဖြင့် မည်သို့မျှ အကဲခတ်၍ မရချေ။

ရှောင်ထင်ရှေ့ ရောက်သည်နှင့် မြင်းဇက်ကြိုးကို ဆွဲပြီး တုန့်ကနဲ ရပ်ဆိုင်းလိုက်သည်။

မြင်းပေါ်မှလူများ ဦးထုပ်ကို အပေါ်သို့ ဆွဲတင်လိုက်၏။

ဖြူဝင်းနုနယ်သော မိန်းမပျိုနှစ်ယောက်၏ မျက်နှာကို တွေ့လိုက်ရ၏။

သူမတို့၏ အမည်ကား နှင်းဆီနှင့် စံပါယ်ဖြစ်သည်။

* * *

မြင်းနီကို စီးလာသော နှင်းဆီက ရှောင်ထင်ကိုပြောလိုက်သည်။

'ရှောင်ဦးလေ ...'

'ဘာမှမပူပါနဲ့'

'နောက်ဘက်မှ လူရိပ်လူရောင်ဘာမှမတွေ့ရပါဘူး၊ အစ်မကြီး စံပါယ်က အစိုးရိမ်လွန်နေတာပါ၊ဒီလမ်းခရီးမှာ ကျွန်မတို့ရဲ့ အဖွဲ့ကို ဘယ်သူမှ မနှောင့်ယှက် ဝံ့ကြပါဘူး လို့ထင်တယ်'

အဖြူရောင်မြင်းပေါ်မှ စံပယ်အမည်ရှိသော မိန်းမပျိုက နှင်းဆီ၏စကားကို ကျေနပ်ပုံမရချေ။

မျက်မှောင် ကြုတ်လိုက်ပြီ....၊



'ငါသံသယစိတ် ဖြစ်တာမဟုတ်ဘူး နှင်းဆီ၊ ငါတို့ဒီတခေါက် ယူလာရတဲ့ တာဝန်ကမသေးဘူး၊ အစစအရာရာ သတိထားရမယ်'

နှင်းဆီက လှပစွာရယ်မောယင်း ...

'အစ်မကြီးက အစိုးရိမ်လွန်ပါတယ်'

စကားပြောရာမှ ရှောင်ထင်ဘက်သို့ လှည့်လိုက်သည်။

'ရှောင်ဦးလေး ကျွန်မတို့နားမယ့် နေရာရောက်ဖို့ ဘယ်လောက်လိုသေးလဲ'

အသက်လေးဆယ်ကျော်ပြီဖြစ်သော ပို့ဆောင်ရေး ခေါင်းဆောင်ဖြစ်သည့် ရှောင်ထင်သည် တခဏမျှ စဉ်းစားလိုက်ပြီး။

'သိပ်မဝေးတော့ပါဘူး၊ ရောက်တော့မှာပါ'

'ဘယ်တော့ရောက်မှာလဲ'

'နောက်ထပ် မိုင်ငါးဆယ်ဆိုယင် ငှက်ဝါမြို့ကို ရောက်မယ်၊ ဒီကနေ့ည ငါတို့ ငှက်ဝါမှာ ညအိပ်စခန်းချမယ်'

ရှောင်ထင်၏ စကားကြောင့် နှင်းဆီ၏မျက်နှာ ရွှင်လန်းသွားပြီး ဝမ်းသာအားရ ပြောလိုက်သည်။

'သိပ်ကောင်းတယ် ရှောင်ဦးလေး၊ ငှက်ဝါရောက်မှ ကျွန်မလဲ ရေတစချိုး ပစ်ရမယ်၊ ကျွန်မတကိုယ်လုံးလဲ ကြည့်ပါဦး ဖုံတွေ သဲတွေနဲ့ ညစ်ပတ်ပေရေနေတာ'

စံပါယ်က နှင်းဆီကို မျက်စောင်းတချက်ထိုးလိုက်ပြီး မကျေနပ်သောလေသံဖြင့် ပြောလိုက်၏။

'ညီမလေးနှင်းဆီ၊ တို့ထွက်လာတာ အပျော်ခရီးမဟုတ်ဘူး၊ အင်မတန် ကြီးလေးတဲ့တာဝန်ကို ခေါင်းပေါ်ရွက်လာရတာ၊ ပြီးတော့ အခုအခေါက်ဟာ....'

နှင်းဆီသည် စံပါယ်၏စကားကြောင့် နှာခေါင်းတချက် ရှုံ့လိုက်ပြီး စံပါယ်၏ စကားမဆုံးခင် သူမ၏မြင်းနီကြီးကို ကျာပွတ်ဖြင့် ခက်ကနဲရိုက်လိုက်၏။

မြင်းဟည်သံတချက် ထွက်ပေါ်လာသည်။

ထို့နောက်၊

အနီရောင်မြင်းကြီးသည် လေးမှလွှတ်လိုက်သော မြားတံနယ် တရှိန်ထိုးဒုန်းဆိုင်းပြေးတော့သည်။

စံပါယ်သည် ထွက်ခွာသွားသော ညီမဖြစ်သူ နှင်းဆီကို ကြည့်ယင်း သက်ပြင်းတချက် ချလိုက်၏။

ထို့နောက်....

ရှောင်ထင်ဘက်သို့ လှည့်ကြည့်ကာ မကျေမနပ် ပြောလိုက်၏။

'ရှောင်ဦးလေးအမြင်ပဲ၊ အဖေ အလိုလိုက်လွန်းလို့ ညီမလေးဟာ သိပ်ကိုဆိုးနေပြီ'

ရှောင်ထင်သဘောကျစွာ ရယ်ပြီး ပြောလိုက်သည်။

'အရွယ်ကလေးငယ်သေးတာပဲ၊ ခွင့်လွှတ်လိုက်ပါ၊ ကဲ-ကဲ ခရီးဆက်ကြစို့'

စကားဆုံးသည်နှင့် မြင်း၏ဝမ်းပိုက်ကို ခြေနှစ်ဘက်ဖြင့် ခတ်ထည့်လိုက်၏။



တောလမ်းတလျှောက်တွင် မြင်းခွာသံများ ဆူညံသွားပြန်သည်။

* * *

ငှက်ဝါမြို့ကလေးတွင် ကောင်းချန် တည်းခိုစားသောက်ဆိုင်သည် ပထမတန်းဆိုင်တဆိုင်ဖြစ်၏။

အဆောက်အအုံကလည်း ကျယ်ဝန်း၍ နှစ်ထပ်အဆောက်အအုံဖြစ်သည်။ အစားအသောက်များကလည်း ဖွယ်ဖွယ်ရာရာ စုံလင်လှ၏။

အောက်ထပ်တွင် အနေခန်းနှင့်စားသောက်ခန်းဖြစ်သည်။

အပေါ်ထပ်တွင်မူ ပျဉ်နှင့်ကာရံထားသော အခန်းပေါင်းများစွာ ရှိသည်။

ထို့ကြောင့်၊

အပျော်မယ်လေးများနှင့် ပျော်ပါးလိုသူများလည်းကောင်း အရက်သောက်ယင်း အေး အေး ဆေး ဆေး စကားပြောလိုသူများသည်လည်းကောင်း။

လူအများနှင့် မတွေ့ဆုံလိုသူများလည်းကောင်း။

အပေါ်ထပ် အခန်းငယ်များ၌ ကြေးကြီးပေး၍ နေရာယူတတ်ကြသည်၊

* * *

နေ့အလင်းရောင် ချုပ်ငြိမ်းစပြုပြီ။

ညအမှောင်က တဖြည်းဖြည်း စိုးမိုးလာသည်။

ကောင်းချန် စားသောက်ဆိုင်သည် မီးအိမ်များ ထွန်းညှိထားပြီးဖြစ်သည်။

စားသောက်ဆိုင် တဆိုင်လုံး လင်းထိန်သွား၏။

ထို့အတူ....။

အပေါ်ထပ် အောက်ထပ် နှစ်ထပ်စလုံးတွင် လူများ ပြည့်ကျပ်လျက်ရှိ၏။

အပေါ်ထပ် အောက်ထပ် နှစ်ထပ်စလုံးတွင် လူများပြည့်နေသည့်ဖြစ်သည်။

* * *

အပေါ်ထပ် အခန်းသုံးမှ အမျိုးသား တယောက်အသံနှင့်အတူ မိန်းကလေးတဦး၏ မြူဆွယ်သော ရယ်သံကို ကြားနေရသည်။

တည်းခိုခန်း၏ အပြင်ဘက်တွင် နှင်းများ တဖွဲဖွဲကျလျက်ရှိသည်။

ထိုစဉ်....။

စားသောက်ဆိုင်တွင်းသို့ ဝတ်ရုံနက် ခြုံထားသော လူနှစ်ယောက် လျှင်မြန်ပေါ့ပါးသော ခြေလှမ်းများဖြင့် ဝင်ရောက်လာကာ အပေါ်ထပ်သို့ တက်သွားကြသည်။



နံပါတ်သုံး အခန်း၏ အရှေ့တွင် ခြေအစုံကို ရုတ်တရက် ရပ်တန့်လိုက်သည်။

* * *

နံပါတ်သုံးအခန်းထဲတွင်ရှိနေသော အမျိုးသားသည် အနီးတွင် ထိုင်နေသော မိန်းကလေးပေါ်တွင် အာရုံတိမ်းညွတ်နေပုံရ၏။

အခန်းအပြင်ဘက်မှ လှုပ်ရှားမှုကို သတိထားမိပုံ မပေါ်။

မိန်းကလေးနှင့် ပျော်ရွှင်ကြည်နူးနေလျက်ရှိသည်။

ရုတ်တရက် နံပါတ်သုံးအခန်း၏ တံခါးပေါက်သည်အနည်းငယ်ဟ၍ သွားလေသည်။

အခန်းအပြင်ဝမှ ရပ်နေသောဝတ်ရုံနက်နှင့် လူသည် ဟသွားသော တံခါးပေါက်မှတဆင့် အခန်းတွင်းရှိ မြင်ကွင်းကို မြင်တွေ့လိုက်ရသည်။

ဝတ်ရုံနက်ဖြင့် လူ၏ မျက်လုံးသည် မုန်းတီးစက်ဆုပ်ခြင်းအရောင်များ လွှမ်းခြုံသွား၏။

နောက်မှကပ်၍ လိုက်လာသောလူ၏ မျက်လုံးသည်လည်း အခန်းတွင်း မြင်ကွင်းကြောင့် အေးစက်တင်းမာသွား၏။

ရှေ့ဆုံးမှ ဝတ်ရုံနက်ဖြင့်လူသည် နံပါတ်သုံး အခန်းတံခါးကို ဟထားရာမှ ဒေါသဖြင့် ဆောင့်ဖွင့်လိုက်၏။

* * *

ဒုန်းကနဲ အခန်းတံခါး မြည်သံကြောင့် အခန်းတွင်းမှ လူနှစ်ဦး တုန်လှုပ်သွား၏။

အပျော်မယ်မိန်းကလေးသည် အခန်းတံခါးဝသို့ ကြောက်ရွံ့ထိတ်လန့်စွာ လှည့်ကြည့်လိုက်သည်။

ဝတ်ရုံနက်ခြုံထားသော လူနှစ်ဦးသည် အခန်းတွင်းသို့ တလှမ်းချင်း ဝင်ရောက်လာ၏။

အကြီးဖြစ်ဟန်တူသော ဝတ်ရုံနက်လူက အခန်းတွင်းရှိ အမျိုးသားကို မာကျောခက်ထန်စွာ ပြောလိုက်၏။

'ဝမ်းယိ-ဒီလိုအချိန်မျိုးမှာ မင်းက ဒီမှာ ပျော်မြူးနေတယ်ပေါ့၊ အခြေအနေဟာ ဘယ်လောက်အရေးကြီးတဲ့အခြေအနေဆိုတာ မင်းမသိဘူးလား'

* * *

# ၇

ဝမ်းယိသည် အသက်သုံးဆယ်ဝန်းကျင်ခန့်ရှိ အမျိုးသားတယောက်ဖြစ်သည်။

အပြာရောင်ဝတ်ရုံကို လွှမ်းခြုံထားသည်။

ရုပ်ရည်အားဖြင့်လည်း မျက်လုံးမျက်ဖန်ကောင်းမွန်၍ အမျိုးသမီးများ မျက်စိကျလောက်သော ရုပ်အဆင်းရှိသည်။

ထို့ကြောင့်လည်း သူ့ပတ်ဝန်းကျင်တွင် အမျိုးသမီးများဝိုင်းဝိုင်းလည်တတ်ပြီး သူကိုယ်တိုင်ကလည်း အမျိုးသမီးများနှင့်ပျော်ပါးလိုက်စားရာ၌ နာမည်ကြီးသည်။

အခန်းတွင်းသို့ဝင်လာသော ဝတ်ရုံနက်၏စကားကို ဂရုမစိုက်သည့်နှယ် ပခုံးတချက်တွန့်လိုက်ပြီး ဆက်၍ပြော၏။

'အစ်ကိုကြီး ဝမ်းယု၊ လမ်းခရီးမှာ ကျွန်တော့်နား မျက်စိပဒါသဖြစ်အောင် ဒီမိန်းကလေးကို ကျွန်တော် ခေါ်လာခဲ့ချင်တယ်'

ဝမ်းယိ၏မျက်နှာ ပို၍တင်းမာသွားကာ....။

'ဝမ်းယိ၊ မင်းဟာ တကယ့်အလုပ်ကျတော့ ဟုတ်တိပတ်တို မလုပ်ပဲ ဘာမဟုတ်တဲ့မိန်းကလေးတွေနဲ့ ပျော်ပါးဖို့လောက်ပဲ မင်းအာရုံစိုက်တယ်'

ဝမ်းယုသည် စကားဆုံးသည်နှင့် အနီးရှိ ကုလားထိုင်တွင် ထိုင်ချလိုက်၏။

*　　　*　　　*

ဝမ်းယုနောက်ဘက်မှ ကပ်ပါလာသော ဝတ်ရုံနက်နှင့် လူသည် ဝမ်ယုဘေးတွင် ကပ်၍ထိုင်လိုက်သည်။

ထိုသူ၏အမည်ကား ဝမ်းမုဖြစ်သည်။

ဝမ်းမုသည် မျက်နှာအနေအထားသေးသွယ်၍ နှာခေါင်း အနည်းငယ်ချွန်သည်။

ဇယ်ဘက်ပါးတွင် ကြီးမားသော မှဲ့နက်တလုံးရှိသည်။

ဝမ်းမုသည် ဝမ်းယိကို သေချာစွာကြည့်ပြီး သိသိုသော အချက် ကြားဖြတ်ဝင်မေးလိုက်သည်။

'ဝမ်းယိ၊ ဝမ်းယင်း ပြန်မရောက်သေးဘူးလား'

ဝမ်းယု မျက်မှောင်ကုပ်လိုက်ပြီး မကျေနပ်သောလေသံဖြင့် ဝမ်းယိကိုကြည့်ကာ ပြောလိုက်၏။



'ဒီကောင်းဝမ်းယိဟာ မိန်းကလေးနဲ့တွေ့လိုက်ယင် တခြား ဘာကိစ္စမှ ဂရုမစိုက်တော့ဘူး၊ ဒီကောင်ဟာ မိန်းမကိစ္စနဲ့ ပတ်သက်လာယင် တခြားဘာကိစ္စမှ အသုံးမကျဘူး'

ဝမ်းယိက အစ်ကိုကြီးဖြစ်ဟန်တူသော ဝမ်းယုဘက် လှည့် ကြည့်လိုက်သည်။

'အစ်ကိုကြီးဝမ်းယု၊ ကျုပ်ကို ဒီလောက်ထိ အထင်မသေး ပါနဲ့၊ ကျုပ်စုံစမ်းသင့်သလောက် စုံစမ်းထားပြီးပါပြီ'

'ဘာတွေ စုံစမ်းထားသလဲ'

ဝမ်းယိ ချောင်းတချက်ဟန့်ပြီး ဆက်ပြောသည်။

'အခုအခေါက်မှာ မိုးပျံရွှေကျား တာဝန်ယူပို့ဆောင်ရတဲ့ ဘဏ္ဍာတော်တွေဟာ သိပ်များပြားလွန်းလို့ အစောင့် အရှောက် သိုင်းအဖွဲ့ထဲမှာ လှပတဲ့ မိန်းကလေးနှစ်ယောက် ပါတယ်'

'ဒီမိန်းကလေးနှစ်ယောက်ကို မင်းက စိတ်ဝင်စားတယ် ပေါ့'

ဝမ်းမုက ဝမ်းယိကို အရွဲ့တိုက်၍ မေးလိုက်သည်။

ဝမ်းယိသည် ဝမ်းမု၏စကားကို နှုတ်ဖြင့်မဖြေပဲ ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

ဝမ်းမုသည် ဝမ်းယိကိုကြည့်ကာ သက်ပြင်းတချက် ချလိုက် သည်။

'မင်းဒီအကျင့်တွေ မပျောက်သေးသရွေ့တွေ့ ဒုက္ခလှလှ လိမ့်မယ်'

ဝမ်းမုရဲ့စကားကြောင့် ဝမ်းယိ သဘောကျစွာ ရယ်လိုက်သည်။

'အစ်ကိုကြီးဝမ်းမုကလဲ ကျွန်တော့် အကြောင်းသိလျက်သားနဲ့ပြောနေရသေးလား ဟဲ.. ဟဲ....ဟဲ...'

ဝမ်းမုသည် ဝမ်းယိကို ရှုတည်တည် ကြည့်လိုက်သည်။

'အဓိပ္ပာယ်မရှိတာတွေ ဆက်ပြောမနေနဲ့တော့ ဝမ်းယိ၊ မင်းလုပ်ရပ်က ငါးရဲ့နှစ်ကောင်ကို တပြိုင်နက်ဖမ်းသလိုဖြစ်နေပြီ'

ငြိမ်သက်စွာနားထောင်နေသော ဝမ်းမုက ဝမ်းယိနှင့် ဝမ်းယုတို့၏ ပြောစကားကို သဘောကျစွာ ပြုံးလိုက်သည်။

အတန်ကြာမှ....

ဝမ်းယိဘက်လှည့်ကာ ပြောလိုက်၏။

'ငါသိရသလောက်တော့ ဘဏ္ဍာတော် ပို့ဆောင်ရေးအဖွဲ့မှာပါလာတဲ့ မိန်းကလေးနှစ်ယောက်ဟာ ဒီလောကမှာ အချောဆုံး အလှဆုံးနှစ်ယောက်ပဲ'

'ဒီမိန်းကလေးနှစ်ယောက်ကို ငါးရဲ့နှစ်ကောင် ဖမ်းသလိုမင်း တပြိုင်တည်းဖမ်းနိုင်ယင်တော့ မင်းဟာ ကံကောင်းတဲ့သူလို့ ငါသတ်မှတ်မယ်၊ ဒါပေမယ့် တခုတော့ ငါသတိ ပေးလိုက်မယ်'

'ဘာလဲ'

'ဒီမိန်းကလေးတွေဟာ အင်မတန်ချောမောလှပသလောက်အင်မတန်လဲ အန္တရာယ်များတယ်၊ နှင်းဆီပန်းပွင့်ဝန်းကျင်မှာဆူးတွေကာရံထားသလိုပေါ့၊ နောက်ပြီးတော့ သူတို့ရဲ့အဖေဟာ ထိပ်သီးသိုင်းသမားကြီး တဦးတဲ့၊ သူတို့ကိုယ်တိုင်လဲသူတို့အဖေဆီက သိုင်းပညာအမွေတွေရထားတော့ သိုင်းအဆင့်တော်တော်မြင့်တယ်'



ဝမ်းယုက ဝမ်းမုပြောသမျှစကားများကို ခေါင်းတညိတ်ညိတ် နားထောင်ယင်း....

'ဟုတ်တယ်ဝမ်းယိ၊ ဒီကောင်မလေးနှစ်ယောက်ဟာ သူတို့ကိုယ်တိုင် သိုင်းပညာအဆင့် မြင့်ရုံမကဘူး၊ တခြားသူတွေကိုပါ သိုင်းပညာ တဆင့်ပြန်သင်ပေးနေတယ်ဆိုတာ ငါကြားခဲ့ရတယ်၊ ဒီတော့ မင်းဟာ ဒီမိန်းကလေးနှစ်ယောက်ကို လျော့တွက်လို့မရဘူး၊ သတိဝီရိယထား ဆက်ဆံရမယ်'

ဝမ်းယိကလည်း ဝမ်းမုပြောစကားများကို အားကျမခံချက်ချင်းတုံ့ပြန်လိုက်သည်။

'ဒီကိစ္စတော့ စိတ်ချပါ'

'မင်းဟာ ကိုယ့်ကိုကိုယ် သိပ်ပြီး အထင်ကြီးမနေနဲ့ဦး၊ တခါတခါလ မြင်းကောင်းခွာလိပ် ဖြစ်နေဦးမယ်'

ဝမ်းယိ သဘောကျစွာ ရယ်မောလိုက်သည်။

'စိတ်ချစမ်းပါ အစ်ကိုကြီးဝမ်းယုရာ၊ ငါ့ပညာ ငါယုံတယ်၊ ဘယ်တော့မှ မြင်းကောင်းခွာလိပ်သဘော မဖြစ်စေရဘူး'

ဝမ်းယု ပခုံးတဘက်တွန့်၍ ပြုံးလိုက်ပြီး....

'မင်း အိပ်မက်ကောင်းတွေ သိပ်မက်မနေနဲ့ဦး ဝမ်းယိ၊ ဒီမိန်းကလေးနှစ်ယောက်ကို မင်းနိုင်မယ်ဆိုယင်တော့ ကောင်းတာပေါ့ကွာ၊ ဒီလိုမှမဟုတ်ပဲ နောက်ဆုံးကျမှ ငါမှားပါပြီကွာလို့ လာပြီး တောင်းပန်မနေနဲ့ဦး'

စကားအဆုံးတွင် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြန်သည်။

ဝမ်းယံမျက်နှာ တင်းမာသွားသည်။

သူ့ရင်ဘတ်ကို ဘချက်ပုတ်လိုက်ပြီး တိုတောင်းပြတ်သားစွာ ပြောလိုက်၏။

'ငါ စကားတခွန်းပဲပြောတတ်တယ် ဝမ်းယု'

ဝမ်းယုသည် ညီဖြစ်သူ ဝမ်းယိ၏အဖြစ်ကို ခေါင်းတညိတ်ညိတ်ကြည့်ယင်း မျက်နှာတည်သွားသည်။

'အေးလေ ဒါဆိုလဲပြီးတာပါပဲ၊ ဒါပေမယ့် ငါက တခုတော့ ထပ်သတိပေးလိုက်ဦးမယ်'

'ဘာလဲ'

'မင်းအနေနဲ့ ကောင်မလေး နှစ်ယောက်ထက်ပိုပြီး သတိထားရမယ့်လူ ရှိနေတယ်'

'ဘယ်သူလဲ'

'ကောင်မလေး နှစ်ယောက်ရဲ့ ဖအေပဲ'

ဝမ်းယုစကားကြောင့် ဝမ်းယိ မျက်မှောင်တချက် ကြုတ်သွား၏။

'ကောင်မလေးတွေ အဖေက ဘယ်သူမို့လဲ'

'ငါလဲ မတွေ့မြင်ဖူးသေးဘူး၊ ဒါပေမယ့် ငါ့ရဲ့စုံစမ်းရေးသမားတွေရဲ့ သတင်းပေး ပြောပြချက်အရ ဒီကောင်မလေးနှစ်ယောက်ရဲ့ အဖေဟာ လှည်းတွေကို အုပ်ချုပ်လာတယ်လို့ သတင်းပေးထားတယ်၊ နောက်ဆုံးလှည်းထဲမှာလဲ ဘယ်သူမှန်းမသိတဲ့ လူတယောက် လျှို့ဝှက်လိုက်လာတယ်တဲ့၊ မိုးပျံ



မြွေကျားအဖွဲ့ကိုယ်တိုင် အဲဒီလူကို မတွေ့မြင်ရသေးဘူးလို့ သတင်းရတယ်'

ဝမ်းယိသည် အလေးအနက် စဉ်းစားဟန်ပြုပြီး အတန်ကြာမှ စဉ်းစားရကျပ်ဟန်ဖြင့် ပြော၏။

'ဒါဆိုယင် အဲဒီလှည်းထဲကလူဟာ ဘယ်သူ ဖြစ်နိုင်မယ်ထင်သလဲ'

'ငါ့အနေနဲ့ကတော့ ကောင်မလေးတွေရဲ့အဖေ ဖြစ်မလားလို့ တွက်ဆမိတာပဲ'

'ဖြစ်နိုင်ပါ့မလားဗျာ'

ဝမ်းယိက သံသယမကင်းသောအသံဖြင့် ပြန်မေးသည်။

ဝမ်းယုက ခုံကို လက်ဖြင့် ပုတ်ရိုက်ပြီး ပြောလိုက်သည်။

'သိပ်ဖြစ်နိုင်တာပေါ့ကွာ၊ ခုအခေါက် ပို့ဆောင်ရတဲ့ ဘဏ္ဍာတော်တွေရဲ့ တန်ဖိုးအတိုင်းအတာကို တွက်ဆကြည့်ဦး၊ ငွေသားတသန်းကျော်ကျော်ရှိတယ်၊ ပြီးတော့ ဒီတခေါက်မှာ သူ့သမီး နှစ်ယောက်စလုံးလဲပါတယ်၊ ဒီတော့ သူကိုယ်တိုင်ကော ပါမလာနိုင်ဘူးလား'

ဝမ်းယု ပြောသမျှကို ဝမ်းယိမျက်မှောင်ကြုတ်၍ နားထောင်ယင်း....။

'ဒီလိုဆိုယင်...'

ဝမ်းယိ ရှေ့သို့ စကားဆက်၍ မပြောနိုင်တော့ချေ။

ဝမ်းယိ စကားရှေ့ဆက် ပြောမည်ပြုစဉ်။

တဘက်အခန်းမှ ထွီကနဲ တံတွေးထွေးသံကို ကြားလိုက်ရသောကြောင့် စကားကို ရပ်တန့်လိုက်၏။

ထို့နောက် .. ။

သုန်မှုန်သော မျက်နှာထားဖြင့် တဘက်ခန်းသို့ မျက်စိ ရောက်သွား၏။

တဘက်ခန်းရှိ လူများကို သိရန်အတွက် တဘက်ခန်းသို့ ကူးသွားရန် ထိုင်ရာမှ ထလိုက်သည်။

သို့သော်....။

ဝမ်းယိခြေလှမ်း ဆက်မလှမ်းဖြစ်လိုက်တော့ချေ။

ဝမ်းယုက ဝမ်းယိ၏ လက်ကို ဆွဲချပြီး နေရာတွင် ပြန် ထိုင်ရန် တားမြစ်လိုက်သည်။

ဝမ်းယိ မကျေနပ်သော မျက်နှာထားဖြင့် နေရာတွင် ပြန် ထိုင်လိုက်ရသည်။

ထိုစဉ်....။

အခန်းတွင်းသို့ ဝင်လာသော လူရိပ်တရိပ်ကို တွေ့လိုက် ရ၏။

ဝမ်းယိနှင့် ဝမ်းမုဘို့ ဆတ်ကနဲ လှည့်ကြည့်လိုက်ကြသည်။

* * *

# ၆

အခန်းတွင်းသို့ ဝင်လာသူကား....။

ဝတ်ရုံနက်ကို ဝတ်ဆင်ထားသော လူသတ်ပိုင်း အရွယ် လူတယောက်ဖြစ်သည်။

သူ၏ မျက်နှာ အနေအထားမှာ မြေခွေးတကောင်နှယ်။

မျက်နှာရှည်ရှည်မျောမျော မျက်တွင်းချိုင့်ချိုင့်ဖြစ်သည်။

ထိုသူကိုတွေ့သည်နှင့် ဝမ်းယိသည် မကျေနပ်ရိပ်များ ချက် ချင်းပျောက်သွားကာ ပြုံးလျက်ပြောလိုက်သည်။

'ကဲ...အစ်ကိုလတ် ဝမ်းမော်၊ အေးအေးဆေးဆေး အနား ယူ ထိုင်စမ်းပါဦး၊ မင်းကြည့်ရတာ သိပ်ပင်ပန်းနေပြီ'

ဝမ်းမော်ဆိုသူသည် ဝမ်းယိကိုတလှည့်။

ဝမ်းယိဘေးမှ အပျော်မယ် မိန်းကလေးကိုတလှည့်။

မကျေနပ်စွာ တလှည့်စီ ကြည့်ပြီး မျက်မှောင်ကြုတ်၍ မျက် နှာသား တင်းမာသွားတော့သည်။

'ဒီလို အချိန်မျိုးမှာတောင် မင်းက ပျော်ပါးနေနိုင်သေးတယ်ပေါ့....ဟုတ်လား ဝမ်းယိ'

'ဒါက အစ်ကိုကြီးဝမ်းယုနဲ့ ဝမ်းမုတို့ ရောက်မလာခင်က တယောက်တည်း ပျင်းနေလို့ သူ့ကို အပျော် သဘောနဲ့ အဖော်ခေါ်ထားတာပါ'

ဝမ်းမော်က ဝမ်းယိကို အေးဆေးစွာကြည့်လိုက်ပြီး....။

'ကဲ....အခု ငါတို့ရောက်လာပြီ၊ သူ့ကိုပြန်လွှတ်လိုက်တော့'

ဝမ်းယိသည် ဝမ်းမော်ကို ကြောက်ရွံ့ပုံရသည်။

မည်သို့မျှ အတွန့်မတက်ဝံ့တော့ချေ။

အိတ်ထဲမှ ငွေစအနည်းငယ်ကိုနှိုက်လိုက်ပြီး အပျော်မယ် မိန်းကလေးကိုပေးကာ....

'ကဲ....မင်းလဲပြန်နိုင်ပြီ'

အပျော်မယ်မိန်းကလေး ခေါင်းညိတ်ကာ အခန်းထဲမှ ထွက်ခွာမည်ပြုစဉ်....

'ခဏနေဦး မိန်းကလေး'

ဝမ်းယုက တားလိုက်သဖြင့် မိန်းကလေးခြေလှမ်း ရပ်တန့်သွား၏။

'အစ်ကိုကြီးဝမ်းယု၊ မင်းဘာပြောချင်သေးလို့လဲ'

ဝမ်းမော်က မေးလိုက်သည်။

ဝမ်းယုက ဝမ်းမော်အမေးကို မဖြေချေ။

မိန်းကလေးဘက်လှည့်ပြီး မေးလိုက်သည်။

'မင်းနာမည်ကို ဘယ်လိုခေါ်သလဲ'

'ကျွန်....ကျွန်မ....နာမည် မေ....မေယင်းပါရှင်'



မိန်းကလေးက ကြောက်ရွံ့သဖြင့် တုန်တုန်ယင်ယင် ပြန်ဖြေသည်။

'ဘယ်အဆောင်ကလဲ'

'ရန့်ဆောင်ကပါရှင်၊ ငှက်ဝါမှာကျွန်မတို့တဆောင်တည်းပဲ ရှိ....ရှိပါတယ်'

'ကောင်းပြီ မေယင်း၊ မင်းကိုငါတို့ သိလဲမသိဘူး၊ တွေ့လဲ မတွေ့ဖူးဘူး၊ ကြားလဲမကြားဖူးဘူး၊ မင်းငါပြောတာ နားလည်ရဲ့လား'

ဝမ်းယုက မျက်နှာထားရှုတည်တည်ဖြင့် ပြောလိုက်၏။

မိန်းကလေးမျက်နှာ ဖြူဖပ်သွားသည်။

ကြောက်ရွံ့လွန်းသဖြင့် တကိုယ်လုံး တုန်ယင်နေသည်။

ထို့နောက်....

ဝမ်းယု၏ စကားအဓိပ္ပာယ်ကို ချက်ချင်း သဘောပေါက်သွားပုံရသည်။

ခေါင်းကို ဆတ်ကနဲညိတ်လိုက်ပြီး....

'စိတ်....စိတ်ချပါ အစ်ကိုကြီး၊ ကျွန်....ကျွန်မ အနေနဲ့ ကောင်းချန် တည်းခိုဆိုင်ရဲ့ နံပါတ်သုံးအခန်းထဲကို မရောက်ခဲ့သလို အစ်ကိုကြီးတို့နဲ့လဲ မတွေ့ဖူး မမြင်ဖူးပါဘူးလို့ သဘောထားလိုက်ပါ့မယ်'

မေယင်း၏စကားကို ဝမ်းမော်က သဘောကျစွာ ရယ်မောလိုက်ပြီး....

'ဒီလိုဆိုတော့လဲ မင်းက သဘောပေါက်လွယ်သားပဲ၊ ကဲ-ကဲ....မင်းသွားနိုင်ပြီ၊ တခြားဘာမှလဲ အကြောင်းမရှိတော့ပါဘူး'

'ဟုတ်....ဟုတ်ကဲ့'

မေယင်းမိန်းကလေး ထွက်ခွာရန် ခြေလှမ်းမည်ပြုစဉ်....

ဝမ်းမော်၏ မျက်လုံးအစုံတွင် ကောက်ကျစ်ရက်စက်မှု အရိပ်များ ဖြတ်ပြေးသွားသည်။

မေယင်း၏ကျောဆီသို့ လက်ခလယ်ဖြင့် ဖြတ်ကနဲထောက်လိုက်သည်။

ဝမ်းယီ မျက်စိမျက်နှာ ပျက်သွား၏။

* * *

ဝမ်းမော်၏ အတွင်းအားထက်မြက်မှုကိုဝမ်းယီကောင်းစွာ သိထားသည်။

ဝမ်းမော်၏ လက်ချောင်းအတွင်းအားသည် ဆယ်ပေဝန်းကျင်အတွင်းရှိ လူဘယောက်၏အသက်ကိုပင် အန္တရာယ်ပြုစေနိုင်သည်ထက် အဆင့်မြင့်လွန်းလှသည်။

မေယင်းနောက်ကျောတွင် ကျင်ကနဲ ခံစားလိုက်ရသည်။

သို့သော် ...

သူမသည် အမှတ်မဲ့သဘောထားကာ ရှေ့သို့ဆက်၍လှမ်းသွားပြီး အခန်းတွင်းမှ ထွက်ခွာသွား၏။

မေယင်းအနေဖြင့် သိုင်းလောကအကြောင်း၊ သိုင်းပညာအကြောင်း နားလည်ခြင်း မရှိပေ။

သူမသည် သာမန်အပျော်မယ်လေး တဦးမျှသာ ဖြစ်သည်။



ထို့ကြောင့်လည်း....

သူမ၏နောက်ကျောတွင် ထုံကျဉ်သောဝေဒနာ ခံစားလိုက်ရပေမင့် သူမ၏အသက်ကို တစုံတဦးက ရန်မူတိုက်ခိုက်လိုက်ကြောင်းပင် နားမလည်ရခြင်း ဖြစ်၏။

ဝမ်းယီက အစ်ကိုလတ်ဖြစ်သူ ဝမ်းမော်ကို မျက်မှောင်ကြုတ်လျက် မကျေနပ်စွာ စူးစိုက်ကြည့်ယင်း....

'မင်း သူလို အပျော်မယ်ကောင်မလေးကို ဒီလောက်ထိ ရက်စက်ရသလား'

ဝမ်းမော်က ဝမ်းယီစကားကို မကြားဟန်ပြုနေသည်။

ဝမ်းမော်ပို၍ ဒေါသဖြစ်သွားပုံရသည်။

'ကောင်မလေးအသက်ဟာ မနက်ထိတောင် ရှည်နိုင်ပါတော့မလား'

အသံအနည်းငယ်ကျယ်၍ မေးလိုက်၏။

ဝမ်းမော်က ဝမ်းယီကို မထီမဲ့မြင်အပြုံးဖြင့် ကြည့်လိုက်သည်။

'ဘယ်လိုလဲ၊ မင်းက ကောင်မလေးကို သိပ်သနားနေသလား'

ဝမ်းယီ ပြန်မဖြေ။

အံကြိတ်နေသည်၊

ဝမ်းယုကမူ ဝမ်းမော်၏ လုပ်ရပ်ကို ထောက်ခံစကားပြောသည်။

'ဝမ်းမော် လုပ်ရပ်မှန်တယ် ဝမ်းယီ'

'ဘာလို့ မှန်ရတာလဲ'

‘ဒီလို အပျော်မယ်တွေကို သိကျွမ်းမှတ်မိသူ များလှတယ်၊ သူတို့ဟာ သူတို့ရဲ့ ခန္ဓာကိုယ်ကို လူဘာဘာ ရင်ခွင်မှာပျော်ရွှင်ဖို့ ဝန်မလေးသလို သူတို့ရဲ့ နှုတ်ခမ်းကလဲ သူတို့ပြောချင်တဲ့ စကားပြောဖို့ ဝန်မလေးဘူး၊ သူတို့ရဲ့ ပါးစပ်ကို မယုံစားရဲဘူး၊ စိတ်မချဘူးဝမ်းယိ’

ဝမ်းယုရှင်းပြသောစကားသည် မငြင်းသာအောင်ဖြစ်နေသဖြင့် ဝမ်းယိငြိမ်သက် တိတ်ဆိတ်စွာ နေလိုက်ရ၏။

ဝမ်းမော်က စားပွဲပေါ်မှ အရက်ခွက်ကိုယူ၍ တကျိုက်တည်း မော့သောက်လိုက်သည်။

ထို့နောက်...။

အရက်ခွက်ကို စားပွဲပေါ် ပြန်တင်လိုက်ပြီး။

‘အစ်ကိုကြီးဝမ်းယု၊ ငါကြားရတဲ့သတင်းကတော့မကောင်းဘူး....’

ဝမ်းယု မျက်ခုံး တွန့်ကွေးသွားသည်။

‘ဘာ မကောင်းတာလဲ’

‘ဘဏ္ဍာတော် ပို့ဆောင်ရေးတာဝန်ခံမှူးဖြစ်တဲ့ တောင်ပမားစကြာ ရှက်မုဝေ ခရီးစဉ်တလျှောက်လုံး မတွေ့ရသေးဘူး၊ သူဟာ သူ့အဖွဲ့ရဲ့ ပတ်ဝန်းကျင်ကနေ လျှို့ဝှက်ပြီး လိုက်လာသလားမသိဘူး’

‘ဒါဆို အဖွဲ့ကို ဘယ်သူက တာဝန်ယူသလဲ’

‘နတ်ကျားပွတ် သံလက်ဝါးရှောင်ထင်က ဦးဆောင်စီး လာတယ်’



‘နတ်ကျားပွတ် သံလက်ဝါးရှောင်ထင်ဟာ သိပ်အစွမ်းထက်တယ်၊ ခုတခေါက်ဟာ သိပ်အရေးကြီးတဲ့အခေါက် ဖြစ်နေတော့ သူလဲ ပိုပြီး ဂရုစိုက်မှာပဲ’

‘ဒီကိစ္စနဲ့ ပတ်သက်လို့ ဘာသတင်းတွေ ထွက်နေသလဲ ဝမ်းမော်’

ဝမ်းမော် သက်ပြင်းတချက် ချလိုက်ပြီး။

‘မာန်စောင် တောင်သရဲညီနောင်(၄)ဦး ခုနစ်စင်ကြယ် သိုင်းညီနောင်လဲ ဒီဘဏ္ဍာတော်တွေနောက်ကို လိုက်နေကြတယ်...’

ဝမ်းယုက ကောက်ကျစ်စွာ ပြုံးလိုက်ပြီး။

‘ဟဲ...ဟဲ....ဟဲ ခုနစ်စင်ကြယ် သိုင်းဟာ နာမည်ကြီးဆန်းကြယ်ဘာ မှန်ပေမယ့်၊ ငါတို့ ညီနောင်ငါးဦးကိုတော့ မယှဉ်ရဲသေးပါဘူး ကွာ၊နောက်ထပ်ကော ဘယ်အဖွဲ့တွေ ရှိသေးသလဲ’

‘လှံစကြာညီနောင်တွေလဲ အနောက်မြောက်ကနေ ချီလာကြပြီ ကြားတယ်’

‘ဘာလို့ လှံစကြာညီနောင်က အနောက်မြောက်နယ်ကနေ ဒီထိအောင်ရောက်လာရတာလဲ’

အံ့သြစိုးရိမ်စွာ ပြောလိုက်သည်။

ဝမ်းမော်သည်း ခေါင်းတဆတ်ဆတ်ညိတ်ကာ..။

‘ဟုတ်တယ်၊ အဖွဲ့အားလုံးထဲမှာ လှံစကြာညီနောင်ဟာ ခေါင်းအမာဆုံးနဲ့ ယှဉ်ပြိုင်ဖို့ မလွယ်တဲ့အဖွဲ့ပဲ’

ဝမ်းယိက စားပွဲကို လက်ဖြင့်ရိုက်လိုက်သည်၊

‘ဒီကောင်တွေ ဘာဖြစ်လို့ အခုလို တပြိုင်တည်း စုပြုံရောက်လာရတာလဲ’

ဝမ်းမော်က အေးစက်သော အမူအရာဖြင့် တည်ငြိမ်ပြတ်သားစွာ ပြောလိုက်၏။

'ဒီမယ်....ဝမ်းယိ၊ သူတို့ဘာသာ ဘာကြောင့်ပဲလာလာ ငါတို့က ငါတို့ကိစ္စ ငါတို့အောင်မြင်အောင်လုပ်ရမှာပဲ၊ ငါတို့ရဲ့ လမ်းခရီးမှာ ဝင်ရောက် နှောင့်ယှက်လာတဲ့သူ မှန်သမျှ ဘယ်သူ့မှ အရှင်မထားနိုင်ဘူး'

ဝမ်းယိ မျက်ခုံး ပင့်တက်သွားသည်။

'ဒါတော့ ဒါပေါ့၊ ဒါပေမယ့်'

'ဒါပေမယ့် ဘာဖြစ်သလဲ'

ဝမ်းမော်က စိတ်မရှည်စွာ မေးလိုက်သည်။

'ငါတို့ အစီအစဉ်ပြောင်းမှ ဖြစ်မယ်ထင်တယ်'

ဝမ်းယု မျက်မှောင်တချက်ကြုတ်သွားကာ ။

'ဘာဖြစ်လို့ ပြောင်းရမှာလဲ'

'ပစ်မှတ်တခုတည်းကိုတိုက်စစ်ဆင်နေကြတဲ့ အဖွဲ့တွေကများနေကြလို့ပေါ့'

'အဓိပ္ပာယ်က....'

ဝမ်းယုက မရှင်းလင်းစွာ ထပ်မေးမြန်းသည်။

'အဓိပ္ပာယ်က မင်းကြားတဲ့အတိုင်းပဲလေ၊ ဘဏ္ဍာတော်အဖွဲ့တခုတည်းကို သိုင်းညီနောင်တွေ အားလုံး အာရုံစူးစိုက်နေကြကုန်ပြီ'

'စူးစိုက်ကော အရေးလား၊ တိုက်သင့်သူတိုက်၊ သတ်သင့်သူသတ်ပြီးယင် ကိုယ်ရသင့်တာကိုယ်ယူရမှာပေါ့'

ဝမ်းယုက လက်မောင်းတန်းကာ ပြတ်သားစွာ ပြောလိုက်သည်။



ဝမ်းယိ သက်ပြင်းတချက် ချလိုက်သည်။

'မဟုတ်သေးဘူး အစ်ကိုကြီးဝမ်းယု၊ ကျွန်တော်တို့ဟာ နတ်ကျာပွတ်သံလက်ဝါးကို ယှဉ်ဖို့မလွယ်သလို တောင်ပံဓား စကြာရှက်မုဝေကလဲ ရှိသေးတယ်၊ ဒီကြားထဲမှာ ငါတို့လို သိုင်းညီနောင်တွေက ဟောတဖွဲ့ဟောတဖွဲ့ ပေါ်လာပြန်တော့ ရင်ဆိုင်ရမယ့် အင်အားက မသေးလှဘူး'

'ဒီတော့ မင်းကဘာလုပ်ချင်သလဲ'

'အစီအစဉ်ပြောင်းလဲပစ်ရမယ်'

'ဘယ်လိုပြောင်းလဲမှာလဲ'

'ပြပုံင်တပုဒ် ဆိုရိုးစကား ရှိသားပဲ၊ ခြင်္သေ့နှစ်ကောင် သတ်ပုတ်ရာမှာ ငှင်းတငှက်က နံဘေးကစောင့်ကြည့်ပြီး နှစ်ကောင်စလုံး အမောဖောက် သေဆုံးတော့မှ အစာအဖြစ် အသာကလေး ဝင်နားလိုက်တယ် ဆိုတာလေ၊ ဒီလိုပဲပေါ့ကွ။ ငါတို့လဲ သူတို့အဖွဲ့ချင်း တိုက်တာ ဘေးကကြည့်ပြီး အားလုံး အင်အားဆုတ်ချိန်ကျမှ အသာကလေး ဝင်တိုက်ပြီး ဘဏ္ဍာတော်တွေ အပိုင်စီးရမယ်'

ဝမ်းယိ၏ အကြံပေးစကားအဆုံးတွင် ဝမ်းယုနှင့်ဝမ်းမော်တို့ မျက်နှာများ တက်ကြွရှင်လန်းသွားကြသည်။

ဝမ်းမော်က လက်ဖြောက်တချက် ဖြောက်ကနဲ တီးလိုက်သည်။

'မင်းရဲ့ အစီအစဉ်က ဒီတခါတော့ သိပ်ကောင်းတယ် ဝမ်းယိ'

စကားပြောရာမှ အခန်းတွင်းကို မျက်စိ ဝေ့ကစားလိုက်ပြီး တစုံတရာကို သတိရဟန်ဖြင့် မေးလိုက်၏။

'နေစမ်းပါဦး၊ ညီထွေး ဝမ်းယင်းက နုထိမလာသေးပါလား'

'ဟုတ်တယ် ဝမ်းမော် အပြင်ကိစ္စတွေ သွားအကဲခတ်ခိုင်းထားတယ်'

ဝမ်းယု စကားမဆုံးမီ အပြင်ဘက်မှ ခြေသံတဖျပ်ဖျပ်ကို ကြားလိုက်ရသည်။

ဝမ်းယိက တံခါးဝဘက်လှည့်ကာ စိတ်အထင်ဖြင့် ရေရွတ်လိုက်သည်။

'ညီထွေး ပြန်လာပြီ ထင်တယ်'

* * *

အခန်းတံခါးဆီသို့ အာရုံစုပို့ထားကြ၏။

အခန်းတံခါး တဖြည်းဖြည်းချင်း ပွင့်လာ၏။

အခန်းထဲသို့ လူတယောက်ဝင်လာသည်။

အခန်းတွင်းသို့ ဝင်လာသောလူကို ကြည့်ကာ ဝမ်းညီအစ်ကို လေးဦး တယောက်မျက်နှာတယောက်ကြည့်ကာ ပြုံးလိုက်ကြသည်။

မှန်ပါသည်။

အခန်းတွင်းသို့ ဝင်လာသူကား....

မျှော်လင့်နေသော ညီထွေးဝမ်းယင်းမဟုတ်ပဲ။



စားသောက်စရာ အကြော်ပွဲများ လာရောက်ပို့ဆောင်ပေးသော စားပွဲထိုးလုလင်ဖြစ်နေသည် မဟုတ်ပါလား။

ဝမ်းမော်သည် အရက်တခွက်ငှဲ၍ သောက်လိုက်သည်။

ထို့နောက် ဝက်သားပေါင်းကို ယူစားပြီးပြောလိုက်သည်။

'ကဲ-ကဲ လောလောဆယ် စားကြသောက်ကြဦး ညီထွေး ပြန်လာမှ ခုကိစ္စကို ဆက်ပြောကြတာပေါ့'

ဝမ်းမော်စကားကို ဝမ်းယု ဝမ်းမှုနှင့် ဝမ်းယိတို့ ပြိုင်တူ ထောက်ခံလိုက်ကြသည်။

ခေါင်းပြိုင်တူညိတ်၍....

အရက်ခွက်များ ကိုယ်စီကိုင်ကာ ပြိုင်တူ မော့သောက်လိုက်ကြသည်။

* * *

## ၁၀

ကောင်းချန်တည်းခိုစားသောက်ဆိုင်၏ အခန်း (၃) တွင် ဇွန်းသံ ပန်းကန်သံ၊ ရယ်မောသံတို့ဖြင့် ဆူညံနေသည်။

သို့သော်....

အခန်း (၃) နှင့် ကပ်လျက်ရှိသော တဘက်ခန်းဖြစ်သည့် အခန်း (၄) တွင်မူ ဝတ်ရုံစိမ်းများ ဝတ်ဆင် ထားကြသော အဘိုးအိုသုံးဦးသည် တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေကြသည်။

စင်စစ်။

အဘိုးအိုသုံးဦး၏ နှုတ်ကသာ တိတ်ဆိတ် ငြိမ်သက်နေခြင်း ဖြစ်သည်။

သို့သော်....



အခန်း (၄) တခန်းလုံးကား တိတ်ဆိတ်၍ မနေချေ။

စကားသံသာ မကြားရသော်လည်း ဇွန်းသံ ပန်းကန်သံများက တိုးညင်းစွာ ထွက်ပေါ်နေလျက် ရှိသည်။

အတန်ကြာမျှ....

အလယ်တွင် ထိုင်နေသော တုတ်တုတ်ဝဝ အဘိုးအိုက သူ့နံဘေးတွင် ထိုင်နေသော ပိန်ပိန်ရှည်ရှည် အဘိုးအိုကို တီးတိုးပြောလိုက်သည်။

'ပိန်သေး သူတို့ဟာ ဆိုးသွမ်းဝံပုလွေငါးကောင် မဟုတ်လား'

ပိန်သေးအမည်ခေါ်ခံရသော အဘိုးအိုက ခေါင်းမော့လိုက်ပြီး....။

'ဟုတ်တယ် ပထမဆုံးအခန်းထဲမှာ အပျော်မယ်နဲ့ ရှိနေတာက ဝံပုလွေပြာဝမ်းယိ နောက်ထပ်ရောက်လာတဲ့ နှစ်ကောင်က သူတို့ထဲက အကြီးဆုံး မိုးဝံပုလွေဝမ်းယုနဲ့ စတုတ္ထ မြောက်ဝံပုလွေ စိမ်းဝမ်းမုပဲ၊ နောက်ဆုံးရောက်လာတာကတော့ ဒုတိယ မြောက်ဝံပုလွေ မဲဝမ်းမော်ပဲဝတုတ်'

ဝတုတ်အဘိုးအိုသည် ပိန်သေးပြောသမျှကို ခေါင်းတဆတ်ဆတ်ညိတ်၍ နားထောင်ယင်း....။

'ဒါဆိုယင် ဒီအထဲမှာ အရက်စက်ဆုံးနဲ့ အကောက်ကျစ်ဆုံးဖြစ်တဲ့ ဝံပုလွေ ခွေးဝမ်းယင်းပဲကျန်တော့တာပေါ့ ဟုတ်လား'

ပိန်သေးအဘိုးအို ခေါင်းညိတ်ပြလိုက်သည်။

ဝတုတ်အဘိုးအိုက တဘက်ခန်းတွင် ရှိနေကြသော ဝံပုလွေညီနောင်ငါးဦးနှင့်ပတ်သက်၍ ဆက်လက်ပြောကြားပြန်သည်။

'ဒီဝံပုလွေညီနောင်ငါးဦးဟာ ကျင့်ကျန်းဒေသနဲ့ ချန်အန်းနယ်မြေတဝိုက်မှာ ဆယ်နှစ်ကျော်ကျော် ကြီးစိုးခဲ့တဲ့ ကောင်တွေပဲ၊ သူတို့တပည့်တွေလဲ အင်မတန်ရက်စက်ကြတဲ့ ကောင်တွေ'

ဝတုတ်အဘိုးအို၏ ညာဘက်တွင်ထိုင်နေသော ခေါင်းကြီးကြီးဖြင့်အဘိုးအိုက တိုးညင်းသောလေသံဖြင့် ပြောသည်။

'ဝတုတ်၊ ဒီအခန်းထဲက ဝံပုလွေလေးယောက်ကို အပြင်ရောက်အောင် မျှားခေါ်ရမလား၊ ဒါမှမဟုတ် ဝံပုလွေခွေးရောက်တဲ့အထိ စောင့်ဦးမလား'

ဝတုတ်အဘိုးအိုက တချက်ပြုံးလိုက်ပြီး....။

'ခေါင်းကြီး မင်းသိပ်လက်ယားနေတယ်ထင်တယ်၊ ဘာလို့ မင်း လူသတ်ချင်နေပလား'

ခေါင်းကြီးအဘိုးအိုက သဘောကျစွာဖြင့် တဟဲဟဲ ရယ်မောလိုက်သည်။

'ဝတုတ် ငါဟာ ဒီကောင်တွေကို လူ့လောကမှာ သိပ်ကြာကြာမကြည့်ချင်တော့ဘူး၊ ကြည့်လို့လဲမရဘူး၊ သူတို့ကို ရှင်းပစ်မှ သိုင်းလောကလဲ သန့်သွားမယ်၊ ဒီညီအစ်ကိုဟာ သိုင်းပညာအားကိုးနဲ့ မကောင်းမှုမှန်သမျှ ကျူးလွန်နေကြတဲ့ ကောင်တွေ'



ခေါင်းကြီးအဘိုးအို၏စကားကို ဝတုတ်က ခေါင်းညိတ်လိုက်သည်။

'မင်းပြောတာမှန်တယ်ခေါင်းကြီး၊ မင်းသဘောထားကိုလဲ ငါနားလည်ပါတယ်၊ ဒါပေမယ့် ခဏတော့ သည်းခံစောင့်လိုက်ပါဦးကွာ၊ ဝံပုလွေခွေးရောက်တဲ့ထိ သည်းခံစောင့်လိုက်ပါဦး၊ ဒီကောင်တွေကို အချိန်တန်ယင် မလွဲမသွေ ဆုံးမရမှာပါကွာ'

ပိန်သေးအဘိုးအိုနှင့် ခေါင်းကြီးအဘိုးအိုသည် ဝတုတ်အဘိုးအို၏စကားကို လက်ခံကြပုံရသည်။

ပြိုင်တူ ခေါင်းညိတ်ပြလိုက်ကြသည်။

အခန်းတွင်း၌ အတွေးကိုယ်စီဖြင့် ပြန်လည်တိတ်ဆိတ်သွားကြပြန်သည်။

အတန်ကြာငြိမ်သက်နေရာမှ....။

'ဒီဝံပုလွေငါးကောင်ဟာ တခြား ဘယ်အဖွဲ့တွေနဲ့ အဆက်အသွယ်ရှိသေးသလဲ ပိန်သေး'

ဝတုတ်အဘိုးအိုက သိလိုသောအကြောင်းအရာကို လေသံဖြင့် မေးသည်။

ပိန်သေးအဘိုးအို မျက်မှောင်ကြုတ်၍ စဉ်းစားသည်။

တအောင့်လောက်အကြာတွင်... ။

'ငါသိရသလောက်တော့ ဒီကောင်တွေဟာ ခြင်္သေ့ဘီလူးအဖွဲ့နဲ့ ခြင်္သေ့ဘီလူးအဖွဲ့ရဲ့ လက်အောက်ခံ စောရညီနောင်နဲ့ အဆက်အသွယ်ရှိကြတယ်'

'ခြင်္သေ့ဘီလူးအဖွဲ့ ဟုတ်လား'

'ဟုတ်တယ်'

'ဒါဆိုယင် ခုကိစ္စမှာ ဒီကောင်တွေလဲ မလွဲမသွေ ဝင်စွက်မှာပဲ'

'ဘာကြောင့် ဒီလိုပြောရတာလဲ'

'ဒီဒေသဟာ ခြင်္သေ့ဘီလူးက လှုပ်ရှားနေတာပဲ၊ ဒီတော့ သူတို့လဲ သူတို့ဝေစုတစု ရရှိဖို့အတွက် ဝံပုလွေညီနောင်ဘက်က ဝင်ကူညီယင် ဒီကိစ္စကိုစွက်ဖက်မှာပေါ့ ခေါင်းကြီးရ'

'ဒါပေမယ့် ငါတို့နဲ့သာရင်ဆိုင်လိုက်ယင် ဒီကောင်တွေ နှစ်ဖွဲ့စလုံး တဖွဲ့မှ အောင်မြင်မှာမဟုတ်တော့ဘူးလို့ ငါပြောရဲတယ် ဝတုတ်'

ဝတုတ်အဘိုးအို ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

'ရန်သူကို အထင်သေးလို့မရဘူးပိန်သေး၊ ခြင်္သေ့ဘီလူးအဖွဲ့ဟာ ဒီဒေသမှာ နယ်မြေကျွမ်းကျင်ပြီးသား၊ ပြီးတော့ သူတို့ရဲ့လူ့အင်အားကလဲမသေးဘူး၊ ဒီခြင်္သေ့ဘီလူးနဲ့ ဝံပုလွေဂါးကောင် ပူးပေါင်းလိုက်ယင် အင်အားကြီးလာမယ်ဆိုတာကော မင်းတွက်ဆမိရဲ့လား'

'လူ့အင်အားထက် သိုင်းပညာရဲ့အင်အားက အရေးကြီးပါတယ် ဝတုတ်ရာ၊ ဒီလောက်ထိ တွေးပူမနေစမ်းပါနဲ့၊ သူတို့လူ့အင်အားလောက်တော့ မမှုပါဘူး'

ခေါင်းကြီးက ဂရုမစိုက်သည့်လေသံဖြင့် ပြောလိုက်သည်။

'မင်းမသိသေးတဲ့အချက်ရှိသေးတယ် ဝတုတ်'

ပိန်သေးက ဝတုတ်ဘက်လှည့်ကာ ပြောသည်။



'ဘာလဲ'

'ဒီအဖွဲ့နှစ်ဖွဲ့ဟာ တဖွဲ့နဲ့တဖွဲ့ ဝေစုရရေးအတွက် ပူးပေါင်းချင်ပူးပေါင်းကြမယ်၊ ဒါပေမယ့် တကယ်တမ်းလက်တွေ့မှာ သူတို့နှစ်ဖွဲ့ဟာ စိတ်ဝမ်းကွဲနေကြတယ်၊ တဖွဲ့နဲ့တဖွဲ့ ဘယ်လို အကောက်ကြံပြီး အနိုင်ကျင့်ရမလဲဆိုတာ အတွင်းစိတ်ထဲမှာ ကြံစည်နေကြတာ'

ဝတုတ် နှာခေါင်းတချက်ရှုံ့လိုက်သည်။

'ဒီကိစ္စတော့ ငါလဲသိပါတယ် ပိန်သေးရ'

'ဒီနှစ်ဖွဲ့မှာ ဘယ်အဖွဲ့က သိုင်းပညာအဆင့်မြင့်သလဲ'

ခေါင်းကြီးက သူသိလိုသည်ကို မေးသည်။

ပိန်သေး တခဏမျှစဉ်းစားပြီး....။

'သိုင်းပညာ အဆင့် အရတော့ ဝံပုလွေဂါးကောင်က အဆင့်မြင့်တယ်၊ ဒါပေမယ့် နယ်မြေအခြေအနေအရတော့ ခြင်္သေ့ဘီလူးက ကျွမ်းကျင်တယ်'

'ဘယ်လိုပဲဖြစ်ဖြစ် လောလောဆယ် ငါတို့ ကိစ္စတရပ်တော့ ရှင်းစရာရှိနေပြီ'

အဆက်မရှိသောစကားကို ဝတုတ်အဘိုးအိုက ပြောလိုက်သည်။

ပိန်သေးအဘိုးအိုနှင့် ခေါင်းကြီးအဘိုးအို နားမလည်စွာ ကြည့်လိုက်သည်။

'ဘာအဓိပ္ပာယ်လဲ ဝတုတ်'

'ပြိုင်တူမေးလိုက်ကြသည်။

* * *

ဝတုတ်အဘိုးအိုက တဘက်ခန်းသို့ မေးဆတ်ပြယင်း ပြော သည်။

'ခုနက ဝံပုလွေလေးကောင်ပြောတဲ့စကားတွေ မင်းတို့လဲ သတိထား နားထောင်မိမှာပေါ့'

ပိန်သေးအဘိုးအိုနှင့် ခေါင်းကြီးအဘိုးအို ပြိုင် တူ ခေါင်း ညိတ်ပြလိုက်ကြပြီး–

'အဲဒါ ဘာဖြစ်သလဲ'

'ဝမ်းမော်နှင့် ဝမ်းယိ ပြောတဲ့စကားတွေကော သေသေ ချာချာနားထောင်ရဲ့လား'

ခေါင်းကြီးက စိတ်မရှည်သောလေသံဖြင့် ပြောသည်။

'ငါတို့အားလုံး ကြားခဲ့ပြီးသားပဲ၊ ဘာဖြစ်လို့လဲ'

'သူတို့ညီအစ်ကိုနှစ်ယောက်ရဲ့ ပြောစကားအရ အပျော်မယ် မိန်းကလေး မေယင်းကို ဝမ်းမော်က ရက်ရက်စက်စက် သတ် လိုက်ပုံရတယ်၊ ဝမ်းမော်ရဲ့လက်ချောင်းအတွင်းအား ပြင်းထန် တာကို မင်းတို့လဲ ကြားဖူးမှာပေါ့'

'ဟုတ်တယ် ဝမ်းယိဆိုတဲ့ ဝံပုလွေပြာကလဲ ကောင်မလေး အသက်ဟာ မနက်လင်းတဲ့အထိမှ နေနိုင်ပါ့မလားလို့ ပြောသံ ကြားလိုက်ရတယ်'

'ကဲ....ဒီတော့ ပိန်သေး၊ ဒီကိစ္စကို မင်း ဘယ်လို သဘော ရသလဲ'

ဝတုတ်၏စကားကြောင့် ပိန်သေး မျက်နှာထား တင်း မာ သွားသည်။



မျက်လုံးအစုံကလည်း ရေခဲတမျှ အေးစက်သော အကြည့် ဖြင့် ဝံပုလွေညီနောင်ရှိရာ အခန်း(၃)ဘက်သို့ စူးစိုက်ကြည့်ပြီး ပြတ်သားစွာပြောလာသည်။

'ဝမ်းမော် ဆိုတဲ့ ဝံပုလွေမဲဟာ သိပ်ကို ရက် စက် လွန်း တယ်၊ အပျော်မယ် ကောင်မလေး မေယင်းရဲ့ ကံကြမ္မာကလဲ ဆိုးလွန်းလှတယ်၊ ဘယ်လိုပဲ ဖြစ်ဖြစ် ဘာမှ အပြစ်မရှိပဲ သိုင်း လောကအကြောင်းလဲ တခွန်းတပါဒမှ နားမလည်တဲ့ မိန်းက လေးကို ရက်ရက်စက်စက်လုပ်ကြံတဲ့ ကောက်ကျစ်တဲ့ဝံပုလွေမဲ ဝမ်းမော်ကို ခုချက်ချင်းသွားပြီး သတ်ပစ်ဖို့ကောင်းနေပြီ'

ဝတုတ်ကလည်း ပိန်သေး၏စကားကို ထောက်ခံသည့်နှယ်- ခေါင်း တဆတ်ဆတ် ညိတ်လိုက်ပြီး–

'ဟုတ်တယ်ပိန်သေး၊ မင်းပြောတာမှန်တယ်၊ ဒီ မေယင်း မိန်းကလေးဟာ ဘဝကံမလှလို့ ဒီလို အလုပ်ကို လုပ်ကိုင်စား သောက်နေရတာ၊ ဒီကြားထဲမှာ ဘာမဆိုင်ညာမဆိုင် ဝမ်းမော် ဆိုတဲ့ကောင်က သူ့ရဲ့အတွင်းအားနဲ့ ကောင်မလေးရဲ့ အသက် ကို ရန်ရှာလိုက်ပြန်တယ်၊ ကောင်မလေးရဲ့ ဘဝဟာ သိပ်ကို သနားစရာကောင်းတယ်၊ ဒီတော့ တို့အနေနဲ့ ဒီဝမ်းမော်ဆိုတဲ့ အကောင်ကို လက်ပိုက်ကြည့်မနေသင့်တော့ဘူး'

'ဘာလဲ၊ ဒါဆိုယင် မင်း က ဒီကောင်ဝမ်းမော်ကို သွား သတ်မယ်ပေါ့ ဟုတ်လား ဝတုတ်'

ဝတုတ်အဘိုးအို ခေါင်းညိတ်လိုက်သည်၊

'ဟုတ်တယ်၊ ဒီကောင် ဝံပုလွေမဲဝမ်းမော်ကို ထိုက်သင့်တဲ့ ပြစ်ဒဏ်ပြန်ပေးရမယ်၊ ဒါပေမယ့် ခုချက်ချင်းမဟုတ်သေးဘူး'

ပိန်သေး မျက်ခုံးတွန့်သွားသည်။

'ဒါဖြင့်ယင်....'

ပိုန်သေးစကားမဆုံးခင် ဝတုတ်က ဆက်ပြောသည်။

'ခုလောလောဆယ် ဝမ်းမော်ကို ဖြစ်ဒဏ် ပေးရေးထက် ကောင်မလေးရဲ့အသက်က အရေးကြီးနေတယ်'

ငြိမ်သက်စွာနားထောင်နေသော ခေါင်းကြီးက ဝင်မေး၏။

'ဒါဆိုယင် မင်းရဲ့သဘောက ကောင်မလေးရဲ့ အသက်ကို ကယ်မယ်ပေါ့'

ဝတုတ်က ခေါင်းကြီးဘက်လှည့်ကြည့်လိုက်ပြီး-

'ဘာလဲ၊ ငါ့လုပ်ရပ်က မင်းအနေနဲ့ မသင့်တော်ဘူး ထင်လို့လား'

'လူ့အသက်ဆိုတာ ကယ်သင့်တဲ့အလုပ်ပဲကွာ၊လူတယောက်ရဲ့အသက်တချောင်းကို ကယ်တင်တာဟာ တံတား ခုနစ်ဆင့်ဆောက်တာထက်ပိုပြီး အကျိုးရှိပါတယ်၊ အမှန်တကယ် လုပ်သင့် လုပ်ထိုက်တဲ့ကိစ္စမို့ ငါလက်ခံပါတယ်၊ ကယ်လဲ ကယ်သင့်ပါတယ်၊ ဒါပေမယ့် စဉ်းစားစရာအချက်တော့ ရှိတယ်'

'ဘာကို စဉ်းစားရမှာလဲ'

'ကောင်မလေးရဲ့အသက်ကို ငါတို့ဘယ်လိုနည်းနဲ့သွားကယ်ကြမလဲ'

'ဒါ တွေ ပူမနေစမ်းပါနဲ့ ခေါင်းကြီးရာ၊ ငါ အား လုံး စဉ်းစားပြီးပါပြီ'

'ဒါဆို မင်းရဲ့အစီအစဉ်ကို ပြောစမ်းပါဦး'

ဝတုတ်အဘိုးအို နှစ်ခြိုက်သဘောကျစွာပြုံးပြီး ခေါင်းကြီးဘက်လှည့်ကာ ဆက်ပြောသည်။



'စောစောက ကောင်မလေး ပြောသွားတဲ့ ရန့်ဆောင်ကို မင်းသွားပြီး ကောင်မလေးရဲ့ကိုယ်ခန္ဓာမှာ မိသွားတဲ့ဝမ်းမော်ရဲ့ အတွင်းအား ဒဏ်ရာဒဏ်ချက်ကို မင်းရဲ့ အတွင်းအားနဲ့ကုပေး၊ မိန်းကလေးရဲ့ အသက်ကို မင်း ကယ် တင် ရမယ် ခေါင်းကြီး'

ဝတုတ်အဘိုးအို စကားအဆုံးတွင် ခေါင်းကြီး အဘိုးအို မျက်လုံးပြူးကျယ်သွားသည်။

ကြောက်ရွံ့ဟန်ဖြင့် ပခုံးတွန့်ပြလိုက်ပြီး-

'ငါ့အကြောင်း မင်းအသိသားနဲ့ဝတုတ်ရာ၊ မနောက်ပါနဲ့၊ ငါမိန်းကလေးဆိုယင် ကြောက်လွန်းလို့ပါ'

ဝတုတ်အဘိုးအို ခေါင်းကို ခါယမ်းလိုက်ပြီး-

'မလိုချင်ဘူး ခေါင်းကြီး၊ မင်း မိန်းကလေးတွေနဲ့ အရောတဝင် ဆက်ဆံမှု မရှိတတ်တာ မှန်ပေမယ့် ခုကိစ္စကတော့ လူ့အသက်တချောင်းကို ကယ်တင်ရမယ့် ကိစ္စ ဖြစ်နေတဲ့ အတွက် မိန်းမကြောက်တာ ခဏပိုင်းထားပြီး လူ့အသက် တချောင်းကိုတော့ မင်း ကယ်သင့်တယ် ထင်တယ်'

ခေါင်းကြီးအဘိုးအိုက လက်ကာတားပြပြီး ခေါင်းတခါခါ လက်တယမ်းယမ်းဖြင့် ငြင်းငယ်စကားကိုသာ တွင်တွင် ပြောနေသည်။

'ဟာ... ငါရန့်ဆောင်ကိုမသွားချင်ပါဘူးကွာ၊မိန်းကလေးတွေနဲ့လဲ ငါ ဒွေးရောယှက်တင်မနေတတ်တဲ့ ကောင်'

'ဒါပေမယ့် ခုကိစ္စက အသက်ကယ်ရမယ့်ကိစ္စပဲကွ'

'ငါ့ကို ခုလို အတိုက်အခံပြောနေမယ့်အစား မင်း ကိုယ်တိုင် သွားကယ်လိုက်ပါလား'

ခေါင်းကြီးက ဝတုတ်အဘိုးအို မချေမငံ ပြန်ပြောလိုက်သည်။

ဝတုတ်အဘိုးအို မျက်နှာထားတင်းမာသွား၏။

'မင်း တကယ်မသွားဘူးလားခေါင်းကြီး'

ပြတ်သားစွာ မေးလိုက်သည်။

ခေါင်းကြီးအဘိုးအိုကလည်း တိုတောင်းစွာ ပြန်ဖြေသည်၊

'မသွားဘူး'

'ကောင်းပြီ၊ နောက် မှ မင်းအနေနဲ့ နောင် တ မရစေချင်ဘူး'

ခေါင်းကြီး မျက်မှောင်တွန့်သွားကာ....'

'အာ့ဖြစ်လို့ ငါက နောင်တ ရရမှာလဲ၊ ဒီကိစ္စအတွက် ငါ့မှာ ဘယ်လို နောင်တမျိုးမှ ရစရာမရှိဘူး'

ဝတုတ် အဘိုးအို တချက်ပြုံးလိုက်သည်။

'ကောင်းပြီ....မင်းကို ငါပြောနေတာ ငါ့ဘက်ကတော့ တာဝန်ကျေပြီ'

စကားပြောရာမှ ပိန်သေးအဘိုးအိုဘက် လှည့်ကြည့်ကာ....၊

'ပိန်သေး .. ခုပြောဆိုနေတဲ့ ကိစ္စတွေ မင်းကြားတယ်နော်'

ပိန်းသေးအဘိုးအို ခေါင်းညိတ်ပြသည်။

'ကြားသားပဲ၊ အဲဒါဘာဖြစ်သလဲ'

'သခင်လေးကို ငါအကြောင်းစုံ ပြန်ရှင်းပြတဲ့အခါ မင်းက သက်သေပဲ'

သခင်လေးဆိုသော စကားကြောင့် ခေါင်းကြီးအဘိုးအို မျက်နှာပျက်သွားသည်။

* * *



ခေါင်းကြီးအဘိုးအိုသည် ဝတုတ်အဘိုးအိုကို ခဃတောင်၊ ပန်သောအကြည့်ဖြင့် ကြည့်လိုက်သည်။

'ဝတုတ်'

'ဘာလဲ'

'မင်း....ခုကိစ္စတွေ သခင်လေးကို တကယ်ပြောမှာလား'

'ပြောရမယ့်တာဝန် ငါ့မှာ ရှိနေတာပဲ'

'ဘယ်....ဘယ်လို ပြောရမှာလဲကွာ'

'ဘယ်လိုပြောမယ်လို့ မင်းထင်သလဲ'

'မသိသေးလို့ မေးနေတာပေါ့'

'ဒါဖြင့် မှတ်ထား၊ ငါသခင်လေးကို ပြောပြမှာက မင်းဟာ ဒုက္ခရောက်နေတဲ့လူကို ကယ်တင်ခိုင်းတာ မကယ်တင်ဘူး၊ ငါ့ရဲ့ အမိန့်စကားကိုလဲ မနာခံပဲ ဆန့်ကျင်တယ်၊ ဒုက္ခရောက်သူကို ဒုက္ခရောက်မှန်းသိလျက်နဲ့ လက်ပိုက် ကြည့်နေချင်တဲ့ စိတ်ရိုင်းရှိနေတယ်လို့ သခင်လေးကို ရှင်းပြလိုက်မယ်'

ခေါင်းကြီးအဘိုးအို လေသံမမာနိုင်တော့ပေ။

မျက်နှာလည်း ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

သခင်လေးဆိုသူသည် လွန်စွာကြောက်ရွံ့ရမည့်သူ ဖြစ်ပုံရသည်။

ထိုသခင်လေးဆိုသူသည် မည်သူနည်း။

အဘိုးအို သုံးဦးကကော မည်သည့် အဖွဲ့အစည်းကနည်း။

* * *

'မင်းက ခုကိစ္စကို ဘာလို့သခင်လေးကို ပြောပြချင်ရတာလဲ'

ခေါင်းကြီးအဘိုးအိုက ဝတုတ်အဘိုးအိုကို မေးသည်။

'ဖြစ်ပျက်သမျှ ကိစ္စအဝဝကို ပြန်ပြောရမှာငါ့ဝတ္တရားပဲ'

ခေါင်းကြီးအဘိုးအို မျက်မှောင်ကြုတ်သွားသည်။

သက်ပြင်းတချက် ပင်ပန်းလေးတွဲစွာ ချလိုက်ပြီး။

'မင်း ဒီကိစ္စကို သွားပြောယင် သခင်လေးက ငါ့အပေါ် အထင်သေးသွားတော့မှာပေါ့'

'ဒါက မင်းကိစ္စပဲ၊ ငါနဲ့ မပတ်သက်ဘူး'

'မင်းကကော ဒီကိစ္စကျမှ ငါ့ကို ဘာလို့ ခိုင်းရတာလဲ'

'မင်းနဲ့ သင့်တော်မယ့် ကိစ္စမို့ပေါ့၊ တို့အထဲမှာ အတွင်းအားအဆင့် မင်းက မြင့်နေတာပဲ'

ခေါင်းကြီး အဘိုးအိုသည် ဝတုတ် အဘိုးအိုကို မျက်နှာငယ်ဖြင့် ကြည့်ယင်း....

'ဝတုတ်'

'ပြောလေ'

'မင်းနဲ့ ငါဟာ အတူတကွ လက်တွဲပေါင်းသင်းလာခဲ့ကြတာ နှစ်ပေါင်းနှစ်ဆယ်ကျော်ပါပြီနော်'

'ဒါကတော့ မင်းလဲသိတဲ့ကိစ္စပဲ၊ ငါနဲ့ ဘာဆိုင်လို့လဲ'

'အနှစ် နှစ်ဆယ်ကျော် ပေါင်းလာခဲ့တဲ့ ရဲဘော် ရဲဘက်ချင်း ဒီလိုစိမ်းစိမ်းကားကား မပြောပါနဲ့ကွာ၊ မင်းနဲ့ ငါ့ရဲ့ ခင်မင်မှုအတိုင်းအတာကို ထောက်ထားပြီး ဒီကိစ္စ သခင်လေးကို မပြောဖို့ ငါတောင်းပန်ပါတယ်'



'ဒါဆိုယင် ရှင်းပါတယ်၊ မင်းအနေနဲ့ ငါပြောတာ နားထောင်ပြီး ငါခိုင်းတာလုပ်ပေါ့ကွ'

ဝတုတ်၏ တိကျ ပြတ်သားသော စကားများကြောင့် ခေါင်းကြီး ခေါင်းရှုပ်သွားဟန်တူသည်။

သူ၏ ကြီးမားသောခေါင်းကို စိတ်ညစ်စွာ ကုတ်ယင်း....။

'ဝတုတ်... ငါတခုတော့ ပြောချင်တယ်ကွာ၊ ဖြစ်မလား'

'ဘာလဲ'

'ခု ကိစ္စကို ငါ့ထက် ဟော့ဒီကောင် ပိန်သေးကို ခိုင်းယင်ကော မဖြစ်ဘူးလား'

'ဒါကတော့ မင်းတို့ချင်း ညှိကြပေါ့'

ဝတုတ် စကားအဆုံးတွင် ခေါင်းကြီးသည် ပိန်သေးဘက် လှည့်လိုက်သည်။

'ပိန်သေး ခုကိစ္စကို မင်းပဲ လုပ်ပါကွာ၊ လူ့အသက်ကယ်တာ မွန်မြတ်ပါတယ်'

ပိန်သေး ပခုံးတချက် တွန့်လိုက်ပြီး.. ။

'မွန်မြတ်မှန်း သိလျက်နဲ့ မင်းက ဘာလို့ မလုပ်ချင်ရတာလဲ'

'မိန်းကလေးတယောက်ရဲ့ အဆောင်ထိ သွားရမှာမို့ပေါ့ကွာ၊ ငါ့ကိုယ်စား မင်းသွားကယ်လိုက်ပါလား'

ပိန်သေး ခေါင်းယမ်းလိုက်သည်။

'မဖြစ်ဘူး'

'ဘာလို့မဖြစ်ရတာလဲ'

'ဝတုတ်က ငါ့ကိုခိုင်းတာမှ မဟုတ်တာ၊ မင်းကိုပဲ ခိုင်းတာပဲ'

ခေါင်းကြီးအတိုးအိုသည် ဝတုတ်ဘက်လှည့်၍ ပြောသည်။

'ကောင်းပြီ ခေါင်းကြီး၊ ဒါဆိုယင် ခုကိစ္စကို ပိန်သေးကို ပြောခိုင်းလိုက်ပါ'

ဝတုတ်က ခေါင်းခါယမ်းလိုက်ပြီး....

'မဖြစ်ဘူး'

'ဘာဖြစ်လို့လဲ'

'မဖြစ်နိုင်လို့ပေါ့'

'ဝတုတ်'

'ဘာလဲ'

'မင်းငါ့ကို အကျပ်ကိုင်ခိုင်းတာလား'

'အကျပ်ကိုင်ခိုင်းတယ်ပဲ ထားပါတော့ကွာ၊ မင်းငါ့ကို ဘာလုပ်မလဲ၊ ငါခိုင်းတာ မလုပ်ပဲနေမလား'

ဝတုတ်၏ ပြတ်သားသောစကားများကြောင့် ခေါင်းကြီး မျက်နှာ ညှိုးကျသွားသည်။

စိတ်မချမ်းသာသောလေသံဖြင့်....

'ကောင်းပြီလေ၊ မင်းခိုင်းတဲ့အတိုင်း ငါလုပ်မယ်'

'ဒါဆို မင်း ရန့်ဆောင်ကိုသွား၊ မေယင်းမိန်းကလေးကို အချိန်မီ သွားကယ်တင်ပေတော့'

'ကောင်းပြီ၊ တခုတော့ရှိတယ်'

'ဘာဆင်ခြေပေးဦးမလို့လဲ'

'ငါစောစောက ငြင်းခဲ့တာတွေ သခင်လေးကိုတော့ မတိုင်ပါနဲ့နော်'

'စိတ်ချ၊ ငါသခင်လေးကို ဘာမှမပြောတော့ဘူး၊ ကတိပေးတယ်'



ခေါင်ကြီးသည် ဝတုတ်စကားကြောင့် စိတ်သက်သာရာ ရသွားပုံရသည်။

အခန်းပြင်သို့ ပေါ့ပါးစွာ ထွက်ခွာသွားတော့သည်။

ဝတုတ်နှင့်ပိန်သေးသည် ခေါင်းကြီး၏ အဖြစ်ကိုကြည့်ကာ သဘောကျစွာ ပြုံးလိုက်ကြသည်။

ဝတုတ်ပြောသမျှကို အကြောက်အကန် ငြင်းဆိုခဲ့သော ခေါင်းကြီးသည်။

သခင်လေးဆိုသူကို တိုင်မည်ကို ကြောက်ရွံ့စိုးရိမ်ပုံရသည်။

သခင်လေးသည် အတိုးကြီးသုံးဦးအပေါ် လွှမ်းမိုးထားနိုင်သူ ပါလား။

သ ခင်လေးသည် မည်သူဖြစ်မည်နည်း။

ဆို အတိုးကြီးသုံးဦးကကော။

မည်သည့်အဖွဲ့အစည်းက ဖြစ်မည်နည်း။

*   *   *

## ၁၁

အခန်းလေးတွင် လူသံများ ပြန်လည် တိတ်ဆိတ်သွားသည်

အခန်းထဲတွင် ကျန်ရစ်ခဲ့သော ပိန်သေး အဘိုးအိုနှင့်

ဝတုတ်အဘိုးအိုသည် တဘက်ခန်းမှ စကားများကို နားထော

ကြရန် အချင်းချင်း မျက်နှာရိပ်မျက်နှာကဲ ပြလိုက်ကြသည်

ထိုစဉ်....

အခန်းသုံးဘက်မှ တံခါးဖွင့်သံနှင့်အတူ လူတယောက် ဝင်

လာသော ခြေသံကို ကြားလိုက်ရ၏။

ပိန်သေးအဘိုးအိုက ဝတုတ်အဘိုးအိုဘက်လှည့်၍ တိုးတိုး

ပြောလိုက်သည်၊

'အကောက်ကျစ်ဆုံးနဲ့ အရက်စက်ဆုံး မြေအောင်းဝံပုလွေ

ဝမ်းယင်း ပြန်လာပြီ'

* * *



မှန်မါသည်။

အခန်းသုံးအတွင်းသို့ မြေအောင်းဝံပုလွေဟု အမည်ပေး

ထားသော ဝံပုလွေညီနောင်ငါးဦးအနက် အငယ်ဆုံးဖြစ်သူ

ဝမ်းယင်း ဝင်ရောက်လာသည်။

ဝမ်းယင်းကို အခန်းတွင်းရှိ ဝံပုလွေလေးဦးက စူးစိုက်

ကြည့်နေကြသည်။

သူတို့သည် ဝမ်းယင်းထံမှ သတင်းစကားကို စိတ်ဝင်တစား

ရှိနေကြသည်။

ဝမ်းယင်းသည် လွတ်နေသော ကုလားထိုင်တွင် ဝင်ထိုင်

သည်၊

ထို့နောက် မည်သည့်စကားမျှ မဆိုသေးပဲ စားပွဲပေါ်မှ

အရက်ခွက်ကို မော့ချလိုက်သည်။

အကြီးဆုံးဖြစ်သူ မိုးဝံပုလွေ ဝမ်းယုက စိတ်မရှည်သော

အကြည့်ဖြင့် ကြည့်ယင်းမေးလိုက်သည်။

'အချိန်တန်ပြီလား ဝမ်းယင်း'

ဝမ်းယင်းသည် ဝမ်းယု၏ စကားကို ဂရုမစိုက်သည့်နှယ်။

အရက်တဖန်ခွက် ထပ်သောက်လိုက်ပြန်သည်။

ဝံပုလွေလေးဦးသည် ဝမ်းယင်း၏ နှုတ်ခမ်းအလှုပ်ကို စောင့်

ကြည့်နေကြသည်။

ဝမ်းယင်းသည် အရက်ခွက်ကို စားပွဲပေါ်ပြန်တင်ချလိုက်

၏။

ဝံ့ကြီးသားပေါင်းကို တူဖြင့် ယူစားယင်း အာလုပ်သံဖြင့်

ပြန်မေဖြသည်။

'အချိန်တန်ပြီ'

ဝမ်းယု မျက်မှောင်ကြုတ်သွားသည်။

'ဘယ်အချိန်က ရောက်ကြသလဲ'

'မိုးမှောင်တဲ့အချိန်မှာရောက်တယ်'

'သူတို့တည်းခိုတဲ့နေရာကော မင်းသိသလား'

'ဈေးလမ်းအဆုံးမှာရှိတဲ့ ကြိုင်ဟုတ်တည်းခိုခန်း'

'သူတို့အပြင် တခြားဘယ်သူတွေ ရှိသေးသလဲ'

'ဘယ်သူမှမရှိဘူး တည်းခိုခန်းတခုလုံး သူတို့ပုတ်ပြတ်ငှား လိုက်တယ်'

'မင်း ချန်လုံအဘိုးအိုနဲ့ အဆက်အသွယ် ရှိသေးသလား'

'ရှိတာပေါ့ ချန်လုံအဘိုးအိုနှင့် ငါညစာစားနေတုန်း သူတို့ ကြိုင်ဟုတ်တည်းခိုခန်းကို ပုတ်ပြတ်ငှားရမ်းလိုက်တဲ့ သတင်း ချန်လုံအဘိုးအိုရဲ့ တပည့် သတင်းလာပို့တာပဲ'

'ချန်လုံအဘိုးအိုက နောက်ထပ် ဘာတွေများ မှာလိုက်သေး သလဲ'

'မှာလိုက်တာပေါ့ မနက်ဖြန် ညနေခင်းမှာ မြို့အရှေ့ဘက် မိုင် (၆၀) ကွာဝေးတဲ့ တောင်ကမူကွေ့မှာ တိုက်ခိုက်ဖို့ အစီအစဉ်ရှိတယ်တဲ့။ ငါတို့ညီအစ်ကိုအားလုံးကလဲ တောင်ကမူ ကွေ့ သစ်တောထဲကို ကြိုတင်သွားပြီး ပုန်းခိုနေဖို့ မှာလိုက် တယ်'

ဝံပုလွေမဲဝမ်းမော်သည်ကျေနပ်မှုမရှိသောမျက်နှာထားဖြင့် မေးလိုက်ပြန်သည်။

'နေစမ်းပါဦးကွ၊ ချန်လုံအဘိုးအိုက ဘာလို့ညတွင်းချင်း မတိုက်တာလဲ'



'ချန်လုံအဘိုးအို ပြောပြတာမှန်တယ်၊ ဒီငှက်ဝါနယ်မြေ ဒေသကို သူတို့တတွေ ကျွမ်းကျင်ကြတယ်တဲ့'

'ငါတို့ဘက်မှာလဲ ဒီနယ်မြေကို ကျွမ်းကျင်တဲ့ ခြသေ့်ဘီလူး အဖွဲ့ ရှိသားပဲ'

'ဒါပေမယ့် ခြသေ့်ဘီလူးညီနောင်က နက်ဖြန် ကိုးနာရီနဲ့ ဆယ်တနာရီကြားမှာ ရောက်နိုင်လိမ့်မယ်လို့ ချန်လုံအဘိုးအို ဆီကို စောစောကလေးတင် သတင်း ရောက်လာတယ်'

ဝမ်းယုသည် ငြိမ်သက်စွာ နားထောင်နေရာမှ မရှင်းလင်း သော အချက်လို ဝင်မေးလိုက်သည်။

'ချန်လုံအဘိုးအိုက ငါတို့ကို တောင်ကမူကွေ့ဆီ၊ အလျင် ဆုံ သွားပြီး ဘာလို့ပုန်းခိုခိုင်းရတာလဲ ဒီကိစ္စကို ငါတော့ မရှင်းသင်းဘူးဝမ်းယင်း'

ဝမ်းယင်းသည် ဝမ်းယု၏အမေးကိုမဖြေခင် အရက်တခွက် ထပ်သောက်လိုက်ပြန်သည်။

'ဒီကိစ္စနဲ့ပတ်သက်ပြီး ချန်လုံအဘိုးအိုကလဲ ရှင်းပြပါတယ်'

'ဘယ်လိုရှင်းပြတာလဲ'

'ငါတို့အားလုံး တောင်ကမူကွေ့မှာ ပုန်းခိုခိုင်းတာဟာ စစ်ကြောင်းတကြောင်း၊ ဖြတ်တယ်တဲ့၊ ခြသေ့်ဘီလူး အုပ်စု အဖွဲ့ဟာ လမ်းခရီးမှာ လုံစကြာအဖွဲ့နဲ့ ရင်ဆိုင်မတိုက်ခိုက် ခဲ့ရဘူးဆိုယင် ငါတို့ရဲ့တပ်ပေါင်းစုဟာ အစွမ်းထက်မြက်တဲ့ စွမ်းရည်ကိုပြနိုင်ပြီး အောင်မြင်မှုကို ရမှာမလွဲဘူး၊ အရေးကြီး ဆုံးကတော့ ငါတို့တတွေ လုံစကြာအဖွဲ့နဲ့ မတိုက်ခိုက်မိဖို့ သတိထား ရှောင်ကြဉ်ရမယ်၊ အဲဒါကြောင့်ပါ တို့အားလုံးကို

တောင်ကမူကွေ့ တောအုပ်ထဲမှာ ကိုယ်ရောင်ဖျောက် နေခိုင်းတာပဲ’

ဝမ်းယိသည် တစုံတရာကို စဉ်းစားမိဟန်တူသည်။

‘တကယ်လို့ ငါတို့က တောင်ကမူကွေ့မှာ သွားစောင့်နေပြီး သူတို့ကရောက်မလာယင် ငါတို့ညီအစ်ကိုတွေ မိုင်တရာကျော် အသွားအပြန်ပင်ပန်းပြီး အကျိုးမရှိပဲ ဖြစ်နေမယ်’

ဝမ်းယင်က ခေါင်းခါယမ်းလိုက်သည်။

‘ဒီလိုမဖြစ်နိုင်ဘူး ဝမ်းယိ၊ ချန်လုံအတိုးအိုရဲ့ အချက်အလက်အရ ဒီလမ်းကြောင်းတခုတည်းသာ အရေးကြီးဆုံး နေရာဒေသတခု ဖြစ်နေတယ်၊ ဒါကြောင့်လဲ ဒီတောင်ကမူကွေ့ကိုရွေးချယ်ခဲ့တာပေါ့’

‘ဒီလိုဆို ငါတို့ ဘယ်လိုစီစဉ်ကြမလဲ’

ဝမ်းယင်းသည် ခေတ္တမျှစဉ်းစားပြီး လက်ဖြောက်တချက်တီးလိုက်သည်။

‘ခုအခြေအနေတိုင်းဆိုယင် ခုနစ်စင်ကြယ်သိုင်းညီနောင်အဖွဲ့နဲ့ လုံစကြာအဖွဲ့ဟာ မလွဲသေချာ ရင်ဆိုင်တိုက်ခိုက်ကြရမှာပဲ၊ သူတို့လက်ပန်းကျချိန်မှ ကျွန်တော်တို့က ဝင်တိုက်ပြီး အနိုင်ယူမယ်၊ ပြီးယင် ချန်လုံအတိုးအိုရဲ့ အဖွဲ့ကိုလဲ အလစ်မှာတိုက်ခိုက်ပြီး ဘဏ္ဍာတော်တွေကို ငါတို့ညီနောင်ပဲ အရယူကြမယ်’

အကြီးဆုံး ဝမ်းယုသည် မြေအောင်းဝံပုလွေ ဝမ်းယင်းစကားကြောင့် မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်သွားသည်။



စားပွဲခုံကို လက်ဝါးဖြင့် အားပါးတရ ရိုက်ချလိုက်ယင်း ပြောလိုက်သည်။

‘ညီတွေးအစီစဉ် သိပ်ကောင်းတယ်’

သို့သော် စဘုတ္တခြောက်ဝံပုလွေ ဝမ်းမုက စိုးရိမ်စွာဝင်ပြောသာပြန်သည်။ ချန်လုံအတိုးအို အနိုင်ယူဖို့မလွယ်ဘူးနော်၊ ပိုဆိုးတာက ခြသေ့ဘီလူးအဖွဲ့တွေပဲ၊ ပြီးတော့ ဒီဘဏ္ဍာလှည်းအားလုံးက ရွှေငွေရတနာတွေကို တို့ညီအစ်ကိုချည်းသယ်ဆောင်ဖို့ဆိုတာကလဲ မလွယ်ဘူး၊ ထပ်စဉ်းစားကြပါဦး’

အကြီးဆုံးဝမ်းယုက စိုးရိမ်သောဝမ်းမုကို လက်ကာ တားပြလိုက်ပြီး....။

‘ဒီကိစ္စအတွက် ဘာမှမစိုးရိမ်ပါနဲ့၊ အချိန်တန်တော့လဲ အခြေအနေအရ ပြောင်းလဲလှုပ်ရှားသင့်လဲ လှုပ်ရှားရတာပေါ့၊ ဒါထက်အရေးကြီးတာက နောက်ဆုံးလှည်းထဲမှာရှိနေတဲ့ လူပဲ၊ အဲဒီလူဟာဘယ်သူလဲ၊ အမျိုးသမီးနှစ်ယောက်ရဲ့ အဖေလား’

ဝမ်းယု၏စကားမဆုံးခင် ဝမ်းမော်က ကြားဖြတ်ဝင်ပြောပြန်သည်။

‘လှည်းထဲကလူဟာ ဘဏ္ဍာတော်ပိုင်ရှင်ကော မဖြစ်နိုင်ဘူးလား’

ဝမ်းမော်၏စကားကို အငယ်ဆုံးဝမ်းယင်းက ထောက်ခံလိုက်သည်။

‘အစ်ကိုလတ်ပြောတာမှန်နိုင်တယ်၊ ငါတို့ဟာ ကောင်မလေးနှစ်ယောက်ရဲ့ အဖေကိုပဲ စဉ်းစားပြီး ဘဏ္ဍာတော်ပိုင်ရှင်

ကိုတော့ မေ့နေကြတယ်၊ ကောင်မလေးနှစ်ယောက်ရဲ့အဖေ ဆိုလျှင် အရေးကြုံဝင်တိုက်နိုင်ဖို့ သမီးနှစ်ယောက်နဲ့ အတူရှိနေ ရမှာပေါ့'

'ဒီလိုစဉ်းစားနေမယ့်အစား ငါတို့ ဒီကနေ့ည ကြိုင်ဟုတ် တည်းခိုခန်းထဲ သွားကြည့်ကြမယ်'

ဝမ်းယိက စိတ်မရှည်စွာ ပြောချလိုက်၏။

အကြီးဆုံးဝမ်းယုက ခေါင်းခါလိုက်၏။

'ဒီအထိမလိုအပ်သေးဘူးဝမ်းယိ၊ နက်ဖြန် တောင်ကမူ ကွေ့မှာ အားလုံးတွေ့ကြရမှာပဲ၊ အဲဒီတော့မှ လှည်းထဲကလူ ဘယ်သူဆိုတာ မျက်ဝါးထင်ထင် တွေ့မြင်ကြရမယ်၊ ဒီတော့ ဘာမှစိတ်မစောနဲ့ လောလောဆယ် ငါတို့ညီအစ်ကိုတွေ ပျော် ပျော်ပါးပါးစားသောက်ယင်း အနားယူကြစို့'

ဝမ်းယုစကားဆုံးသည်နှင့် ဝမ်းယိသည် အရက်ခွက်ကို ဦးစွာကောက်ကိုင်လိုက်သည်။

အခန်းလေးထဲတွင် ဇွန်းသံ၊ ပန်းကန်သံ၊ အရက်ခွက်သံ များ ပြန်လည်ဆူညံသွား၏။

* * *

တလမ်းလုံး မှောင်မည်းတိတ်ဆိတ်နေသည်။

ညဥ့်နက်ပိုင်းဖြစ်သဖြင့် လမ်းပေါ်တွင် လူသွားလူလာ တယောက်မျှမရှိချေ။



ငှက်ဂါမြို့၏ အရှေ့ဘက်ပိုင်းတွင်ရှိသော ရန့်ဆောင် သည်လည်း အိပ်မောကျ ငြိမ်သက်နေပြီဖြစ်သည်။

ထိုအချိန်တွင် ရန့်ဆောင်၏အခန်းတခုရှေ့တွင် အစိမ်း ရောင်ဝတ်ရုံခြုံထားသောအဘိုးအိုတဦး တိတ်တဆိတ် လှုပ်ရှား လျက်ရှိသည်။

ထိုသူကား မေယင်း အမျိုးသမီးကို ကယ်တင်ရန်အတွက် ရောက်ရှိလာသော ခေါင်းကြီးအဘိုးအိုဖြစ်သည်။

ခေါင်းကြီးအဘိုးအိုသည် မေယင်း၏အခန်းတံခါးကို ခပ် ဖွဖွခေါက်လိုက်သည်။

အခန်းတွင်းမှ လှုပ်ရှားမှုတစုံတရာမျှ မကြားရချေ။

ခေါင်းကြီးအဘိုးအို ထပ်၍ခေါက်ပြန်သည်။

ထူးခြားမှုရှိမလာပေ။

ခေါင်းကြီးအဘိုးအို တုန်လှုပ်သွား၏။

မေယင်း အမျိုးသမီးသေဆုံးသွားလေပြီလားဟု စိုးရိမ်စွာ တွေးတောမိ၏။

အခန်းကို အတွင်းအားဖြင့် တွန်းဖွင့်လိုက်သည်။

အခန်းတံခါးပွင့်သွား၏။

တခန်းလုံး မည်းမှောင်နေသည်။

ခေါင်းကြီးအဘိုးအို နားစွင့်လိုက်သည်။

အခန်းတွင်းမှ ညည်းသံကိုကြားနေရသည်။

ခေါင်းကြီးအဘိုးအို သက်ပြင်းချလိုက်သည်။

ထို့နောက် မီးခြစ်၍ အခန်းတွင်းရှိမီးတိုင်ကို ရှာဖွေ ထွန်းညှိလိုက်၏။

အခန်းတွင်းရှိ ခုတင်ပေါ်တွင် လဲနေသောမိန်းကလေးကို တွေ့ရသည်။

မိန်းကလေးသည် လှုပ်ရှားနိုင်မှုအင်အား နည်းပါးသွားပုံရသည်။

အခန်းတွင်းသို့ဝင်လာသော ခေါင်းကြီးအဘိုးအိုကို ကြောက်ရွံ့တုန်လှုပ်သော မျက်လုံးအဝိုင်းဖြင့် ငေးကြည့်နေရှာသည်။

ဝမ်းမော်၏ အဘွင်းအားဒဏ်ကို ပြင်းစွာ ခံစားနေရပုံရသည်။

မျက်နှာရှုံ့မဲ့ကာ တကျွတ်ကျွတ် ညည်းညူနေရှာသည်။

ခေါင်းကြီးအဘိုးအိုသည် မိန်းကလေးနားသို့ တိုးကပ်သွားကာ မေးလိုက်သည်။

'မိန်းကလေး ဘယ်လိုခံစားနေရသလဲ'

'ကျွန်မ–တ–တကိုယ်လုံး ထုံကျဉ်ကိုက်ခဲနေပါတယ်'

မိန်းကလေးက လေသံသဲ့သဲ့ဖြင့် ပြောရှာသည်။

မိန်းကလေး၏ မျက်နှာတွင် သွေးစီးဆင်းလှည့်ပတ်မှုပင် ရှိတော့ဟန်မတူ။

ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

ခေါင်းကြီးအဘိုးအို သက်ပြင်းတချက်ချလိုက်သည်။

ထို့နောက် မိန်းကလေးကို ကရုဏာသက်စွာ မေးလိုက်သည်။

'မိန်းကလေး နံပါတ် (၃) အခန်းကထွက်လာတော့ ဝမ်းမော်ဆိုတဲ့ကောင်က မိန်းကလေးရဲ့ဘယ်နေရာ ကိုတို့ထိလိုက်သလဲ မှတ်မိသလား'



မိန်းကလေးသည် မျက်လုံးဝိုင်းဖြင့် စဉ်းစားတွေးတောနေပုံရသည်။

အတန်ကြာမှ....

'ကျွန်မပြန်အထွက်မှာ အဲဒီထဲကလူကြီးတယောက်က ကျွန်ကျွန်မရဲ့ကျောကို လက်ညှိုးနဲ့ထိုးလိုက်တယ်၊ ကျွန်မကတော့ ကျွန်မကို အခန်းပြင်တွန်းလိုက်တယ် မှတ်တာပဲ'

ခေါင်းကြီးအဘိုးအို ခေါင်းခါယမ်းပြသည်။

'မိန်းကလေးကို အခန်းပြင် တွန်းထုတ်လိုက်တာမတူတ်ဘူး၊ သိုင်းပညာ အတွင်းအားနဲ့ မိန်းကလေးရဲ့ အသက်ကို ယူလိုက်တာပဲ'

ခေါင်းကြီးစကားကြောင့် မိန်းကလေး၏မျက်နှာ ပို၍ဖြူဖပ်သွား၏။

ကြောက်လန့်မှုကြောင့် မျက်လုံးပြူးကျယ်ကာ ပါးစပ်ဟလျက် ငေးကြည့်နေရှာသည်။

'ဒါ. ဒါဆိုယင် ကျွန်–ကျွန်မသေ–သေရတော့မှာပေါ့'

'မစိုးရိမ်ပါနဲ့တော့၊ ခု–မိန်ကလေးရဲ့ အသက်ကိုကယ်ဖို့ ကျုပ်လာခဲ့တာပဲ'

မိန်းကလေးသည် ခေါင်းကြီးအဘိုးအိုကို အားကိုးကြီးစွာ ကြည့်နေရှာသည်။

ခေါင်းကြီးအဘိုးအိုသည် မိန်းကလေး၏ကျောကို ညာလက်ဖြင့် ထိကပ်လိုက်သည်။

အတွင်းအားဖြင့် မိန်းကလေးဝေဒနာကို ချေဖျက်နေသည်။

ခေါင်းကြီးအဘိုးအို၏ မျက်နှာတွင် ချွေးသီးချွေးပေါက်များ ကျဆင်းလာသည်။

မေယင်း မိန်းကလေး၏ ဖြူဖပ်ဖြူရော်ဖြစ်နေသော မျက်နှာသည် တဖြည်းဖြည်း သွေးရောင်သမ်းလာ၏။

ခေါင်းကြီးတကိုယ်လုံး ချွေးများ ရွှဲနစ်နေပြီ။

မေယင်းမိန်းကလေး၏ မျက်နှာသည် တဖြည်းဖြည်း လန်းဆန်းလာသည်။

ခြေလက်များ လှုပ်ရှားလာနိုင်ပြီဖြစ်သည်။

ခေါင်းကြီးအတိုးအို မျက်လုံးစုံမှိတ်ထားပြီးသက်ပြင်းတချက်ချလိုက်၏။

ထို့နောက်....

မိန်းကလေး၏ကိုယ်မှလက်ကို ရုပ်သိမ်းလိုက်သည်။

မိန်းကလေးသည် ဒူးထောက်ထိုင်ချယင်း...

'ကျေးဇူးတင်ပါတယ်ရှင်'

'ငါ့ကိုကျေးဇူးမတင်နဲ့ ငါတို့သခင်လေးကို ကျေးဇူးတင်'

'သခင်လေးဆိုတာ ဘယ်သူလဲ'

'သခင်လေးဆိုတာ သခင်လေးပေါ့'

ခေါင်းကြီးအတိုးအိုပြောဆိုပြီး မေယင်း၏ အခန်းမှ ထွက်ခွာ လာခဲ့သည်။

ခေါင်းကြီးအတိုးအိုသည် အတွင်းအားကို အသုံးချခဲ့ရသဖြင့် ပင်ပန်းနွမ်းလျနေချေပြီ။

* * *



ကောင်းချန်တည်းခိုစားသောက်ဆိုင်။

အခန်းနံပတ် (၃) တွင် စားသောက်သူများ မရှိကြတော့ချေ။

တိတ်ဆိတ်လျက်ရှိ၏။

သို့သော်....

နံပတ် (၄) အခန်းတွင်မူ ဇွန်းသံ ပန်းကန်သံကို ကြားနေရဆဲဖြစ်သည်။

ဝတုတ်အတိုးအိုနှင့် ပိန်သေးအတိုးအိုသည် ခေါင်းကြီးအတိုးအိုကိုစားသောက်သင်း စောင့်ဆိုင်းနေကြသည်။

ညဉ့် နှစ်နာရီထိုးပြီဖြစ်သည်။

နံပတ် (၄) အခန်းတံခါးပွင့်လာသည်။

ခေါင်းကြီးအတိုးအို နွမ်းနယ်သော မျက်နှာထားဖြင့် အခန်းတွင်းသို့ ဝင်ရောက်လာ၏။

'မင်းရဲ့ ကိစ္စပြီးမြောက်ခဲ့ရဲ့လား ခေါင်းကြီး'

ခေါင်းကြီးအတိုးအို ချက်ချင်း မဖြေနိုင်ဖေ။

ကုလားထိုင်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး အရက်နှစ်ခွက် ဆင့်သောက်လိုက်သည်။

ထို့နောက်...

ဘဲခန်းသားဟင်းကို ခပ်ယူစားသောက်လိုက်သည်၊

အတန်ကြာမှ....

ဝတုတ်တက် လှည့်ကြည့်ကာ ပြောလိုက်သည်။

'ငါသွားတော့ အသက်မီရုံပဲ ရှိတော့တယ်ဝတုတ် ငါသာ နောက်ဆယ်နာရီဝက်လောက် နောက်ကျယင်ဘယ်လိုမှ မကယ်နိုင်တော့ဘူး'

'အခုတော့ အောင်မြင်ခဲ့တယ်ပေါ့'

ခေါင်းကြီးအဘိုးအို ခေါင်းညိတ်လိုက်သည်။

'အေး-ခုတော့ ကိစ္စပြီးမြောက်ခဲ့ပြီပေါ့'

ခေါင်းကြီးသည် စကားပြောရာမှ တဘက်ခန်းသို့ ဝင့်ကြည့်ယင်း တီးတိုးမေးလိုက်၏။

'ဝိပုလ္လေငါးကောင် သွားကုန်ကြပြီလား'

ဝတုတ် ခေါင်းညိတ်ပြသည်။

'အေး-သွားကုန်ကြပြီ၊ မင်းလဲ စားစရာရှိတာစား၊ ပြီးယင် သွားကြမယ်'

'ဘယ်ကို သွားကြမှာလဲ'

'ငါ့ကို မမေးနဲ့ စားမှာသာစား၊ ပြီးယင် ငါခေါ်ရာနောက် အေးအေးဆေးဆေးလိုက်ခဲ့၊ ငါ့စကားကို ဆန့်ကျင်ယင် သခင်လေးဆီ သတင်းပို့ရမှာပဲ'

ခေါင်းကြီးအဘိုးအို မည်သည့်စကားမျှ အထွန့်မတက်ဝံ့တော့ချေ။

အရက်ကို ဆက်၍ သောက်နေတော့သည်။

*   *   *

၁၂

တုံ....တုံ...။

အုန်းမောင်းခေါက်သံ နှစ်ချက်ကြားလိုက်ရသည်။

ည နှစ်နာရီထိုးပြီ ဖြစ်သည်။

ငှက်ဝါမြို့ကလေးသည် အိပ်မောကျ ငြိမ်ဝပ်လျက် ရှိသည်။

စားသောက်ဆိုင် တံခါးကိုလည်း ပိတ်လိုက်ကြပြီး ဖြစ်သည်။

သို့သော်...။

ဝတုတ်အဘိုးအို ဦးဆောင်သော အဘိုးအို သုံးဦးသည် အနားမယူနိုင်ကြသေးပေ။

ဈေးလမ်းရှိ ကုန်စုံဆိုင်လေးတဆိုင်သို့ဦးတည်လျှောက်လှမ်းလာကြသည်။ ကုန်စုံဆိုင်တံခါးသည် အတွင်းမှ ပိတ်ထားချေပြီ။

မီးရောင်လည်း မတွေ့ရတော့။

ဆိုင်ရှင်သည်လည်း အနားယူအိပ်စက်သွားပုံရသည်။

အတွင်းမှ မည်သည့်အသံမျှ မကြားရတော့ချေ။

အဘိုးအို သုံးယောက်သည် ဆိုင်ရှေ့တွင် မတ်တတ်ရပ်လိုက်ကြသည်။

ဝတုတ်အဘိုးအိုသည် ဆိုင်တံခါးကို သုံးချက်စီ ဆက်တိုက်သုံးခါ ခေါက်လိုက်သည်။

အတွင်းမှ မီးရောင် လင်းလာသည်။

ခြေသံတဖျပ်ဖျပ်သည် တံခါးဆီသို့ ဦးတည်လျှောက်လာပြီး တံခါးဖွင့်သံ ကြားလိုက်ရ၏။

ဆိုင်တံခါး တချပ်ပွင့်သွားသည်။

အသက် သုံးဆယ်ကျော်အရွယ် လူလတ်ပိုင်း၏ မျက်နှာတခုကို တွေ့လိုက်ရသည်။

ဆိုင်အပြင်မှ ဝတုတ်အဘိုးအိုကို တွေ့သည်နှင့် ရိုကျိုးသောအမူအရာဖြင့် ရိုကျိုးစွာ မေးသည်။

'ဘာ အကူအညီပေးရမလဲ ခင်ဗျား'

'စာရေးစက္ကူ စာအိတ်တအိတ်၊ မင်တောင့် တတောင့်၊ စုတ်တံတချောင်း ပေးစမ်းပါ'



'ဟုတ်ကဲ့ခင်ဗျား၊ အခုချက်ချင်း ယူပေးပါမယ်'

ပြောဆိုပြီးသည်နှင့် ဆိုင်အတွင်းဘက်သို့ ဝင်ရောက်သွား၏။

ဆိုင်ရှင်ထွက်သွားရာသို့ကြည့်ယင်း ခေါင်းကြီးအဘိုးအိုက မေးသည်။

'သူက ဘယ်သူလဲ'

'သခင်လေးရဲ့ အဆက်သွယ် လူတွေပေါ့'

ခေါင်းကြီးအဘိုးအို တစုံတရာဆက်မေးရန် ဟန်ပြင်လိုက်သည်။

သို့သော်....

မှာကြားထားသော ပစ္စည်းများယူလာသည့် ဆိုင်ရှင်ရောက်လာသဖြင့် ဆက်၍ မမေးဖြစ်တော့ပေ။

ဝတုတ်အဘိုးအိုသည် ဆိုင်ရှင်ထံမှ စာရေးစက္ကူအိတ်၊ မင်တောင့်နှင့် စုတ်တံကိုယူကာ....

'ကျေးဇူးတင်တယ်' ဟု ဆိုင်ရှင်ကိုပြောပြီး ထွက်ခွာလာခဲ့ကြသည်။

* * *

ဝတုတ်အဘိုးအိုသည် စာတစောင်ကို ရေးသားလျက်ရှိသည်။

ခေါင်းကြီးနှင့် ပိန်သေးအဘိုးအိုသည် ဝတုတ်အဘိုး၏ လုပ်ရပ်ကို နားမလည်စွာ ငေးကြည့်နေကြသည်။

ဝတုတ်အဘိုးအိုသည် ရေးပြီးသော စာကို စာအိတ်တွင် ထည့်၍ ပိတ်လိုက်သည်။

'ဒီစာက ဘာလုပ်ဖို့ရေးတာလဲ ဝတုတ်'

ခေါင်းကြီးက စေ့ခွဲမရ မေးလိုက်သည်။

ဝတုတ်အဘိုးအို ဟာချက်ရယ်လိုက်သည်။

ထို့နောက်....

စာအိတ်ကို ပိန်သေးအဘိုးအိုဘက် လှမ်းပေးယင်း ပြောလိုက်သည်။

'ဒီတခါ မင်းအလှည့်ပဲ ပိန်သေး၊ စာအိတ်က လိပ်စာအတိုင်း ဒီစာကိုမင်းသွားပို့၊ ပြီးယင် ငါတို့မူလနေရာမှာ ပြန်ဆုံကြမယ်'

ပိန်သေးသည် မည်သည့်စကားမျှ ပြန်မပြောပဲ ဝတုတ်ထံမှ စာကိုယူလိုက်သည်။

ခေါင်းကြီးအဘိုးအိုသည် ပိန်သေးနှင့် ဝတုတ်အဘိုးအိုကို ကြည့်ရာ အစဉ်းစားရ ကျပ်နေဟန်တူသည်။

ပိန်သေးသည် စာကိုယူပြီးသည်နှင့် လမ်းမကြီးဆီသို့ ခြေလှမ်းကျဲဖြင့် ထွက်ခွာသွားတော့သည်။

ပိန်သေးထွက်ခွာသွားရာသို့ကြည့်ယင်း စိတ်ထဲတွင် မတင်မကျဖြစ်နေသော ကိစ္စကို ဝတုတ်အား မေးလိုက်သည်။

'ဝတုတ်၊ မင်းတို့ဘာတွေ ကြံစည်နေကြတာလဲ'

ဝတုတ် ပြုံးရွှင်သောမျက်နှာထားဖြင့် ပြန်ပြောလိုက်သည်။



'ငါတို့ နဂိုနေရာရောက်မှ ဒီအကြောင်းတွေ မင်းကိုရှင်းပြမယ်၊ လာ-သွားကြစို့'

ဝတုတ်သည် မြို့အပြင်ဘက်သို့ ထွက်ခွာလာခဲ့သည်။

ခေါင်းကြီးသည် ဝတုတ်၏နောက်မှ ကျေနပ်မှုမရှိသောမျက်နှာထားဖြင့် လေးတွဲ့စွာ လိုက်ပါလာခဲ့သည်။

* * *

## ၁၃

ကြိုင်ဟုတ်တည်းခိုခန်းထဲတွင် ဘဏ္ဍာတော်များ သယ်
ဆောင်လာသောလှည်းများ ရပ်တန့်ထား၏။

တည်းခိုခန်း၏ အရှေ့တည့်တည့်တွင် အခန်းသုံးခန်း
ရှိ၏။

အလယ်ခန်းတွင် နှင်းဆီနှင့်စံပယ် ညီအစ်မနှစ်ဦး နေထိုင်
ကြသည်။

ညာဘက်အခန်းတွင်မူ ဘဏ္ဍာတော်ပို့ဆောင်ရေး ဒုတိယ
ခေါင်းဆောင်ဖြစ်သူ နတ်ကျာပွတ်သံလက်ဝါး ရှောင်ထင်နှ
ဟန်လီချီ နေထိုင်ကြ၏။



ဘယ်ဘက်အခန်းတွင်မူ ယင်ဆင်နှင့် မုကျုံး အမည်ရှိ
ပို့ဆောင်ရေးသိုင်းသမားများ နေထိုင်ကြသည်။

ညဥ့်ဘဖြည်းဖြည်းနက်လာသည်နှင့်အမျှ လူခြေပိုတိတ်ဆိတ်
လာသည်။

ထိုအချိန်မျိုးသည် ရန်သူများဝင်ရောက်တိုက်ခိုက်တတ်သည့်
အချိန်ဖြစ်ရာ ရှောင်ထင်သည်....

ပတ်ဝန်းကျင်အခြေအနေကို ပို၍ ဂရုစိုက်နေရသည်။

ညစောင့်ကင်းများကို နှင်းဆီနှင့်အတူ လိုက်လံစစ်ဆေး
လျက်ရှိသည်။

ထိုစဉ်....

တာဝန်ကျ ကင်းမှူးဖြစ်သော ဝမ်ပသည် ခြေလှမ်းကျဲကျဲဖြင့်
ရေးကြီးသုတ်ပျာ လျှောက်လှမ်းလာသည်ကို တွေ့လိုက်ရ၏။

ရှောင်ထင်နှင့် နှင်းဆီ စိုးရိမ်တုန်လှုပ်သွား၏။

'အခြေအနေ ဘာထူးခြားလဲ ဝမ်ပ'

နှင်းဆီက စိုးရိမ်စွာမေးလိုက်သည်။

ဝမ်ပက လက်ထဲမှစာတစောင်ကို ရှောင်ထင်ထံသို့ ကမ်း
ပေးယင်း ပြောလိုက်သည်။

'ဒုတိယ တာဝန်မှူးခင်ဗျား၊ လူတယောက်က စာတစောင်
လာပေးသွားပါတယ်'

ရှောင်ထင်သည် ဝမ်ပထံမှစာကို သွက်လက်စွာ လှမ်းယူ
လိုက်သည်။

စာအိတ်ကိုချက်ချင်းဖွင့်၍ အတွင်းမှစာကို ရေးကြီးသုတ်ပျာ
ဖွင့်ဖတ်လိုက်သည်။

စာရွက်ပေါ်ရှိ စာသားများကား တိုဘိုရှင်းရှင်းရေးထားသည့် သတိပေးစာဖြစ်သည်။

'တောင်ကမူတွေ့ကို သတိထား'

စာကိုဖတ်ပြီးသည်နှင့် ရှောင်ထင် မျက်မှောင်ကြုတ်သွားသည်။

စာပေးပို့သူသည် မည်သူမည်ဝါမှန်း မသိရချေ။ စိတ်ထဲတွင်လည်း စာပေးသွားသူကို ခန့်မှန်း၍မရ။ ဝမ်ပကို မော့ကြည့်လိုက်ပြီး မေးသည်။

'ဒီစာကို ဘယ်သူလာပေးသွားတာလဲ'

'အသက်ငါးဆယ်ကျော် အဘိုးအိုတယောက်ပဲ'

'ဒီအဘိုးအိုရုပ်ဆင်းသဏ္ဌာန်ကို မင်းသတိထားမိသလား'

ဝမ်ပသည် ခဏမျှ စဉ်းစားဟန်ပြုလိုက်သည်။ အတန်ကြာမှ....။

'အဘိုးအိုဟာ ပိန်ပိန်ပါးပါး အရပ်ရှည်ရှည်ဖြစ်ပြီး ဝတ်ရုံစိမ်းကို ခြုံထားတယ်'

'အခု အပြင်မှာသူရှိသေးသလား'

'မရှိတော့ဘူး'

'သူ နောက်ထပ် ဘာတွေပြောသွားသေးသလဲ'

'ဘာမှတော့ မပြောဘူး၊ ဒီစာကို ဒုတိယတာဝန်မှူးထံပို့ပေးပါဆိုပြီး လှည့်ထွက်သွားတာပဲ'

ရှောင်ထင်သည် နှုတ်ခမ်းတင်းတင်းစေ့လိုက်ပြီး သက်ပြင်းတချက်ချလိုက်သည်။

ထို့နောက် နှင်းဆီသည် လက်ထဲမှစာတိုကလေးကို သေချာစွာကြည့်၍ ရှောင်ထင်ကိုကြည့်လိုက်သည်။



'ရှောင်ဦးလေး ဒီစာကိုရေးပြီး သတိပေးတဲ့သူက ဘယ်သူလဲ'

ရှောင်ထင်က ခေါင်းယမ်းလိုက်သည်။

'သိုင်းလောကထဲမှာရှိတဲ့ မိတ်ဆွေတဦးဦးဆီက ဖြစ်မှာပေါ့'

နှင်းဆီသည် မျက်ခုံးတချပ်ချပ်ခတ်လျက် စဉ်းစားဟန်ပြုပြီး....။

'ရှောင်ဦးလေး ဒီစာအရဆိုယင် ကျွန်မတို့ရဲ့ဘဏ္ဍာတော်ကို တိုက်ခိုက်လုယူဖို့ ကြံစည်နေတဲ့သူတွေ ရှိနေပြီထင်တယ်'

စိုးရိမ်မကင်းသောလေသံဖြင့် ပြောလိုက်သည်။

ရှောင်ထင်လည်း အသက်ပြင်းပြင်းတချက်ရှူလိုက်သည်။

'ဟုတ်တယ်၊ သမီးပြောတာမှန်တယ်၊ ဘဘတို့ရဲ့ အခုတခေါက်ဘဏ္ဍာတော်တွေကို လုယူတိုက်ခိုက်မယ့်သူတွေတော့ ရှိနေကြပြီ၊ ဘဘဘို့အတွက် အခြေအနေ သိပ်မကောင်းတော့ဘူး သမီး၊ အခြားသူတွေ ပိုပြီးကြောက်လန့်သွားမှာလဲ စိုးရိမ်မိတယ်'

ရှောင်ထင်သည် စကားပြောရာမှ ဝမ်ပဘက်သို့လှည့်ကြည့်ပြီး ပြောလိုက်၏။

'ဒီနယ်မြေကိုကျွမ်းကျင်တဲ့ စားပွဲထိုးတယောက်ကို သွားခေါ်စမ်း'

ဝမ်ပ ခေါင်းညိတ်ကာ နေရာမှ ထွက်ခွာသွားသည်။

* * *

ကွမ်းတယာညက်ခန့်အကြာ....။

ဝမ်ပသည် စားပွဲထိုးတဦးကိုခေါ်၍ ရှောင်ထင်ထံ ရောက်လာ၏။

စားပွဲထိုးသည် ရှောင်ထင်ကိုခေါင်းငုံ့၍ အရိုအသေပြုယင်း မေးသည်။

'ဘာများမှာချင်ပါသေးသလဲ ဆရာကြီးခင်ဗျား'

'မှာစရာမရှိဘူး၊ မေးစရာပဲရှိတယ်'

'ဘာများမေးချင်လို့ပါလဲခင်ဗျား'

'ဒီဒေသမှာ တောင်ကမူကွေ့ဆိုတာ သိရဲ့လား'

စားပွဲထိုးက ခေါင်းညိတ်လိုက်ပြီး....။

'သိပါတယ်ဆရာကြီး'

'ကောင်းပြီ ဒီကနေဘယ်လောက်ဝေးသေးသလဲ'

စားပွဲထိုးသည် တခဏမျှစဉ်းစားဟန်ပြုပြီး....။

'ဒီကနေဆိုယင် မိုင်ခြောက်ဆယ်လောက် ဝေးပါတယ် ဆရာကြီး'

'တောင်ကမူကွေ့ရဲ့ မြေအနေအထားက ဘယ်လိုလဲ'

'ဘာကိုဆိုလိုတာလဲ'

'အခြေအနေအေးချမ်းမှုရှိရဲ့လား'

'ဒီဒေသက မြေအနေအထား သိပ်တော့မကောင်းဘူး ဆရာကြီး၊ ဒါပေမယ့် သိပ်စိတ်မပူပါနဲ့ ဒီဒေသမှာ ကျွန်တော်တို့ရဲ့ဆရာကြီး ချန်လုံအတိုးအိုရှိနေသရွေ့ ဘာကိစ္စမှ မပေါ်ပေါက်နိုင်ပါဘူး'

'ဒီဒေသ အနေအထားက ဘာလို့မကောင်းရတာလဲ'



'တောင်ကမူကွေ့ရဲ့ ဘေးတဘက်တချက်မှာ ပုန်းခိုအောင်းနိုင်စရာ ကျောက်ဆောင်တွေအပြင်၊ အလွန်နက်ရှိုင်းထူထပ်တဲ့ သစ်တောကြီး တွေရှိနေတယ်၊ လမ်းအနေအထားကလဲ တောင်ကွေ့ဖြစ်တဲ့အတွက်ကြောင့် ရှေ့လူနောက်လူတွေရဲ့ လှုပ်ရှားမှုကို မတွေ့နိုင်ဘူး'

စားပွဲထိုး၏ စကားကို ရှောင်ထင်သည် မျက်မှောင်ကုတ်လျက် တခဏ စဉ်းစားလိုက်သည်။

ထို့နောက်....။

အိတ်ထဲမှ ငွေအနည်းငယ်ကို နှိုက်၍ စားပွဲထိုးကို ပေး၍ ပြောသည်။

'အေးကွယ်....မင်း အခုလိုပြောပြတာ ကျေးဇူးတင်ပါတယ်၊ မင်းအလုပ်ရှိယင် သွားနိုင်ပြီ'

စားပွဲထိုးသည် ရှောင်ထင်ကို ခေါင်းငုံ့၍ အရိုသေပြုကာ ထွက်ခွာသွား၏။

စားပွဲထိုး ထွက်ခွာသွားမှ ရှောင်ထင်သည် အနီးတွင်ရှိသော နှင်းဆီကို ပြောလိုက်သည်။

'ငါ့သမီးလဲ ပင်ပန်းနေပြီ အနားယူချင် ယူတော့'

နှင်းဆီက ခေါင်းခါ၍ ပြုံးလိုက်ပြီး ပြောသည်။

'သမီး မအိပ်ချင်သေးပါဘူး၊ ရှောင်ဦးလေးနဲ့ စကားပြောစရာရှိသေးတယ်'

'ကောင်းပြီလေ၊ သမီးစကားပြောစရာရှိတယ်ဆိုယင် ဘာဘအခန်းကို လိုက်ခဲ့ပေတော့'

*　　*　　*

နှင်းဆီနှင့် ရှောင်ထင် အတိုးအိုသည် တိဘ်ဆိတ်စွာဖြင့် အခန်းဆီကို လျှောက်လာကြသည်။

နှစ်ဦးစလုံးသည် အတွေးကိုယ်စီ ဘွေးတောနေပုံရသည်။ အခန်းတံခါးဝနား ရောက်သည်ထိ တယောက်နှင့်တယောက် မည်သည့်စကားမှ မဆိုဖြစ်ကြ၊ အခန်းတံခါးရှေ့တွင် ရပ်လိုက်ကြပြီး အခန်း တံခါးကိုဖွင့်လိုက်သည်။

အခန်းထဲတွင် ဟန်လိချီအနားယူနေသည်ကို တွေ့လိုက်ရသည်။

ဟန်လိချီသည် ခြေသံကြောင့် မျက်လုံးဖွင့်ကြည့်ကာ ခုတင်ပေါ်မှဆင်းလိုက်သည်။

ရှောင်ထင်သည် ဟန်လိချီကို မျက်မှောင်ကုပ်၍ ကြည့်ကာ မေးသည်။

'ဟန်ညီလေး၊ မင်းဘာဖြစ်လို့ အခုထိမအိပ်သေးတာလဲ'

'ကျွန်တော် ရှောင်အစ်ကိုကြီးကို စောင့်နေတာပါ'

'အကြောင်းကိစ္စရှိလို့လား'

ဟန်လိချီ ခေါင်းညိတ်ပြသည်။

'ဟုဘ်ကဲ့၊ တိုင်ပင်စရာကိစ္စနည်းနည်းရှိနေလို့ပါ'

ရှောင်ထင်နှင့် နှင်းဆီသည် ကုလားထိုင်အသီးသီးတွင် နေရာယူဝင်ထိုင်လိုက်ကြသည်။

'ဟန်ညီလေးက ဘာများ ဆွေးနွေးစရာရှိလို့လဲ'

ဟန်လိချီသည် ချက်ချင်းမဖြေနိုင်သေးပဲ တခဏမျှစဉ်းစားပြီး...။



'ကျွန်တော် စျေးလမ်းကြီးကိုရောက်ခဲ့တယ်၊ အဲဒီအချိန်မှာ သိုင်းလောကက ပုဂ္ဂိုလ်အချို့ကို ကျွန်တော် တွေ့ခဲ့ရပြန်တယ်'

ရှောင်ထင် မျက်ခုံးနှစ်ဘက်ပင့်တက်သွားသည်။

'ဘယ်သူတွေကိုတွေ့ခဲ့တာလဲ'

'ခုနစ်စင်ကြယ်သိုင်း၊ ညီနောင်ရဲ့ လက်အောက်ခံသိုင်းသမားတွေပေါ့'

ရှောင်ထင်၏စိတ်ထဲတွင် ထင့်ကနဲ စိုးရိမ်မကင်းဖြစ်သွားမျက်မှောင်ကြုတ်သွားပြီး....။

'မင်းတွေ့တာ သေချာရဲ့လား'

'သေချာပါတယ်၊ ရှောင်အစ်ကိုကြီး၊ ဒီအပြင် တခြားနှစ်ယောက်လဲ ထပ်တွေ့လိုက်ရသေးတယ်'

'ဘယ်သူတွေလဲ'

'ဝံပုလွေညီနောင်ငါးဦးထဲက မိုးဝံပုလွေဝမ်းယုနဲ့ ဝံပုလွေစိမ်း ဝမ်းမုတို့ပဲ'

ရှောင်ထင်သည် ဟန်လိချီပြောသမျှကို ခေါင်းတညိတ်ညိတ်နားထောင်နေယင်း ပြောလိုက်သည်။

'ဒါဆိုယင် ဒီဝံပုလွေငါးကောင်နဲ့ ခုနစ်စင်ကြယ်သိုင်းအုပ်စုက ငါတို့ပို့ဆောင်မယ့် ဘဏ္ဍာတော်တွေကို လုယက်တိုက်ခိုက်ဖို့ ကြံစည်နေကြတာကို သိုင်းလောကထဲက မိတ်ဆွေတယောက်ကသိသွားပြီး စာစောကတင် သတိပေးစာတစောင် ပို့ခဲ့တယ်'

ဟန်လိချီ အံ့ဩလွန်းသဖြင့် မျက်ခုံးများ ပင့်တက်သွားသည်။

'စာပေါ်မှာ တာတွေရေးထားသလဲ ရှောင်အစ်ကိုကြီး'

ရှောင်ထင်သည် ဟန်လီချီအမေးကို ပါးစပ်မှပြန်မဖြေပဲ အိတ်ထဲမှစာကို ထုတ်ပေးလိုက်သည်။

ဟန်လီချီသည် ရှောင်ထင်ထံမှစာကို လှမ်းယူလိုက်ပြီး သေချာစွာ ဖတ်ရှုလိုက်၏။

စာကိုဖတ်ပြီးသည်နှင့် ရှောင်ထင်ကိုမေးသည်။

'တောင်ကမူကွေ့ဆိုတာကိုကော သိရဲ့လား အစ်ကိုကြီး'

'စားပွဲထိုးလေးတယောက်ကို ခေါ်မေးလို့ သိပြီးပြီ'

'ဘယ်နေရာလဲ'

'ဒီကနေ မိုင်ခြောက်ဆယ်လောက်ကွာဝေးတယ်လို့ သိရတယ်၊ ပြီးတော့ မြေအနေအထားကလဲ မကောင်းလှဘူး'

'ဒါပေမယ့် ကျွန်တော်တို့က ဒီလမ်းကပဲ ဖြတ်သွားရမယ် မဟုတ်လား'

အေး....ဟုတ်တယ်၊ ဖြတ်သွားစရာ ဒီလမ်းပဲရှိတာပဲ'

ဟန်လီချီသည် ခေါင်းတညိတ်ညိတ်နှင့် တခဏမျှစဉ်းစားပြီး ရှောင်ထင်ကို မေးလိုက်သည်။

'ကျွန်တော်သိချင်တာ တခုရှိသေးတယ်၊ ရှောင်အစ်ကိုကြီး'

'ဘာသိချင်တာလဲ'

'နောက်ဆုံးလှည်းထဲမှာ ဘယ်သူပါသလဲ'

* * *



ဟန်လီချီ၏အမေးကြောင့် ရှောင်ထင် တွေဝေငေးငိုင်သွားသည်။

အတန်ကြာမှ သက်ပြင်းတချက်ချလိုက်ပြီး လေးတွဲစွာ ပြန်ဖြေသည်။

'နောက်ဆုံးလှည်းထဲမှာ ဘယ်သူပါသလဲဆိုတာ ငါလဲ သေသေချာချာမသိရသေးဘူး၊ လူမမာတဦးလို့ပဲ ပြောတာပဲ'

'ရှောင်အစ်ကိုကြီး အနေနဲ့ ဒီပစ္စည်းတွေကို ပို့ခိုင်းတဲ့ နယ်စားကြီးရော မမေးကြည့်ဘူးလား'

'မေးကြည့်ပါတယ်'

'မေးကြည့်တော့ နယ်စားကြီးက ဘာပြန်ဖြေသလဲ'

'အခေါ်က မင်းကိုဖြေသလိုပဲ လူမမာတယောက်လို့ပဲ သာမန်ပြောလိုက်တာပဲ'

'ဘယ်သူဆိုတာကော မပြောလိုက်ဘူးလား'

ရှောင်ထင် ခေါင်းယမ်းလိုက်သည်။

'မပြောဘူးကွ'

'ကျွန်တော်တို့က ဒီလူမမာကိုပါ လမ်းခရီးတလျှောက်မှာ အန္တရာယ်မကျရောက်အောင် ကာကွယ်ပေးရမှာလား'

ရှောင်ထင်သည် သက်ပြင်းတချက်ကို စိတ်ပျက်လက်ပျက် ချလိုက်သည်။

'ငါတို့အနေနဲ့ ပစ္စည်းတွေကိုပဲ တာဝန်ယူစောင့်ရှောက်ဖို့ ရှိတယ်၊ ဒါပေမယ့် တို့ကွာ မိုးပျံရွှေကျားဆိုတဲ့နာမည်ကို ထိန်းသိမ်းတဲ့အနေနဲ့ ဒီလူမမာရဲ့တာဝန်ကို ယူရလိမ့်မယ်၊ သူ့ရဲ့လုံခြုံမှုဟာလဲ တို့အပေါ်မှာရှိနေတယ်'

ဟန်လီချီသည် ရှောင်ထင်၏စကားကို မည်သို့မျှ အငြင်းအတက်မတက်တော့ပဲ ဆိတ်ဆိတ်နေလိုက်သည်။

ရှောင်ထင်၏စကားသည် မှန်ကန်ပေသည်။

စင်စစ်....။

နောက်ဆုံးလှည်းပေါ်တွင် ရှိနေသော လူမမာအတွက် လုံခြုံရေးတာဝန်ယူစရာမလိုပေ။

သို့သော်...။

မိုးပျံရွှေကျားအာမခံပို့ဆောင်ရေးအဖွဲ့၏ နာမည်ကောင်းကို ဆက်လက်ထိန်းသိမ်းရန်အတွက် တာဝန်ယူရပေမည် မဟုတ်ပါလား။

တချိန်လုံး ငြိမ်သက်စွာနားထောင်နေခဲ့သော နှင်းဆီက ရှောင်ထင်ကို လှည့်မေးလိုက်သည်။

'ရှောင်ဦးလေး အဲဒီလူမမာဆိုတာ အသက်ငယ်ငယ်လေးလား ကြီးကြီးလား'

'ဘာလဲ သေသေချာချာမတွေ့ရသေးဘူး သမီးရယ်'

နှင်းဆီ မျက်မှောင်ကြုတ်သွားသည်။

'ဒါဆိုယင် ကျွန်မ အဲဒီလူမမာနဲ့တွေ့ပြီး စကားနည်းနည်းပြောချင်တယ်၊ ဖြစ်နိုင်ပါ့မလား ရှောင်ဦးလေး'

'သမီးရဲ့သဘောက ဘယ်လိုလဲ'

'သမီးတွေးမိတာတခုရှိတယ်'

'ဆက်ပြောပါသမီး'

'မနက်ဖြန်မှာ တောင်ကမူကြွေ့မှာ ဖြစ်ပျက်လာမယ့် အရေးအခင်းကိစ္စတွေ သူ့ကိုအသိပေးပြီး သူ့ဆီက အကြံဉာဏ်လေးဘာလေး ယူရအောင်လို့ပါ'





'သမီးပြောတာကို ဘာဘာသဘောပေါက်ပါတယ်၊ တော်ကြာနေယင် ဘာဘာကိုယ်တိုင်ပြောကြည့်ပါမယ်'

နှင်းဆီသည် တစုံတရာကို တွေးမိဟန်တူသည်။

ဟန်လီချီဘက်လှည့်ကာ ပြောလိုက်၏။

'ဒါဆိုယင် ဟန်အစ်ကိုကြီးက အဲဒီလူမမာကိုသွားခေါ်ပြီး သမီးတို့ရှေ့မှာပြောပါ'

ရှောင်ထင် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

'ဒီလိုတော့ မဖြစ်ဘူးထင်တယ်သမီး'

နှင်းဆီသည် မကျေနပ်သောမျက်နှာထားဖြင့် ပြန်မေးလိုက်သည်။

'ဘာဖြစ်လို့ မဖြစ်ရမှာလဲဘာဘာရဲ့'

ရှောင်ထင် သက်ပြင်းတချက်ချလိုက်သည်။

'ဒီလူဟာ အခန်းတွင်းမှာ တောက်လျှောက် အောင်းနေတော့ လေစိမ်းတိုက်တာ မခံနိုင်တဲ့ ပုံလို့ တွက်ဆ လို့ရတယ်၊ လမ်းတလျှောက်မှာလဲ လေလုံတဲ့ လှည်းထဲကနေ မထွက်ပဲနေခဲ့တာလဲ ကြည့်ပေါ့'

နှင်းဆီသည် ရှောင်ထင်၏ စကားရပ်များအပေါ်တွင်လည်း စိတ်တိုင်းကျပုံမရချေ။

သို့သော်လည်း မည်သည့်စကားမျှမပြောတော့ပဲ တိတ်ဆိတ်စွာ နေလိုက်သည်။

'သမီး ဘာဘာကို နောက်ထပ် ဘာများ ဆက်တိုင်ပင်စရာရှိသေးလဲ'

ရှောင်ထင်၏အမေးကို နှင်းဆီက ဖြည်းညင်းစွာ ခေါင်းယမ်းပြလိုက်သည်။

'သမီး ပြောစရာ ဘာမှမရှိပါဘူး'

'ကဲ-ဒါဆိုယင် ဘဘနဲ့ ဟန်ညီလေး လူမမာဆီ သွားကြည့်ဦးမယ်'

နှင်းဆီသည် မည်သို့စိတ်ကူးရသည်မသိ။ မတ်တတ်ထရပ်လိုက်သည်။

'ဘဘတို့နဲ့ သမီးလိုက်ခဲ့မယ်၊ ဒါပေမယ့် သမီး အခန်းအပြင်ကပဲ ဘဘတို့ပြောသမျှ နားထောင်နေမယ်'

ရှောင်ထင်သည် နှင်းဆီ၏စကားကို လက်ခံသည့်နှယ် ခေါင်းညိတ်ပြလိုက်ပြီး အခန်းတွင်းမှ စောင်ထွက်လာခဲ့တော့သည်။

* * *

ဘဏ္ဍာတော်များနှင့် အတူလိုက်လာသော လျှို့ဝှက်လွန်းသည့်လှူသည် ကြိုင်ဟုတ်တည်းခိုခန်းရောက်သည့်တိုင် ကန့်လန့်ကာများ လေးဘက်လေးတန်ကာရံထားသည့် လှည်းအတွင်းမှ ထွက်ခွာခြင်းမရှိသေးချေ။

စားသောက်စရာ အစားအသောက်များကိုပင်လျှင် လှည်းအတွင်းသို့ ကန့်သန့်ကာဟ၍ ပို့ဆောင်ပေးရသည်။

အပြင်ထွက်ခြင်း လုံးဝမရှိချေ။



ထို့ကြောင့်လည်း....။

လှည်းအတွင်းမှ လျှို့ဝှက်လူသည် ဖူသလား၊ မဲသလား မည်သူမျှ ကွဲကွဲပြားပြား မသိရသေးချေ။

ရှောင်ထင်တို့သည် လှည်းအနီးသို့ ရောက်ရှိလာကြသည်။

လှည်းအတွင်းမှ လှုပ်ရှားသံများ မကြားရချေ။

နှင်းဆီက ရှောင်ထင်ကို လေသံဖြင့် ပြောလိုက်သည်။

'အိပ်နေသလားမသိဘူးနော်ဘဘ'

နှင်းဆီ၏စကားကြောင့် ရှောင်ထင်သည် ချောင်းတချက်ဟန့်၍ အသံပြုလိုက်သည်၊

ရှောင်ထင်၏ချောင်းဟန့်သံကို လှည်းအတွင်းမှလူကြားသွားပုံရသည်။

လှည်းအတွင်းမှ လူးလွန့်သံကို ကြားလိုက်ရသည်။

ရှောင်ထင်အဘိုးအိုသည် ကန့်လန့်ကာနားကပ်ကာ မေးလိုက်သည်။

'အိပ်နေပလားသူငယ်....'

ရှောင်ထင်၏ အမေးစကားအဆုံးတွင် လှည်းအတွင်းမှ အားအင်မရှိသော လေသံသဲ့သဲ့ဖြင့် ပြန်မေးလာသည်။

'အခုလာတာ ဘယ်သူတွေလဲ'

'ဘဏ္ဍာတော်ပို့ဆောင်ရေး ဒုတိယတာဝန်မှူး ရှောင်ထင်ပါ'

'နောက်ထပ် ဘယ်သူတွေပါသေးသလဲ'

'ကျုပ်ရဲ့တူမ နှင်းဆီနဲ့ ကျုပ်ရဲ့လက်အောက်က တတိယတာဝန်မှူး ဟန်လီချိတို့ပါ'

'ကိစ္စများရှိလို့လား ခင်ဗျာ'

ဘာဘာရဲ့တူမ နှင်းဆီက ကိစ္စနည်းနည်းပြောဆိုဆွေးနွေးချင်လို့ပါတဲ့'

'အော်...ဟုတ်လား၊ ကျေးဇူးတင်ပါတယ် ဒါပေမယ့် ကျွန်တော်ဖျားနာနေတဲ့အတွက် အပြင်ထွက်ပြီး စကားမပြော နိုင်တာကို ခွင့်လွှတ်ကြပါ'

နှင်းဆီက သွက်လက်စွာပြန်ဖြေသည်။

'ရပါတယ်ရှင်- ကျွန်မတို့ကို အားနာစရာမလိုပါဘူး'

'အစ်မကြီးက ဘာများပြောဆိုဆွေးနွေးချင်လို့ပါလဲ'

'အပြင်ကနေ ခုလိုကန့်လန့်ကာခြားပြီးပြောရတာမကောင်း ပါဘူး၊ အဲဒါကြောင့် ကျွန်မတို့ကို လှည်းထဲဝင်ခွင့်ပြုပြီး အေးအေးဆေးဆေး စကားပြောခွင့်ပြုပါလားရှင်'

လှည်းအတွင်းမှ လူမမာဖြစ်သည်ဆိုသော လျို့ဝှက်လူသည် တတွတ်တွတ်နှင့် တောင်းပန်စကားဆိုသည်။

'ဒါတော့မဖြစ်နိုင်ဘူးဗျာ သည်းခံပါအစ်မကြီး'

နှင်းဆီသည် ခေတ္တမျှစဉ်းစားပြီးနောက်...။

'ဒါဆိုယင် ကျွန်မစကားကို သည်းခံပြီး နားထောင်ပါလို့ တောင်းပန်ပါတယ်၊ အခု ကျွန်မတို့ တာဝန်ယူသယ်ဆောင် လာတဲ့ ဘဏ္ဍာတော်တွေနဲ့ ရှင်ဟာ ဘယ်လိုပတ်သက်နေပါ သလဲ'

'ဘဏ္ဍာတော်တွေပေးပို့တဲ့ နယ်စားကြီးနဲ့ ဆွေမျိုးတော်စပ် ပါတယ်'

'ဖျားနာနေပါလျက်နဲ့ နေပြည်တော်ကို ဘာကြောင့်လိုက် လာရတာလဲ'



'ကျုပ်ရောဂါကိုကုသဖို့အတွက်နဲ့ တခြားအကြောင်း ကိစ္စကလေးလဲ ရှိနေတာကြောင့် အခုလို အပင်ပန်းခံလိုက်လာရ တာပါ'

'ကျွန်မအနေနဲ့ ရှင့်ကို တရက်နှစ်ရက်လောက် ဒီမှာအနား ယူနေခဲ့စေချင်တယ်၊ ကိစ္စဝစ္စတွေအားလုံးပြီးမှ ရှင့်ကို ကျွန်မတို့ လာပြန်ခေါ်မယ်၊ ဘယ်လိုသဘောရသလဲ'

လှည်းအတွင်းမှ လျို့ဝှက်လူသည် အတန်ကြာမျှ စဉ်းစား သွားပုံရသည်။

တခဏမျှ ငြိမ်သက်သွားသည်။

'ဘာအကြောင်း၊ကိစ္စများ ရှိနေလို့လဲဗျာ၊ အစ်မကြီးတို့ ကြုံတွေ့ရတဲ့ အခက်အခဲတွေကို အမှန်အတိုင်း ဖွင့်ပြောပါ လား'

နှင်းဆီ သက်ပြင်းတချက်ချလိုက်သည်။

'ဒီလိုဆိုလဲ ကျွန်မတို့ ရှင်းရှင်းပဲပြောမယ်၊ အခု ကျွန်မတို့ တာဝန်ယူသယ်ဆောင်လာတဲ့ ဘဏ္ဍာတော်တွေကို နက်ဖြန် ဒီကအထွက်မှာ သိုင်းသမားအုပ်စုတွေက လုယူတိုက်ခိုက်ကြ မယ့်သတင်းကို ကျွန်မတို့ ရထားတယ်၊ အဲဒါကြောင့် လမ်းခရီး မှာ ရှင့်အတွက် စိုးရိမ်စရာဖြစ်နေတယ်'

လှည်းအတွင်းမှ အသက်ပြင်းပြင်းရှူသံတချက်ကို ကြား လိုက်ရသည်။

'ဒီသတင်းက အတိအကျပဲလားဗျာ'

'အတိအကျရထားတဲ့သတင်းမို့ ခုလို တကူးတကလာပြော ရတာပေါ့'

ဘဏ္ဍာတော်ကို လုယူတိုက်ခိုက်မယ့်လူဆိုးတွေက သိုင်း သမားတွေလား'

'ဟုတ်တယ်– သိုင်းသမားတွေမှ တကယ့် ထိပ်သီးသိုင်း သမားတွေ'

ကန့်လန့်ကာအတွင်းမှ သက်ပြင်းချသံကို ထပ်မံကြားလိုက်ရ ပြန်သည်။

'အစ်မကြီးတို့အနေနဲ့ သိုင်းသမားလူဆိုးတွေနဲ့ တိုက်ခိုက်တဲ့ အခါ နာမကျန်းဖြစ်နေတဲ့ ကျုပ်အတွက် စိုးရိမ်နေလို့ လား'

'ရှင့်အတွက် လုံခြုံရေးကင်းတွေ မထားပေးယင် ဒုက္ခတွေ့ မှာမလွဲဘူး'

'ဒီအတွက် မပူပါနဲ့ဗျာ၊ ရန်သူတွေကိုသာ အောင်မြင် အောင်တိုက်ခိုက်ပါ၊ ဖျားနာနေတဲ့ ကျုပ်ကို ရန်သူတွေ ဂရု ပြုမှာမဟုတ်ပါဘူး'

'ရှင့်ရဲ့စကားက မှန်ပါတယ်၊ ဒါပေမယ့် ဘယ်အရာမဆို သတိထားသင့်တယ်၊ သတိဆိုတာ ပိုတယ်မရှိပါဘူး'

'အစ်မကြီး ရှေးကဆိုရိုးစကားကို ယုံရဲ့လား'

'ဘာကိုဆိုလိုတာလဲ'

'လူ့ဘဝမှာ လူရယ်လို့ဖြစ်ယင် ဆင်းရဲတာတွေ၊ ချမ်းသာ တာတွေ၊ သုခ ဒုက္ခနဲ့ အနိစ္စဆိုတဲ့ သေခြင်းတရားတွေဟာ မလွဲ မသွေ ကြုံတွေ့ရမှာပဲ၊ လူဆိုတာ သေမျိုးကြီးပဲ သေခြင်းတရ



ကို ထိတ်လန့်ကြောက်ရွံ့စရာ မလိုပါဘူး၊ မလွဲမသွေရင်ဆိုင် ရမယ့်ကိစ္စတွေကို ရဲရဲရင်ဆိုင်ဖို့လိုတယ်'

'ဒါဆိုယင် ရှင်ဟာ ဒီမှာမနေခဲ့ပဲ ကျွန်မတို့နဲ့ ခရီးဆက်မယ် ဆိုပါတော့'

'ကျုပ်အနေနဲ့ကတော့ နေပြည်တော်ရောက်တဲ့အထိ လိုက် ပြီး ကျုပ်ရောဂါကို ကုသရမှာပဲ'

'ရှင့်ရဲ့စိတ်သဘောထားကို ကျွန်မတို့ နားလည်ပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ရှင့်အနေနဲ့ သတိတော့ထားစေချင်တယ်၊ နက်ဖြန်ဆိုယင် ကျွန်မတို့ အန္တရာယ်တွေကို ရင်ဆိုင်ရတော့ မယ်၊ ကျွန်မတို့အနေနဲ့ ရှင့်ထက် ဘဏ္ဍာတော်တွေကို ဦးစား ပေးကာကွယ်ရမယ်၊ ကျွန်မတို့....'

နှင်းဆီ၏စကားမဆုံးမီ ရှောင်ထင်က ချောင်းတချက်ဟန့် လိုက်ပြီး စကားစကို ကြားဖြတ်လိုက်သည်။

'သမီးက မင်းရဲ့လုံခြုံမှုကို စိုးရိမ်နေတယ်၊ ဒါပေမယ့် လူမှု ရေးဝတ္တရားအရတော့ မင်းကို တတ်နိုင်သမျှ တာဝန်ယူသွား ပါ့မယ်'

'ဘယ်လိုလူမှုရေးဝတ္တရားအရ ကျုပ်ကို တာဝန်ယူရတာလဲ'

'တကယ်လို့ မင်းဘဝတစုံတခုဖြစ်သွားယင် တို့မှာ တာဝန် မကင်းဘူး၊ ဒါကြောင့်လည်း မင်းကို ဒီမှာနေခဲ့ဖို့ ငါတို့တားရ တာပေါ့၊ ဒီကြားထဲက မင်းက တဇွတ်ထိုးလိုက်မယ်ဆိုယင် လမ်းမှာ တစုံတခုဖြစ်လို့ကတော့ တို့ကိုအပြစ်ပုံမကျစေချင်ဘူး'

'သည့်အတွက် စိတ်ချပါ၊ ဒုတိယဘာဝန်မှူး ရှောင်ထင်အတိုးအို၊ ကျွန်တော် စောစောကပြောခဲ့သလိုပေါ့ ခင်ဗျားတို့ တတ်နိုင်သလောက် ကာကွယ်တဲ့ကြားထဲက ကာကွယ်ပါလျက်နဲ့ ကျုပ်တစုံတခုဖြစ်သွားယင် ကျုပ်ရဲ့ကံတရားသို့ ၂ ယူဆတယ်၊ ခင်ဗျားတို့နဲ့ ဘယ်သို့မှမပတ်သက်စေရပါဘူး စိတ်နေချပါ'

ကန့်လန့်ကာဘွင်းမှ လူမမာသည် စကားများများပြောရသဖြင့် မောပန်းသွားပုံရသည်။

အသက်တဝရှူသံကို ကြားလိုက်ရသည်။

ထို့နောက်....။

မောပန်းနွမ်းလျသံဖြင့် တိုးညင်းစွာ ပြောကြားလာသည်၊

'ကျုပ် ပင်ပန်းသွားပြီ၊ ကျုပ်ကို နားခွင့်ပေးကြပါဦး'

စကားအဆုံးတွင် နှင်းဆီသည် ရှောင်ထင်အတိုးအိုဘက် တချက်ဝင့်ကြည့်လိုက်သည်။

ရှောင်ထင်အတိုးအို ခေါင်းညိတ်ပြ၏။

'ကဲ....ကဲ.... ရှင်အနားယူနိုင်ပါပြီ၊ ကျွန်မတို့လဲ ပြန်ကြတော့မယ်'

ပြောဆိုပြီးသည်နှင့် ရှောင်ထင်အတိုးအို၊ နှင်းဆီ၊ ဟန်လိချိတ့်သည် လူမမာလှည်းအနီးမှ ထွက်ခွာလာခဲ့ကြသည်။

နောက်သို့ပင် လှည့်မကြည့်ကြတော့။

အကယ်၍သာ....။

ရှောင်ထင်တို့သည် လူမမာလှည်းကို နောက်ပြန်လှည့်ကြည့်မည်ဆိုပါက...။



လှည်းအတွင်းမှ လူမမာဆိုသောလျို့ဝှက်လူသည် ကန့်လန့်ကာကိုအသာလှပ်ကာ ရှောင်ထင်တို့ကို မျက်စိတဆုံးလိုက်ကြည့်နေသည်ကို တွေ့ရချေမည်။

ပို၍ထူးခြားသည်ကား....။

လူမမာဆိုသော လျို့ဝှက်လူသည် ကျန်းမာသန်စွမ်းသော လူတယောက် ဖြစ်နေခြင်းပင်တည်း။

* * *

'သမီးတော့ ဒီလိုမထင်ဘူးဘဘ၊ ဒီလူဟာ ဘဏ္ဍာတော်တွေနဲ့ပတ်သက်လို့ တာဝန်ရှိတဲ့လူတယောက်လို့ ထင်တယ်'

'ဒါပေမယ့် သူ့ရဲ့လေသံက ဖျားနာနေသူတယောက်ရဲ့လေသံပဲ'

'ဒါက သူ့အနေနဲ့ ဖျားနာချင်ယောင် ဆောင်နေတာလဲဖြစ်နိုင်တာပဲ၊ နောက်ပြီး သူဟာ နယ်စားကြီးနဲ့ ဆွေမျိုးတော်တယ်လို့ ပြောတာလဲ သမီးအနေနဲ့ မယုံကြည်နိုင်ဘူး'

ရှောင်ထင် မျက်မှောင်တချက် ကြုတ်သွားသည်။

'သမီးက ဒီလူ့အပေါ် သံသယရှိနေပြီထင်တယ်'

နှင်းဆီ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် ဘဘ၊ သမီးအနေနဲ့ ဒီလူ့အပေါ် သံသယရှိနေတယ်၊ ပြီးတော့ ဒီလူဟာ ဘယ်လိုလူစားဆိုတာ သိရမြင်ရ၊ တွေ့ရတာမဟုတ်ဘူး'

နှင်းဆီသည် စကားပြောနေရာမှ ဟန်လီချိဘက်သို့ လှည့်ကြည့်လိုက်ပြီး အမိန့်ပေးလိုက်၏။

'ဟန်အစ်ကိုကြီး၊ မနက်ဖြန်ခရီးဆက်ဖို့ ဒီလူရဲ့လှည်းနားမယောင်မလည် အကဲခတ်ကြည့်ပါ'

ဟန်လီချိ ခေါင်းညိတ်လိုက်သည်။

'စိတ်ချပါ'

'တုံ....တုံ....တုံ ...'

အုန်းမောင်းခေါက်သံသုံးချက် ကြားလိုက်ရသည်။

နှင်းဆီသည် မတ်တတ်ထရပ်လိုက်ပြီး....

'သုံးနာရီတောင်ထိုးပြီ၊ ဘဘနဲ့ဟန်အစ်ကိုကြီး အနားယူပါတော့၊ ကျွန်မလဲ သွားတော့မယ်'

# ၁၄

ရှောင်ထင်။

နှင်းဆီ။

ဟန်လီချိတို့သည် အခန်းတွင်း၌ ငြိမ်သက်စွာထိုင်ယင်း လှည်းအတွင်းမှ လျှို့ဝှက်လွန်းသော လူအကြောင်းကို တွေးနေမိကြသည်။

'အဘ၊ ဒီလူရဲ့သဘောကို သိရဲ့လား'

'ဒီလူဟာ သူ့မှာကျရောက်မယ့်အန္တရာယ်ကို မကြောက်ရွံ့ပဲ ဘဘတို့နဲ့လိုက်ရဲတာ ချီးကျူးစရာကောင်းတယ်၊ နောက်ပြီးတော့ သူ့ရဲ့လေသံက ဆုံးဖြတ်ပြီးသားကိစ္စကို ပြန်ပြင်မယ့်သူ မဟုတ်ဘူးလို့ ဘဘတွက်ဆမိတယ်'

နှင်းဆီက ရှောင်ထင်၏စကားကို ဖြည်းညှင်းစွာ ခေါင်းယမ်းလိုက်သည်။

နှင်းဆီ အခန်းတွင်းမှ ဖြည်းညှင်းစွာ ထွက်ခွာလာသည့် သူမစိတ်ထဲတွင် မတင်မကျဖြစ်နေသော ပြဿနာတရပ်က ဖျောက်ဖျက်၍ မရနိုင်သေးချေ။

ထိုပြဿနာကား....

ဘဏ္ဍာတော်လုညီးနှင့် အတူပါလာသော လူမမာဆိုသည့် လူမြင်မခံဝံ့သော လျှို့ဝှက်လူ၏ ပြဿနာပင်တည်း။

*　　*　　*

၁၅

ညအမှောင်၏အင်အားသည် တဖြည်းဖြည်း ဆုတ်လျော့သွားချေပြီ။

နေ့အလင်းရောင်က အမှောင်ထုကို ဖယ်ရှားလိုက်ပြီဖြစ်သည်။

နေရောင်ခြည်အောက်တွင် မိုးပျံရွှေကျား အာမခံဌာန အလံများ တလူလူလွင့်နေသည်။

နတ်ကျောပွတ်သံလက်ဝါး ရှောင်ထင်သည် မျက်စိ နားကို အလစ်မပေး။

မျက်စိက ပတ်ဝန်းကျင်၏ လှုပ်ရှားမှုမှန်သမျှကို မပြတ်တန်း အကဲခတ်လျက် ရှိသည်။

ထို့အတူ...

နားကလည်း အန္တရာယ်ပေးမည့်အသံများကို စွင့်ထား သည်။

လမ်းတလျှောက်လုံး သတိကြီးစွာသား၍ ခရီးဆက်နှင်ခဲ့ ကြသည်။

တောင်ကမူကွေ့တွင် မိမိတို့၏အဖွဲ့အား တိုက်ခိုက်ကြရန် သိုင်းအဖွဲ့များ ခြေချင်း လိမ်နေကြသည်ကို မသိမဟုတ်။

သိရှိထားခဲ့ပြီး ဖြစ်သည်။

သို့သော်....

လွှဲရှောင်၍မရ။

နေပြည်တော်သို့သွားလျှင် တောင်ကမူကွေ့က မလွှဲမသွေ ကျော်ဖြတ်ရမည် မဟုတ်ပါလား။

တခုပဲရှိသည်။

ရန်သူကို မိမိဘက်က လက်ဦးမှုရှိစေဖို့။

ရန်သူ၏အလစ် တိုက်ခိုက်မှုကို မခံမိစေဖို့။

မည်သို့ဖြစ်စေ။

ရှောင်ထင်အနေဖြင့် သံဓိဋ္ဌာန်ချထားပြီး ဖြစ်သည်။

နာမည်ပျက် မရှိခဲ့သော....

အစဉ်အလာကောင်းခဲ့သော....

မိုးပျံရွှေကျား သယ်ယူပို့ဆောင်ရေး အာမခံအဖွဲ့၏ နာမည်ကို အသက်နှင့်ထပ်တူ စောင့်ထိန်း၍ ကာကွယ်သွား မည်ဟု ဆုံးဖြတ်ချက် ချမှတ်ထားခဲ့ပြီး ဖြစ်သည်။

ပို့ဆောင်ရေးတာဝန်ခံ သိုင်းသမားလေးဦးအနက်....



ရှေ့ဆုံးတွင် ဟန်လိချိနှင့် ယင်ဆင်တို့ တာဝန်ယူထား ကြသည်။

နောက်ဆုံးတွင် မုကျုံးနှင့်ကုလုံတို့က ထိန်းထားကြ၏။

ဘဏ္ဍာတော်လှည်းများ၏ နောက်တွင်မူ....

နှင်းဆီနှင့် စံပယ်သည် ရှေ့နောက် တယောက်တလှည့်စီ ပြောင်းလဲ စောင့်ရှောက်ကြရသည်။

လမ်း၏ ဘေးတဘက်တချက်တွင် ကျောက်တောင်ကျောက် ဆောင်များ ကာရံထား၏။

ထိုကျောက်တောင် ကျောက်ဆောင်များပေါ်မှ ရန်သူများ အချိန်မရွေး ခုန်ဆင်းတိုက်ခိုက်နိုင်သည်ဖြစ်ရာ ကျောက်ဆောင် ကျောက်တောင်များဆီသို့ အကဲခတ်ကြည့်ရှုယင်း ခရီးကို နှင်နေကြရသည်။

တောင်ကမူကွေ့နှင့် တဖြည်းဖြည်း နီးကပ်လာသည်။

တိုက်ခတ်လာသောလေတွင် အန္တရာယ်ရနံ့ကို ရှူရှိုက်ရ သယောင် ထင်ရသည်။

တဖြည်းဖြည်းနှင့် တောင်ကမူကွေ့ရောက်ရန် ခရီးကား မဝေးကွာလှတော့ချေ။

နှစ်မိုင်....

တမိုင်....

မိုင်ဝက်....

တောင်ကမူကွေ့ရောက်ရန် မိုင်ဝက်ခရီးသာ ကွာဝေး တော့သည်။

ထိုစဉ်....

မြားတစင်းသည် လေထဲမှပျံဝဲလာပြီး ရှောင်ထင်ဆီသို့ ဦးတည်လာ၏။

သတိကြီးစွာ ထား၍လာသော ရှောင်ထင်သည် ငွေရောင်ကျာပွတ်ကို ရုတ်တရက်ဆွဲထုတ်လိုက်ပြီး အရှိန်နှင့်ပြေးဝင်လာသောမြားကို ရိုက်ချလိုက်သည်။

မြားသည် အပိုင်းပိုင်းအပြတ်ပြတ် လွင့်စင်ကျသွားသည်၊

'ရန်သူ'

ရှောင်ထင် အော်ဟစ်၍ သတိပေးလိုက်၏။

*　　*　　*

ဟန်လိချီနှင့် ယင်ဆင်သည် ရှောင်ထင်၏ အန္တရာယ်အချက်ပေးသံကြောင့် လှည်းများကိုရင်တန့်ရန် လက်မြှောက်၍ အချက်ပြလိုက်သည်။

ဘဏ္ဍာတော်လှည်းများ ရပ်တန့်သွားသည်နှင့် တောထဲမှ ထွက်လာသော လူရိပ်များကို တွေ့လိုက်ရသည်။

မိုးပျံရှေ့ကျား အာမခံအဖွဲ့သားများ လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြသည်။

ဓားရောင်များသည် နေရောင်တွင် ဝင်းကနဲလက်ကနဲ ဖြစ်သွားကြ၏။



လူရိပ်များကား သစ်တောအတွင်းတက်ဆီမှ တရိပ်ပြီးတရိပ် ထွက်လာကြသည်။

*　　*　　*

ပထမဆုံးထွက်လာသော လူရိုင်သုံးရိုင်ကား အဝါရောင် အင်္ကျီများကို ဝတ်ဆင်ထားကြသည်။

နောက်ထပ်ဆက်၍ထွက်လာကြသော လူလေးယောက်ကား အနက်ရောင်ဝတ်စုံများ ဝတ်ဆင်ထားကြသည်။

အဝါရောင်သုံးဦးနှင့် အနက်ရောင်လေးဦးသည် ရင်ဘောင်တန်းကာ ရပ်တန့်လိုက်ကြသည်။

အဝါရောင်သုံးဦးသည် တောင်ပေါ်မြေခွေးညီနောင်သုံးဦး ဖြစ်ကြသည်။

အနက်ရောင်လေးဦးကား မာန်စောင်တောင်သူရဲညီနောင် လေးဦးဖြစ်ကြ၏။

နှစ်ဖွဲ့စလုံးသည် သိုင်းလောကတွင် နာမည်ပျက်ရှိထားကြသော အနက်ရောင်သိုင်းသမားများ ဖြစ်ကြသည်။

မာန်စောင်တောင်သူရဲညီနောင် လေးဦးထဲမှ အကြီးဆုံးဖြစ်သော ဖန်ရှင်သည် ရှေ့ကိုတိုး၍ထွက်လာပြီး ရှောင်ထင်ဘက်လှည့်ကာ ရင့်သီးစွာပြောလိုက်၏။

'ရှောင်ထင်....မင်းရဲ့ဘဏ္ဍာတော်လှည်းတွေကို ဒီနေရာမှာထားခဲ့ပါ'

ရှောင်ထင် ပခုံးတချက်တွန့်လိုက်ကာ အော်ပြောလိုက်၏။

'ငါ့အနေနဲ့ကတော့ မင်းအတွက် ထားခဲ့ချင်ပါတယ်၊ ဒါပေမယ့် မကျေနပ်တဲ့လူတွေက ရှိနေသေးတယ်ကွ'

တောင်ကမ်းပါးယံများကာရံထားသောကြောင့် ရှောင်ထင်၏အော်သံသည် တတောလုံး ပဲ့တင်ရိုက်ခတ်သွား၏။

'ဘယ်သူတွေက မကျေနပ်လို့လဲ'

ဖန်ရှင်ကပြန်မေးသည်။

ရှောင်ထင် သဘောကျစွာ တဟားဟား ရယ်မောလိုက်သည်။

'မိုးပျံရွှေကျား ပူးဆောင်ရေးအဖွဲ့ရဲ့ နာမည်နဲ့ ဟောဒီ ငါ့လက်ထဲက ငွေရောင်ကျားပွတ်ကွ'

ရှောင်ထင်က သူ၏ ငွေရောင်ကျားပွတ်ကို လေ ထဲ တွင် တရှိုးရှိုးမြည်အောင် ဝှေ့ယမ်းပြယင်း ပြောလိုက်သည်။

ဖန်ရှင်ကလည်း ရှောင်ထင်၏စကားကို လှောင်သည့်နှယ် တုံ့ပြန်ရယ်မောလိုက်၏။

ဖန်ရှင်၏ရယ်သံသည် လူတယောက်ရယ်သံနှင့်ပင်မတူ။

ဝံပုလွေဟောင် ရယ်မောနေသည့်နှယ်။

ရယ်သံတွင်ပင် ကောက်ကျစ်ယုတ်မာသော အငွေ့အသက်များ ပါဝင်နေသည်။

'ဒီလိုဆိုလဲရပါတယ်'

ထို့နောက် နံဘေးတွင်ရှိသော သူ၏လူများဘက်လှည့်ကာ အမိန့်ဆက်ပေးလိုက်သည်။



'ဝိုင်းတိုက်ကြ'

တောင်ပေါ်မြေခွေးသုံးကောင်နှင့် မာန်စောင်တောင်သရဲလေးဦးသည် တရစပ် ဝင်ရောက်တိုက်ခိုက်ကြသည်။

မိုးပျံရွှေကျားအဖွဲ့မှလည်း ပြန်လည် ခုခံတိုက်ခိုက်လိုက်ကြရာ တခဏအတွင်းမှာပင် ဓားသံများ ဆူညံစွာ ထွက်ပေါ်လာလေသည်။

ညာသံပေး အော်ဟစ်တိုက်ခိုက်သံများက တတောလုံး ပဲ့တင်ထပ်နေသည်။

စိမ်းလန်းသာယာသော တောသည် စိမ်းလန်းသာယာမှု မရှိတော့။

အနီရောင်အရိပ်အရောင်များ ဖြန့်ကျက်သွားတော့သည်။

နှင်းဆီနှင့်စပယ်သည် လူမမာလှည်းအနီးတွင် ဓားကိုယ်စီကိုင်လျက် စောင့်ကြပ်ပေးနေကြသည်။

ဖန်ရှင်ကလည်း ရှောင် ထင် ကို အပိုင်းပိုင်းစုတ်ထစ်ရန် ကြိုးစား၏။

ရှောင်ထင်၏ကျားပွတ်သည် လေတွင် အဆက်မပြတ် ဝှေ့ယမ်းဖြန့်ကျက် လှုပ်ရှားနေသည်။

ဖန်ရှင်၏ခုတ်ဓားကို ရှောင်ထင်၏ ငွေရောင်ကျားပွတ်က ဖယ်ရှားရိုက်ထုတ်လိုက်သည်။

ဓားနှင့် ငွေရောင်ကျားပွတ်ထိခတ်မှုကြောင့် ချွင်ကနဲ၊ ချွင်ကနဲမြည်သံများ ကြားနေရသည်။

မာန်ဧစောင်တောင်သရဲညီနောင် လေးဦးကလည်း ဘဏ္ဍာတော်လှည်းများဆီသို့ အတင်းဝင်ရောက်ထိုးဖောက် တိုက်ခိုက်ကြသည်။

မိုးပျံရွှေကျား အမာခံအဖွဲ့မှ အမာခံသိုင်းသမားကလည်း မာန်စောင်တောင်သရဲညီနောင်ကို အနားသို့ပင် မကပ်နိုင်အောင် ကာကွယ်တားဆီးခဲ့ကြသည်။

ဟန်လီချီ။

ယင်ဆင်နှင့် မုကျုံးသည် တောင်ပေါ်မြေခွေးသုံးကောင်ကို တာဝန်ယူနှိမ်နင်းနေကြရသည်။

တိုက်ပွဲတပွဲ၏အခြေအနေဟူသည် စတိုက်စတွင် အခြေအနေ သိသာမှုမရှိလှပေ။

သို့သော်....။

အချိန်ကြာလာသည်နှင့်အမျှ အခြေအနေ၏ပြောင်းလဲမှုကို သိသာစွာ မြင်တွေ့နိုင်ကြသည်။

ယခုလည်းကြည့်။

မိုးပျံရွှေကျား အာမခံအဖွဲ့သည် လူအင်အားအရ သာလှသော်လည်း သိုင်းပညာတွင်မူ မာန်စောင် တောင်သရဲ တောင်ပေါ်မြေခွေးများ၏ သိုင်းအဆင့်ကို မမီချေ။

ရေရှည်တိုက်ပွဲတွင် သိုင်းပညာက စကားပြောလာသည်။

မိုးပျံရွှေကျားအဖွဲ့၏အခြေအနေသည် ခံစစ်အဖြစ် တိုက်ခိုက်ရာမှ တဖြည်းဖြည်း ဆုတ်ခွာပေးနေရသည်။

နှင်းဆီနှင့်စပယ်သည် မိမိတို့ဘက်မှ အခြေအနေမလှကြောင်းကို ကောင်းကောင်းတွေ့မြင်နေရသည်။



သို့သော်...။

လှည်းအတွင်းမှလူမမာကို စိတ်မချနိုင်သဖြင့် သွားရောက်မကူညီနိုင်ပေ။

လူမမာလှည်းအနားမှ တဖဝါးမှမခွာရဲကြချေ။

သို့သော်....။

ထိုအချိန်မှာပင်....။

သေးငယ်စူးရှသော အသံတသံသည် သူမတို့၏နားတွင်းသို့ စူးရှစွာ ဝင်ရောက်လာသည်။

'မင်းတို့သာ တိုက်ပွဲထဲကိုဝင်မကယ်ယင် အားလုံး ဒုက္ခရောက်ကုန်မယ် မိန်းကလေး'

ကြားလိုက်ရသောအသံသည် သူမတို့၏စိတ်ကို တွန်းအားပေးလိုက်သည့်နှယ်။

နှင်းဆီနှင့်စပယ်သည် တုံ့ဆိုင်းတွေဝေနေခြင်း အလျဉ်းမရှိတော့ချေ။

ရန်သူများရှိရာဘက်သို့ ကိုယ်ဖော့၍ ဝင်ရောက်သွားကြသည်။

သတိပေးသောအသံရှင်သည် မည်သူမှန်းပင် သတိမထားနိုင်ကြတော့ချေ။

* * *

နှင်းဆီနှင့်စပယ်သည် တိုက်ပွဲတွင်းသို့ လျှပ်တပြက် ခုန်ဝင်သွား၏။

နှင်းပွင့်သဏ္ဍာန် သိုင်းကွက်များဖြင့် အဆက်မပြတ် ဝဋ်ရောက်တိုက်ခိုက်သည်။

ဓားချက်များသည် နှင်းပွင့်များ ကြွေဆင်းလာသည့်နှယ် ရန်သူပေါ်သို့ ထိရောက်စွာ ကျရောက်သွား၏။

မာန်စောင်တောင် သရဲလေးဦးအနက်။

နိကျိုးနှင့် ထုံစင်သည် နှင်းပွင့်သဏ္ဍာန် သိုင်းကွက်များကို အထူးဆန်းနှယ် ငေးငိုင်ပြီး မည်သို့ ပယ်ဖျက်ရမည်ကိုပင် စဉ်းစားချိန်မရလိုက်ကြ။

နောက်သို့ ခုန်၍ ဆုတ်ခွာပေးကြရသည်။

တိုက်ပွဲ၏ တနေရာတွင်မူ။

တောင်ပေါ် မြွေဆွေးထန်စင်သည် မိုးပျံ့ရွှေကျားမှ သိုင်းသမားများကို တယောက်ပြီးတယောက် ဆက်တိုက် ခုတ်ပိုင်းနေလျက်ရှိသည်။

ဒဏ်ရာထိသွားကြသော သိုင်းသမား၏ နာကျင်စူးရှသော အော်သံသည် နှင်းဆီ၊ စပယ်နှင့် ရှောင်ထင်တို့အား အားမာန်မကျစေရန် မာန်ထည့်ပေးလိုက်သည့်နှယ်....။

မိမိဘက်မှ လူများ ကျဆုံးသွားကြသဖြင့် နှင်းဆီလည်း ညှာတာနိုင်ခြင်း မရှိတော့။

မာန်စောင်တောင် သူရဲညီနောင်နှစ်ဦးဖြစ်သည့် ရှန်ကျိုးနှင့် ထုံစင်၏ ခေါင်းကို အရယူရန်တိုက်ခိုက်လျက်ရှိသည်။

ရှောင်ထင်သည် ဖန်ရှင်နှင့် တယောက်ချင်း တိုက်ခိုက်နေဆဲ။



သိုင်းကွက်ပေါင်းများစွာ တိုက်ခိုက်ပြီးကြပြီ ဖြစ်သည်။

သို့သော်...။

မည်သူမျှ ဒဏ်ရာမရကြသေး။

သိုင်းပညာ အရာတွင် ရှောင်ထင်သည် ဖန်ရှင်ထက် သာသော်လည်း တိုက်ကွက်သုံးရာကျော် ယှဉ်ပြိုင်မှ အနိုင်ရရှိနိုင်မည်ဖြစ်သည်။

တဖြည်းဖြည်းနှင့် တိုက်ပွဲသည် အချိန်ကြာလာသည်။

နှင်းပွင့်သဏ္ဍာန် တိုက်ကွက်သည် ဖြူဖွေးသော နှင်းပွင့်များအစား နီရဲသော နှင်းပွင့်နီများကို ကျဆင်းစေသည်။

တဘက်နှင့်တဘက် ဒဏ်ရာရသူ ရကြပြီး။

ကျဆုံးသူလည်း ကျဆုံးကြပြီ။

သို့သော်...။

တိုက်ပွဲကား ရပ်တန့်မှုမရှိ။

အရှိန်ပို၍ပင် ပြင်းထန်လာသည်။

ထိုစဉ်...။

တောထဲမှ အစိမ်းရောင်ဝတ်ဆင်ထားကြသောလူအယောက်သုံးဆယ်ကျော်မျှ ထွက်ခွာလာခဲ့ကြပြန်သည်။

* * *

အစိမ်းရောင် လူရိပ်များကို ကြည့်ပြီး မိုးပျံ့ရွှေကျားအဖွဲ့သည် ထိတ်လန့် တုန်လှုပ်သွားကြ၏။

ဖန်ရှင်က ရှောင်ထင်နှင့် တိုက်ခိုက်ရာမှ ဝမ်း သာ အားရ အော်ဟစ်လိုက်သည်။

'ငါတို့ကို ကူမယ့်အဖွဲ့သားတွေ ထပ်ရောက်လာကြပြီကွ' မှန်ပါသည်။

ထပ်မံဝင်ရောက်လာကြသော အစိမ်းရောင် လူများကား ခုနစ်စင်ကြယ် သိုင်းညီနောင်အုပ်စု ဖြစ်နေကြသည်။

ထိုအထဲတွင် မိန်းကလေးတဦးကို ထူးခြားစွာ တွေ့လိုက်ရသည်။

ဖန်ရှင်သည် ခုနစ်စင်ကြယ်သိုင်းညီနောင်များ ရောက်လာသဖြင့် ပို၍အာကြွလာသည်။

နှင်းဆီ၊ စပယ်၊ ရှောင်ထင်နှင့် ဟန်လိချီတို့ကား မျက်နှာပျက်သွားကြ၏။

ခုနစ်စင်ကြယ်သိုင်းအဖွဲ့မှလင်ဝူတိသည်ဖန်ရှင်နှင့် ရှောင်ထင်တို့တိုက်ခိုက်ရာဆီသို့ ခုန်၍ ဝင်လာသည်။

တိုက်ပွဲသည် ခေတ္တမျှ ရပ်တန့်သွား၏။

လင်ဝူတိသည် ဘဏ္ဍာတော်လှည်းများဆီသို့ လက်ညှိုးထိုးယင်း ခက်ထန်ပြတ်သားစွာ ကြွေးကြော်လိုက်သည်။

'ဒီငွေတွေဟာ ငါတို့ ခုနစ်စင်ကြယ် ညီနောင်တွေအတွက်ကွ'

ဖန်ရှင်မျက်နှာ ကွက်ကနဲ ပျက်သွားပြီး ပျာပျာသလဲ ပြောသည်။

'ငါတို့ နည်းနည်းလောက် ဆွေးနွေးသင့်တယ်ထင်တယ်'



'ဘာများ ဆွေးနွေးစရာရှိသေးလို့လဲ'

'မင်းတို့ အဖွဲ့နဲ့ ငါတို့အဖွဲ့ ပူးပေါင်းပြီး တိုက်ခိုက်ယင် ပိုကောင်းမယ်ထင်တယ်'

လင်ဝူတိသည် ဖန်ရှင်၏ ပြောစကားကို ခေတ္တမျှ စဉ်းစားလိုက်ပြီး။

'မဆိုးဘူး ကောင်းတယ်၊ မင်းတို့နဲ့ ငါတို့နှစ်ဖွဲ့ ပူးပေါင်းပြီး နောက်ထပ်လာမယ့် အဖွဲ့တွေကိုပါ တိုက်ထုတ်နိုင်ယင် ဘဏ္ဍာတော်ငွေတွေ အားလုံး တို့ပဲရနိုင်တယ်၊ ဒီတော့ မင်းပြောတဲ့အတိုင်း ငါတို့နှစ်ဖွဲ့ စုစည်းတိုက်ခိုက်ကြမယ်'

'စည်းကမ်းချက်တော့ ရှိရမယ်'

'ဘယ်လို စည်းကမ်းချက်လဲ'

'ကိစ္စအားလုံးပြီးလို့ အောင်ပွဲခံယင် ဘဏ္ဍာတော်ငွေတွေကို တယောက်တဝက်စီ ခွဲဝေယူကြရမယ်'

'ကောင်းတယ် မင်းရဲ့စကား ညီမျှတယ်၊ ငါလက်ခံတယ်'

'မင်းရဲ့စကား တည်ပါစေနော်'

'ငါယောကျ်ားပါကွ'

'ဒါနဲ့-ငါတခုတော့မေးရဦးမယ်'

'ဘာမေးမှာလဲ'

'မင်းတို့ ခုနစ်စင်သိုင်းညီနောင်အဖွဲ့ဟာ လှံစကြာသိုင်းအဖွဲ့ကိုရော နိုင်အောင်တိုက်နိုင်ပါ့မလား'

လင်ဝူတိ မျက်ခုံးတွန့်သွားသည်။

'ဘာလဲ မင်းစကားရဲ့အဓိပ္ပာယ်က လုံစကြာသိုင်းအဖွဲ့ကလဲ ဒီဘဏ္ဍာတော်တွေကို တိုက်ယူမယ့်သဘော ရှိနေလို့လား'

'တိုက်ယူမယ့်သဘောရှိနေတာမဟုတ်ဘူး၊ တိုက်ယူဖို့အတွက် ချီတက်လာနေကြပြီ၊ မကြာခင် ဒီကိုရောက်လာနိုင်တယ်'

လင်ဝူတိ မျက်လုံးပြူးကျယ်သွားသည်။

'မင်းရတဲ့သတင်း အမှန်ပဲလား ဖန်ရှင်'

'ခုချိန်ဟာ အဓိပ္ပာယ်မရှိတဲ့စကားတွေ ပြောရမယ့်အချိန် မဟုတ်တော့ဘူး၊ ဒါပေမယ့် လုံစကြာသိုင်းအဖွဲ့ကိုလဲ မင်းနဲ့ ငါတို့ ပူးပေါင်းနေယင် ဘာမှကြောက်စရာမလိုပါဘူး'

ထိုသို့။

လင်ဝူတိနှင့် ဖန်ရှင်တို့ အပြန်အလှန်စကားပြောနေချိန်တွင် နှင်းဆီ၊ စပယ်၊ ဟန်လိချိ၊ ယင်ဆင်၊ မုကျုံးနှင့် ကုလုံတို့သည် ဘဏ္ဍာတော်လှည်းများရှေ့တွင် တားဆီးကာကွယ်သည့်အနေအထားဖြင့်ရပ်နေလျက် ရန်သူများ၏လှုပ်ရှားမှုကို မျက်တောင်မခတ် စိုက်ကြည့်နေကြသည်။

နှင်းဆီနှင့်စပယ်သည် သူမတို့၏ အတွင်းအားများဖြင့် ရှောင်ထင်ကို လင်ဝူတိနှင့် ဖန်ရှင်အား သတိထားရန် အကြောင်းကြားလိုက်၏။

ရှောင်ထင်မျက်နှာ ရှင်လန်းသွားသည်။

သူ၏အဖွဲ့ထဲတွင် အတွင်းအားထက်မြက်သောသိုင်းသမားများ ရှိနေသေးသည် မဟုတ်ပါလား။



တိုစဉ် ။

လင်ဂူတိသည် ရှောင်ထင်ထံသို့ တလှမ်းချင်း တိုးကပ်သွားပြီး ပြောလိုက်၏။

'ရှောင်အစ်ကိုကြီး၊ ကျုပ်တို့မှာ ငွေကြေးအခက်အခဲဖြစ်နေတဲ့အတွက် ဒီဘဏ္ဍာတော်ထဲကငွေနဲ့ အကူအညီပေးစေချင်တယ်'

'လင်ဝူတိ၊ မင်းနဲ့ငါဟာ သူငယ်ချင်းတွေပဲ၊ တယောက်ရဲ့အခက်အခဲကို တယောက်ကူညီပေးရမယ့် ဝတ္တရားရှိပါတယ်၊ ဒါပေမယ့် ငါတို့နေပြည်တော်ရောက်ပြီးမှ လူကြုံနဲ့ မင်းတို့လိုတဲ့ငွေကို ပေးလိုက်နိုင်မယ်၊ အခုတော့ ငါ့ကို ခွင့်လွှတ်စေချင်တယ်'

လင်ဝူတိ ကောက်ကျစ်စွာပြုံး၍ ခေါင်းယမ်းလိုက်၏။

'ဒါတော့ မဖြစ်နိုင်ဘူး ရှောင်အစ်ကိုကြီး၊ ကျုပ်အဖွဲ့က အဲ့ဒီအချိန်ထိ မစောင့်နိုင်ဘူး'

'ဒီလိုဆိုယင် ငါက လောလောဆယ် ဘယ်အကူအညီပေးနိုင်မလဲ'

'လွယ်ပါတယ်'

'ဘယ်လိုလွယ်တာလဲ'

'ရှောင်အစ်ကိုကြီးရဲ့ ဒီဘဏ္ဍာတော်လှည်းတွေကို ထားရစ်ခဲ့ပေါ့'

ရှောင်ထင်မျက်နှာထား တင်းမာအေးစက်သွားသည်။

'ဘာလဲ-လင်ဝူတိ၊ မင်းတို့က ဒီဘဏ္ဍာတော်တွေကို တိုက်ယူမယ့်သဘောပေါ့'

'ခင်ဗျားအနေနဲ့ ခက်ခဲနေမှတော့ ဒီနည်းပဲ သုံးရတော့မှာပေါ့'

'ဒီဘဏ္ဍာတော်တွေဟာ ဘယ်သူပိုင်ဆိုင်သလဲဆိုတာကော မင်းတို့သိကြရဲ့လား'

'ဒီငွေတွေဟာ မန်ချူးအစိုးရ ပိုင်တာပေါ့ဗျာ'

'မင်းတို့ဟာ အစိုးရငွေမှန်းသိလျက်သားနဲ့ ဘာဖြစ်လို့လုယက်တိုက်ခိုက်ချင်ရတာလဲ၊ ငါအနေနဲ့ကလဲ ဒီဘဏ္ဍာတော်တွေကို တာဝန်ယူသယ်ဆောင်ရတာကွ'

'ဒါဆိုယင် ရှောင်အစ်ကိုကြီးအနေနဲ့ ဒီငွေတွေကို မပေးနိုင်ဘူးလို့ ဆိုလိုတာပေါ့'

'ငါ့မှာ ပေးနိုင်တဲ့အာဏာ မရှိတဲ့အတွက် သည်းခံပါ၊ မင်းတို့ကို ငါပိုင်ငွေဆိုယင် ဒီလောက်ထိပြောမနေပဲ မင်းတို့တောင်းတဲ့အကူအညီ ပေးလိုက်ပြီပေါ့'

'ကျုပ်အနေနဲ့ကလဲ ဒီလောက်ထိ အေးအေးဆေးဆေးတောင်းပန်နေတာကိုရော သဘောပေါက်ရဲ့လား'

'ဒါတွေငါမသိဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် မင်းတို့ဟာ ဘဏ္ဍာတော်ကို တိုက်ယူနေကြတာပဲလို့ ငါသဘောရတယ်'

လင်ဝူတိ ခေါင်းတဆတ်ဆတ်ညိတ်ပြီး အေးစက်စွာ ပြောလိုက်သည်။

'ကောင်းပြီလေ....အနူနည်းနဲ့မရယင် အကြမ်းနည်းကိုပဲ သုံးရတော့မှာပေါ့'

'မင်း ဒီလိုလုပ်မယ်ဆိုတာလဲ ငါကြိုတွက်ပြီးသားပါ'



ရှောင်ထင်၏စကားပင် မဆုံးလိုက်ချေ။

လင်ဝူတိသည် သိန်းငှက်ပျံ ဓါးသိုင်းကွက်ဖြင့် ရှောင်ထင်ကိုယ်ပေါ်သို့ ပျံဝဲခုန်အုပ်လိုက်၏။

* * *

ရှောင်ထင်သည် ငွေကျာပွတ်နှင့် ခုခံတားဆီးလိုက်၏။

ရှောင်ထင်ကိုယ်ပေါ်သို့ ပျံဝဲခုန်အုပ်လာသော လင်ဝူတိသည် ရှောင်ထင်၏ ကျာပွတ်ရိုက်ချက်နှင့်အတူ တောင်ဖြူလက်ဝါး၏ ရိုက်ပုတ်ဒဏ်ကြောင့် မရှောင်တိမ်းနိုင်ပဲ ပေတရာအကွာသို့ လွင့်စင်သွား၏။

သို့ရာတွင်....

အတွင်းအား ကောင်းမွန်သဖြင့် ဖော်ရာ ကြီးကြီးမားမား မရရှိလိုက်ပေ။

ဖန်ရှင်သည်ပင် နတ်ကျာပွတ်သံလက်ဝါး၏ ပညာကို ဝင်တိုက်ရန် တွန့်ဆုတ်တွန့်ဆုတ် ဖြစ်သွားသည်။

ထိုစဉ်....

ဘဏ္ဍာတော်လှည်းများနောက်ဘက်ရှိ သစ်တောများထဲမှ လူရိပ်သုံးရိပ် ပျံဝဲခုန်ဆင်းလာကြပြန်သည်။

ရှောင်ထင်မျက်နှာ ကွက်ကနဲ ပျက်သွားသည်။

ရောက်ရှိလာသော လူရိပ်သုံးရိပ်သည် မည်သို့သော ရန်သူများနည်း။

* * *

လူရိပ်သုံးရိပ်သည် ရှောင်ထင်၏ရှေ့တွင် မားမားမတ်မတ် ရပ်လာကြပြီး ဖြစ်သည်။

ခုနစ်စင်ကြယ်ညီနောင်များနှင့် လူရိပ်သုံးရိပ်မှာ ရင်ဆိုင်ရပ်နေသည့်နှယ်....

လူရိပ်သုံးရိပ်အနက် အလယ်မှ လူသည် ဝဝပုပုဖြစ်၍....။

ဘေးတဘက်တချက်မှ လူများမှာ ပိန်ပိန်ရှည်ရှည်လူနှင့် ခေါင်းကြီးကြီးလူများ ဖြစ်သည်။

သုံးဦးစလုံးသည် နူပျိုငယ်ရွယ်သူများ မဟုတ်ကြပေ။

အသက်ငါးဆယ်ကျော်အရွယ် အဘိုးအိုများ ဖြစ်နေကြသည်။

မှန်ပါသည်။

နောက်မှရောက်လာသော လူသုံးဦးကား။

ဝတုတ်အဘိုးအို။

ပိန်သေးအဘိုးအို....

ခေါင်းကြီးအဘိုးအိုတို့ ဖြစ်နေကြသည်။

လင်ဝူတီသည် အဘိုးအိုသုံးယောက်ကို တချက်လှည့်ကြည့်လိုက်ပြီး မျက်နှာကွက်ကနဲ ပျက်သွားသည်။



ထို့နောက်....

မကျေနပ်သော လေသံဖြင့် မေးလိုက်၏။

'ခင်ဗျားတို့သုံးယောက်က ကျုပ်တို့ကိစ္စမှာ ဘာလို့ ဝင်ရောက် နှောင့်ယှက်ရတာလဲ'

သုံးယောက်အနက် ဝတုတ်အဘိုးအိုသည် အံ့သြဟန်ဖြင့် မျက်ခုံးပင့်၍ ပြုံးလိုက်ပြီး ပိန်သေးအဘိုးအိုဘက် လှည့်ကာ လှောင်ပြောင်သော လေသံဖြင့် ပြောလိုက်သည်။

'ပိန်သေးငါတို့က သူတို့ကိစ္စမှာနှောင့်ယှက်တယ်တဲ့ ဟုတ်ရဲ့လားကွာ၊ ငါတို့ သူတို့ကိစ္စမှာများ နှောင့်ယှက်နေမိသလား'

ပိန်သေးကလည်း တဟဲဟဲရယ်မောပြီး ခေါင်းခါယမ်းလိုက်၏။

'မနှောင့်ယှက်ပါဘူးဝတုတ်ရာ ဒီကောင်တွေအမြင်မကြည်လှင်တာပါ၊ မဟုတ်ဘူးလား ခေါင်းကြီး'

ပိန်သေးက ခေါင်းကြီးဘက်လှည့်ကာ ပြောလိုက်ပြန်သည်။

ခေါင်းကြီးကလည်း ထုံးစံအတိုင်းပင်။

မထိမဲ့မြင် မျက်နှာပေးဖြင့် ပြုံးလိုက်ပြီး။

'သိပ်မှန်တာပေါ့ကွာ၊ ငါတို့က ဘယ်သူမှလဲ အနှောင့်အယှက် မပေးရသေးပါလား'

ဝတုတ်က မျက်မှောင်တချက် ကြုတ်လိုက်သည်။

'ကဲ-ပိန်သေး ငါတို့ဘာဆက်လုပ်ကြမလဲ'

ပိန်သေးအဘိုးအို တချက်ပြုံးလိုက်၏။

'ဒါကတော့ မင်းအမိန့်ချမှ ငါတို့က သိရမှာပဲ ငတုံး ရာ....'

'မင်းဟာ ရက်စက် ကောက်ကျစ်တတ်တဲ့ ကောင်တွေကို တိုက်ခိုက်ဖို့ လက်ယားနေပြီထင်တယ်'

ပိန်သေးက ပြုံးလျက် လက်ဖဝါး နှစ်ဘက်ကို ပွတ်ယင်း ခေါင်းညိတ်လိုက်သည်။

'သိပ်ဟုတ်တာပေါ့ကွာ'

'ဒါဆိုယင် မင်းရှေ့ကတယောက်ယောက်ကို စိန်ခေါ်ပြီး တိုက်လိုက်ပါလား၊ ဒီရှေ့ကကောင်တွေအားလုံး ကောက်ကျစ် ရက်စက် ယုတ်မာတဲ့ကောင်တွေ'

'ဒါဆို ငါဘယ်သူ့ကို ရွေးချယ်ယင် ကောင်းမလဲ၊ ခေါင်းကြီး မင်းက ခေါင်းကြီးတော့ အကြံဉာဏ်ကောင်းလေး ထွက်တတ်လွန်းလို့....'

'လုပ်မနေနဲ့ပိန်သေး မင်းမျက်စိထဲမှာ ကြည့်မရတဲ့ကောင် ကို ရွေးပြီး စိန်ခေါ်လိုက်'

မိုးပျံရွှေကျား အာမခံအဖွဲ့မှာ သိုင်းသမားများနှင့် နှင်းဆီ စမယ်ညီအစ်မသည် အဘိုးအိုသုံးဦး၏ ပြောဆိုနေပုံကိုကြည့်ကာ ပြုံးမိကြသည်။

သို့သော်....

ခုနစ်စင်ကြယ် သိုင်းညီနောင် ခုနစ်ဦးမှာ ဝတုတ်၊ ပိန်သေး နှင့် ခေါင်းကြီး အဘိုးအိုသုံးဦး၏ အမူအရာနှင့် စကားသံ များကြောင့် ဒေါသပြင်းထန်နေကြသည်။



ခုနစ်စင်ကြယ် သိုင်းညီနောင်ထဲတွင် ပါဝင်နေသော မိန်း ကလေးဖြစ်သည့် ဥဒေါင်းမယ်ယင်းချီတယောက်သာ တည်ငြိမ် စွာ ရပ်တည်နေလျက်ရှိသည်။

ကျန်ညီအစ်ကိုခြောက်ဦးမှာမူ စိတ်ဆိုးလွန်းကြသဖြင့် မျက် နှာထားများမှာ ကြည့်မရအောင်ပင် ဆိုးရွားလွန်းလှချေ သည်။

ညီနောင်ခြောက်ဦးသည် ဝတုတ်အဘိုးအိုသုံးဦးကို မမှိတ် မသုန်စိုက်ကြည့်နေကြသည်။

ပိန်သေးအဘိုးအိုသည် ညီနောင် ခြောက်ဦးကို စူးရှသော မျက်လုံးဖြင့် တချက်စီဝေ့ကြည့်လိုက်ပြီးနောက် ရှေ့သို့တလှမ်း တက်ကာ ဥဒေါင်းမယ်ယင်းချီကို အတွင်းအား အသုံးပြု၍ သွေးကြောပိတ်လိုက်သည်။

သို့သော်-

တည်ငြိမ်စွာ ရပ်လျက် သတိထားနေသော ဥဒေါင်း မယ် ယင်းချီကလည်း မခေပေ။

ပိန်သေးအဘိုးအို၏အတွင်းအားကို ဖယ်ထုတ်လိုက်ပြီး ရှေ့ တလှမ်းတက်ကာ စိန်ခေါ်လိုက်၏။

'ကဲ... ပိန်သေးအဘိုးအို၊ ရှင့်ရဲ့လက်နက်ကို ထုတ်လိုက်ပါ'

* * *

ဥဒေါင်းမယ် ယင်းချီ စကားကြောင့် ပိန်သေး အဘိုးအို မျက်ခုံးနှစ်ဘက် ပင့်တက်သွားသည်။

ထို့နောက်-

ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်ပြီး ဂရုမစိုက်သည့် လေသံဖြင့် ပြောလိုက်၏။

'ငါတို့သုံးယောက် လက်နက်မကိုင်ဘာကြာပြီ'

စကားပြောရာမှ လက် ချိုး ရေတွက်ဟန် ပြုပြီး ဆက်၍ ပြော၏။

'ကြာဆို....ဆယ်နှစ်တောင် ကျော် သွား ပြီ၊ အဲဒါကြောင့် မိန်းကလေးရဲ့ဓားကိုပဲ ငါ့ရဲ့လက်ဝါးနဲ့ ယှဉ်ပြိုင်ပါ့မယ်၊ သိုင်းကွက်ဆယ်ကွက်လောက် ယှဉ်ကြဘာပေါ့'

ဉဒေါင်းမယ်ယင်းချိကာ နှုတ်ခမ်းဘင်းတင်းစေ့၍ တင်း မာ ပြ ားစွာ ပြော၏။

'ပိန်သေးအဘိုးအို၊ ကျွန်မတို့ရဲ့ ခုနစ်စင်ကြယ် ဓား သိုင်းကွက်ဟာ ဘယ်လောက်ထိ ထက်မြက် တယ် ဆို တာ ရော သိရဲ့လား'

'၇၂ ကွက်ရှိတယ်မဟုတ်လား မိန်းကလေး'

ပိန်သေးအဘိုးအို စကားကြောင့် ဥ ဒေါင်း မယ် ယင်းချိ မျက်နှာ ကွက်ကနဲပျက်သွားသည်။

'အဘိုးအို ကျွန်မတို့သိုင်းကွက်တွေတောင် သိနေမှပဲ၊ ဒါပေမယ့်....'

ယင်းချိစကားမဆုံးခင် ပိန်သေးအဘိုးအိုက ကြား ဖြတ်၍ ဝင်ပြောလိုက်ပြန်သည်။

'အဲဒီ(၇၂)ကွက်ထဲမှာ နောက်ဆုံး ဆယ်ကွက်က အထက်မြက်ဆုံးပဲ၊ ဒါကြောင့် အဲဒီနောက်ဆုံးဆယ်ကွက်နဲ့ပဲ မင်းနဲ့ငါ ယှဉ်ပြိုင်ကြတာပေါ့မိန်းကလေး'

ပိန်သေး အဘိုးအိုစကား ဆုံးသည်နှင့် ယင်းချိသည် သူမ၏ ဓားအိမ်မှ ဓာ ရှည်ကို ဆွဲနှုတ်လိုက်သည်။

နှုတ်မှလည်း အော်ဟစ်လိုက်၏။

'သတိထားရှောင်စေတော့ ပိန်သေးအဘိုး'

✻ ✻ ✻

## ၁၆

ယင်းချီသည် ဓားကို လေတွင် တချက် ဝေ့ယမ်းလိုက်၏။

ဓားအရိပ်သည် လေထဲတွင် ခုနစ်ရိပ်နှယ် ခွဲထွက်သွားပြီး ပိန်သေးအဘိုးအို၏ ရင်ဘတ်ရှေ့ သွေးကြောများဆီသို့ လျှပ်ရှားဝေ့ယမ်းလျက်ရှိသည်။

ပိန်သေးအဘိုးအိုက ပေါ့ပါးဖျတ်လတ်စွာရှောင်တိမ်းယင်း ပြောလိုက်၏။

'မိန်းကလေးရဲ့ တိုက်ကွက်ဟာ သိပ်ကောင်းတယ်'

ဓားရိပ် ခုနစ်ရိပ်ခွဲ၍ တိုက်ခိုက်ရာတွင် မအောင်မြင်သော ယင်းချီသည် အံကြိတ်လိုက်ပြီး ပိန်သေး အဘိုးအို၏ လက်ပြင် ရှိရာသို့ ဓားရှည်ဖြင့် ခုတ်ပိုင်းလိုက်၏။



သို့သော်-

ထိုဓားချက်သည်လည်း ပိန်သေး အဘိုးအို၏ လက်ပြင်ကို မခုတ်မိသည့်ပြင် ပိန်သေးအဘိုးအိုက ဝင်လာသော ဓား ကို လက်ညှိုး၊ လက်ခလယ် နှစ်ချောင်းဖြင့် ညှပ်၍ ဓားရှည်ကို ဆွဲထားလိုက်၏။

ထို့နောက် ဓားကို ပြန်လွှတ်ပေးလိုက်ပြီး သတိပေး အော် ပြောလိုက်၏။

'ကဲ...မိန်းကလေး၊ မင်းအလှည့်ပြီးပြီ၊ ငါ့အလှည့်ပဲ၊ သတိ ထားပေတော့၊ မင်းရဲ့ညာဘက်လက်ကောက်ဝတ် သွေးကြော ကိုပါ ပိတ်လိုက်တော့မယ်'

ပိန်သေးအဘိုးအို၏စကားကြောင့် ယင်းချီသည် ထိတ်လန့် တုန်လှုပ်သွားပြီး ညာလက်ကို ဆတ်ကနဲရုပ်သိမ်းလိုက်၏။

သို့သော်-

သူမ၏လှုပ်ရှားမှုကား အသုံးမဝင်တော့ချေ။

ပိန်သေးအဘိုးအိုက အတွင်းအားဖြင့် သွေးကြောပိတ် လိုက်ပြီးချေပြီ။

ယင်းချီ၏ ညာဘက် လက်ကောက်ဝတ်တွင် ထုံကျဉ်သော ဝေဒနာတရပ်ကို ခံစားလိုက်ရပြီဖြစ်သည်။

တဆက်တည်းမှာပင်....။

သူမ လက်ထဲမှ ဓားသည်လည်း ပိန်သေးအဘိုးအိုလက်သို့ ရောက်ရှိသွားရပြန်သည်။

ဥဒေါင်းမယ်ယင်းချီ မျက်စိမျက်နှာ ပျက်သွား၏။

ရှက်လည်းရှက်၊ ဒေါသလည်း ထွက်သွားသည်။

ယင်းချိုသည် ဗိန်းသေးအတိုးအိုကို စူးစိုက်ကြည့်ပြီး အံ့တင်းတင်း ကြိတ်လိုက်၏။

ထို့နောက် သူမ၏ညာဘက်လက်ကိုမြှောက်၍ အတွင်းအား အသုံးပြုကာ သူမ၏ ဦးခေါင်းကို ထုရိုက်ပြီး ကိုယ့်ကိုကိုယ် သတ်သေရန် ကြံစည်လိုက်၏။

ညီမဖြစ်သူ ယင်းချို၏ မထင်မှတ်သော လှုပ်ရှားမှုကြောင့် ခုနစ်စင်ကြယ် ညီနောင်ခြောက်ဦး အံ့သြ ထိတ်လန့်သွားကြ၏။

သို့သော်....။

ညီမဖြစ်ကို အချိန်မီကယ်တင်ရန် အလှမ်းကွာဝေး နေကြသဖြင့် မကယ်တင်နိုင်ကြပဲ ငေးငိုင်ကြည့်နေမိကြသည်။

ထိုအချိန်ကလေး အတွင်းမှာပင်၊

'ဟော့....ကလေးမ၊ မလုပ်နဲ့'

ဝတုတ်အဘိုးအိုသည် အော်ဟစ်သတိပေးယင်း အတွင်းအားဖြင့် သူ၏ ညာလက်ကို ယင်းချို၏ဒူးကောက်ကွေးနေရာကို တချက်တောက်လိုက်၏။

ဝတုတ်အဘိုးအို၏အတွင်းအား တောက်ချက်သည် ယင်းချိုကို ထိထိမိမိဝင်ရောက်သွားသည်။

ယင်းချို၏ ညာဘက်သည် ပျော့ခွေ၍ ကျဆင်းသွားသည်။

ထိုအခါကျမှ ခုနစ်စင်ကြယ်ညီနောင်ခြောက်ဦးသည် ညီမဖြစ်သူထံသို့ အပြေးအလွှားလုယက်သွားကြသည်။



လင်ဝူတီသည်လည်း ရှောင်ထင်ကိုတိုက်ခိုက်ရန်ပင် သတိမရနိုင်တော့ပေ။

ညီမဖြစ်သူထံ ပြေးသွားရသည်။

ညီမဖြစ်သူနား ရောက်သည်နှင့် စိုးရိမ်တကြီး မေးလိုက်သည်။

'ညီမလေး ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ'

လင်ဝူတီသည် သူတကာပေါ်တွင် ဆိုးသွမ်းကောက်ကျစ်နေသော်လည်း ညီမဖြစ်သူနှင့်ပတ်သက်လာသောအခါ အစ်ကိုကြီးတယောက် ပီသစွာ သနားကြင်နာစိတ်များ ပွင့်အန်ထွက်လာရတော့သည်။

ယင်းချိုသည် အောက်နှုတ်ခမ်းကို ပါးစပ်ဖြင့် ဖိကိုက်ထားယင်း....

'အစ်ကိုကြီး၊ ညီမလေးဟာ ခုနစ်စင်ကြယ်အဖွဲ့ရဲ့ သိက္ခာကို ထိခိုက်သလို ဖြစ်သွားပြီ၊ ကျွန်မ တာဝန်မကျေဘူး'

လင်ဝူတီသည် သက်ပြင်းတချက်ချလိုက်သည်။

'ညီမလေးရယ် စစ်သားတယောက်ဟာ အရှုံးအနိုင် ဆိုတာ ရှိစမြဲပါပဲ၊ တိုက်ပွဲတိုင်းနိုင်ရမယ်လို့ တွက်ဆလို့ ဘယ်ရမလဲ၊ အရှုံးဆိုတာလဲရှိရမှာပေါ့၊ ရှုံးနိမ့်တာနဲ့ ကိုယ့်အသက်ကို အဆုံးခံတယ်ဆိုတာ အဓိပ္ပာယ်မရှိဘူး။ အကြောင်းမဲ့ သက်သက် ကိုယ့်အသက်ကို ဘာလို့ အဆုံးခံချင်ရတာလဲ'

လင်ဝူတီက ယင်းချိုကိုဖျောင်းဖျ၍ အားပေးစကား ပြောလိုက်သည်။

ပိန်သေးအဘိုးအိုသည် မနေသာတော့ပဲ ချောင်းတချက် ဟန့်လိုက်ပြီး။

'ကလေးမ....လင်ဝူတီပြောတာ မှန်တယ်၊ ကလေးမအပေါ်မှာ ကျုပ်အနေနဲ့ အနိုင်ကျင့်သလို ဖြစ်သွားယင်လဲ ကျုပ်တောင်းပန်ပါတယ်၊ နောက်ကို ဘယ်တော့မှ ဒီလို အပြုအမူမျိုး မပြုလုပ်နဲ့'

ဥဒေါင်းမယ် ယင်းချီက ခေါင်းခါယမ်းလိုက်သည်။

'ပိန်သေးအဘိုးအိုရဲ့ ပညာကို ကျွန်မ ချီးကျူးပါတယ်၊ ကျွန်မရဲ့ ပညာကိုက နုသေးကြောင်း ကျွန်မဝန်ခံပါတယ်၊ အဘိုး ကျွန်မကို အနိုင်ကျင့်ရာ မရောက်ပါဘူး၊ အဘိုးကျွန်မကို ညှာတာပြီး တိုက်တာ ကျွန်မ နားလည်ပါတယ်'

လင်ဝူတီသည် ဝတုတ်အဘိုးအိုဆီသို့ တလှမ်းချင်းလျှောက်သွားသည်။

ဝတုတ်အဘိုးအိုနားရောက်သည်နှင့် လက်နှစ်ဘက်ဖြင့် အရိုအသေပြုလိုက်ပြီး....။

'ဝတုတ်အဘိုးအို ကျွန်တော်ရဲ့ ညီမလေးကို ခုလိုအချိန်မီ ကယ်တင်လိုက်တာ အထူးကျေးဇူးတင်ပါတယ်၊ တနေ့နေ့မှာ အဘိုးအိုရဲ့ ကျေးဇူးကို ကျွန်တော်ပြန်ဆပ်ပါ့မယ်၊ ကျွန်တော် ပြောမှား ဆိုမှားရှိခဲ့တာလဲ ခွင့်လွှတ်ပါ'

ဝတုတ်အဘိုးအိုက လင်ဝူတီ၏ တောင်းပန်စကားကြောင့် ခေါင်းတဆတ်ဆတ် ညိတ်လျက်ပြုံးလိုက်သည်။

'လင်ဝူတီ ဒီကိစ္စတွေဟာ အသေးအဖွဲ့ကိစ္စလေးတွေပါကွာ၊ စိတ်ထဲမှာ ဘာမှ အမှတ်မထားပါနဲ့၊ ကဲ....ကဲ...မင်းတို့လိုရာ



ခရီးကိုသာ ပြန်ကြပေတော့၊ ဒီဘဏ္ဍာတော်တွေအပေါ်မှာလဲ ဘာလောဘစိတ်မှ မထားကြနဲ့တော့'

လင်ဝူတီ ခေါင်းညိတ်လိုက်သည်။

'ကျွန်တော်တို့ အဘိုးရဲ့ စကားကို နာခံပါ့မယ်၊ ကျွန်တော်တို့ အဘိုးကို ကျေးဇူးပြန်ဆပ်နိုင်တဲ့ အခွင့်လဲ ရှိပါစေ၊ အဘိုးတို့ရဲ့ နာမည်လေးတွေကို ကျွန်တော်တို့ သိပါရစေလား'

ဝတုတ် အဘိုးအိုက ခေါင်းခါယမ်းလိုက်သည်။

'တို့ နာမည်ကိုသိလို့ ဘာမှ အကြောင်းမထူးပါဘူးကွာ၊ မသိချင်စမ်းပါနဲ့ ခုန ငါတို့ခေါ်သလို ဝတုတ်၊ ပိန်သေး၊ ခေါင်းကြီး အဘိုးအိုလို့ပဲ မှတ်ထားလိုက်ကြပေါ့'

လင်ဝူတီ ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်၊

ထို့နောက်သူ၏ လူများအားလုံးဘက်လှည့်ကာ ပြောလိုက်သည်။

'ကဲ-ငါတို့အားလုံးပြန်ကြမယ်၊ ညီမလေးလာ အစ်ကိုတို့ပြန်ကြမယ်'

ခုနစ်စင်ကြယ်အဖွဲ့သားများအားလုံးသည် လင်ဝူတီအမိန့်ကို တညီတညွတ်တည်း နာခံလိုက်ကြသည်။

လင်ဝူတီ ထွက်ခွာသွားရာနောက်သို့ အသီးသီး လိုက်ပါသွားကြ၏။

မာန်စောင်တောင်သရဲ ဖန်ရှင်သည် နားမလည်စွာ ငေးကြည့်ယင်း ကျန်ရစ်ခဲ့ရှာသည်။

ရှောင်ထင်သည်သည်း ကယ်တင်ရှင်ဖြစ်သော အဘိုးအိုသုံးဦးကို ကျေးဇူးတင်သော အကြည့်ဖြင့် ကြည့်လိုက်၏။

သို့သော်....

ရှောင်ထင်သည် ဘဏ္ဍာတော်များကို စိတ်မချရသေးချေ။

ဘဏ္ဍာတော်များကို တိုက်ခိုက်လုယူကြမည့် သိုင်းအဖွဲ့များ နောက်ထပ်မည်မျှ ထပ်၍ရောက်လာကြဦးမည်ကို မပြောတတ်နိုင်သေးချေ။

*　　*　　*

# ၁၇

ပေတရာကျော် အကွာအဝေးတွင် အသက်လေးဆယ်ဝန်းကျင်ရှိ လူတယောက်....

လမ်းမပေါ်တွင် မားမားမတ်မတ် ရပ်နေလျက် ရှိသည်။

ထိုလူ၏ ပုံသဏ္ဌာန်က....

သန့်မာထွားကျိုင်းသော ကိုယ်ကာယရှိပြီး မျက်နှာမှာ ခက်ထန်ကြမ်းတမ်းသယောင်ရှိ၏။

အင်္ကျီအနက် ဘောင်းဘီအနက်ကို ဝတ်ဆင်ထားပြီး ရင်ဘတ်ရှေ့ပိုင်းကို ဟာလာဟင်းလင်းဖွင့်ထားသဖြင့် ဖုထစ်နေသော ရင်အုပ်အစုံကို တွေ့နေရသည်။

သူသည် လမ်းမအလယ်တွင် မတ်မတ်ရပ်လျက် ဓားတလက်ကို ကိုင်ဆောင်ထား၏။

နေရောင်တွင် ဓားရောင် ဝင်းကနဲ လက်ကနဲ ဖြစ်သွားသည်။

သူကား....

နယ်ခြားဒေသတွင် ဆိုးသွမ်းရာ၌ ဗိုလ်ခသားသော နာမည်ကြီး ထိမ်သီးဓားသမား ဝူရှောင်ဖုန်းဖြစ်၏။

လင်ဝူတိသည် နယ်ခြားဓားသူရင် ဝူရှောက်ဖုန်းကို ဦးစွာတွေ့မြင်လိုက်သည်။

ဝူရှောက်ဖုန်း ကိုင်ဆောင်ထားသော ဓားမှာ သိုင်းလောကတွင် မည်သူမျှ မကိုင်ဆောင်ဘူးသေးသော ထူးဆန်းသည့် ဓားတလက်ဖြစ်ကြောင်း လင်ဝူတိ ခန့်မှန်းမိသည်။

ခုနစ်စင်ကြယ် သိုင်းအဖွဲ့သည် မြင်းများပေါ် လှမ်းတက်၍ ထွက်ခွာမည်အပြုတွင်....

ဝူရှောက်ဖုန်း၏ အောင်မြင်သော အသံကြီးကို ကြားလိုက်ရပြန်သည်။

'ဟေ့-လင်ဝူတိ မင်းတို့အဖွဲ့ ခဏနေကြဦး'

လင်ဝူတိ မျက်မှောင်တချက် ကုပ်သွားသည်။

'ဘာကိစ္စရှိလို့လဲ ဝူရှောက်ဖုန်း'

'မင်းတို့ ငါ့ကို အကူအညီတခုလောက် ပေးကြစမ်းပါ'

'ဘာအကူအညီလဲ'

'မင်းတို့ ဘဏ္ဍာတော်လှည်းတွေကို တွေ့လိုက်တယ်မို့လား'

'တွေ့သားပဲ၊ အဲဒါ ငါတို့က ဘာလုပ်ပေးရမှာလဲ'



'လှည်းခုနစ်စင်းနဲ့ ငါတယောက်တည်း မနိုင်မနင်း ဖြစ်နေလို့'

'ဘာလဲ၊ ငါတို့က မင်းကို ဘဏ္ဍာတော်တွေကူပြီး သယ်ပေးရဦးမှာလား'

ဝူရှောက်ဖုန်း ကျေနပ်သဘောကျသွားပုံရသည်။

နှစ်ခြိုက်စွာ ပြုံးလိုက်ပြီး....

'အေး-အဲဒီသဘောပဲ'

လင်ဝူတိ ပခုံးတဘက် တွန့်ပြလိုက်သည်။

'ဒါဆိုယင် မင်းဝဝတုတ်တုတ်အဘိုးအို ဦးဆောင်တဲ့ အဘိုးအို သုံးယောက်အဖွဲ့ကိုကော တွေ့ပြီးပလား ဝူရှောက်ဖုန်း'

'တွေ့ပြီးပြီ'

'အဲဒီသုံးယောက်နဲ့ မင်းယှဉ်ပြိုင်နိုင်ပါ့မလား'

ဝူရှောက်ဖုန်း နှာခေါင်းတချက်ရှုံ့သွား၏။

'အဲဒီသုံးကောင်ကို မယှဉ်နိုင်ပဲနဲ့ ဘဏ္ဍာတော်ငွေတွေ သယ်ဆောင်ပေးဖို့ မင်းတို့ဆီက အကူအညီတောင်းမလားကွ'

လင်ဝူတိ ခေါင်းခါယမ်းလိုက်ပြီး စိတ်မပါသော လေသံဖြင့် ပြောလိုက်သည်။

'ဒီကိစ္စတော့ ငါတို့ အကူအညီမပေးနိုင်ဘူး ဝူရှောက်ဖုန်း မင်းဘာခြားအဖွဲ့တွေ သွားပြီး အကူအညီတောင်းပါ'

ဝူရှောက်ဖုန်း မယုံကြည်နိုင်သော အမူအရာကြောင့် မျက်လုံး ပြူကျယ်သွားကာ။

'ဘာဖြစ်လို့ မင်းတို့က မကူညီနိုင်တာလဲ'

'အဲ ဒီအတိုးအိုသုံးယောက်နဲ့ ယှဉ်ပြိုင်တာ ငါတို့ရှုံးနိမ့်လို့ အဲဒီကနေ ထွက်ခွာသွားပါတော့မယ်လို့ ကတိပေးခဲ့လို့ပဲ ဝူရှောက်ဖုန်း'

ဝူရှောက်ဖုန်း တဟဲ့ဟဲ ရယ်မောကာ ခေါင်းခါယမ်းလိုက်သည်။

'ဒီလိုရှောင်ထွက်သွားလို့ဘယ်ရမလဲ လင်ဝူတီ၊ မင်းတို့ ငါ့စကားကို နားထောင်ကြရမယ်'

ထိုစဉ်....။

ခုနစ်စင်ကြယ်ခုနစ်ဖော်ထဲမှ လင်းယုန်ကျူးယစ်ထူက မျက်မှောင်ကြုတ်လျက် မကျေနပ်စွာပြောလိုက်သည်၊

'မင်းဘာသာမင်း နယ်ခြားမှာပဲဗိုလ်ကျသို့ရမယ်၊ ငါတို့အဖွဲ့ကို လာဗိုလ်ကျလို့မရဘူးကွ'

'နယ်ခြားနဲ့ပြည်မဟာ အတူတူပါပဲကွ၊ အေး-မှတ်ထား၊ ဝူရှောက်ဖုန်းနဲ့တွေ့တဲ့ကောင်မှန်သမျှ ဝူရှောက်ဖုန်းရဲ့စကားကို မလိုက်နာလို့မရဘူး'

'ဒါပေမယ့် ငါတို့ညီအစ်ကိုကတော့ မင်းစကားကို နားမထောင်နိုင်ဘူးကွာ'

ကျူးယစ်ထူက ဝူရှောက်ဖုန်းကို ဆန့်ကျင်ဘက်စကားများချည်း ပြောနေ၏။

ဝူရှောက်ဖုန်း ခေါင်းတဆတ်ဆတ်ညိတ်ယင်း ကျူးယစ်ထူကို ရေခဲတမျှ အေးစက်သောအကြည့်ဖြင့် ကြည့်လိုက်သည်။

'ဒါဆိုယင် မင်းက ငါ့ရဲ့ရတနာဓားကို တွေ့ချင်ပြီ တူတယ်'



'သိုင်းလောကမှာ နာမည်ကျော်ကြားတယ်ဆိုတာ တချို့က တကယ်ပညာတော်လို့ကျော်တာ၊ တချို့က ညာဝါးပြီး လူအထင်ကြီးအောင်လျှောက်ပြောပြီး ကျော်ကြားနေကြတာ၊ အေး မင်းလဲ ငါတို့မမြင်ရတဲ့နယ်ခြားမှာ နယ်ခြားဓားဘုရင်ဆိုပြီး ကျော်ကြားပေမယ့် တို့မြင်ရတာမဟုတ်တော့ မင်းဟာ တကယ်ပညာဘတ်လို့ ကျော်တာလားဆိုတာ သိချင်နေတာနဲ့ အတော်ပဲပေါ့'

ဝူရှောက်ဖုန်း မျက်ခုံးတွန့်သွား၏။

'မင်းဟာ ခုနစ်စင်ကြယ်ညီနောင်ထဲက နံပါတ်ဘယ်လောက်လဲ၊ မင်းသတ္တိကတော့ မဆိုးပါဘူး'

'ငါ ဒုတိယမြောက်ဖြစ်တဲ့ လင်းယုန်ကျူးယစ်ထူပဲ'

ဝူရှောက်ဖုန်းသည် လင်ဝူတီကို တချက်ဝင့်ကြည့်ပြီးမေး၏။

'လင်ဝူတီ မင်းညီပြောတာကြားတယ်နော်'

လင်ဝူတီလည်း ခေါင်းညိတ်လိုက်ပြီး....။

'အေး-ငါကြားသားပဲ၊ အဲဒါဘာဖြစ်သလဲ'

'မင်းညီရဲ့စကားကို မင်းဘယ်လိုသဘောရသလဲ'

'ဘယ်လိုမှသဘောမရဘူး'

ဝူရှောက်ဖုန်း ခေါင်းတဆတ်ဆတ်ညိတ်ယင်း ဆက်ပြောသည်။

'ငါ့ရဲ့ရတနာဓားအကြောင်း မင်းကြားဖူးမှာပေါ့၊ ငါ့ရဲ့ဓားဟာ ဓားအိမ်ကနေမထုတ်မချင်း ဘာမှမဖြစ်ပေမယ့် ဓားအိမ်ကထုတ်မိတာနဲ့ ဘယ်သူ့မှဗိုလ်မသားတဲ့ ဓားဘုရင်ပဲ၊ ငါ

မားဟာ လူ့သွေးကို မသောက်ရမချင်း မားအိမ်ထဲကို ပြန်ဝင်ရိုးထုံးစံမရှိဘူး၊ ဒါကြောင့်လဲ ငါ့ရဲ့မားကို ဗိုလ်မထားတဲ့ မားဘုရင်လို့ အမည်ပေးထားတယ်’

လင်မူတိ နှာခေါင်းရှုံ့လိုက်ပြီး....။

‘မင်းပြောတဲ့သဘောက မင်းမားဟာ ငါ့ညီကိုတိုက်ခိုက်ဖို့ မားအိမ်ကချွတ်မိတာနဲ့ ငါ့ညီရဲ့သွေးဟာ မင်းရဲ့မားမှာ စွန်းထင်ရမယ်ပေါ့ ဟုတ်လား’

‘ဟုတ်တယ်–ဒီသဘောပဲ’

‘တကယ်လို့ ဒီလိုဖြစ်သွားလဲ ဘယ်တတ်နိုင်မလဲ၊ သူ့ရဲ့ သိုင်းပညာမထက်မြက်လို့ ဖြစ်ရတာပဲလို့ သဘောထားရမှာပေါ့’

ဝူရှောက်ဖုန်း၏မျက်လုံးအစုံသည် ဒေါသကြောင့် ရဲရဲနီသွားသည်။

‘ကောင်းပြီ ဒီလိုဆိုယင် ငါ့ဘက်က ဘာမှပြောဖို့မရှိတော့ဘူး’

ဝူရှောက်ဖုန်းသည် လင်ဝူတိကိုပြောသောစကားဆုံးသည်နှင့် ကျူယစ်ထူဘက်လှည့်ကာ ဆက်၍ပြောပြန်သည်။

‘ကဲ–မင်း သတိသာထားပေတော့၊ ငါ့ရဲ့ဒီမားတချက်ဟာ မင်းရဲ့ လက်ဝဲဘက်လက်မောင်းကို ဖြတ်ယူပစ်မယ်၊ ဒါဟာလဲ မင်း ငါ့ကို အထင်သေးမှားယွင်းတဲ့ ဒဏ်ခတ်မှုအတွက်ပဲ ဖြစ်တယ်’



ဝူရှောက်ဖုန်းသည် စကားအဆုံးတွင် သူ၏ရတနာမားကို မားအိမ်မှချွတ်လိုက်ပြီး ကျူယစ်ထူဘက်သို့ ခုတ်ထည့်လိုက်သည်။

လင်ဝူတိသည် မားမထုတ်မီ တဘက်ရန်သူကို သတိပေးစကားပင်ပြောနိုင်သော သိုင်းသမားကို သည်တကြိမ် ပထမဦးဆုံးအကြိမ် တွေ့ဆုံရခြင်းပင်ဖြစ်သည်။

ထိုသို့သောသိုင်းသမားမျိုးကို သိုင်းလောကတွင် တခါမျှ မတွေ့ဘူးသေးချေ။

ဝူရှောက်ဖုန်းသည် သူ့ကိုယ်သူ ယုံကြည်မှုအပြည့်အဝရှိပုံရသည်။

လျှပ်စီးလက်သကဲ့သို့ လျှန်မြန်လွန်းလှသော မားချက်သည် ကျူယစ်ထူအနီးသို့ ကျရောက်လာသည်။

ခုနစ်စင်ကြယ်ညီနောင်များသည် နယ်ခြားမားဘုရင်ကို အမည်သာ ကြားဖူးထားကြသည်။

သို့သော် တခါဘူးမျှ မတွေ့ဖူးကြပေ။

ယခုကဲ့သို့ ကိုယ်တွေ့မျက်မြင် တွေ့လိုက်ရသောအခါတွင်မူ နာမည်ကြီးသလောက် အစွမ်းထက်လှသော နယ်ခြားမားဘုရင်ကို အံ့အားသင့်စွာ ငေးကြည့်နေကြရတော့သည်။

ကျူယစ်ထူသည် လျှပ်တပြက်ဝင်လာသော မားချက်ကို မည်သို့ရှောင်တိမ်းရမှန်းပင် မသိတတ်တော့ချေ။

မြန်ဆန်လွန်းလှသောတိုက်ကွက်ကြောင့် တုန်လှုပ်ချောက်ချားသွားသည်။

စင်စစ်–

ကျူယစ်ထူသည် သိုင်းပညာအဆင့်မနိမ့်ကျလှချေ။

သို့သော်....

နယ်ခြားသိုင်းလောကတွင် နယ်ခြားဓားဘုရင်ဟု နာမည်ကျော်ကြား၍ ယှဉ်ပြိုင်ရဲသည့် သူပင်မရှိသော ဝူရှောက်ဖုန်း၏ ဓားကွက်များကိုမူ ယှဉ်ပြိုင်နိုင်ခြင်း မရှိကြောင်း ရိပ်စားမိလိုက်၏။

ကျူယစ်ထူသည်ဝူရှောင်တိမ်းခြင်းမရှိပဲ ဆက်၍ငေးကြောင်ကာ ငြိမ်နေပါက ဝူရှောက်ဖုန်း ပြောသည့် စကားအတိုင်းပင် သူ၏ ညာလက်မောင်းသည် ရတနာဓား၏ ခုတ်ချက် ကြောင့် တိတိပြတ်သွားမည်သာဖြစ်သည်။

အမိုက်ခံ၍ ရင်ဆိုင်လိုက်ပါက–

လက်ပြတ်ရုံတင်မက အသက်ပင် ဆုံးရှုံးသွားနိုင်ကြောင်းလည်း နားလည်လိုက်သည်။

ကျူယစ်ထူ သည် မည်သို့ရှောင်တိမ်းရမည်ကို တဒင်္ဂအတွင်း ဆုံးဖြတ်၍ မရနိုင်အောင် ဖြစ်နေမိသည်။

နောက်ဆုံးတွင် ကျူယစ်ထူသည် ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်တော့သည်။



အသက်အသေခံ၍ မတိုက်တော့ပဲ လက်မောင်းတဘက်သာ အဖြတ်ခံလိုက်ရန်အတွက် မတုန်မလှုပ်ပဲ မျက်စိပိတ်ကာ ရပ်နေတော့သည်။

* * *

## ၁၈

နယ်ခြားဓားဘုရင်၏ ဓားချက်များကား လျင် မြန် လှပေသည်။

သို့သော်....

ထိုဓားချက်များထက် ပို၍လျင်မြန်သော ဓားချက်က ရှိနေသေးသည်။

လူရိပ်တရိပ်သည် ဓားဘုရင်၏ဓားချက်များကိုဖယ်ရှားရန် အတွက် လူရောသိုင်းပညာပါ ဝင်ရောက်သွားသည်။

ချင်ကနဲ ဓားချင်း ထိခတ်သံကို ကြားလိုက်ရသည်။

ဝူရှောက်ဖုန်း၏ဓားသည်လည်း မြေပေါ်သို့လွင့်စင်ထွက်ခွာ သွားသည်။



သို့သော်....

ဝူရှောင်ဖုန်းကား တုန်လှုပ်သွားခြင်းမရှိချေ။

ခန္ဓာကိုယ်သည် နေရာမှပင် မည်သို့မျှ မရွေ့လျားပေ။

ရုတ်တရက်ဝင်လာသော လူရိပ်သည် ကောင်းကင်မှတဆင့် ခန္ဓာကိုယ် မြေပေါ်သို့အရောက်တွင် ထိုသူ ကိုင်ဆောင်ထားသောဓားမှာလည်း နယ်ခြားဓားဘုရင်၏ အာမခံဓားချက် ကြောင့် ဖြစ်ဟန်တူသည်။

အပိုင်းပိုင်း ကျိုးပြတ်ထွက်သွားသည်။

ဝင်လာသော လူရိပ်၏ရင်ဘတ်တွင် နာကျင်သော ဝေဒနာကို ခံစားလိုက်ရပုံရသည်။

မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

ဒဏ်ရာရသွားသောနေရာမှ သွေးများပြင်ပသို့ ထပ်မံ ယိုစီး မထွက်လာစေရန် အတွင်းအားဖြင့် ထိန်းချုပ်ထား၏။

ထိုသူကား....

ပိန်သေးအဘိုးအိုဖြစ်သည်။

ပိန်သေးအဘိုးအိုသည် ဥဒေါင်းမယ် ယင်းချီထံမှ ဓားကို လျှပ်တပြက်ပြေးဝင်ဆွဲနှုတ်ပြီး လူရောဓားပါ တပါတည်း ဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်သည်။

ပိန်သေးအဘိုးအိုသည် ကျူယစ်ထူ၏ အသက်ကို ကယ်တင်ခဲ့သကဲ့သို့....

ဝတုတ်အဘိုးအိုသည်လည်း ယင်းချီ၏အသက်ကို ကယ်တင်ခဲ့၏။

ဝူရှောက်ဖုန်းသည် ပိန်သေး အဘိုးအိုကို အေး စက်စွာ စူးစိုက်ကြည့်ပြီး မကျေနပ်စွာ မေးလိုက်၏။

'ခင်ဗျားက ဘာလို့ ကျုပ်တို့ကိစ္စမှာ ဝင် ရောက် စွက်ဖက်ချင်ရတာလဲ'

ပိန်သေးအဘိုးအိုသည် ဝူရှောက်ဖုန်းပြောသမျှကို မည်သို့မျှ ပြန်မပြောပဲ....

ရေငုံနှုတ်ပိတ်နေလျက်ရှိသည်။

ဝူရှောက်ဖုန်း မျက်ခုံးနှစ်ဘက် ပင့်သွားသည်။

'ကျုပ်ပြောနေတာ ကြားရဲ့လား၊ ဘာ လို့ ပြန်မဖြေနိုင်အောင် ဖြစ်နေရတာလဲ'

အားရကျေနပ်ခြင်းမရှိသဖြင့် မေးလိုက်၏။

ထိုစဉ်....

လူရိပ်နှစ်ရိပ်ထပ်မံရောက်ရှိလာကြပြန်သည်။

ဝတုတ်အဘိုးအိုနှင့်-

ခေါင်းကြီးအဘိုးအိုတို့ ဖြစ်နေကြသည်။

ဝတုတ်သည် ဂူရှောက်ဖုန်းကို တင်းမာအေးစက်စွာ ကြည့်ယင်း ဒေါသဖြင့် ပြောလိုက်သည်။

'ဒီမှာ ဝူရှောက်ဖုန်း၊ မင်းရဲ့ဓားချက်ကြောင့်ရရှိတဲ့ဒဏ်ရာကို အတွင်းအားနဲ့ကုစားနေရတဲ့အတွက် မင်းကို စကားမပြောနိုင်ရတာပဲ'

ဝူရှောက်ဖုန်း ပခုံးတွန့်လိုက်သည်။

'ဒါကတော့ သူ့အပြစ်နဲ့သူပဲ၊ ကျုပ်နဲ့ဘာမှ မဆိုင်ဘူး'

ဝတုတ် သက်ပြင်းချလိုက်သည်။



'ဝူရှောက်ဖုန်း ငါတို့သုံးယောက်ဟာ ဘာလက်နက်မှ မကိုင်တာ ဆယ်နှစ်ကျော်ပြီဆိုတာ မင်းသိတယ် မဟုတ်လား၊ ငါတို့ရဲ့ လက်ဝါးနဲ့ လက်ချောင်းကိုသာ လက်နက်အဖြစ် အသုံးပြုခဲ့ကြတာ၊ ဒါပေမယ့် တို့ရဲ့လက်ဝါးနဲ့ လက်ချောင်းဟာ လူကိုသေစေနိုင်တဲ့ လက်နက်အဖြစ်လဲ အသုံးချလို့ရတယ်ဆိုတာ မင်းမြဲမြဲမှတ်ထားပါ'

ဝတုတ်စကားကို ဝူရှောက်ဖုန်းသည် ရယ်မောစရာစကားနှယ် ထင်မှတ်ပုံရသည်။

သဘောကျစွာ ဟားတိုက်ရယ်မောလိုက်သည်။

'ဝတုတ်အဘိုးအိုကြီး၊ ခင်ဗျားတို့ဟာ ရွှေစွန်အဖွဲ့က လူထူးလူဆန်း သုံးဦးဆိုတာ ကျုပ်သိတယ်၊ ခင်ဗျားတို့ရဲ့ ပညာစွမ်းဟာ သိုင်းလောကထဲမှာ ယှဉ်ပြိုင်သူ ရှားလောက်အောင် အစွမ်းထက်ပေမယ့် ကျုပ်မျက်စိထဲမှာတော့ မထူးဆန်းဘူး'

နယ်ခြားမဲ့ဘုရင် ဝူရှောက်ဖုန်း၏စကားကြောင့် ခုနစ်စင်ကြယ်ညီနောင်တို့သည် အဘိုးအိုသုံးဦး၏ သိသင့်သမျှ သိရှိသွားပြီ တုန်လှုပ်ကြောက်ရွံ့သွား၏။

အဘိုးအိုသုံးဦးကား ရွှေစွန်အဖွဲ့မှ ထူးဆန်းသော သိုင်းညီနောင် သုံးဖော်ဖြစ်သည်။

ရွှေစွန်အဖွဲ့ဆိုသည်ကလည်း မဟုတ်မမှန်မလုပ်။

မကောင်းသူဖယ်ရှားကာ ကောင်းသူကယ်တင်ပြီး မင်မင်းဆက် တည်ထောင်နိုင်ရန် ကြိုးပမ်းနေကြသော မျိုးချစ်အင်အားစု တခုပင် ဖြစ်သည်။

အတိုးအိုသုံးဦးသည် သည်မျှထိ ထက်မြက် နေပါလျှင် သူတို့၏ခေါင်းဆောင် သခင်လေးဆိုသူကား ဆိုဖွယ်ရာပင် ရှိမည်မဟုတ်ချေ။

လင်ဝူတီသည် သူ၏ညီဖြစ်သူ ဥဒေါင်းမယ်ယင်းချီနှင့် ပိန်သေးအတိုးအို တိုက်ခိုက်ခဲ့သည့် တိုက်ကွက်များကို မျက်လုံးထဲ ပြန်လည်မြင်ယောင် လာသည်၊

အတိုးအိုသုံးဦး၏ ညာဘာမှု၊ စာနာမှု၊ စေဘနာများကို တဖြည်းဖြည်း နားလည်လေးစားလာရသည်။

လင်ဝူဘီ စဉ်းစားနေစဉ်မှာပင် ဝတုတ်အတိုးအို၏ အသံက တည်ငြိမ်ဆွတ်ပျံ့ လွင့်လာသည်။

'ဝူရှောက်ဖုန်း ငါတို့သုံးယောက်ကော မင်းနဲ့ မယှဉ်ပြိုင်ရဲဘူးလို့ မင်းတွက်ဆနေသလားကွ'

'ခင်ဗျားတို့သုံးယောက်ထဲက တယောက်ချင်း ယှဉ်ပြိုင်ယင် ကျုပ်ရဲ့ သိုင်းကွက်ဘာရာကျော်တဲ့ထိ ခင်ဗျားတို့မယှဉ်ပြိုင်ရဲပါဘူး'

'ငါတို့ သုံးယောက်စလုံးနဲ့ကော မင်းယှဉ်ပြိုင်ရဲမလား'

'ဒါကတော့ ကျုပ်လဲမပြောတတ်ဘူး၊ ခင်ဗျားတို့ နိုင်ချင်လဲ နိုင်မယ်၊ ဒါပေမယ့် သိုင်းကွက်ငါးရာကျော်မှ နိုင်မယ်၊ ဒါတောင် ခင်ဗျားတို့ ကျုပ်ကို အနာတရ ဖြစ်သွားအောင် လုပ်လို့ ရမှာမဟုတ်ဘူး နားလည်ရဲ့လား'

ဝတုတ် အတိုးအိုသည် စူးရှသော မျက်လုံးအစုံဖြင့် တချက်ဝေ့ကြည့်လိုက်၏။



'မင်းရဲ့စကားတွေက လိုတာထက်ပိုကုန်ပြီကွာ'

'ဘာလဲ၊ ခင်ဗျားက ကျုပ်စကားကို ကြားထယ်မှတ်နေလို့လား'

'ဒီလိုပဲ တွက်ဆတယ်ကွာ'

ဝူရှောက်ဖုန်း ဟားတိုက်ရယ်မောပြီး ပြော၏။

'ကျုပ်ကြွားနေတာမဟုတ်ပဲ အမှန်စကား ပြောနေတယ်ဆိုတာ ခင်ဗျားတို့ ကျုပ်နဲ့ ယှဉ်ပြိုင်ကြည့်မှသိမှာပဲ'

ဝတုတ်အတိုးအိုသည် စူးရှတောက်ပသော မျက်လုံးအစုံဖြင့် ဝူရှောက်ဖုန်းကို ကြည့်လိုက်၏။

ဒေါသငွေ့များကြောင့် မျက်နှာထားသည် နီရဲလျက်ရှိသည်။

ထို့နောက် ရှေ့သို့ ခြေတလှမ်း တိုးသွား၏။

ခုနစ်စင်ကြယ် ညီနောင်သည် ပိန်သေးအတိုးအိုနှင့် ခေါင်းအတိုးအိုနားသို့ ပေါ့ပါးစွာ ရောက်ရှိသွားကြသည်။

လင်ဝူတီသည် အတိုးအိုနှစ်ဦးကို လေသံဖြင့် ပြောလိုက်သည်။

'ကျွန်တော်တို့ ညီနောင်က အဘတို့ရဲ့ လုံခြုံရေးကို အကာအကွယ် ယူပေးပါမယ်'

ဝတုတ်အတိုးအိုသည် ဝူရှောက်ဖုန်းကို တိုက်ခိုက်ရန် တလှမ်းချင်း ရှေ့တက်သွားသည်။

ထိုအချိန်တွင်....

ဝူရှောက်ဖုန်းကလည်း တိုက်ခိုက်ဟန် အတွက် ခြေလက်လှုပ်ရှားရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်....

ကြည်လင်ပြတ်သားသော အသံတသံသည် မူရှောက်ဖုန်း၏ ကျောတက်မှ ရုတ်တရက် ထွက်ပေါ်လာ၏။

အသံရှင်၏ လှုပ်ရှားမှုကား လွန်စွာ လျင်မြန်လှပေသည်။

လူရိပ်နှင့် အသံသည် တထပ်တည်း ကျနေသလားဟုပင် ထင်မှတ်ရသည်။

အသံကြားရမှ ပူရှောက်ဖုန်း၏နောက်မှ လူရိပ်ကို သတိထားမိကြ၏။

'ငူအစ်ကိုကြီး၊ ခင်ဗျားရဲ့နောက်ကျော တည့်တည့်မှာ ကျုပ်ရဲ့ ချွန်ထက်တဲ့ ဓားတချောင်းက အသက်ကို နှုတ်ယူဖို့ အသင့်အနေအထားပဲ၊ ဒီတော့ ခင်ဗျားရဲ့ လှုပ်ရှားမှုတွေကို ရုပ်သိမ်းလိုက်ပါ၊ ဒီလိုမှ မဟုတ်ယင် ကျုပ်ရဲ့ထက်မြက်တဲ့ ဓားဟာ ခင်ဗျားရဲ့နောက်ကျော ထိုးဖောက် ဝင်သွားလို့ ခင်ဗျားရဲ့ နယ်ခြားဓားဘုရင်ဆိုတဲ့ ဘွဲ့ပျောက်ပြီး ခင်ဗျားရဲ့ ရတနာဓားလဲ ပိုင်ရှင်ပြောင်းသွားမယ်'

အသံရှင်ကို အားလုံး အာရုံစူးစိုက်သွားကြသည်။

အသံရှင်က အသက်ကြီးရင့် အိုမင်းသူမဟုတ်။

အသက်နှစ်ဆယ့်ငါးနှစ်ခန့်ရှိသည့် လူငယ်တယောက် ဖြစ်သည်။

နှာတံပေါ်ပေါ်။

မျက်ခုံးကောင်းကောင်း။

သန်မာဖျတ်လတ်၍ ဝတ်ရုံဖြူကို ဝတ်ဆင်ထားသဖြင့် သူ့အသွင်မှာ ခန့်ညားထယ်ဝါနေသည်။



ဝတုတ်အဘိုးအိုသည် လူငယ်ကိုတွေ့လိုက်ရသဖြင့် မျက်နှာထားများ ပြောင်းလဲသွားကြသည်။

အားအင်တက်ကြွလာသည့် မျက်နှာထားမျိုး။

သို့သော် ။

ဝတ်ရုံဖြူလူငယ်က အဘိုးအိုများကို မျက်စိတချက် ဝေ့ကြည့်လိုက်သည်။

အဘိုးအိုသုံးဦး၏မျက်နှာ ပျက်သွားကြသည်။

ဝတ်ရုံဖြူရှင်ကို ရဲရဲပင်မကြည့်ဝံ့ကြတော့ချေ။

ဝတ်ရုံဖြူရှင်လူငယ်သည် အဘိုးအိုသုံးဦးနှင့် မည်သို့ ပတ်သက်နေသနည်း။

ရွှေစွန်အဖွဲ့မှလော။

သို့တည်းမဟုတ်။

သခင်လေးဆိုသူလော။

မည်သို့ဖြစ်စေ။

ဝတ်ရုံဖြူလူငယ်သည် အဘိုးအိုသုံးဦးကို မျက်နှာရိပ် မျက်နှာကဲဖြင့်ပင် ငြိမ်အောင်လုပ်နိုင်သည်ဖြစ်ရာ တော်ရုံတန်ရုံလူ မဖြစ်တန်ရာချေ။

* * *

## ၁၉

ဝူရှောက်ဖုန်းသည် မိမိနောက်ကျောတွင် ဓားဖြင့်ချိန်ရွယ်ထားခြင်းရှိမရှိ အမှန်တကယ်သိရှိရန်အတွက် ခန္ဓာကိုယ်ကို ရှေ့သို့တချက်ခုန်တက်ပြီး ဆတ်ကနဲ နောက်ပြန်လှည့်လိုက်၏။

သူ့နောက်ကျောတွင် မည်သည့်ဝေဒနာမျှ မခံစားလိုက်ရ၊ ထို့အတူ၊

မည်သည့်ဓားမျှလည်း မတွေ့ရချေ။

သူတွေ့လိုက်ရသည်ကား....။

ခန့်ညားတည်ငြိမ်စွာ ရပ်တည်နေသော ဝတ်ရုံဖြူ ဝတ်ထားသည့် လူငယ်ပင်တည်း။

'ခုနကငါ့ကိုခြိမ်းခြောက်တာ မင်းလားကွ'

ဝတ်ရုံဖြူလူငယ်က ခေါင်းညိတ်ပြလိုက်သည်။



'ဟုတ်တယ်-ကျုပ်ပဲ'

ဝူရှောက်ဖုန်း မျက်ခုံးတွန့်သွားသည်။

'မင်းက ငါ့နောက်ကျောကို ဓားနဲ့ချိန်ထားတယ်ဆို၊ အခု ဘယ်မှာလဲ မင်းရဲ့ဓား'

လူငယ်က လက်ကိုမြှောက်ပြလိုက်ပြီး....။

'ဓားကဒီမှာလေ၊ ကျုပ်လက်ထဲမှာ ရှိနေသေးတယ်'

ဝူရှောက်ဖုန်းသည် လူငယ်၏လက်ကို နားမလည်စွာ စိုက်ကြည့်နေမိသည်။

လူငယ်၏လက်ထဲတွင် မည်သည့်ဓားမျှ မတွေ့ရချေ။

လူငယ် တချက်ပြုံးလိုက်ပြီး ဆက်ပြော၏။

'သိပ်အံ့သြနေသလား၊ ကျုပ်ရဲ့ဓားကို ခင်ဗျားဘယ်လောက်ကြည့်ကြည့် မျက်လုံးသာ ပေါက်ထွက်သွားမယ် မြင်ရမှာ မဟုတ်ဘူး'

'ဘာဖြစ်လို့လဲ'

'ကျုပ်ရဲ့ဓားက အရိပ်မဲ့ဓားဖြစ်နေလို့ပဲ'

ဝတ်ရုံဖြူလူငယ်၏စကားကြောင့် ပတ်ဝန်းကျင်မှလူများ၏ မျက်လုံးအစုံသည် ဇီးကွက်ကပင် အရှုံးပေးရလောက်အောင် ပြူးကျယ်သွားကြကုန်သည်။

ပါးစပ်မှလည်း တီးတိုးရေရွတ်လိုက်မိကြ၏။

'အရိပ်မဲ့ဓား'

* * *

ခက်ထန်တင်းမာသော ဝူရှောက်ဖုန်း၏ မျက်လုံးအစုံသည် အများသူငါနှယ် ချက်ချင်းပြူးကျယ်သွားပြီး...။

'အရိပ်မဲ့ဓား....ဒါ.. ဒါဆိုယင် မင်း....မင်း....'

ဝူရှောက်ဖုန်း၏ အံ့ဩတုန်လှုပ်သံဖြင့် မေးခွန်းမဆုံးမီ ဝတ်ရုံဖြူလူငယ်က ကြားဖြတ်ဝင်ပြောလိုက်သည်။

'ဟုတ်တယ်၊ ကျုပ်ဟာ ရတနာနဂါးချူယိပဲ'

ထိုစကားကြောင့် ဝူရှောက်ဖုန်း၏မျက်နှာသည် ပိုမိုအံ့ဩသွားပုံရသည်။

မျက်လုံးပြူးရုံမက ပါးစပ်ပါ အဟောင်းသား ပွင့်ဟသွား၏။

'ဒါဆိုယင် မင်း....မင်းဟာ မေတ္တာဓားသမားလို့ ခေါ်တဲ့ ချူးယိပေါ့ ဟုတ်လား'

ချူးယိ ခေါင်းညိတ်ပြလိုက်သည်။

ဝူရှောက်ဖုန်းလည်း ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး....

'ငါကြားသိရသလောက်တော့ ဓားပညာမှာ မင်းကို ယှဉ်ပြိုင်နိုင်တဲ့လူရှားတယ်တဲ့၊ ဘယ်သူမဆို မင်းနဲ့ သိုင်းကွက်တရာပြည့်အောင် မယှဉ်နိုင်ဘူးဆိုတာကော ဟုတ်ရဲ့လား'

ချူယိ ပခုံးတွန့်ပြလိုက်သည်။

'သိုင်းလောကက ရောင်းရင်းတွေကတော့ ဒီလိုပဲပြောနေကြတာပဲ၊ ဒါပေမယ့် ကျုပ်ကတော့ ကျုပ် ပညာဟာ ဒီလောက်မရှိသေးဘူးမှတ်တာပဲ'



'မင်းအနေနဲ့ ကိုယ့်ကိုကိုယ် ဒီလောက်ထိ နှိမ့်ချ ပြောစရာမလိုပါဘူးကွာ၊ ငါ့အနေနဲ့ မင်းရဲ့သိုင်းပညာကို စောစောကတည်းကသိနေပါတယ်၊ ဒါကြောင့် မင်းနဲ့ငါ သိုင်းကွက်တထောင်ထိအောင် ယှဉ်ပြိုင်ကြည့်ချင်တယ်၊ ဒါမှ မင်းရဲ့ အရိပ်မဲ့မေတ္တာဓားကပဲ ထက်မြက်မလား၊ ဒါမှမဟုတ် ငါ့ရဲ့ နယ်ခြားရတနာဓားကပဲ အစွမ်းထက်မလားပဲဆိုတာ ကွဲကွဲပြားပြားသိရမှာ'

ချူယိ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

'ဝူရှောင်ဖုန်း အစ်ကိုကြီး၊ ကျုပ်အနေနဲ့ ခင်ဗျားရဲ့ဓားကို ယှဉ်ပြိုင်ရလောက်အောင် ပညာ မထက်မြက် သေးပါဘူးဗျာ၊ ပြီးတော့ ကျုပ် ဒီသိုင်းပညာတွေ သင်ထားတာဟာ နေရာတကာ တွေ့ကရာလူနဲ့ ယှဉ်ပြိုင်ဖို့မဟုတ်ဘူး၊ ခင်ဗျားနဲ့ ကျုပ် ကလဲဓား-ဓားချင်း ယှဉ်ပြိုင်ရလောက်အောင် ဘယ်လို ရန်ငြိုးရန်စမှ မရှိတာပဲ'

'မင်းရဲ့စကားတွေက ကြီးကျယ်လှချည်လား'

'ဒါတော့ အစ်ကိုကြီး အမြင်မှားနေပြီ၊ ကျုပ်စကား ကြီးကြီး ကျယ်ကျယ် ပြောနေတာမဟုတ်ဘူး ပြောသင့်ပြောထိုက်တာကို ပြောပြနေတာ'

ဝူရှောက်ဖုန်း ခေါင်းခါယမ်းလိုက်သည်။

မျက်နှာထားလည်း ပို၍အေးစက် တင်းမာလာသည်။

'အပိုစကားတွေ ပြောမနေနဲ့ကွာ၊ နားကြားပြင်း ကတ်တယ်၊ ဒီတော့ငါပြောမယ်၊ မင်းအနေနဲ့ မိုးပျံ ရွှေကျား

ဘဏ္ဍာတော် ပို့ဆောင်ရေးအာမခံအဖွဲ့ကို အကာအကွယ်ပေးမယ်၊ သိုင်းပညာ ဘာကယ်အစွမ်းထက်တယ်ဆိုယင် ငါနဲ့ယှဉ်ပြိုင်ဖို့ ရှေ့ထွက်လိုက်ပါ'

ချူယိ ခေါင်းညိတ်လိုက်၏။

'ကောင်းပြီလေ-ခင်ဗျားက ဒီလောက်ရန်လိုနေမှ တော့လဲ တိုက်ရတော့မှာပေါ့၊ တခုတော့ကတိထားရမယ်'

'ဘာကတိလဲ'

'ခင်ဗျားကျုပ်ကို ရှုံးယင် ဘဏ္ဍာတော် လှည်းတွေကို ဆက်လက်မတိုက်ခိုက်ပဲ နောက်ဆုတ်ပေးရမယ်'

'အဲဒီကတိကို မလိုက်နာဘူးဆိုယင်ကောကွာ'

'ကိစ္စမရှိပါဘူး၊ ခင်ဗျား ဒီဘဏ္ဍာတော်တွေကို ရအောင် မယူနိုင်ပါဘူး'

'ဘာလဲ-မင်းက တားဆီးကာကွယ်မယ့်သဘောလား'

'ကျုပ်စကား နားမထောင်ဘူး၊ ဘဏ္ဍာတော် တွေကိုလဲ ဆက်ပြီးလုယက်တိုက်ခိုက်မယ်ဆိုယင် ကျုပ်ဘက်ကလဲ သည်းခံမှာမဟုတ်ဘူး၊ ခင်ဗျားဘာသာ နယ်ခြားမကလို့ နယ်စွန်နယ်ဖျားက ရတနာဓားပဲဖြစ်ဖြစ် ကျုပ်ကတော့ ယှဉ်ပြိုင်ရမှာပဲ'

ချူယိ၏ စကားကြောင့် ဝူရှောင်ဖုန်း တွေဝေငေးငိုင်သွားပြန်သည်။

သူသည် အကြောင်းကိစ္စတခုကို စဉ်းစားနေဟန်တူ၏။

အတန်ကြာမှ ချောင်းတချက်ဟန့်လိုက်ပြီး



'ချူယိ ဒီဘဏ္ဍာတော်တွေကို လုယူတိုက်ခိုက်ကြမယ့် သိုင်းအုပ်စုတွေ ဘယ်လောက်များပြားတယ်ဆိုတာ မင်း သိခဲ့ကော သိရဲ့လား'

ချူယိ ခေါင်းညိတ်ပြလိုက်၏။

ဝူရှောင်ဖုန်း သဘောကျစွာပြုံးလိုက်သည်။

'ဒါတွေကို သိတယ်ဆိုယင် မင်း နောက်ဆုတ်သင့်ပြီ ထင်တယ်'

'ဘာလို့ နောက်ဆုတ်ရမှာလဲ'

'မင်းရဲ့ဓားသိုင်း ဘယ်လောက်အစွမ်းထက်ထက်၊ ဒီဘဏ္ဍာတော်တွေကို လုယူကြမယ့် ဓားတွေက ဝိုင်း ဝိုင်း လည်နေကြတာ၊ များပြားလှတဲ့ဓားတွေကိုမင်းရဲ့ ဓားတလက်တည်းနဲ့ ကာကွယ်လို့ ရနိုင်မတဲ့လား'

ချူယိ လက်ကာပြုံး ကြားဖြတ်ပြောလိုက်၏။

'ခင်ဗျား ပြောတာမှားနေပြီ၊ ခင်ဗျားအမြင်မှာ ကျုပ်ရဲ့ ဓားတချောင်းကိုသာ တွေ့မြင်နေရတာ၊ ဒါပေမယ့်ကျုပ်ရဲ့ နောက်မှာ ရွှေစွန်ဂိုဏ်းက လူထူးဆန်း အဘိုးအိုသုံးယောက်၊ မိုးပျံရွှေကျား အာမခံအဖွဲ့အင်အားနဲ့မမြင်ရသေးတဲ့ရောင်းရင်း သိုင်းသမားတွေ ရှိတယ်ဆိုတာ ခင်ဗျားမှမတွက်မိသေးတာပဲ'

'မင်းလိုပဲ ငါကသိနေပါတယ်၊ ဒါပေမယ့် မင်းတို့ဟာ ဝံပုလွေညီနောင်ငါးဦး၊ ခြင်္သေ့ဘီလူးညီနောင်ကိုလည်း ယှဉ်ပြိုင်ကြရဦးမှာပါ၊ ဘယ်ပဲဖြစ်ဖြစ် မင်းတို့ဟာ လူအင်အား၊ လက်နက်အင်အား တောင့်တင်းတဲ့ လှံစကြာသိုင်းအဖွဲ့ကိုတော့ ယှဉ်နိုင်မှာမဟုတ်ပါဘူး'

ချူယိသည် ဝူရှောင်ဖုန်း၏စကားကို ဟားတိုက်ရယ်မော၍ ပြက်ရယ်ပြုလိုက်သည်။

'ခင်ဗျားပြောတာတွေ မှားနေပြီ၊ လုံစကြာ သိုင်းအဖွဲ့ဟာ ဘဏ္ဍာတော်ကိုလုယက်ဖို့ ချီတက်လာတာမဟုတ်ဘူး'

ဝူရှောင်ဖုန်း မျက်ခုံးပင့်သွား၏။

'ဒါဆို ဘာလုပ်ဖို့လာခဲ့ရတာလဲ'

'ဘဏ္ဍာတော်အဖွဲ့ကို အကူအညီပေးဖို့ ရောက်လာကြတာပဲ....'

ဝူရှောင်ဖုန်း မယုံကြည်နိုင်လောက်အောင် အံ့သြသွားပုံရသည်။

ချူယိကို ငေးကြောင်ကြည့်နေမိ၏။

ချူယိစကားဆက်ပြောပြန်သည်။

'လုံစကြာသိုင်းအဖွဲ့ဟာ တောင်က မူကွေ့ သစ်တောထဲမှာ ကော အပြင်ဘက်မှာပါအရန်သင့်ရောက်နေကြပြီ ဝူအစ်ကိုကြီး၊ ဘဏ္ဍာတော်ကို လုယက်တိုက်ခိုက် ထွက်ပြေးသွားတာနဲ့ လုံစကြာ သိုင်းအဖွဲ့ရဲ့ ဝိုင်းရံတိုက်ခိုက်တာကို မလွဲမသွေခံရမှာပဲ'

'လုံစကြာ သိုင်းအဖွဲ့ ဒီနေရာကို ရောက်နေကြပြီ'

'ဟုတ်တယ်၊ အားဗယ်ညာမှာ မြင်းနှစ်ဆယ့်လေးကောင်စီ ဝိုင်းရံပြီး အသင့်စောင့်ကြပ်နေကြတယ်။ ဒါပေမယ့် သစ်ပင်သစ်အုပ်တွေ ကာထားသော် ဘယ်လိုလုပ်မြင်နိုင်မှာလဲ၊ မယုံဘူးဆိုယင်လဲ သစ်တော ဝင်ကြည့်လိုက်ပေါ့၊ ဝူအစ်ကိုကြီး



ခေါင်းနဲ့ကိုယ် ပူးတွဲပြန်ထွက်လာနိုင်ယင် ဒီဘဏ္ဍာတော်တွေ အားလုံးသာ ယူသွားပေတော့'

ချူယိစကားသည် ဝူရှောက်ဖုန်း၏ ပါးစပ်ကို ဟသွားစေသည်။

'အို'

ဝူရှောက်ဖုန်း လွတ်ကနဲ ရေရွတ်လိုက်၏။

'နေစမ်းပါဦးကွ၊ မင်းတို့ကို ငါတခုမေးပါရစေ'

'မေးပါ'

'မင်းတို့ဟာ ဒီဘဏ္ဍာတော်တွေကို ဒီလောက်ထိ ဂရုစိုက်ကာကွယ်နေရအောင် တောင်ပျံမားစကြာ ရှက်မုဝေဘယ်လောက်ထိ မင်းတို့အပေါ် ကောင်းနေလို့လဲ'

'ရှက်မုဝေဟာ သိုင်းလောကမှာ သစ္စာ တရားရှိတယ်၊ လူတိုင်းလေးစားကြတယ်၊ ဖြောင့်မတ်တယ်၊ ဒါကြောင့်လဲ သူ့အပေါ် ကျရောက်မယ့်ကိစ္စဆိုယင် ကျုပ်တို့တတွေဟာ အလိုက်တသိအကူညီပေးကြတာပဲ'

'ထားပါတော့ကွာ ဒီဘဏ္ဍာတော်တွေကို ဒီလောက်ထိ ကာကွယ်နေရအောင် ဒီဘဏ္ဍာတော်တွေဟာ ဘယ်သူ့ဘဏ္ဍာလဲ ဒါကိုရော မင်းသိရဲ့လား'

'သိတာပေါ့၊ အခုမှနန်းစတက်တဲ့ ဟိုစူဘုရင်ဆီပေးပို့မယ့် နေပြည်တော်ရဲ့ ဘဏ္ဍာတော်တွေပဲပေါ့'

'ဒါဆိုယင် ဒီဘဏ္ဍာတော်တွေဟာ ပြည်သူတွေဆီကငွေတွေပဲ၊ ဒါကြောင့် ဒီဘဏ္ဍာတွေကို ငါတို့တိုက်ပြီး ပြည်သူပြည်သား

တွေကို ပြန်ပေးမယ်ဆိုယင်ကော ငါတို့လမ်းမှားနေတယ်လို မင်းပြောလို့ရမလား၊ ဒါဟာလဲ သူရဲကောင်းတို့ရဲ့ လုပ်ရပ်ပဲ'

ဝူရှောက်ဖုန်း၏ တယူသန် စကားကို ချူယိခေါင်းခါယမ်းလိုက်၏။

'ဒီဘဏ္ဍာတွေကိုလုယက်ပြီး ပြည်သူတွေကို ဝေငှမယ်ဆိုယင်တော့ နည်းလမ်းမှန်ကန်ပါတယ်၊ ဒါပေမယ့် ခင်ဗျားတို့ အဲဒီလို လုယက်တိုက်ခိုက်လိုက်ယင် ဘာမှအပြစ်မရှိတဲ့ တာဝန်ယူလာရတဲ့ မိုးပျံရွှေကျားအာမခံအဖွဲ့ဟာ ဘယ်လိုဖြစ်သွားမလဲ၊ ဒါကိုလဲ ထည့်စဉ်းစားသင့်တယ်'

'ဒါကတော့ မိုးပျံရွှေကျားရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပဲ၊ ငါတို့နဲ့မဆိုင်ဘူး'

'ဒီလိုတရားလက်လွတ် မပြောပါနဲ့ ငူအစ်ကိုကြီး၊ ဒီဘဏ္ဍာတွေသာ မိုးပျံရွှေကျားအဖွဲ့ လက်ထဲက လုယက်ခံလိုက်ရယင် ကျုပ်တို့ရဲ့ မိတ်ဆွေကြီး ရှက်မုဝေဟာ မလွှဲမသွေပြန်လျော်ပေးရတော့မယ်'

'ဒါပေါ့ကွ'

'ဒါပေမယ့် ရှက်မုဝေမှာ ဒီလောက်များပြားလှတဲ့ ဘဏ္ဍာတော်တွေကို ပြန်လျော်ဖို့ ငွေအင်အား ဘယ်လိုလုပ်ရှိနိုင်ပါ့မလဲ၊ အသက်နဲ့ လျော်မှပဲ ဖြစ်တော့မှာပေါ့'

ဝူရှောက်ဖုန်း ပခုံးတွန့်လိုက်၏။



'ဒါကတော့သူ့အပြစ်နဲ့သူခံပေါ့၊ ဘာလို့ ဒီလောက်များလှတဲ့ ဘဏ္ဍာငွေတွေကို အန္တရာယ်များမှန်းသိလျက်နဲ့ သူပို့ရသလဲ'

'ဒီလိုမဟုတ်သေးဘူးလေ၊ ရှက်မုဝေဟာ မိုးပျံရွှေကျားသယ်ယူပို့ဆောင်ရေး အာမခံအဖွဲ့ကို နှစ်ရှည်လများ လူတကာရဲ့ ယုံကြည်မှုကို ရအောင်ယူပြီးမှ တည်ထောင်ခဲ့ရတာ၊ တဖြည်းဖြည်းနဲ့ သစ္စာတရားရှိတဲ့ ဖြောင့်မတ်တဲ့ ရှက်မုဝေရဲ့ အာမခံအဖွဲ့ဟာ နာမည်ရလာတယ်၊ ရှက်မုဝေအခက်အခဲဖြစ်ယင် ကျုပ်တို့ သိုင်းလောက သားတွေကလဲ ကူညီပေးတတ်ကြတယ်၊ ဒီလိုနာမည်ရလာတော့ ပိုင်ရှင်တွေက လာအပ်ကြတယ်၊ လာအပ်ယင် လက်ခံရမှာပဲ၊ ရှက်မုဝေရဲ့ အလုပ်ကိုက ပို့ဆောင်ရေးအလုပ်ကိုး၊ အဲဒီလိုပဲ အခုလဲ နယ်စားကြီးက နေပြည်တော်ကို ဘဏ္ဍာတော်တွေ ပို့ဆောင်ဖို့ ငှားရမ်းတာဝန်ပေးတယ်၊ ပို့ဆောင်ရေးအလုပ်လုပ်တဲ့ ရှက်မုဝေလက်ခံရမှာပေါ့'

ချူယိသည် စကားပြောရာမှ ခေတ္တရပ်နားလိုက်ပြီး အားလုံးဘက်သို့ လှည့်ကြည့်ကာ တည်ငြိမ်သောအသံဖြင့် ပြောလိုက်၏။

'ခင်ဗျားတို့အားလုံး သိထားရမှာက ဒီဘဏ္ဍာတော်တွေကို မန်ချူးဘုရင် ဟိုစူဆီပို့ခိုင်းတာ အကြောင်းမဲ့ လက်သက်မဟုတ်ဘူး၊ ဒီအစီအစဉ်ဟာ နေပြည်တော်ကတဆင့် ညွှန်ကြားလိုက်တဲ့အစီအစဉ်ပဲ၊ ရှင်းရှင်းပြောရယင် မန်ချူးအစိုးရက

သားကောင်တွေကို တောင်ချောက်ထဲဝင်လာအောင် အစာတပ်ပေးလိုက်တာပဲ'

ချူယိစကားကြောင့် အားလုံးငေးငိုင် အံ့သြသွားကြကုန်၏။

*    *    *

# ၂၀

ဝူရှောက်ဖုန်းသည် မယုံကြည်သောလေသံဖြင့် ထပ်မေးလိုက်ပြန်သည်။

'စကားကိုရှင်းရှင်းပြောစမ်းပါ'

'အဓိပ္ပာယ်ကို ရှင်းရှင်းပြောစမ်းပါ'

'အဓိပ္ပာယ်က ရှင်းပါတယ်၊ ဟိုစူဘုရင်ဟာ နန်းတော်ထဲမှာ ထိပ်သီး သိုင်းသမား တော်တော်များများကို လက်သပ်မွေးထားတာတွေရှိပါတယ်၊ အဲ့ဒီလို သိုင်းသမားကောင်းတွေရှိနေပါလျက်နဲ့ ဒီဘဏ္ဍာတော်တွေကို သူ့လူတွေကို မသယ်ပို့ခိုင်းပဲ ဘာကြောင့် ငွေကုန်ကြေးကျခံပြီး မိုးပျံရွှေကျားအဖွဲ့ကို ငှားရတာလဲ၊ ခင်ဗျားတို့လဲစဉ်းစားကြည့်ကြ'

'နေပြည်တော်က သိုင်းသမားတွေမှာ ထမ်းဆောင်ရမယ့် တာဝန်တွေ များနေလို့ မိုးပျံရွှေကျား အာမခံအဖွဲ့ကိုတဆင့် ခိုင်းတာ ဖြစ်မှာပေါ့'

ချူယီ ခေါင်းခါယမ်းလိုက်၏။

'မဟုတ်သေးဘူး ဝူအစ်ကိုကြီး၊ ဒီလောက်များပြားတဲ့ ဘဏ္ဍာတွေကို အစာတပ်ပေးလိုက်တော့ သိုင်းလောကက အဖြူရောင်သိုင်းတွေကော အနက်ရောင် သိုင်းသမားတွေပါ လိုချင်တပ်မက်စိတ် ဖြစ်ပွားလာပြီး အချင်းချင်း သွေးကွဲသွားအောင် သွေးခွဲပြီး အချင်းချင်း ရန်ငြိုးဆန့်ခတ်ဖြစ်ပြီး တိုက်ခိုက်ကြအောင် ဖန်တီးလိုက်တာပဲ၊ ဒါမှ သိုင်းလောကမှာ သိုင်းသမားတွေ အင်အားလျော့နည်းသွားမယ်'

ဝူရှောက်ဖုန်းက နားမလည်စွာ ဆက်မေးပြန်သည်။

'ဘာဖြစ်လို့ သိုင်းသမားအင်အား လျော့ပစ်ရတာလဲ'

'ခင်ဗျားတို့လဲ စဉ်းစားမိကြမှာပါ၊ အခုသိုင်းလောကမှာ ဘယ်လောက်ဆိုးတဲ့ သိုင်းသမားပဲဖြစ်ဖြစ် မန်ချူးကိုတော့ သဘောမကျဘူး၊ ကိုယ့်အမျိုးသားအုပ်ချုပ်တဲ့ မင်မင်းဆက်ကိုပဲ ပြန်တင်ဖို့ လိုလားကြတယ်၊ ကြိုးလဲကြိုးပမ်းနေကြတယ်၊ မန်ချူး အာဏာပိုင်အဖွဲ့ဟာ များပြားလှတဲ့ သိုင်းသမားတွေကို ထိန်းချုပ်ဖို့ အင်မတန် ခက်ခဲပြီး သူတို့ကို ပြန်မတိုက်နိုင်အောင် သိုင်းအင်အားလျော့ချပစ်ဖို့ ကြိုးပမ်းနေကြတယ်၊ ဒီလောက် များပြားတဲ့ သိုင်းသမားတွေကို တယောက်ချင်း တအုပ်စုချင်း လိုက်နှိမ်နင်းရအောင်ကလဲ မလွယ်ဘူး၊ ဒီတော့ အချင်းချင်း လောဘဇောတက်ပြီး တိုက်ခိုက်ကြအောင် ခုလို စီစဉ်လိုက်တာပဲ'



ဝူရှောက်ဖုန်း နားလည် သဘောပေါက်သွား ဟန်ဖြင့် လက်ကာကာပြလိုက်သည်။

'ငါနားလည်ပြီ မင်းပြောသလို ဒီဘဏ္ဍာတော်တွေကိုလဲ ငါမလုယူတော့ပါဘူး၊ ဒါပေမယ့် မင်းနဲ့ငါ စည်းကမ်းချက် တရပ်တော့ ရှိရမယ်'

'ဘယ်လိုစည်းကမ်းချက်လဲ'

'မင်းနဲ့ငါ သိုင်းကွက်သုံးရာကျော် ယှဉ်ပြိုင်ကြမယ်'

'အဓိပ္ပာယ်က'

'မင်းနဲ့ငါ သိုင်းပညာ စမ်းသပ်ကြည့်ချင်လို့ပဲ'

ချူယီ ပခုံးတက်တွန့်ကာ....

'ကောင်းပြီလေ ခင်ဗျားက ဆန္ဒပြင်းပြနေတော့လဲ ခင်ဗျားရဲ့ စည်းကမ်းချက်ကို ကျူပ်လိုက်နာမယ်၊ ဒါပေမယ့် ဒီနေ့ မဟုတ်ပဲ တနေ့နေ့မှ ရက်ချိန်းပြီး စမ်းကြတာပေါ့'

'မဖြစ်ဘူး၊ ငါက စုချက်ချင်းပဲ ကြိုက်တယ်၊ နောက်ဆိုတာ ကျိန်းသေဘာမဟုတ်ဘူး'

ချူယီ သက်ပြင်းတချက်ချလိုက်သည်။

ဝူရှောက်ဖုန်းသည် လွဲရှောင်၍ ရမည်မဟုတ်ကြောင်း နားလည်လိုက်သည်။

'ကောင်းပြီလေ ဒါဆိုလဲ ခင်ဗျားသဘောပဲ'

'ဒီလိုမှပေါ့ကွ၊ ဒါမှသူရဲကောင်း ပီသဘာ၊ ကဲ-မင်းရဲ့ ဓားကို ထုတ်ပေတော့'

ချူယီ ခေါင်းယမ်းလိုက်ပြီး။

'ကျူပ်မှာ ဓားမရှိဘူး'

‘မင်းမှာ ဓားမရှိပဲ ငါ့ရဲ့ ရတနာဓားကို ဘယ်လိုလုပ် ယှဉ်နိုင်မှလဲ’

‘ကျုပ်မှာ ဓားမရှိပေမယ့် ကျုပ်ရဲ့ စိတ်ထဲမှာ အရိပ်မဲ့ ဓားရှိနေတာပဲ ဒီအတွက် ဘာမှစိတ် ပူမနေပါနဲ့’

‘ဘာလဲ မင်းက ငါ့ကို မင်းရဲ့စိတ်ဓာတ်နဲ့ တိုက်မယ့်သဘောလား’

ချူယိ တချက်ပြုံးလိုက်သည်။

‘ဟုတ်တယ် ကျုပ်ရဲ့စိတ်ဓာတ်ဟာ ကျုပ်ရဲ့ဓားပဲ၊ ကျုပ်ရဲ့ ဓားဟာ ကျုပ်ရဲ့ စိတ်ဓာတ်ပဲ၊ ဒါကြောင့်လဲ မေတ္တာဓား သမားလို့ ကျုပ်ကို ပြောကြတာပေါ့’

‘ကောင်းပြီလေ၊ မင်းရဲ့ မေတ္တာဓားနဲ့ ငါ့ရဲ့ ရတနာဓား တွေ့ကြသေးတာပေါ့’

ဝူရှောက်ဖုန်း စကားဆုံးသည်နှင့် လက်နှစ်ဘက်သည် ရတနာဓားဆီသို့ ရောက်ရှိသွား၏။

ချူယိကို အေးစက်စူးရှစွာ စိုက်ကြည့်နေသည်။

ချူယိ၏ လက်နှစ်ဘက်တွင်မူ မည်သည့်ဓားမှ မရှိချေ။

ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

ချူယိသည် မိုးနဂါးအတွင်းအားကို စုစည်းလျက် ဝူရှောက်ဖုန်း၏ တိုက်ကွက်ကို စောင့်စားလျက်ရှိသည်။

* * *

# ၂၁

‘ယား’

ဝူရှောက်ဖုန်း၏ မာန်သွင်းလိုက်သည့်အသံသည် ရုတ်တရက် မိုးချုန်းသံနှယ် ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

ရတနာဓားကိုလည်း ဝှေ့ယမ်းလိုက်သည်။

ရတနာဓားသည် ချူယိဆီသို့ မိုးသား တိမ်လိပ်များနှယ် အလိပ်လိုက် အလွှာလိုက် လွင့်တက်သွား၏။

‘ပြင်းထန်လှသော ဓားကွက်များဖြစ်သည်။

သို့သော်....။

ချူယိသည် လွယ်ကူစွာရှောင်တိမ်းပြီး ရယ်မောပြောဆို လိုက်သည်။

'ခင်ဗျားရဲ့သိုင်းကွက်က မိုး တိမ် လွင့် ပါ၊ သိုင်း ကွက် ပဲ၊ ဒီလောက်ပညာလေးကတော့ ကျုပ်ကိုထိဖို့လိုသေးတယ်'

ပြောဆိုယင်း အတွင်းအားဖြင့်အသုံးပြုကာ ငူရှောက်ဖုန်း၏ ဓားဆီသို့ လက်ညှိုးဖြင့် တောက်ထည့်လိုက်သည်။

ချူယိ၏ ပြင်းထန်လှသော အတွင်းအားတိုက်ချက်ကြောင့် ငူရှောက်ဖုန်း၏ဓားသည် ဘေးတဘက်သို့ ယိမ်းယိုင်သွား၏။

ငူရှောက်ဖုန်းသည်ပင် ခန္ဓာကိုယ်ယိုင်သွားမယောင် ဖြစ်သွားသည်။

ခြေသုံးလေးလှမ်းမျှ နောက်သို့ရှောင်တိမ်းလိုက်ပြီး လက်ထဲမှဓားကို တည်ငြိမ်စွာ ပြန်လည်ဆုပ်ကိုင်ထားလိုက်သည်။

ချူယိသည် အပေါ်သို့ခုန်တက်လိုက်၏။

အထက်စည်းမှနေ၍ အတွင်းအားပညာဖြင့် လက်ညှိုး တချက်ထောက်လိုက်သည်။

ငူရှောက်ဖုန်း ရုတ်တရက် လျင်မြန်စွာ ရှောင်တိမ်းလိုက်ရပြန်သည်။

* * *

ခုနစ်စင်ကြယ်ညီနောင်သည် ရဟန်းဓားနှင့် မေတ္တာဓားတို့၏တိုက်ပွဲကို မျက်တောင်မခတ် စိုက်ကြည့်နေလျက်ရှိသည်။

ချူယိရောက်လာသဖြင့် မိုးပျံရွှေကျား အာမခံအဖွဲ့သားများလည်း အားအင်တက်ကြွသွားကြသည်။



နှင်းဆီနှင့်စပယ်သည် ချူယိကို မမှိတ်မသုန် ကြည့်နေကြသည်။

သူမတို့အနေဖြင့် သိုင်းလောကတွင် ကျော်ကြားနေသော မေတ္တာဓားကို အမည်သာ ကြားဖူးခဲ့ကြသည်။

မျက်မြင်ကိုယ်တွေ့ မကြုံဆုံဘူးခဲ့ကြချေ ယခု။

သိုင်းလောကတွင် ကျော်ကြားသော နယ်ခြားဓားဘုရင်နှင့် ရဟန်းနဂါးတို့၏တိုက်ပွဲကို ကိုယ်တွေ့ကြုံတွေ့နေရချေပြီ။

စပယ်သည် ရဟန်းဓားသမား ငူရှောက်ဖုန်း၏ အေးစက်စူးရှသောမျက်လုံး၊ ဝင်းလက်တောက်ပြောင်နေသော ဓားသွားများကို စိုက်ကြည့်ကာ ရင်ထိတ်လျက်ရှိသည်။

ထို့နောက် အနီးတွင်ရှိသော ရှောင်ထင်ဘက်လှည့်ကာ စိုးရိမ်စွာမေးလိုက်သည်။

'ရှောင်ဦးလေး၊ ဒီအတိုင်းဆိုယင် နယ်ခြားဓားဘုရင်ရဲ့ ရဟန်းဓားကများ နိုင်သွားမလားပဲ'

ရှောင်ထင် ခေါင်းခါယမ်းလိုက်သည်။

'ချူယိရဲ့ မေတ္တာဓားကွက်တွေဟာ သိုင်းပညာမှာ အဆင့်မြင့်တယ်၊ အတွင်းအားအရာမှာလဲ ဘယ်သူနဲ့မှမတူအောင် အစွမ်းထက်တယ်၊ သူ့ရဲ့မေတ္တာဓားသိုင်းကွက်ကို တော်ရုံတန်ရုံ မယှဉ်နိုင်မပါဘူး'

စပယ်သည် ရှောင်ထင်၏စကားကို နားထောင်ယင်း တိုက်ပွဲကို ဆက်ကြည့်နေသည်။

ဓားသမားနှစ်ယောက်၏ သိုင်းကွက်များကား တမျိုးစီ အစွမ်းထက်မြက်ကြသည်။

ရတနာခေါ်သမား၏ လှုပ်ရှားမှုက လျင်မြန်သည်။

မေတ္တာခေါ်သမား၏ လှုပ်ရှားမှုကလည်း ပေါ့ပါးသွက်လက်သည်။

တိုက်ကွက်တရာကျော်သည်ထိ အနိုင်အရှုံးသည် ခွဲခြား၍ မရတတ်သေး။

လက်ရည်တူနေကြသည်။

ရှောင်ထင်သည် တိုက်ကွက်များကိုကြည့်ယင်း အနီးတွင်ရှိသော နှင်းဆီနှင့်စပယ်ကို ပြောပြနေပြန်သည်။

'မေတ္တာခေါ်ရဲ့တိုက်ကွက်တွေက တည်ငြိမ်တယ်၊ စိတ်ဓာတ်ပိုင်းအရတော့ ရတနာခေါ်ထက်သာတယ်၊ ဒါပေမယ့် သူ့လက်ထဲမှာ ခေါ်မရှိပဲ လက်နက်မဲ့တိုက်ခိုက်နေတော့ အနိုင်အရှုံးခွဲခြားရခက်နေတယ်၊ တိုက်ပြိုင်က ညီမျှနေတယ်'

စပယ်သည် သူမ၏ လှပသောမျက်လုံးဝိုင်းကို ရှောင်ထင်ဘက်သို့ အကြည့်ပြောင်းလိုက်ပြီး အကြံပေးသည်။

'ဒါဆိုယင် သမီးရဲ့ခေါ်ကို ချုအစ်ကိုဆီပစ်ပေးလိုက်ယင် မကောင်းဘူးလား၊ ဒါမှ ပွဲမြန်မြန်ပြီးမှာ'

ရှောင်ထင် ခေါင်းခါလိုက်၏။

'မဖြစ်ဘူးသမီး၊ သမီး သူ့ကို လှမ်းပြီးခေါ်ပေးလိုက်တာနဲ့ သူ့ရဲ့စိတ်ဓာတ်အာရုံ ပြောင်းလဲပျက်စီးသွားနိုင်တယ်၊ ဒါဆိုယင် ရတနာခေါ်ဝှုရှောက်ဖုန်း အနိုင်ရသွားမယ်၊ သူသာ နဂိုတည်းက ခေါ်နဲ့ယှဉ်ပြိုင်ချင်ယင် သမီးဆီကခေါ်တောင် ယူစရာမလိုဘူး၊ ခုနစ်စင်ကြယ်ညီနောင်ဆီကခေါ်ကို ဆွဲယူလိုက်မှာ



ပေါ့၊ သူ့ရဲ့တိုက်ကွက်က ခေါ်ကိုလုံးဝမသုံးချင်တဲ့ လက်နက်မဲ့တိုက်ကွက်သဘော ဆောင်နေတာ'

ထိုစဉ်....။

ရတနာဝှုရှောက်ဖုန်း၏ အော်ဟစ်သံကြီးကို ကြားလိုက်ရသည်။

* * *

# ၂၂

'မင်းဟာ အလွန်အားကောင်းတဲ့ လက်ချောင်း တောက် အတွင်းအားပညာနဲ့ ကျော်ကြားနေတာ ငါယုံပြီ၊ ဒါပေမယ့် အခုငါ့ရဲ့ ဓားစကြာ ကိုးခင်းသိုင်းကွက်ကို အသုံးချတော့မယ်၊ မင်းသတိထားတော့ ချူယီ'

ဗူရှောင်ဖုန်းသည် အော်ဟစ် သတိပေးပြီးသည်နှင့် ရုတ်တရက် အားမာန်အပြည့်ပါသော အသံနက်ကြီးဖြင့် အော်ဟစ်ကာ ဓားကို ဝှေ့ယမ်းလိုက်သည်။

'ယား....'

ဓားသည် နေရောင်တွင် အရောင်များ တလက်လက် ဖြာထွက်ကာ တောင်စိုင် တောင်လုံးပမာ တရိပ်ရိပ် တက်သွားသည်။



ချူယီ၏ ခေါင်းဆီသို့ တဖြည်းဖြည်း လွှမ်းမိုးသွား၏။

ချူယီကလည်း မိုးပေါ်ကိုနဂါးကိုယ်ဖော့ပညာဖြင့် လျှပ်တပြက်ဆုတ်ခွာလိုက်၏။

ဗူရှောင်ဖုန်း၏ ဓားစကြာကိုးခင်းသိုင်းကွက်များ တကွက်ပြီးတကွက် ဆက်တိုက်လှုပ်ရှားလျက်ရှိသည်။

ဓားရောင်သည် ချူယီ ဆုတ်ခွာရာတလျှောက် ပွတ်ကာသီကာ ထိုက်ပါလျက်ရှိသည်။

ချူယီ၏ ရှောင်တိမ်းကွက်များကလည်း လျင်မြန်လွန်းလှ၏။ လူရိပ်သာ တွေ့ရသည်။

ဗူရှောင်ဖုန်း မကျေမချမ်းနှင့် အော်ပြောသည်။

'ဘာလို့ ငါ့ရဲ့ ဓားစကြာကိုးခင်းသိုင်းကွက်ကို ယှဉ်မတိုက်ပဲ ရှောင်တိမ်းနေရတာလဲ၊ မင်းတုန်လှုပ် ကြောက်လန့်နေပလား'

ချူယီကလည်း အေးစက်စွာပြန်ပြောသည်။

'မထင်နဲ့ ကျုပ်မှာ ကြောက်စိတ်မရှိဘူး။ ခင်ဗျားဘယ်လောက်ထိ တိုက်ကွက်ဆင်နိုင်မလဲဆိုတာ စောင့်ကြည့်ယင်း ခင်ဗျားရဲ့ လစ်ကွက် ဟာကွက်ကို အကဲခတ်နေတာ၊ ခင်ဗျားရဲ့ တိုက်ကွက်တွေ မလစ်ဟာအောင်သာ ဂရုစိုက်ပေတော့၊ ကျုပ်ကတော့ ခင်ဗျားရဲ့ လစ်ဟာချက်တွေ့တာနဲ့ တရစပ်တိုက်မှာပဲ၊ အညှာပေးမှာမဟုတ်ဘူး'

'ဓြိဳ-မင်းက ငါ့ရဲ့ ဓားစကြာကိုးခင်းတိုက်ကွက်ရဲ့ ဟာကွက်ကို ချောင်းနေတာပေါ့'

'ဟုတ်တယ်…. သိုင်းလောကမှာ ဘယ်လောက်အကွက်စေ့ပါတယ်ဆိုတဲ့ သိုင်းကွက်ပဲ ဖြစ်ဖြစ် ဟာကွက် ပျော့ကွက်တော့ ရှိတတ်ကြတာပဲ'

'ကောင်းပြီ ဒါဆိုလဲ့ငါ့ရဲ့တိုက်ကွက် ဟာကွက်ကိုပဲမင်းရှာနိုင်မလား၊ ငါ့ရဲ့ ဓားဖျားမှာပဲ အသက် ပါမလွှားဆိုတာ ကြည့်ကြသေးတာပေါ့'

ဝူရှောင်ဖုန်း တဟားဟား ဟားရယ်မောယင်း တိုက်ကွက်ဆက်တိုက်ဆင်သည်။

ချူယိသည် ဝူရှောင်ဖုန်းကို ယှဉ်ပြိုင်မတိုက်ခိုက်ပဲ နောက်သို့ တဖြည်းဖြည်း ဆုတ်ခွာလာသည်။

တဖြည်းဖြည်းနှင့် ဘဏ္ဍာတော် လှည်းများအနီးထိ ရောက်ရှိလာ၏။

လှည်းအနီးတွင် ရပ်နေသော ဟန်လိချိထံသို့ လှမ်းပြောလိုက်သည်။

'မင်းဆီက လှံပေးစမ်း'

ဟန်လိချိကလည်း သူ၏လက်ထဲမှ လှံကို လျင်မြန်စွာပေးလိုက်သည်။

ချူယိလက်ထဲတွင် သံမဏိလှံတံ ရောက်ရှိသွားချေပြီ။

ဓားရိပ်နှင့် လှံရိပ်များ ရောထွေးသွားသည်။

ဓားနှင့်လှံ ရိုက်ခတ်သံကို တချွင်ချွင်ကိုသာ ကြားနေရသည်။



မည်သည့်အရာသည်လှံ၊ မည်သည့်အရာသည် ဓားဟူ၍ပင် ခွဲခြား၍မရအောင် ရှုပ်ထွေးနေသည်။

ဓားနှင့်လှံသွားများ ထိခိုက်မိသည်နှင့် မီးပွင့်မီးပန်းများ ဖြာကနဲ လွင့်စင်လာသည်။

လှံနှင့် ဓားတို့၏ လှုပ်ရှားမှုသည် ရုတ်တရက် ရပ်ဆိုင်းသွား၏။

ဝူရှောက်ဖုန်းသည် နောက်သို့ ဆယ်ပေကျော် ဆုတ်ခွာသွားသည်။

ဓားကို လက်နှစ်ဘက်ဖြင့် ဆုပ်ကိုင်ပြီး မတ်မတ်ရပ်ဆဲရှိသေးသည်။

မျက်လုံးများက လျှပ်စီးများဝင်းလက်နေသည့်နှယ် အရောင်တဝင်းဝင်း လက်နေသည်။

ချူယိကား နဂိုနေရာတွင် ရပ်မြဲရပ်နေလျက် ရှိသည်။

ညာလက်က သံမဏိလှံတံကို ဆုပ်ကိုင်ထား၏။

မျက်လုံးက ကြည်လင်သော၊ သောကြာကြယ်နှယ်ဝင်းလက်နေသည်။

မျက်နှာထားကလည်း ပကတိ တည်ငြိမ် အေးဆေးလွန်းလှသည်။

လေးဘက် လေးလံတွင် ရှိသောလူများသည် ချူယိနှင့် ဝူရှောက်ဖုန်းတို့ကို မမှိတ်မသုန် စိုက်ကြည့်နေကြသည်။

ဓားသံလှံသံ၏ ဆူညံခဲ့သော ဝန်းကျင်သည် ပြန်လည်တိတ်ဆိတ်သွားပြန်၏။

ငူရှောက်ဖုန်းသည် ချူယီကိုစိုက်ကြည့်ယင်း လေးနက်စွာမေးသည်။

'မင်းရဲ့လှံချက်ဟာ ငါ့ရဲ့ဓားကွက်ကို ဖျက်ပစ်နိုင်တယ်၊ အဲ့ဒါဘယ်က လှံကွက်လဲ'

'ယမ်ကြာချန် လှံကွက်'

'ယမ်ကြာချန် လှံကွက်'

ဝူရှောက်ဖုန်း အံ့သြစွာ ထပ်မေးသည်။

ချူယီ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် ရှေးအစဉ်အဆက်ကနေ ကနေ့ထိ ယမ်ကြာချန် လှံသိုင်းကွက်ဟာ နာမည်ကြီးနေသေးတယ်'

'သိုင်းလောကထဲမှာ ဓားနဲ့လှံသိုင်းကွက်ကို ဖျက်ဆီးတာ မင်းကြားဖူးရဲ့လား'

'ဒါကတော့ ဓားကိုင်တဲ့သူနဲ့ လှံကိုင်တဲ့သူပေါ်မှာမူတည်တာပဲ'

'ဒီလိုဆိုယင် မင်းရဲ့လှံကွက်ကို ငါ့ရဲ့ဓားသိုင်းကွက်ကိုရှေ နိုင်နိုင်ပါ့မလား'

'ပြောပြီးပြီပဲ၊ ခင်ဗျားရဲ့ ဓားကိုင်လက်ပေါ်မှာ မူတည်တယ်'

ဝူရှောက်ဖုန်း ဆက်၍မပြောတော့ချေ။

မျက်နှာထားသည် ပြန်လည်တင်းမာသွားပြန်သည်။



ထို့နောက် အသက်ကိုပြင်းပြင်းရှူ ရှိုက်ပြီး ရုတ်တရက် ဓားကိုလှုပ်ရှားလိုက်၏။

တောင်စိုင်တောင်ခဲပမာ လှုပ်ရှားမှုများဖြင့် ချူယီထံ ဝင်ရောက်တိုက်ခိုက်၏။

ချူယီ၏လှုပ်ရှားမှုလည်း လျင်မြန်လွန်းလှပေသည်။

လှံကို လက်ကောက်ဝတ်ဖြင့် ဝှေ့ယမ်းလိုက်သည်။

လှံ၏အဖျားပိုင်းတွင် ပန်းငါးပွင့်နှယ် အရိပ်များ ဖြာထွက်သွား၏။

လှံရိပ်သည် ဓားရိပ်ဆီသို့ ဖြတ်ဝင်သွားသည်။

တချင်ချင်မြည်သံနှင့်အတူ မီးပွားများ ဖြာထွက်လာသည်။

ဝူရှောက်ဖုန်းသည် ဓားကို ချက်ချင်းရုပ်သိမ်းလိုက်သည်၊

ချူယီကလည်း ပန်းငါးပွင့်လှံသိုင်းကွက်ကို ရုပ်သိမ်းလိုက်၏။

ဝူရှောက်ဖုန်းနောက်သို့ ဆယ့်ငါးပေခန့် ဆုတ်ခွာသွားသည်။

ဝူရှောက်ဖုန်းမျက်နှာ အေးစက်မာကျောနေသည်။

ညာဘက်ပေါင်ကို စူးစိုက်ကြည့်နေမိသည်။

ချူယီကား ထုံးစံအတိုင်းပင်။

နဂိုနေရာမှပင် မရွေ့လျားပဲ တည်ငြိမ်စွာ ရပ်တန့်လျက်ရှိသည်။

လက်ထဲတွင်လည်း သံမဏိလှံကို မြဲမြံစွာဆုပ်ကိုင်ထား၏။

သို့သော်....။

လှံဖျားတွင်မူ သွေးစများ ထင်ကျန်လျက်ရှိနေသည်ကို အံ့သြစွာ တွေ့လိုက်ရ၏။

* * *

# ၂၃

နယ်ခြားစေားဘုရင် ဝူရှောက်ဖုန်း။

စင်စစ်။

ဝူရှောက်ဖုန်းသည် နယ်ခြားဒေသတွင် အရှိန် သြဇာကြီးမားသူတယောက်ဖြစ်သည်။

သူ၏လက်ထဲမှ ရတနာစေားဖြင့် မြောက်မြားစွာသော လူများ၏အသက်များကို ခြွေယူခဲ့သည်။

သို့သော်....။

သူသည်။

စိတ်ဓာတ်ကောက်ကျစ်ရက်စက်သော အနက်ရောင် သိုင်းသမားတယောက်မဟုတ်ချေ။

သူသည် သတ္တိရှိသူတယောက်ဖြစ်သည်။

စိတ်ထားဖြောင့်မတ်၍ ရဲဘော်ရဲဘက်စိတ်ဓာတ်ရှိသူ တဦးဖြစ်၏။

သူသတ်ခဲ့သော လူများမှာလည်း လူကောင်း သူကောင်းမဟုတ်ကြချေ။

သိုင်းလောကတွင် မတရားအနိုင်ကျင့်နေကြသော တရားလက်မဲ့ အနက်ရောင်သိုင်းသမားများသာ ဖြစ်ကြသည်။

ဝူရှောက်ဖုန်းသည် ပေါင်မှဒဏ်ရာကိုကြည့်ယင်း ကြိတ်မနိုင်ခဲမရ ဖြစ်နေပုံရ၏။

အံကြိတ်ထားသည်။

သိုင်းလောကတလျှောက်လုံး မည်သူ့ကိုမျှမရှုံးနိမ့်ခဲ့သော သူ့အတွက် ယခုတကြိမ်သည် ပထမဆုံးအကြိမ် ရှုံးနိမ့်ခြင်း ဖြစ်သည် မဟုတ်ပါလော။

စင်စစ်။

ချူယိလှံချက်သည် သူ၏နှလုံးသားသို့လည်းကောင်း။

ဆီးခုံသို့လည်းကောင်း၊ တည့်မတ်စွာ ထိုးနိုင်ကြောင်း ဝူရှောက်ဖုန်း ကောင်းစွာသိရှိလိုက်သည်။

ထိုနေရာများသာ လှံထိသွားပါက ယခုနှယ်ပင် မတ်တတ်ရပ်တော့မည်မဟုတ်။

ချူယိသည် ထိုသို့အခွင့်အရေးရသော်လည်း မယူခဲ့ချေ။ လှံချက်ကို ရုတ်တရက် အောက်သို့လျှော့ချလိုက်ပြီး ပေါင်ဆီသို့သာ ပြောင်းရွှေ့ ထိုးစိုက်ခဲ့သည်၊

ချူယိ၏စိတ်ထားကို နားမလည်တတ်တော့ချေ။



မေတ္တာဓားသမား ဆိုသည့်အတိုင်း မေတ္တာထားခြင်းပေလော။

ပေါင်မှဒဏ်ရာသည် သွေးများစီးကျလျက်ရှိသည်။

ဒဏ်ရာကား ကြီးမားမှုမရှိပေ။

အတွင်းအား ကောင်းသူအတွက် မပြောပလောက်သော ဒဏ်ရာဟု ဆိုရချေမည်။

'ချူယိ မင်းရဲ့လှံချက်ဟာ ယမ်ကြာချန်လှံကွက်နဲ့မတူဘူး'

ဝူရှောက်ဖုန်း၏အမေးကို ချူယိ ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ်၊ အဲဒါ နဂါးလှံကွက် ဆယ့်သုံးကွက်ထဲက ဆဋ္ဌမမြောက်တိုက်ကွက်ဖြစ်တဲ့ တိမ်တောင်တိုးထွက်တဲ့ နဂါး တိုက်ကွက်ပဲ'

ဝူရှောက်ဖုန်းသည် ချူယိစကားကို နား မ လည် သော အကြည့်ဖြင့်ကြည့်ယင်း ဆက်မေးပြန်သည်၊

'ဒီနတ်နဂါးလှံကွက်က ဘယ်အဖွဲ့က တီထွင်ထားတာလဲ'

'ယက်ဝေးလှံကွက်ထဲကပါ၊ အဲဒါကို သိုင်းသမားကြီး တယောက်က ပြောင်းလဲဖန်တီးထားတာပါ'

ဝူရှောက်ဖုန်းသည် ပေါင်မှဒဏ်ရာကို တချက်ငုံ့ကြည့်ပြီး မေးလိုက်သည်။

'ခုနက မင်းငါ့ကိုထိုးတဲ့လှံချက်ဟာ ငါ့ရဲ့အသက်ကို ယူနိုင်လျက်နဲ့ ဘာလို့ မင်းက ပေါင်ကို ရွှေ့ပြောင်းလိုက်ရတာလဲ'

'ခင်ဗျားနဲ့ကျုပ်ဟာ ရန်သူတွေမဟုတ်သလို ရန်ငြိုးရန်စလဲ ရှိကြတာမှ မဟုတ်တာ၊ ပြီးတော့ ခင်ဗျား သေသွားပါပြီတဲ့ ကျုပ်မှာ ဘာအကျိုးအမြတ် ရနိုင်မလဲ'

ဝူရှောက်ဖုန်း အေးတိအေးစက် ရယ်မောလိုက်သည်။

'ဒီတချီပြိုင်ပွဲမှာ ငါပထမဆုံး ဒဏ်ရာရတယ်၊ ဒါပေမယ့် ငါ့စိတ်ထဲမှာ ကျေနပ်မှုရှိတယ်ထင်သလား'

'ကျုပ် ဘယ်ပြောတတ်မလဲ'

ဝူရှောက်ဖုန်း အံကြိတ်လိုက်၏။

'ငါ့စိတ်ထဲမှာ မကျေမနပ် ဖြစ်နေတယ်'

'ဘာကိုမကျေနပ်ရပြန်တာလဲ'

'မင်းဟာ မေတ္တာဓားသမားရယ်လို့ သိုင်းလောကတခွင်မှာ အမည်ကျော်ကြားနေတယ်၊ ငါပြိုင်ချင်တာက မင်းရဲ့ ဓားသိုင်းကွက်နဲ့ ယှဉ်ပြိုင်ချင်တာ၊ ဒါပေမယ့် မင်းက ဓားကို မသုံးပဲ လှံကိုသုံးပြီး ငါ့ကိုအနိုင်ယူသွားတယ်၊ ဓားသမားဖြစ်တဲ့ ငါဟာ လှံအောက်မှာ ရှုံးနိမ့်ရတာ အခံပြင်းဆုံးပဲ'

ဝူရှောက်ဖုန်းစကားကြောင့် ချူယိ သက်ပြင်းတချက် မသက်သာစွာ ချလိုက်သည်။

ထို့နောက် ဝူရှောက်ဖုန်းကို စိုက်ကြည့်ပြီး မေးသည်။

'ဝူအစ်ကိုကြီးက ကျုပ်ရဲ့ဓားသိုင်းကွက်ကို သိပ်ပြီးကြည့်ချင်နေသလား'

'ဟုတ်တယ်၊ ဒီကနေ့မှာ မင်းရဲ့ဓားသိုင်း တွေ့ခွင့်မရတောင် တနေ့နေ့တချိန်ချိန်မှာတော့ မတွေ့တွေ့အောင်ရှာပြီး ထပ်ယှဉ်ပြိုင်ရမှာပဲ'



'ကောင်းပြီလေ၊ ဒါဆိုလဲ ကျုပ်ရဲ့ဓားသိုင်းကို ခင်ဗျားကို ပြပါ့မယ်၊ ဒါပေမယ့် ကျုပ်အခုဓားသိုင်းကွက်ဟာ ခင်ဗျားကို တိုက်ခိုက်မှာမဟုတ်ဘူး၊ ခင်ဗျားကြည့်ရအောင် တမင်ပြမှာ'

ချူယိ ပြောဆိုပြီး လှံကိုမူလပိုင်ရှင်ဖြစ်သော ဟန်လိချီထံသို့ ပစ်ပေးလိုက်သည်။

ထို့နောက်....

ချူယိသည် အင်္ကျီစကိုမတင်လိုက်ပြီး နဂါးတကောင် အော်ဟစ်သကဲ့သို့ အာခေါင်သံဖြင့် အော်ဟစ်လိုက်သည်။

ချူယိ၏ညာဘက်လက်တွင် စလင်းကျောက်ကဲ့သို့ ဖူးရှတောက်ပပြီး လင်းရောင်ခြည်ဖြာထွက်နေသော ဓားတလက်ကို တွေ့လိုက်ရ၏။

ထိုဓားသည် သိုင်းလောကတွင် လွန်စွာ တွေ့ရခဲသော ရတနာနဂါးဓား ဖြစ်သည်။

ခုနစ်စင်ကြယ်ညီနောင်။

ရှောင်ထင်။

ဟန်လိချီ။

နှင်းဆီ။

စံပယ် အပါအဝင်။

ဝူရှောက်ဖုန်းသည် ရှားပါး၍ ထူးဆန်း အစွမ်းထက်မြက်ပုံရသောဓားကို အံ့သြတကြီး ငေးမောကြည့်နေကြသည်။

ဝူရှောက်ဖုန်းက ချူယိကို မေးလိုက်သည်။

'မင်းမှာ ဒီဓားပါလျက်နဲ့ စောစောကငါ့ကို ဓားမရှိဘူးလို့ ဘာလို့ ပြောရတာလဲ'

ချူယိက လက်ကာပြ၍တောင်းပန်သောလေသံဖြင့် ပြောလိုက်သည်။

'အထင်မမှားပါနဲ့၊ ကျုပ်ရဲ့ဓားကိုမထုတ်ပဲ ခင်ဗျားကို ယှဉ်ပြိုင်တာဟာ ခင်ဗျားရဲ့ဓားသိုင်းကို အထင်သေးလို့ မဟုတ်ပါဘူး၊ တကယ်တော့ စောစောကပြောသလို ခင်ဗျားနဲ့ ကျုပ်မှာ ဘာရန်ငြိုးရန်စမှ ရှိကြတာမှမဟုတ်တာ၊ ဒီဓားကို မသုံးသင့်လို့ မသုံးခဲ့တာပါ'

'ဘာလို့ ဒီဓားကို မသုံးသင့်ရတာလဲ'

'ကြည့်ပါ၊ ဒီဓားနဲ့ ကျုပ်ရဲ့ ဓားသိုင်းကွက်တကွက်တည်းကိုပဲကြည့်ပါ အဖြေရှင်းသွားပါလိမ့်မယ်'

ချူယိ ပြောဆိုပြီးသည်နှင့် ဓားကိုင်လက်ကို ဝှေ့ယမ်းလှုပ်ရှားလိုက်၏။

စလင်းကျောက်နှယ် အစရောင်ဖြာထွက်နေသော ဓားရောင်လဲ့လဲ့သည် ပန်းပွင့်နှယ် အရိပ်များ ဖြာထွက်သွားသည်။

ပန်းပွင့်အရိပ်သည် တရိပ်မက....

တရိပ်....

နှစ်ရိပ်။

သုံးရိပ်။

တခဏချင်းအတွင်းမှာပင် ဓားဖျား၌ ပန်းဆယ်ပွင့်အရိပ်များ ပေါ်ထွက်လာသည်။

သိုင်းလောကတွင် ဓားဖျား၌ ပန်းရိပ်ကိုးရိပ်သာ ဖော်နိုင်ကြသည်။



ထိုသို့ ကိုးရိပ်ဖော်နိုင်သူသည်ပင် သုံးလေးဦးသာရှိ၏။

ယခု....။

ချူယိ၏ ဓားသိုင်းကွက်ကား အဆင့်များစွာ မြင့်လွန်းလှပေသည်။

ဓားအရိပ်များ တဖြည်းဖြည်းပူးပေါင်းသွားကာ ကြီးမားသော ပန်းပွင့်ကြီးတပွင့်အဖြစ် ပြောင်းလဲသွားပြန်သည်။

ပန်းပွင့်အရိပ်ကြီးသည် တဖြည်းဖြည်းနှင့် သေးငယ်သွားကာ နောက်ဆုံးတွင် ဓားတချောင်း၏ မူလပုံသဏ္ဍာန်ပြန်ပေါ်လာတော့သည်။

ချူယိဓားထုတ်လိုက်သည့်အချိန်မှစ၍ တိတ်ဆိတ်ငြိမ်သက်သွားသည်မှာ ဓားကိုပြန်သွင်းသည်ထိ အသံတစက်မျှ ထွက်မလာနိုင်ကြသေးပေ။

အစွမ်းထက်လှသော ဓားသိုင်းကွက်များကို တအံ့တဩငေးမော်ကြည့်ရှုယင်း မှင်သက်မိနေကြသည်။

မျက်မြင် ကိုယ်တွေ့သာ မတွေ့ရပါက ချူယိ၏ ဓားစွမ်းကို ယုံကြည်မည်မဟုတ်။

အပိုစကားဟုသာ ထင်မိပေမည်။

ချူယိသည် ဓားကိုအင်္ကျီအတွင်း၌ ပြန်သိမ်းထားလိုက်ပြီး တည်ငြိမ်စွာ ပြောလိုက်သည်။

'ကျုပ်ရဲ့ဓားကို ဘာကြောင့်မထုတ်သလဲဆိုတာ ဦးအစ်ကိုကြီး နားလည်လောက်သင့်ပါပြီ'

မူရှောက်ဖုန်း ခေါင်းညိတ်ပြလိုက်သည်။

ဝူရှောက်ဖုန်းသည် သိုင်းလောကတွင် အကြားအမြင်အတွေ့အကြုံ ဗဟုသုတများပြားသူတဦး ဖြစ်သည်။

ချုယ်၏ ရတနာဓားသည် သံမဆိုထားဘိ သံမဏိကိုပင် အပိုင်းပိုင်းပြတ်တောက် သွားစေကြောင်း ကောင်းစွာ သိထား၏။

အကယ်၍သာ... ။

ချုယ်သည် သူ၏ ရတနာနဂါးဓားဖြင့် ထုတ်၍ တိုက်ပါက ဝူရှောက်ဖုန်း၏ဓားသည် အပိုင်းပိုင်းပြတ်တောက် ပျက်စီးသွားမည်ဖြစ်သည်။

ဝူရှောက်ဖုန်းသည် သူ၏ဓားကို တန်ဖိုးထား၏။

သိုင်းသမားတိုင်းသည် မိမိတို့၏ လက်မှက်ကို အမြဲတစေ တန်ဖိုးထားသည် မဟုတ်ပါလော။

ချုယ်သည် သူ၏ ဓားကို မထုတ်ပဲ တိုက်ခိုက်သည့်အတွက် ဝူရှောက်ဖုန်း၏ဓား မပျက်စီးရခြင်းဖြစ်ကြောင်း တွေးမိကာ ချုယ်ကို ကျေးဇူးပင် တင်မိနေသေးတော့သည်။

ထိုသို့မဟုတ်ပါက....။

ယခုအချိန်တွင် ဝူရှောင်ဖုန်းတွင် လက်နက်မဲ့ဖြစ်နေပြီမဟုတ်ပါလား။

ထို့အပြင်....

ချုယ်၏ ဓားဖြင့် ယှဉ်ပြိုင်ပါက မိမိ၏ဓား ပျက်စီးသည့်ပြင် မိမိ၏အသက်ကိုပင် ထိခိုက်နိုင်ကြောင်း ကောင်းစွာ နားလည်သွား၏။

ဝူရှောင်ဖုန်း သက်ပြင်းတချက် ချလိုက်သည်။



ချုယ်ထံသို့ လျှောက်သွားကြပြီး လက်ဆွဲ နှုတ်ဆက်ကာ တလုံးချင်း ပြောလိုက်သည်။

'လေးစားပါတယ် ချုယ်'

ပြောဆိုပြီးသည်နှင့် ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားတော့သည်။

'ဝူအစ်ကိုကြီး ခဏနေပါဦး'

* * *

## ၂၄

ချူယိ၏ အသံကြောင့် ဝူရှောက်ဖုန်း၏ ခြေလှမ်းရပ်တန့်သွား၏။

'မင်းက ငါ့ကို ဘာပြောချင်သေးလို့လဲ'

'ဝူအင်ကိုကြီး အခု ဘယ်ကိုသွားမလို့လဲ'

'လျှောင်တုံးဒေသကို ပြန်တော့မယ်'

'ကျုပ်က ခဏနေပါဦးဆိုယင် ဝူအစ်ကိုကြီး နေနိုင်ပါမလား'

'ဘာသဘောလဲ'

'ကျုပ်ကို အထင်မမှားပါနဲ့ ကျုပ်က ဝူအစ်ကိုကြီးကို မိတ်ဆွေအဖြစ် ခဏ နေခိုင်းတာပါ'



'ဘာလဲ မင်းက ကျုပ်ကို မိတ်ဆွေ ဖွဲ့နေတာလား'

ချူယိ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ကျုပ်အနေနဲ့ အစ်ကိုကြီးကို မိတ်ဆွေရင်းချာတယောက်လို ခင်မင်သွားချင်ပါတယ်၊ ဒါမှလဲ ကျုပ်မှာ အရေးကိစ္စကြုံလာယင် ဝူအစ်ကိုကြီးဆီလာပြီး အကူညီတောင်းနိုင်မယ် မဟုတ်လား'

ဝူရှောက်ဖုန်းသည် ချူယိ၏ စကားကို မယုံကြည်နိုင်လောက်အောင် အံ့သြသွား၏။

လျှောက်တုံးဒေသ တဝိုက်တွင် ဝူရှောက်ဖုန်းကို ယှဉ်ပြိုင်နိုင်သူ ရှားပါးလှ၏။

ဝူရှောက်ဖုန်း၏ ဓားဖျားအောက်တွင် အသက်ပျောက်သွားရသူများလည်း မနည်းလှပေ။

ထို့ကြောင့်လည်း....

လျှောက်တုံးဒေသတွင် ဝူရှောင်ဖုန်းကိုဓားဘီလူး၊ဓားဘုရင်ဟု ပြောဆို ခေါ်ဝေါ်တတ်ကြသည်။

ယခု....။

ချူယိနှင့် တွေ့လိုက်သည့်အခါတွင် သူသည် ဓားဘုရင်မဟုတ်တော့ချေ။

ဓားဘုရင်သည် ချူယိဖြစ်သွားခဲ့ချေပြီ။

ထို့အတူ....

ချူယိ ကဲ့သို့သော မေတ္တာဓားသမား၏ ပါးစပ်မှ သူ့ကို မိတ်ဆွေဖွဲ့ရန် စကားပြောလိုက်သောအခါဝမ်းသာလွန်းသဖြင့် မျက်လုံးအစုံသည် ရှင်လန်းတောက်ပသွားသည်။

ထို့နောက် ကျေနပ်အားရစွာပင် ပြောလိုက်သည်။

'ချူယိ၊ ငါဟာ မင်းလိုလူမျိုးဆီက ခု လို စကားကြားရတာ ဝမ်းသာပါတယ်၊ မင်းကသာ နေရစ်ပါဦးဆို ငါနေရစ်ပါမယ်၊ ပြီးတော့ မင်းနဲ့အတူ ဘယ်အရာကိစ္စမျိုးမဆို လက်တွဲဆောင်ရွက်ဖို့ ငါကတိပေးပါတယ်'

'ဝမ်းသာပါတယ် ဝူအစ်ကို'

ချူယိက ဝမ်းသာစကားပြောပြီး ဝူရှောက်ဖုန်း၏ လက်နှစ်ဘက်ကို ဆွဲယူနှုတ်ဆက်လိုက်သည်။

'ကဲ....ပြောပါဦး၊ လောလောဆယ် မင်းငါ့ဆီက ဘာအကူအညီကိုတောင်းခံမလဲ'

'ကူညီရမယ့်ကိစ္စကို မကြာခင် ပြောပြပါမယ်၊ ဒါပေမယ့် ဝူအစ်ကိုကြီးလက်ထဲက ဓားကို ခဏလောက် သိမ်းလိုက်ပါဦး၊ ကျုပ်ရဲ့ပတ်ဝန်းကျင်မှာ ကျုပ်ရဲ့ ရဲဘော်တွေ ရှိနေသေးတယ်၊ သူတို့အားလုံးနဲ့ ဝူအစ်ကို တွေ့ဆုံရဦးမယ်'

ဝူရှောက်ဖုန်းသည် လက်ထဲမှ ဓား ကို သိမ်း ဆည်း လိုက်သည်။

ချူယိနားလျှောက်သွားကာ ဘေးနားတွင် မတ်တတ်ရပ်နေလိုက်သည်။

ချူယိသည် သစ်တောဘက်ဆီသို့မျှော်ကြည့်ပြီး အော်ဟစ်လိုက်၏။

'ပုန်းကွယ်နေကြတဲ့ရဲဘော်တွေ၊ မင်းတို့ ပွဲကြီး ပွဲကောင်းကြည့်စရာမရှိတော့ဘူး၊ အားလုံးထွက်လာခဲ့ကြတော့၊ အချင်းချင်း တွေ့ဆုံကြရအောင်'



ချူယိ၏စကားမဆုံးမီ သစ်တောအုပ်၏ နေရာအသီးသီးမှ မီးခိုးရောင်ဝတ်ဆင်ထားကြသော လူရိပ်များ အယောက် သုံးဆယ်ကျော်မျှ ပျံလွှားငှက်များနှယ် ပျံဝဲ ခုန်ပျံလာကြတော့သည်။

ထိုသူများကား....

မင်မင်းဆက်ကို တည်ထောင်ရန် လျှို့ဝှက် လှုပ်ရှားနေကြသော ကြယ်တာရာအဖွဲ့သားများဖြစ်ကြ၏။

ထိုအချိန်မှာပင်-

ဝပုလွေညီနောင်ငါးဦးနှင့် ချန် လုံ အဘိုးအို၏ အဖွဲ့သည်လည်း ဘဏ္ဍာတော်များဆီသို့ ပြေးဝင်လာကြသည်။

* *

ဝပုလွေညီနောင်ငါးဖော်နှင့် ချန်လုံအဘိုးအိုကို တွေ့သည်နှင့် ရှောင်ဘင်သည် ငွေရောင်ကျာပွတ်ကို အသင့် ကိုင်ထားလိုက်သည်။

ခုနစ်စင်ကြယ်ညီနောင်များလည်း ဓားကိုယ်စီ ဆွဲထုတ်လိုက်ကြသည်။

ဝတုတ်အဘိုးအိုဦးဆောင်သည့်ရွှေစွန်အဘိုးအိုသုံးဦးလည်း ဝပုလွေညီနောင်ကို တိုက်ခိုက်ရန် အသင့်အနေအထား ဖြစ်နေကြသည်။

သို့သော်....

အခြေအနေကား ချက်ချင်းပြောင်းလဲသွား၏။

ဝ ံပုလွေညီနောင်ငါးဦးသည် လက်နှစ်ဘက်ကိုမြှောက်ကာ ချူယံဆီသို့ ဦးတည်သွားကြ၏။

ချူယံအနီးရောက်သည်နှင့် ခေါင်းငုံ့၍ဂါရဝပြုလိုက်ပြီး-

'ချူသူရဲကောင်း၊ ချူသူရဲကောင်းနဲ့ ဝူသူရဲကောင်းတို့ ပြောဆိုကြတဲ့စကားသတွေကြားပါတယ်၊ မန်ချူး အာဏာပိုင်တို့ ထောင်ချောက်ထဲကို ကျုပ်တို့ဇွတ်တိုးမဝင်ပါဘူး၊ ဒီဘဏ္ဍာတော်တွေကိုလဲ လုယက်တိုက်ခိုက်ဖို့ ဆန္ဒမရှိတော့ဘူး။ ချူသူရဲကောင်းမှာ အရေးကိစ္စကြုံယင် ကျုပ်တို့ ဝံပုလွေညီနောင်ငါးဖော်ကိုလဲ အကြောင်းကြားပါလို့ မှာကြားခဲ့ပါရစေ'

မိုးဝံပုလွေငမ်းယုက ဝန်ချ တောင်းပန်စကား ပြောပြီးနောက် နံဘေးတွင်ရှိနေသော ချန်လုံ အဘိုးအိုဘက်လှည့်ကာ ပြောလိုက်သည်။

'ချန်အဘိုးအို-ကျုပ်ပြောတာတွေ ခင်ဗျား ကြားတယ်ထင်ပါတယ်၊ ကျုပ်တို့ဟာ မန်ချူးတို့ရဲ့ ကောက်ကျစ်တဲ့ ပရိယာယ်နဲ့ ဆင်ထားတဲ့ထောင်ချောက်ထဲဇွတ်တိုးဝင်ပြီး သိုင်းသမားအချင်းချင်း အမုန်းမပွားလိုတော့ဘူး၊ ဒီတော့ ချန်အဘိုးအိုအနေနဲ့ ဇွတ်တိုးပြီး ဒီဘဏ္ဍာတော်တွေကို လိုချင်တပ်မက်စိတ်ရှိနေသေးတယ်ဆိုယင် ကိုယ့်ဘာသာကိုယ် ဆက်လုပ်ရှာပေတော့၊ ကျုပ်တို့ညီနောင်ကတော့ ဒီကိစ္စထဲမပါတော့ဘူး'

ချန်လုံအဘိုးအိုသည် ဝံပုလွေညီနောင်၏ ပြောင်းလဲသွားသော စိတ်ထားကြောင့် အံ့သြစွာငေးမောကြည့်နေမိသည်။



ထိုအချိန်တွင်-

ချူယံက ချန်လုံအဘိုးအိုကို ပြောလိုက်သည်။

'ချန်လုံအဘိုးအို၊ ခင်ဗျားတို့ရဲ့ဒေသဟာ ကြွယ်ဝချမ်းသာတဲ့ဒေသပါ၊ ဘာလို့ လောဘဇောတက်ချင်ရတာလဲ၊ လောကမှာ လူတွေဟာ လောဘဇောမထားသင့်ဘူး၊ လုံလောက်ယင်သုခဆိုတဲ့စကားရှိတယ်မဟုတ်လား၊ပြီးတော့ အဘိုးဟာအသက်အရွယ်ကြီးပါပြီ၊ လူငယ်တွေကို ပြောဆိုဆုံးမရမယ့် အစားဘာလို့ ကိုယ်က ရှေ့ဆောင်မိုက်ချင်ရတာလဲ၊ ပြီးတော့ ဒီဘဏ္ဍာတွေဟာ မန်ချူးနယ်ချဲ့ရဲ့ သိုင်းသမား အချင်းချင်းလောဘဇောတက်ပြီး သွေးကွဲတိုက်ခိုက်အောင် ပရိယာယ်ဆင်လိုက်တဲ့ထောင်ချောက်ဖြစ်မှန်းသိလျက်နဲ့ ဘာလို့ လောဘစိတ်ရှိနေရတာလဲ၊ အဘိုး ဒီဘဏ္ဍာလိုချင်ပါပြီတဲ့၊ ဒီမှာ ရှိနေတဲ့ သိုင်းရဲဘော်တွေနဲ့ အချင်းချင်း တိုက်ရမယ်၊ တိုက်လို့ နိုင်ပြီပဲထား၊ အဘိုးအသက်ဆက်ရှင်မယ်ထင်သလား၊ နောက်ဆက်တွဲအဖြစ် မန်ချူးအာဏာပိုင်က မြေလှန်ရှာ သုတ်သင်မှာကော ထည့်တွက်မစိုးရိမ်တော့ဘူးလား'

ချူယံ၏ စကားသည် အဘိုးအိုအား တုန်လှုပ်သွားစေ၏။

မှောင်မိုက်နေသော စိတ်အမိုက်အမှားကို ဉာဏ်အလင်းဖွင့်ပေးလိုက်သည့်နှယ် နောင်တတရားလည်း ချက်ချင်းရရှိသွားကာ....

'ဟုတ်တယ် အဘိုး မှားသွားတယ်၊ အဘိုးအဖြစ်အတွက် အားလုံးကို ဝန်ချတောင်းပန်ပါတယ်၊ နောက်နောင်မှာ ချူသူရဲကောင်းအတွက်ပဲဖြစ်ဖြစ် တိုင်းပြည်နဲ့လူမျိုးအတွက်

ပဲ ဖြစ်ဖြစ် အကူညီလိုယင် ကျုပ်ဆီကို အချိန်မရွေးလာပါ၊ ကျုပ် လိုက်လိုက်လှဲလှဲ ကူညီပါမယ်၊ ဒီမှာရှိနေကြတဲ့ သိုင်းမိတ်ဆွေတွေအားလုံးကလဲ ကျုပ်ကိုရဲဘော်ရဲဘက်တယောက်လို သဘောထားကြပါလို့ ကျုပ်တောင်းပန်ပါတယ်’

‘အဘိုးရဲ့စိတ်ထားကို ချီးကျူးလေးစားပါတယ်၊ အမှားကို သိပညာရှိဆိုတဲ့ ဆိုရိုးလဲရှိတယ်မို့လား’

ချူယိက ချန်လုံအဘိုးအိုကို ပွေ့ဖက်ယင်း ချီးကျူးစကား ပြောလိုက်သည်။

*　　*　　*

တောင်ကမူကွေ့....

အခြေအနေအားလုံး ငြိမ်သက်သွားချေပြီ။

ချန်လုံအဘိုးအိုသည်လည်း သူ၏ ငယ်သားများကို ခေါ်ကာ ပြန်သွားခဲ့ချေပြီ။

မာန်စောင် တောင် သရဲညီနောင်လည်း အပြင်များအား တောင်းပန်ကာ ထွက်ခွာသွားကြချေပြီ။

ယခု....

ကျန်ရှိနေသေးသည်မှာ....

ဝံပုလွေညီနောင်ငါးဦး။



ခုနစ်စင်ကြယ် သိုင်းညီနောင် ခုနစ်ဖော်။

နယ်ခြားစောင့်ဘုရင် ဂူရှောက်ဖုန်း။

ရွှေစွန်ဂိုဏ်းမှ ထူးဆန်းသော အဘိုးအိုသုံးဦး။

ရတနာနဂါး ချူယိနှင့်....

ဘဏ္ဍာတော်ပို့ဆောင်ရေး အာမခံအဖွဲ့များသာ ရှိနေတော့သည်။

တခုတော့ရှိသည်။

ထိုအချိန်တွင်....

လူအားလုံးသည် တောင်ကမူကွေ့၏ ကျောက်တောင်ထောင့်စွန်းဘက်တွင် ရှိနေသော ဘဏ္ဍာတော်လှည်းများနှင့် အတူပါလာသော လျှို့ဝှက်လူ ပါဝင်သည့် လှည်းကိုမူ မည်မျှဂရုမစိုက်မိကြတော့ချေ။

အားလုံးသည်။

ချူယိ၏ စားကွက်များ။

ချူယိ၏ လှုပ်ရှားမှုများပေါ်တွင် အာရုံစူးစိုက်နေကြတော့သည်။

အကယ်၍သာ ...

လူမမာဟုဆိုသော လျှို့ဝှက်လူ လိုက်ပါလာသည့် လှည်းဆီသို့ သွား၍ အကဲခတ်မလေ့လာမည်ဆိုပါက....

ကြီးမားသော ပြောင်းလဲမှုတရပ် ချက်ချင်း ဖြစ်သွားနိုင်သည်။

သို့သော်....

ယခု....

လူအားလုံးသည် ထိုလှည်းပေါ်တွင် အာရုံမဲ့နေကြသည်။ ထိုသို့ အာရုံပြောင်းနေခဲ့ကြခြင်းသည်ပင်....။

* * *

၂၅

ဝံပုလွေညီနောင်ငါးဦးသည် ချုယိကို အရိုသေပြုလိုက်ကြသည်။

'ချုသူရဲကောင်း၊ ကျုပ်တို့ကို သွားခွင့်ပြုပါ၊ နောက်ကာလများမှ တွေ့ကြတာပေါ့'

ဟု ပြောဆိုပြီး ထွက်ခွာသွားကြမည် ပြင်သည်။

ထိုစဉ်.....

ပိန်သေးအတိုးအိုက ရုတ်တရက် အော်လိုက်သည်။

'မင်းတို့ညီအစ်ကိုတွေ ခဏနေကြဦး'

ဝံပုလွေညီနောင်ငါးဦးသည် လှမ်းမယ့်ခြေလှမ်းများ ရပ်တန့်သွားကြသည်။

မိန်သေးအဘိုးအိုကို နားမလည်စွာကြည့်ယင်း....

'ဘာအကြောင်းရှိသေးလို့လဲ ပိန်သေးအဘိုးအို'

ဝမ်းယုက မေးသည်။

'မင်းတို့နဲ့ စာရင်းရှင်းစရာ ရှိနေသေးတယ်'

ခေါင်းကြီးအဘိုးအိုက ဝင်ပြောလိုက်သော စကားကြောင့် ဝမ်းယု မျက်ခုံးပင့်တက်သွားသည်။

'ဘာများစာရင်းရှင်းစရာ ရှိနေလို့လဲ'

ဝတုတ်အဘိုးအိုသည် ဝံပုလွေမည်းဝမ်းမော်ဘက်သို့ စူးစိုက်ကြည့်လိုက်သည်။

'ဝမ်းမော် မင်းကိုငါမေးမယ် မှန်မှန်ဖြေပါ'

'ဘာမေးမှာလဲ'

'မင်းမနေ့ညက ကောင်းချန် တည်းခိုစားသောက်ဆိုင်မှာ အပျော်မယ် မေယင်းကို မင်းရဲ့ အတွင်းအားသုံးပြီး လက်ညှိုးနဲ့ ဘာလို့ တောက်သတ်လိုက်ရတာလဲ'

ဝမ်းမော် မျက်စိမျက်နှာပျက်သွား၏။

'အဲဒီကိစ္စနဲ့ ဒီဘဏ္ဍာတော်က ဘာမှမသက်ဆိုင်တာပဲ'

'ဒါပေမယ့် ငါတို့က တရားမဲ့ဆိုးသွမ်းတာကိုလဲ လက်ပိုက်ကြည့်မနေနိုင်ဘူး၊ ထိုက်သင့်သလို ပြစ်ဒဏ်ပေးရမှာပဲ'

'အဓိပ္ပာယ်က ဘယ်လိုလဲ'

'အပျော်မယ်မေယင်းကိုသတ်လိုက်တဲ့ မင်းရဲ့လက်တဘက်ကို ဒီမှာချန်ထားခဲ့ပါ'



ဝတုတ်အဘိုးအို၏စကားကြောင့် ဝမ်းမော် တုန်လှုပ် ထိတ်လန့်သွားပြီး ... ။

'ခင်ဗျားပြောသလိုမလုပ်ယင်ကော'

ဝတုတ်အဘိုးအို မျက်မှောင်ကုပ်သွား၏။

'ဒါဆိုလဲလွယ်ပါတယ်၊ မင်းရဲ့ခန္ဓာကိုယ်တခုလုံးကို ယူထားရမှာပေါ့'

ဝမ်းမော် အေးစက်စွာစိုက်ကြည့်လိုက်သည်။

'ဒါ... ဒါ ကျုပ်ကိုရန်စတာလား'

ဝတုတ်အဘိုးအို သက်ပြင်းတချက်ချလိုက်သည်။

'မင်းတို့ကို ရန်စစရာအကြောင်းမရှိဘူး၊ မင်းတို့ရဲ့ မတရားမှုလေးကို ဆုံးမနေတာ'

'ခင်ဗျားတို့နဲ့ကျုပ်မှာ ဘယ်လို ရန်ငြိုးရန်စမှမရှိပဲ ဘာကြောင့် ခုလို အကျုပ်ကိုင် အနိုင်ကျင့်ချင်ရတာလဲ'

ဝတုတ်အဘိုးအို ခေါင်းခါယမ်းလိုက်၏။

'အနိုင်ကျင့်တာမဟုတ်ဘူးဝမ်းမော်၊ ငါတို့က မျက်စိရှေ့မှာ မတရားတာဖြစ်ယင် ကြည့်မနေတတ်တဲ့အကျင့်ရှိနေလို့ပဲ၊ ပြီးတော့ ငါမေးမယ်၊ အဲဒီအပျော်မယ်လေးဟာ လူတိုင်းကို ချိုချိုသာသာနဲ့ ဆက်ဆံနေရရှာပြီး သိုင်းလောကအကြောင်းလဲ နားမလည်၊ သိုင်းပညာဆိုတာလဲမသိတဲ့ ဒီမိန်းကလေးကို မင်းက အတွင်းအားလက်ချောင်းနဲ့တောက်ပြီး ဘာလို့ သူ့အသက်ကို ရန်ရှာလိုက်ရတာလဲ ကဲ-ဖြေ'

ဝမ်းမော် အသက်ရှူမြန်လာသည်။

မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

ချယ်ထိနှင့် ဝူရှောက်ဖုန်းသည် အခြေအနေကို ငြိမ်သက်စွာ အကဲခတ်ကြည့်နေကြသည်။

ဝံပုလွေညီနောင်လေးဦးသည်လည်း မည်သူမျှ လှုပ်ရှားမှု မပြုနိုင်ကြချေ။

ရွှေစွန်အဘိုးအိုသုံးဦးအကြောင်းကို ကောင်းစွာ နားလည်ထားကြသည် မဟုတ်ပါလား။

'ဒါ ခင်ဗျား ကျုပ်ကို အထင်မှားတာပဲ'

'ဘယ်လိုအထင်မှားရတာလဲ'

'ကျုပ် မနေ့ညက ဘယ်တည်းခိုခန်းမှလဲ မသွားခဲ့ဘူး၊ ဘယ်အပျော်မယ်နဲ့မှလဲ မတွေ့ခဲ့ဘူး၊ ဘယ်သူ့ကိုမှလဲ ရန်မရှာခဲ့ဘူး'

မတတ်သာသည့်အဆုံးဝယ် ဝမ်းမော်သည် ကိစ္စအားလုံးကို ဘူးခံ၍ ငြင်းဆိုလိုက်ရတော့သည်။

ဝတုတ်အဘိုးအို နှုတ်ခမ်းတွန့်၍ ပြုံးလိုက်သည်။

'ဒီမယ်ဝမ်းမော်၊ မင်း ဘယ်လိုမှငြင်းလို့မရဘူး၊ အဲဒီ မိန်းကလေးနာမည်က စမယင်း၊ နေတာက ရန့်ဆောင်မှာ၊ မင်း ရန် ရှာ လိုက် တဲ့ နေ ရာ က ကောင်းချန်စားသောက်ဆိုင် အပေါ်ထပ် အခန်းအမှတ်(၃) မင်းရဲ့ လက်ချောင်းအတွင်း ဒဏ်ခကြောင့် ကယ်သူမရှိယင် အသက်ဆုံးရှုံးသွားပြီ၊ ဒါပေမယ့် တောဟိုက ခေါင်းကြီးကို ငါအချိန်မီသွားကယ်ခိုင်းလို့ မိန်းကလေးဟာ ခုတော့ လောကမှာ ဆက်လက်ရှင်သန်ခွင့် ရှိသွားပြီ၊ ကဲ-မင်းဘာငြင်းချင်သေးလဲ'



ဝတုတ်အဘိုးအို၏ တိကျသောစကားကြောင့် ဝမ်းမော်သည် မည်သည့်စကားမျှ ဆက်၍မငြင်းဆိုနိုင်တော့ချေ။

ဆွံ့အသူတဦးနှယ် ဖြစ်သွားသည်။

တုန်လှုပ်ချောက်ချားစိတ်ကြောင့် မျက်နှာသည် ပိုးဟပ်ဖြူတကောင်နှယ် ဖြစ်သွား၏။

'ကဲ-ဝမ်းမော် ဘယ်လိုလဲ၊ ဘာများ ဆက်ပြီးငြင်းဖို့ အကြံထုတ်နေတာလဲ'

ခေါင်းကြီးအဘိုးအိုက အေးစက်စွာရယ်မော၍ မေးလိုက်သည်။

ဝမ်းမော် မည်သည့်စကားမျှမဆို။

အံဘင်းတင်းကြိတ်လျက်ရှိသည်။

'ဒီနယ်တပိုက်မှာ မင်းတို့ညီအစ်ကိုတွေ ရမ်းကားနေတာတွေ ငါတို့ညီနောင်တွေ သိကြတယ်၊ တကယ်ဆို မင်းတို့ကို လက်စတုံးရှင်းပစ်ဖို့တောင်ကောင်းတာ၊ ဒါပေမယ့် မင်းတို့က အမှားကို ဝန်ချတောင်းပန်လာလို့ မင်း လတ်တလော ကျူးလွန်တဲ့အပြစ်အတွက် အသက်ကိုတောင်မယူပဲ မင်းကျူးလွန်တဲ့ လက်ကိုပဲ ချန်ထားခိုင်းခဲ့တာ သက်သာတယ်မှတ်ပါ၊ အေး-တို့က မေတ္တာထားပြီး ဖျောင်းဖျပြောဆိုနေပါလျက်နဲ့ မင်းက ဖြောင်ငြင်းနေမယ်ဆိုယင်တော့ မင်းတို့ညီနောင်အားလုံး လက်စဖျောက်ပစ်တော့မယ်'

ဝတုတ်အဘိုးအိုက ပြတ်သားစွာပြောဆိုပြီး ရှေ့သို့ ခြေတလှမ်းတက်လိုက်သည်။

မည်သူကမျှ တားဆီးဟန့်တားခြင်းမရှိကြချေ။

အခြေအနေမကောင်းသည်ကို ရိပ်မိပုံရသော ဝမ်ယင်းသည် ရှေ့သို့ ခြေတလှမ်းတိုးလိုက်ပြီး ဝမ်းမော်ကို လှမ်းပြောလိုက်သည်။

* * *

## ၂၆

'အစ်ကိုလတ် မင်းရဲ့ သူ့ရဲကောင်းစိတ်ဓာတ်တွေ ဘယ်ရောက်သွားပလဲ၊ အပြစ်ရှိလျက်နဲ့ ဝန်မခံရဲတာ သူ့ရဲကောင်း မဟုတ်ဘူးကွ၊ ဒီတော့ ဒီကနေ့ မင်းရဲ့အပြစ်ကို ဝန်ချတောင်းပန်ပြီး မင်းရဲ့ မှားယွင်းခဲ့တဲ့ လက်ဓာဘက်ကို ဝတုဘ်အဘိုးအိုဆန္ဒအတိုင်း ထားရစ်ခဲ့ပါ'

ဝမ်းယင်းသည် ဝတုတ်အဘိုးအိုအဘက် လှည့်ကာ ဆက်၍ပြောပြန်သည်။

'အဘိုးအိုခင်ဗျား၊ ကျွန်တော်တို့ ညီနောင်များ အမှားရှိသမျှ ဝန်ခံပါတယ်'

ဝမ်းမော်သည် တယောက်တည်း ငေးငိုင် စဉ်းစားလျက် ရှိသည်။

အခြေအနေက သူ၏ လက်တဘက်ကို ချန်ရစ်ခဲ့ရတော့မည်။

ထိုသို့မဟုတ်ပါက....

သူ၏ ညီနောင် ငါးဦးစလုံးသည် ရွေစွန်အဖွဲ့မှ ထူးဆန်းသော အဘိုးအိုများနှင့် တိုက်ကြရတော့မည်။

တိုက်ခိုက်ပါကလည်း မိမိတို့ ညီနောင်ငါးဦးလုံး အသက်ပေးခဲ့ကြရမည်ကို နားလည်သည်။

နောက်ဆုံးတွင် ဆုံးဖြတ်ချက်တရပ်ကို ယတိပြတ်ပိုင်းဖြတ်လိုက်ရတော့သည်။

ညီနောင်များ၏ အသက် အားလုံးအတွက် မိမိ၏လက်တဘက်ကို ချန်ရစ်ခဲ့ရတော့မည်ဟု....

ဆုံးဖြတ်ချက်ချပြီးသည်နှင့် ဝတုတ်အဘိုးအိုဘက်သို့ လှည့်ကာ ပြောလိုက်သည်။

'ဝတုတ်အဘိုး ဟုတ်ပါတယ်၊ ကျုပ်မနေ့ညကအပြစ်မရှိတဲ့ မိန်းကလေးကို သိုင်းပညာအားကိုးနဲ့အဆုံးသတ်သည်ထိ ကြံစည်ခဲ့ပါတယ်၊ အဲဒီအပြစ်အတွက် ကျူးလွန်မိတဲ့ ကျုပ်ရဲ့လက်ကို အဘိုးအိုရဲ့ဆန္ဒအတိုင်း ထားရစ်ခဲ့ပါတော့မယ်'

စကားဆုံးသည်နှင့် ဓားအိမ်မှ ဓားကိုဆွဲနှုတ်လိုက်ပြီး ညာလက်ကို ပိုင်းချလိုက်သည်။

ဝမ်းမော်၏ ညာလက်သည် လက်ကောက်ဝတ်နေရာမှ တိတိရိရိ ပြတ်တောက်သွားသည်။



အရိုးထိအောင် နာကျင် လွန်းလှသော်လည်း မျက်နှာတချက်မပျက်။

ညည်းသံ တချက်မထွက်။

တည်တည်ငြိမ်ငြိမ်ပင် ရပ်နေလျက်။

လက်ကောက်ဝတ်နေရာမှ သွေးများ ရေတံခွန်နှယ်စီးကျနေသည်။

ဝမ်းယင်းသည် အစ်ကိုလတ်ဖြစ်သူထံ ပြေးသွားသည်။

ထို့နောက်....

ဝမ်းမော်၏ လက်ကောက်ဝတ် တံတောင်ဆစ်နှင့် ပခုံးကို လက်ညှိုးဖြင့် တောက်ကာ သွေးကြော ပိတ်ပေးလိုက်သည်။

ဒဏ်ရာမှ သွေးများကျစီးမှု ရပ်တန့်သွားသည်။

ဝမ်းမုကလည်း ဝမ်းမော်ထံသွားသည်။

ဒဏ်ရာကို သွေးသိပ်ဆေးထည့်သည်။

ပတ်တီး စည်းပေးသည်။

ထို့နောက် ဝမ်းယင်းဘက်လှည့်ကာ အမိန့်ပေးသည်။

'ဝမ်းယင်း မင်း....ဝမ်းမော်ကိုထမ်းပြီး သွားပေတော့'

ဝမ်းယင်း ခေါင်းညိတ်လိုက်သည်။

မတုန်မလှုပ် ရပ်နေသော ဝမ်းမော်ကို ပခုံးတွင် ထမ်းလိုက်သည်။

ထို့နောက်....

ညီနောင် ငါးဦးသည် တောင်ကမူကွေ့မှ ထွက်ခွာသွားကြလေပြီ။

သို့သော်....

ဝမ်းမော်၏ လက်တဘက်ကား ပြစ်ဒဏ်သင့်ကာ ကျန်ရစ်ခဲ့ရရှာလေသည်။

*　　　*　　　*

## ၂၇

ဝံပုလွေညီနောင် ထွက်ခွာသွားသည်နှင့် ချုယိသည် ခေါင်းမော့လိုက်ပြီး ခုနစ်စင်ကြယ်ညီနောင်ကို သေချာစွာ ကြည့်လိုက်၏။

'လင်မူတိ ကျုပ်စကား နည်းနည်းပြောချင်တယ်'

'ပြောပါ ချုသူရဲကောင်း၊ ကျုပ်တို့ ညီနောင်မှာ စောစောက ဝံပုလွေ ညီနောင်လိုမျိုး အပြစ်ရှိခဲ့ယင်လဲ ပြောပါ၊ ကျုပ်တို့ ညီနောင် အမှားအမှန် ဝေခွဲရတာပေါ့'

ချုယိသည် ဥဒေါင်းမယ်ယင်းချီဘက်သို့ လှည့်ကာ ပြောလိုက်၏။

'စောစောပိုင်းက တိုက်ပွဲမှာ ပိန်သေးအဘိုးအိုနဲ့ မေယင်း ညီမလေးနဲ့တိုက်ခိုက်ရာက မေယင်း ညီမလေး ရှုံးနိမ့်သွားတဲ့အတွက် အရှက်ရပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ထိ ကြိုးစားခဲ့တာ ကျုပ် သစ်တောထဲက ကြည့်နေခဲ့လို့ သိခဲ့ရတယ်၊ ဒီကိစ္စအတွက်လဲ ပိန်သေးအဘိုးအို နောင်တရနေပါပြီ'

ချူယ် စကားမဆုံးခင် ဥဒေါင်းမယ်ယင်းချီက ပျာပျာသလဲ ဝင်ပြော၏။

'ဒီလို မဟုတ်ပါဘူး ချူသူရဲကောင်း၊ ကျွန်မရဲ့ ပညာဟာ တကယ်တမ်း တိုက်ပွဲကျတော့ ယှဉ်ပြိုင်နိုင်မှုမရှိသေးပဲနဲ့ ကိုယ့်ကိုကိုယ် မာန်မာနထောင်ခဲ့မိတဲ့အပြစ်ကို တွေးမိပြီး ရှက်လို့ ကိုယ့်ကိုကိုယ် သတ်သေဖို့ ကြိုးစားမိတာပါ၊ ဒါကလဲ ကျွန်မရဲ့ မဟာ အမှားဘဲပါ၊ ပိန်းသေးအဘိုးအိုနဲ့ ဘာမှ မပတ်သက်ပါဘူး၊ ကျွန်မရဲ့ အပြစ်လို့ သာ ဝန်ခံပါတယ်'

'ကောင်းပြီ၊ ဒါဆိုယင် ပိန်သေးအဘိုးအိုက မင်းရဲ့ဓားကို ချိုးပစ်ခဲ့တယ်မဟုတ်လား'

'ဒါကလဲ ကျွန်မအစ်ကိုလတ်ရဲ့အသက်ကို ကယ်ဆယ်တဲ့သဘောနဲ့ လုပ်လိုက်တာပါ'

ချူယိက ပိန်သေးအဘိုးအိုဘက် အကြည့် ပြောင်းလိုက်သည်။

'ဘယ်လိုပဲဖြစ်ဖြစ် ပိန်သေးအဘိုးအို၊ ခင်ဗျားဟာ ဥဒေါင်း မေယင်း ညီမလေးရဲ့ဓားကို ကျိုးသွားအောင် လုပ်လိုက်တဲ့အတွက် ဓားအစား ပြန်လျော်ပေးရမယ်'



'ကိစ္စမရှိပါဘူး ချူသူရဲကောင်း၊ ကျွန်မဓားက သာမန်ဓားတလက်ပါ'

ချူယိက လက်ကာ၍ ပြလိုက်သည်။

ထို့နောက် ...

ပိန်သေးအဘိုးအိုဘက်လှည့်လိုက်ပြီး အမိန့်သံ ဆန်သော အသံဖြင့် ပြောလိုက်၏။

'ပိန်သေးအဘိုး၊ ကျုပ်စကားကို နားလည်တယ်မဟုတ်လား....'

ပိန်သေးအဘိုး ခေါင်းညိတ်လိုက်သည်။

'နားလည်ပါတယ်၊ ဒါပေမယ့်....'

'ဒါပေမယ့် ခင်ဗျားနှမြောနေတယ် မဟုတ်လား'

'နှမြောလို့ မဟုတ်ပါဘူး၊ ဓားရဲ့အရှိန်သြဇာက သိပ်ထက်နေတော့ ဥဒေါင်းမေမိန်းကလေးကိုင်ဆောင်ယင် အဆင်ပြေနိုင်ပါ့မလား'

'အပိုတွေပြောမနေနဲ့၊ ဒီဓားဟာ ယင်းညီမလေးနဲ့ အဆင်ပြေစေမယ့် ဓားတလက်ပဲ'

ဝတုတ်အဘိုးအိုကလည်း ကြားဖြတ် ဝင်ပြောလိုက်၏။

'ပိန်သေး၊ မင်း ချူသူရဲကောင်းပြောတဲ့စကားကို ထပ်တွန့်မနေနဲ့၊ ဘာမှ ဆင်ခြေပေးမနေနဲ့'

ပိန်သေးအဘိုးအို ခေါင်းညိတ်လိုက်ပြီး ညှိုးငယ်သော မျက်နှာထားဖြင့် လေးတွဲ့စွာ ပြောလိုက်၏။

'ကျုပ် ချူသူရဲကောင်းစကားကို လိုက်နာပါ့မယ်'ဟု ပြောပြီး သူ၏ဓားကို ယင်းချီလက်သို့ ပေးအပ်လိုက်သည်။

ဝတုတ်အဘိုးအိုက တဟားဟားရယ်မောပြီး....

'ကဲ....ယင်းမိန်းကလေး၊ မင်းရဲ့ သာမန်ခဲတလက်ဟာ အခုတော့ ရတနာခဲတလက်အဖြစ် ပြောင်းလဲသွားပြီ၊ ချူသူရဲကောင်းနဲ့ ပိန်သေးအဘိုးအိုကို ကျေးဇူးတင်စကား ပြောလိုက်ပေတော့'

ယင်းချီ ခေါင်းညိတ်ပြီး အရိုအသေပေးလိုက်သည်။

'ကျေးဇူးတင်ပါတယ် ချူသူရဲကောင်း'

'ကျေးဇူးတင်ပါတယ် ပိန်သေးအဘိုး'

ကျေးဇူးတင်စကား တလှည့်စီ ပြောလိုက်သည်။

စင်စစ်....

ဥဒေါင်းမယ် ယင်းချီသည် ခဲသိုင်းပညာတွင် အစွမ်းထက်လှပါသည်။

သို့သော်....

သူမတွင် အတွင်းအား ပြည့်စုံခြင်း မရှိသေးသည့်အတွက် ရတနာခဲကို မူလကတည်းက လိုချင်တပ်မက်စိတ် ရှိခဲ့ဖူးပါသည်။

ရတနာခဲသည် သူမ၏ မပြည့်စုံသော အတွင်းအားကို ဖြည့်စွက်ပေးရာရောက်မည် မဟုတ်ပါလား။

ယင်းချီသည် လက်ထဲတွင် ရောက်ရှိလာသော ရတနာခဲကို တမြတ်တနိုး စိုက်ကြည့်လျက်ရှိသည်။

ချယ်ရီက ချောင်းတချက် ဟန့်လိုက်သည်။

ယင်းချီက ချယ်ရီကို မော့ကြည့်သည်။



'ယင်းညီမလေးမှတ်ထား၊ အဲဒီခဲဟာ ရတနာနတ်ခဲလို့ ခေါ်တယ်'

ကြားလိုက်ရသော စကားကြောင့် ယင်းချီမျက်လုံးလေး ဝိုင်းစက်သွား၏။

ချယ်ရီ ဆက်၍ပြော၏။

'အဲဒီခဲဟာ လွန်ခဲ့တဲ့ အနှစ်ငါးဆယ်တုန်းက ထုလုံးဆရာတယောက် ဒီသိုင်းလောကမှာ ကျော်ကြားခဲ့ဖူးတယ်၊ ထုလုံးဆရာ ကျော်ကြားတာကလဲ အဲဒီ ရတနာနတ်ခဲကြောင့်ပဲ'

ယင်းချီ သက်ပြင်းတချက် ချလိုက်၏။

'ချူသူရဲကောင်း၊ ကျွန်မ ဒီရတနာနတ်ခဲကို ကိုင်ဆောင်ရာမှာ ဘယ်လိုစည်းကမ်းချက်မျိုး ရှိရပါမလဲ'

ချယ်ရီ ခေါင်းခါယမ်းလိုက်သည်။

'ယင်းညီမလေး မှားသွားပြီ၊ ကျုပ်အနေနဲ့တော့ ဘာစည်းကမ်းချက်မှ မထားပါဘူး၊ ဒါပေမယ့် တခုတော့ရှိတယ်၊ ဒီခဲကို လွန်ခဲ့တဲ့ငါးနှစ်တုန်းက မမျှော်လင့်ပဲ ပိန်သေးအဘိုးအို ရရှိခဲ့တယ်၊ ဒီခဲဟာ အရှိန်အဟုန်ပါသ အတော်ပြင်းထန်လှတယ်၊ ခဲကိုင်တဲ့လူဟာ လူကောင်းမဟုတ်ဘူး၊ မရိုးမဖြောင့်တာ လုပ်မယ်ဆိုယင်တော့ သိုင်းလောကထဲမှာ ဆိုးဆိုးရွားရွား ဒုက္ခရောက်သွားစေနိုင်တယ်။ မှန်ကန်ဖြောင့်မတ်တာ လုပ်မယ်ဆိုယင်တော့ အကျိုးပေးပါတယ်၊ ကျုပ် ယင်းညီမလေးကို ဒီခဲပေးခိုင်းရတာကလဲ အတွင်းအားနည်းနေတဲ့ ယင်းညီမလေးကို အတွင်းအားဖြည့်ပေးသလိုဖြစ်ပြီး ယင်းညီမ

လေးဟာ ဖြောင့်မတ်တဲ့စိတ်ဓာတ်ထား ရှိမယ်၊ မမှန်ကန်တဲ့ဂိတ် မရှိဘူးလို့ ယူဆပြီး ပေးအပ်လိုက်တာပဲ'

ဥဒေါင်းမယ်ယင်းချိသည် ခေါင်းညိတ်လိုက်ပြီး ရှိခိုးလေးစားသော အသံဖြင့်ပြော၏။

'စိတ်ချပါ ချူသူရဲကောင်း၊ ကျွန်မအနေနဲ့ မမှန်မကန်တာ မလုပ်ပါဘူး၊ ဒီရတနာနတ်ခါးကို ရရှိတဲ့နေ့ကစပြီး သိုင်းလောကမှာ ကျွန်မတို့ရဲ့ ခုနစ်စင်ကြယ် သိုင်းညီနောင်ခုနှစ်ဖော်ဟာ သိုင်းအင်အားတိုးလာခဲ့ပြီး ဒီသိုင်းပညာနဲ့တရားလမ်း မှန်တဲ့ အမှုကိစ္စများသာ ဆောင်ရွက်ပါတော့မယ်'

ယင်းချိ စကားအဆုံးတွင်....

လင်ဝူဘိကလည်း ဝန်ခံကတိစကား ပြော၏။

'ကျုပ်တို့ ခုနစ်စင်ကြယ်ညီနောင်တွေဟာ နောက်နောင်မှာကျုပ်တို့တတ်နိုင်သရွေ့ လူ့ကျင့်ဝတ်နဲ့အညီ ရှိရှိသမျှအင်အားနဲ့ သိုင်းလောကအကျိုး၊ တိုင်းပြည်အကျိုးကို သယ်ပိုးထမ်းဆောင်ပါမယ်လို့ ကတိသစ္စာပြုပါတယ်၊ အာမခံချက်လဲပေးပါတယ်၊ ကျုပ်တို့ကိုလဲ ခွင့်ပြုပါတော့'

ချူယံ ခေါင်းညိတ်လိုက်သည်။

ဥဒေါင်းမယ်ယင်းချိသည် မြင်းပေါ်သို့ ခုန်တက်လိုက်ပြီးနောက် ချူယံကို လှပသော မျက်လုံးဝိုင်းလေးဖြင့် လှည့်ကြည့်လိုက်သည်။

သူမ၏ အကြည့်တွင် ချူသူရဲကောင်းအား လေးစားကြည်ညိုသော အရိပ်လက္ခဏာများ ပါရှိသည်။



သို့သော်....

သူမ၏အကြည့်ကြောင့် ချူယံ စိတ်နှလုံး တုန်လှုပ်သွားသည်။

ခုနစ်စင်ကြယ်ညီနောင်ကား အဝေးသို့ ထွက်ခွာသွားကြချေပြီ။

မြင်းခွာသံများ တဖြည်းဖြည်း ဝေးကွာသွားပြီ ဖြစ်သည်။

ချူယံ သက်ပြင်းချလိုက်၏။

ထိုစဉ် ...

ကျယ်လောင်သော ရယ်သံကြီးကို ကြားလိုက်ရ၏။

* * *

ရယ်သံနှင့်အတူ....

သစ်တောထဲမှ ငှက်ကြီးများနှယ် ပျံသန်းလာသော အရိပ်နှစ်ရိပ်ကို မြင်တွေ့လိုက်ရသည်။

အရိပ်များကား လူရိပ်များဖြစ်၏။

လူရိပ်နှစ်ရိပ်သည် ချူယံ၏ ဆယ်ပေကျော် အကွာအဝေးတွင် ရင်ဘောင်တန်းလျက် မတ်တတ်ရပ်လိုက်ကြသည်။

ထိုနှစ်ရိပ်မှာလည်း ငယ်ရွယ်ပျိုမျစ်သူများ မဟုတ်ကြ။

ဆံပင်ဖြူနေကြပြီဖြစ်သော အသက် ခုနစ်ဆယ်ကျော် အရွယ်ပုဂ္ဂိုလ်နှစ်ဦးဖြစ်၏။

အပြာရောင် အင်္ကျီကို တူညီ ဝတ်ဆင်ထားကြသည်။

နောက်ကျောတွင်လည်း ဓားရှည်ကိုယ်စီ လွယ်ထားကြ၏။

ရွှေစွန်အဖွဲ့မှ အဘိုးအိုသုံးဦး။

ချူယံ

ဝူရှောက်ဖုန်း။

ငါးယောက်စလုံးသည် ရုတ်တရက် ရောက်လာကြသော အပြာရောင် ဝတ်စုံဝတ် အဘိုးအိုနှစ်ဦးကို မျက်မှောင်ကြုတ်လျက် ကြည့်နေကြသည်။

ထိုနှစ်ဦးသည် မည်သည့်အချိန်တည်းက သစ်ဟောထဲတွင် ပုန်းအောင်းနေပါသနည်း။

တခြားသိုင်းအဖွဲ့များအားလုံး ထွက်ခွာသွားမှ ထွက်လာကြခြင်း ဖြစ်သည်။

မည်သို့သော အကြောင်းကိစ္စ ရှိလေသနည်း။

ကောင်းကြောင်းတော့ မဖြစ်နိုင်ချေ။

ဆိုးကြောင်းကိစ္စများသာ ဖြစ်တန်ရာသည်။

အဘယ်ကြောင့်ဆိုသော်....

ထိုအဘိုးအိုနှစ်ဦးကား....



လွန်ခဲ့သော အနှစ်သုံးဆယ်ကျော်က သိုင်းလောကတွင် ဆိုးသွမ်းခဲ့ကြသော....

လောက်ဝမ်းနှင့် လောက်မော် အမြွှာသိုင်းညီနောင် ဖြစ်နေသောကြောင့်ပင်တည်း။

* * *

## ၂၈

အမြွာညီနောင် သိုင်းလောကမှ ပျောက်ကွယ်နေခဲ့သည်မှာ ကြာပြီ ဖြစ်သည်။

သူတို့သည် ဟိုစန့်တောင်ထဲတွင် လျှို့ဝှက်စွာ ပုန်းခိုနေကြသည်ဟု ကြားသိရသည်။

သူတို့သည် ယခု အဘယ်ကြောင့် လာရောက်ရလေသနည်း။

သိုင်းလောကမှ ပျောက်ကွယ်ခြင်းမရှိမီ ကာလပိုင်းကလည်း ထိုအမြွာညီနောင်သည် သိုင်းလောကတွင် သားတပည့်များစွာ မွေးစားခဲ့ပြီး သိုင်းပညာများ တဆင့်ဖြန့်ဝေခဲ့သည်။

သိုင်းလောကတွင် ရက်စက်ကြမ်းကြုတ်သော တိုက်ကွက်များဖြင့် တရားမဲ့ မင်းမူခဲ့ကြသည်။



တခုတော့ရှိသည်။

သူတို့၏ လှုပ်ရှားဟန်ကို ထောက်ချင့်၍ အမြွာညီနောင် အဘိုးအိုသည်။

ဟိုစန့်တောင်ထဲ၌ လျှို့ဝှက်သိုင်းပညာများ လေ့ကျင့်ခဲ့ကြပုံရသည်။

သူတို့၏ လှုပ်ရှားမှုမှာ ထိပ်သီးအဆင့်မြင့် သိုင်းသမားများ၏ လှုပ်ရှားမှု များ ဖြစ်နေကြသည်။

ချူယိသည် အဘိုးအိုနှစ်ဦးအား စူးစိုက်ကြည့်ရာမှ....

'အဘိုးအို နှစ်ယောက်ရာ ဟိုစန်တောင်မှာ အေးအေးဆေးဆေး အနားယူနေသင့်ပါပြီ၊ ဒီအသက်အရွယ်ကျမှ ဒီဘဏ္ဍာတော်တွေကို ဘာလို့ တပ်မက်နေရပြန်တာလဲ'

အကြီးဖြစ်ဟန်တူသော အဘိုးအို ခေါက်ဝမ်းကခေါင်းကို ခါယမ်းလိုက်သည်။

'သန်းပေါင်းများစွာတန်တဲ့ ဒီဘဏ္ဍာတော်တွေဟာ လူသားတွေအတွက် လောဘ၊ ဒေါသ၊ မောဟရိပ်တွေ ဖြစ်ပွားအောင် လှုံ့ဆော်ပြီး မတရားမှု ကျူးလွန်အောင် အားပေးစေရာရောက်တဲ့ မစ္စည်းတွေပါ၊ ဒီပစ္စည်းတွေအတွက် ငါတို့ညီနောင် ဘာမှ စိတ်မဖောက်ပြန်ဘူး၊ ငါတို့လာတာ လူလာရှာတာပဲ'

'အဘိုးတို့ ဘယ်သူ့ကို လာရှာတာလဲ'

အဘိုးအိုနှစ်ယောက်သည် ဝူရှောက်ဖုန်းကိုစူးစိုက်ကြည့်လိုက်ကြပြီး ခေါက်ဝမ်းအဘိုးအိုက အမိန့်ပေးလိုက်သည်။

'ဝူရှောက်ဖုန်း....မင်းရှေ့ကို ထွက်လိုက်ပါ'

ဝူရှောက်ဖုန်းလည်း မဆိုင်းမတွပင် ရှေ့သို့တလှမ်းချင်းလှမ်း တက်လိုက်သည်။

*　　　*　　　*

'ကျုပ်ကို လာရှာတာလား'

ဝူရှောက်ဖုန်း တည်ငြိမ်စွာ မေးမြန်းလိုက်၏။

လောက်ဝမ်းက ခေါင်းညိတ်လိုက်သည်၊

'ငါတို့ ညီအစ်ကိုဟာ ဟိုစန်တောင်ကနေ လျှောင်တုံတောင်ထိ လိုက်ပြီး မင်းကို မတွေ့တွေ့အောင် လိုက်ရှာနေတာပဲ'

'ဘာအကြောင်းကိစ္စရှိလို့ ဒီလောက်ထိ သဲကြီးမဲကြီးလိုက်ရှာနေရတာလဲ'

'မင်းကို သွေးကြွေးဆပ်ရအောင်လို့ လိုက်ရှာနေတာ'

ဝူရှောက်ဖုန်း မျက်မှောင်ကြုတ်သွား၏။

'ဘာကြောင့် ကျုပ်ကို သွေးကြွေးဆပ်ချင်ရတာလဲ၊ ကျုပ်မှာ သွေးကြွေးဆပ်ရလောက်အောင် ဘယ်လိုအကြောင်းကိစ္စမျိုးမှ မရှိခဲ့ဘူး'

စကားပြောရာ အဘိုးအိုနှစ်ဦးကို စူးစိုက်ကြည့်လိုက်ပြီး....

'ခင်ဗျားတို့ဟာ လောက်ဝမ်းနဲ့ လောက်မော် အမြွာအဘိုးအိုမို့လား'



'အေးဟုတ်တယ်၊ ငါကလောက်ဝမ်း၊ ဒီဘက်က ငါ့ညီလောက်မော်ပဲ'

'အဘိုးအိုတို့က ကျုပ်အပေါ်မှာ ဘယ်သူ့အတွက် သွေးကြွေးကို တကူးတက လာတောင်းနေရတာလဲ'

'ငါတို့ရဲ့ တပည့်တယောက်အတွက်'

'အဘိုးတို့ရဲ့ တပည့်နာမည်က'

'ကြို့ဟန်ချူလို့ ခေါ်တယ်'

ဝူရှောက်ဖုန်းသည် မျက်စိမှိတ်၍ စဉ်းစားဟန်ပြုသည်။

အတန်ကြာမှ....။

မှတ်မိပုံဖြင့် ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး။

'ကြို့ဟန်ချူဆိုတဲ့ကောင်ဟာ ကျုပ်အပေါ်မှာ ဘယ်လိုအပြစ်မျိုးပြုလုပ်ခဲ့တယ်၊ ဘယ်လိုဆိုးသွမ်းတဲ့ အမှုကိစ္စမျိုးတွေ ပြုလုပ်ခဲ့တယ် ဆိုတာကိုရော ခင်ဗျားတို့ စုံစမ်းမိရဲ့လား'

လောက်ဝမ်း မျက်နှာပျက်သွားပြီး နားမလည်စွာ မေးလိုက်သည်။

'ငါတို့တပည့် ကြို့ဟန်ချူဟာ လိမ်လည်လှည့်ဖြားတတ်တဲ့ လူဆိုးတယောက် ဖြစ်နေလို့လား'

'အဲဒီထက်မက ဆိုးသွမ်းတဲ့ လူဆိုးကြီးတယောက်ဖြစ်နေပြီ'

လောက်ဝမ်းနှင့် လောက်မော်အဘိုးအို မျက်ခုံးတွန့်သွားကြသည်။

လောက်မော်က စဉ်းစဉ်းစားစားဟန်ဖြင့် မေးသည်။

'ငါတို့တပည့်ဟာ အလျင်တုန်းက မင်းပြောသလောက် ဆိုးသွမ်းတဲ့ကောင်မဟုတ်သလို၊ မကောင်းတဲ့ ကိစ္စတွေမှာလဲ ဘာမှ မလုပ်ခဲ့ဖူးပါဘူး၊ အခုကျမှ ဘာလို့ လူဆိုးကြီး တယောက် ဖြစ်သွားရတာလဲ'

'မယုံကြည်တဲ့ သဘောလား'

'ဟုတ်တယ်'

'ဒါဆိုလဲ လျှောင်တုံးဒေသကို သွားပြီး စုံစမ်းကြည့်ပေါ့'

လောက်မော် ခေါင်းကို ခါယမ်းလိုက်၏။

'ရှောင်တုံးဒေသထိ သွားစုံစမ်းစရာ မလိုပါဘူး၊ မင်းကို မေးကြည့်ယင် သိရမှာပေါ့'

စကားပြောရာမှ ခေတ္တရပ်လိုက်သည်။

ဝူရှောက်ဖုန်းကို အေးစက်စွာကြည့်၍ မေးလိုက်သည်။

'ငါတို့တပည့်ဟာ ဘယ်လိုကိစ္စမျိုးတွေကို ပြုမူခဲ့သလဲ'

'ခင်ဗျားတို့တပည့်ဟာ လူသတ်ပြီး ပစ္စည်းလုတယ်၊ နောက်ပြီး အမျိုးသမီးတွေကို ဖျက်ဆီးတယ်၊ အဆိုးရွားဆုံးကတော့ မန်ချူးလက်ကိုင်တုတ်ဖြစ်ပြီး မျိုးချစ်သိုင်းသမား တော်တော်များများကို မန်ချူးတွေအကျိုးအတွက် သတ်ဖြတ်ခဲ့လို့ပဲ'

'အဲဒါတွေနဲ့ မင်းဟာ ဘယ်လို ပတ်သက်နေလို့လဲ'

'ကျုပ်က မန်ချူးနယ်ချဲ့တွေကို ဟိုတုန်းကလဲ မလိုလားခဲ့ဘူး တိုက်ခဲ့တယ်၊ ခုလဲမလိုလားဘူး၊ ဒီကောင်တွေကို တိုက်ထုတ်ပြီး ကျုပ်တို့ တရုတ်အမျိုးသားအုပ်စိုးတဲ့ မင်းဆက်ကို ပြန်လည်တည်ထောင်ဖို့ အခွင့်ရှိ ရှိသလိုလှုပ်ရှားမှာပဲ၊ ဒီမှာတင် ခင်ဗျားတပည့်နဲ့ကျုပ်ဟာ ပြဒါးတလမ်း သံတလမ်းဖြစ်လာခဲ့တယ်၊ ကျုပ်က မန်ချူးရဲ့ရန်သူ၊ ခင်ဗျားတပည့်က မန်ချူး အလိုတော်ရိ ဒါကြောင့် ကျုပ်ကို ခင်ဗျားတပည့်က စိန်ခေါ်တယ်၊ မန်ချူးနယ်ချဲ့တွေနဲ့ ပူးပေါင်းဖမ်းဆီးဖို့ကြိုးစားတယ်၊ နောက်ဆုံး ကျုပ်အသက်ကို ချောင်းမြောင်းလုပ်ကြံတဲ့အဆင့်ထိဖြစ်လာလို့ ကျုပ်လဲ ကျုပ်အသက်ကျုပ်ကာကွယ်တဲ့အနေနဲ့ ခင်ဗျားတပည့်ကို သတ်လိုက်ရတာပဲ'



'ဒါတွေ အထောက်အထားရှိသလား'

ဝူရှောက်ဖုန်း မကျေနပ်စိတ်ကြောင့် မျက်ခုံးနှစ်ဘက် တွန့်သွားသည်။

'ဘာလဲ ခင်ဗျားတို့က ကျုပ်ပြောပြနေတာကို မယုံကြည်တဲ့ သဘောလား'

'ကျုပ်အနေနဲ့ မင်းရဲ့စကားကို မယုံကြည်တာမဟုတ်ဘူး၊ ယုံပါတယ်၊ ဒါပေမယ့် တခုတော့ရှိတယ်၊ ဘယ်အရာမဆို သက်သေအထောက်အထားရှိရမယ်လေ၊ သက်သေအထောက်အထားမရှိတော့ ကျုပ်က မင်းပြောတာကို ဘယ်လိုလုပ် ယုံကြည်လို့ရမလဲ'

'ကျုပ် အမှန်အတိုင်းပြောပြခဲ့တာပဲ'

'ဒါက မင်းဘက်ကအပြောကိုးကွ၊ မင်းပြောတဲ့စကားတွေဟာ မင်းအတွက် မင်းတဘက်သတ်ပြောတာလဲ ဖြစ်နိုင်တာပဲ၊ မင်းပြောတာတွေ သက်သေသာဓကမပြနိုင်ပဲနဲ့တော့ ကျုပ်တို့ မယုံနိုင်ဘူး'

ဝူရှောက်ဖုန်း သက်ပြင်းတချက်ချလိုက်သည်။

'ခင်ဗျားတို့ ကျုပ်စကားကိုမယုံကြည်ယင်လဲ မတတ်နိုင်ဘူး၊ ဒီတော့ ခင်ဗျားကဘယ်လိုလုပ်ချင်သလဲ၊ ခင်ဗျားရဲ့ဆန္ဒကိုလဲ ပြောပြဦးမှပေါ့'

လောက်ဝမ်းနှင့် လောက်မော် တချက်ရယ်လိုက်၏။

'ကျုပ် စကားတခွန်းပဲပြောမယ်၊ ကျုပ်တို့ လူတယောက်ကို သတ်ခဲ့တယ်ဆိုယင် အဲဒီလူအတွက် အသက်ကြွေးကို ပြန်ဆပ်ရမယ်ပေါ့'

ဝူရှောက်ဖုန်းကလည်း တချက်ရယ်လိုက်ပြီး....။

'ခင်ဗျားတို့ပြောတဲ့စကားအတိုင်းဆို ကျုပ်က ခင်ဗျား တပည့်အတွက် ကျုပ်အသက်ကို ပြန်ပေးဆပ်ရမယ်'

'အေး... ဟုတ်တယ်'

'ဒီလိုသာဆိုယင် မန်ချူးအလိုတော်ရိတွေ ပိုပြီးရောင့်တက် ဆိုးသွမ်းကုန်တော့မှာပေါ့'

'ဒါက တို့နဲ့မဆိုင်ဘူး'

'ဒီတိုင်းပြည်မှာနေယင် ဒီတိုင်းပြည်ရဲ့ကိစ္စကို မဆိုင်ဘူးလို့ ပြောလို့တယ်ရမလဲ'

'ဒါတွေမသိဘူး၊ ငါတို့သိတာ ငါတို့တပည့်တွေအတွက် သွေးကြွေးပြန်ယူဖို့ပဲ'

ဝူရှောက်ဖုန်း အေးစက်မာကျောစွာစိုက်ကြည့်ပြီး သူ၏ ဓားအိမ်မှ ရတနာဓားကို ဆွဲထုတ်လိုက်သည်။

'ကဲ-ဒီလောက်ရှင်းပြနေပါလျက်နဲ့ ခင်ဗျားတို့က သွေးဆာ နေတော့လဲ ခင်ဗျားတို့ရဲ့လက်နက်တွေ ထုတ်သိုက်ကြပါ'

*   *   *



လောက်ဝမ်း မျက်မှောင်တချက်ကြုတ်လိုက်ပြီး....။

'ဘာလဲ မင်းရဲ့ သဘောက ငါတို့ညီအစ်ကိုနှစ်ယောက်စလုံး မင်းကိုထွက်တိုက်ရမယ့်သဘောလား'

ဝူရှောက်ဖုန်း ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

'ခင်ဗျားတို့ညီအစ်ကိုနှစ်ယောက်စလုံး တခါတည်းထွက်ပြီး တိုက်ယင် ပိုပြီးကောင်းတာပေါ့'

လောက်မော် နှုတ်ခမ်းတဘက်တွန့်လျက် မဲ့ပြုံးပြုံးလိုက် ပြီး....။

'မင်းလိုလူစားမျိုးကို ငါတို့ညီအစ်ကိုနှစ်ယောက်စလုံး ထွက် တိုက်ဖို့မလိုပါဘူး'

စကားပြောရာမှ လောက်ဝမ် ဘက်လှည့်ပြောလိုက်၏။

'မင်း နောက်ဆုတ်နေလိုက်'

စကားဆုံးသည်နှင့် ရှေ့သို့လှမ်းခုန်လိုက်၏။

ဝူရှောက်ဖုန်းနှင့် တပေခန့်အကွာတွင် မျက်နှာချင်းဆိုင် ရပ်လျက်ဖြစ်သွားသည်။

ထို့နောက်....။

ကျောတွင်လွယ်ထားသောဓားရှည်ကို ဆွဲထုတ်လိုက်၏၊ ဓားရှည်ကို ကျစ်လျစ်စွာကိုင်ပြီး ပြောသည်။

'ငါတယောက်တည်းနဲ့ပဲ မင်းကိုယှဉ်နိုင်ပါတယ်ကွာ'

ဝူရှောက်ဖုန်းသည် လောက်မော်၏လှုပ်ရှားမှုကို သတိ ထား၍ စိုက်ကြည့်နေသည်။

အမြွာညီအစ်ကိုကို မတွေ့ဖူးသော်လည်း အမြွာညီအစ်ကိုသည် သိုင်းပညာတွင် အတွင်းအားထက်မြက်ကြောင်း ဝူရှောက်ဖုန်း ကောင်းစွာသိထားသည် မဟုတ်ပါလော။

*　　*　　*

တယောက်ခြေလှမ်းကို တယောက်အကဲခတ် စောင့်ကြည့်နေကြသည်။

လှုပ်ရှားမှုတစုံတရာမျှမရှိသေး။

ငြိမ်သက်တိတ်ဆိတ်နေသည်။

နှစ်ယောက်စလုံး၏ မျက်လုံးအစုံသည် အရောင်များ တဝင်းဝင်းလက်နေသည်။

တယောက်အသက်ရှူသံ တယောက်ကြားနေရသည်။

ထိုစဉ်....

ချူယိ၏ ချောင်းတချက်ဟန့်သံ ကြားလိုက်ရသည်။

နှစ်ဦးစလုံး၏အကြည့်သည် ချူယိထံ ဆတ်ကနဲ ရွှေ့ပြောင်းလိုက်သည်။

'ချူသူရဲကောင်း ပြောပါ'



ချူယိ၏သိုင်းပညာနှင့် စိတ်ဓာတ်ကို လေးစားလျက်ရှိသော ဝူရှောက်ဖုန်းက ချက်ချင်းမေးလိုက်သည်။

ထိုသို့မေးလိုက်ခြင်းကပင်လျှင် ဝူရှောက်ဖုန်းအတွက် အမှားတရပ်နှယ် ဖြစ်သွားသည်။

*　　*　　*

## ၂၆

သိုင်းပညာချင်း ယှဉ်ပြိုင်တိုက်ခိုက်ကြရာတွင် စိတ်ဓာတ်သည် လွန်စွာအရေးကြီး၏။

စိတ်ဓာတ်တည်ငြိမ်မှု ရှိရပေမည်။

တဘက်ရန်သူကို အလစ်မပေးရချေ၊

လောက်မော်သည် သိုင်းသမားကောင်းတယောက် ဖြစ်သည်။

အတွင်းအား လွန်စွာကောင်း၍ သိုင်းလောကတွင် လွန်ခဲ့သော အနှစ်သုံးဆယ်က ထိပ်သီးစာရင်းဝင် သိုင်းသမားတယောက်ဖြစ်၏။

တိုက်ခိုက်သည့်ပညာမှာလည်း အဆင့်မြင့်သည်။



ထို့အတူ....

တဘက်ရန်သူ၏ လစ်ဟာချက်ရှိသည်နှင့် အလျှော့မပေးပဲ အနိုင်ယူတိုက်ခိုက်တတ်သောအကျင့် ရှိ၏။

ချူယိက ချောင်းဟန့်၍အသံပေးလိုက်ရာ ဝူရှောက်ဖုန်းသည် ချူယိ တစုံတရာပြောလိုဟန် ရှိသည်ထင်၍ လှည့်မေးလိုက်၏။

ဝူရှောက်ဖုန်း၏ စိတ်ဓာတ်နှင့်မျက်လုံးသည် ချူယိထံသို့ ပြောင်းလဲရောက်ရှိသွားချိန်တွင်....

လောက်မော်၏ မာန်သွင်းအော်ဟစ်လိုက်သံကို ကျယ်လောင်စွာ ကြားလိုက်ရသည်။

'ယား....'

* * *

လောက်မော်၏ ဓားဖျားသည် ဝူရှောက်ဖုန်းဆီသို့ တန်းတန်းမတ်မတ် ရောက်ရှိသွားသည်။

ဓားရွက်သည် ပန်းဝတ်မှုန်ဖြန့်ကျက် သိုင်းကွက်ဖြစ်သည်။

လောက်မော်၏ သိုင်းကွက်များသည် ကျွမ်းကျင်ဖျတ်လတ်သည်။

သာမန်သိုင်းကွက်ပင် ဖြစ်လင့်ကစား....

လွန်စွာပြင်းထန်သော ဓားချက်ဖြစ်သည်။

ချူယိ မျက်မှောင်တချက် ကြုတ်သွား၏။

ချက်ချင်းပင် ညာလက်ကိုလှုပ်ရှားလိုက်သည်။

အတွင်းအားသုံး၍ လက်ညှိုးဖြင့် တောက်ထည့်လိုက်၏။

အတွင်းအားအရှိန်သည် လွန်စွာ ပြင်းထန်သွား၏။

ဝူရှောက်ဖုန်းထံ တန်းတန်းမတ်မတ် ဝင်ရောက်သွားသော လောက်ဝမ်း၏ ဓားရှည်သည် ရုတ်တရက် တုန်ခါလှုပ်ယမ်းသွား၏။

လောက်မော်၏ ဓားကိုင်လက်သည် ပေါ့ပါးသွားသည့်နှယ် ဖြစ်သွားသည်။

မှန်သည်။

လောက်မော်၏ဓားရှည်သည် ချူယိ၏ လက်ညှိုးတောက် အားကြောင့် နှစ်ပိုင်းပြတ်တောက်သွားသည်။

ဓားဖျားသည် ဆယ်ပေကျော်မျှ လွင့်စင်ထွက်သွား၏။

လောက်မော် အထိတ်တလန့် ဖြစ်သွားသည်။

နောက်သို့ ခုနစ်ပေကျော်ခန့်ဆုတ်ပြီး ရှောင်သွားရလေသည်။

ထို့နောက်....

ချူယိဆီသို့ မကျေနပ်စွာ စိုက်ကြည့်လိုက်၏။

‘မင်းဟာ သိပ်ပြီးပြင်းထန်ထက်မြက်တဲ့ သံမဏိလက်ချောင်း ပိုင်ရှင်ပဲ၊ ရှောင်လင်ရဲ့တပည့်လား’

‘မဟုတ်ပါဘူး’

‘ဒါဖြင့် မင်းရဲ့လက်ချောင်းအားက....



‘မိုးနဂါးလက်ချောင်းအား’

‘မိုးနဂါးလက်ချောင်းအား’

လောက်မော် အံ့သြစွာ ရေရွတ်လိုက်သည်။

‘ဟုတ်ပါတယ်’

‘မင်းဟာ သိုင်းပညာကို ဘယ်အဖွဲ့အစည်းက တတ်မြောက် ခဲ့တာလဲ’

ချူယိ တချက်ပြုံးလိုက်သည်။

‘ကျုပ်ရဲ့ သိုင်းပညာ ဘယ်အဖွဲ့ကဆိုတာထက် လောလော ဆယ် ကျုပ် ခင်ဗျားတို့ကို စကားပြောချင်တယ်၊ ခင်ဗျားတို့ လက်ခံနိုင်မလား’

‘ဘာပြောချင်တာလဲ’

‘လွန်ခဲ့တဲ့ အနှစ်သုံးဆယ်ကျော်က ခင်ဗျားတို့နှစ်ယောက် ဟာ သိုင်းလောကထဲမှာ လူတွေအတော်များများကို သတ်ဖြတ် ခဲ့တယ်၊ နောက်ပြီး ခင်ဗျားတို့ညီနောင်ရဲ့ သတင်းဆိုးတွေ ဆက်တိုက် ကြားခဲ့ရတယ်၊ ဒါပေမယ့် ခင်ဗျားတို့ရဲ့ စိတ်ဓာတ် ဟာ ထင်သလောက် မကြမ်းတမ်းဘူးလို့ တွေးဆခဲ့တယ်၊ အခု တော့ ကျုပ်ထင်တာ မှားခဲ့တယ်၊ ကျုပ်က ပြောစရာရှိလို့ ချောင်းဟန့်လိုက်တယ်၊ ဝူရှောက်ဖုန်းက ကျုပ်ဘက် လှည့် အမေးမှာ ခင်ဗျားက သိုင်းသမားကောင်း ပီသမှုမရှိပဲ အလစ် မှာ ဝင်တိုက်တယ်၊ ဒီတော့ ကျုပ်ပြောမယ်၊ ခင်ဗျားတို့တပည့် ကြို့ဟန်ချူရဲ့စိတ်ဓာတ်ဟာ ခင်ဗျားတို့ညီအစ်ကို ဆိုးသွမ်းတာ ထက် ပိုဆိုးတယ်၊ ဆိုးရုံတင်မကဘူး၊ သူများသားမယားကိုလဲ စော်ကားခဲ့တယ်’

'တော်... မင်းပါးစပ်ပိတ်'

လောက်မော် ရုတ်တရက်အော်ဟစ်တားမြစ်လိုက်သည်။

'မင်းက ဒီစကားတွေ ပြောရအောင် ဘာ အ ထောက် အထား သက်သေခံရှိလို့လဲ'

ချူယိက လောက်မော်၏စကားကို ဂရုမစိုက်သည့်နှယ်။

ပခုံးတွန့်ပြီး ဆက်၍ပြောပြန်သည်။

'ခင်ဗျားတို့ တားလဲ ကျုပ်ကတော့ ခင်ဗျားတို့ သိ သင့် သိထိုက်တာကို သိရအောင်တော့ ပြောရဦးမှာပဲ'

လောက်ဝမ်းက လောက်မော်ကိုလှည့်ကြည့်ပြီး....

'ပြောချင်တာ ပြောစမ်းပါစေကွာ'

'ကဲ....ပြောစမ်းကွာ'

'ခင်ဗျားတို့တပည့် ကြို့ဟန်ချူဟာ သိုင်း လောက ထဲကို ရောက်လာတာ ငါးနှစ် ကျော်သာ ရှိသေးတယ်၊ ဒါပေမယ့် သူ့ရဲ့ဆိုးသွမ်းရက်စက်မှုတွေက ရေတွက်လို့မကုန်ဘူး၊ ခင်ဗျားတပည့်ဟာ ကိုယ့်အမျိုးသားတွေကိုတင် စော်ကားရုံ မကဘူး၊ ကိုယ့်တိုင်းပြည်ကိုပါ ရောင်းစားဖို့ ကြိုးစားခဲ့တဲ့ ကောင်၊ ပြီးတော့ မျိုးချစ်သိုင်းအင်အားစုကိုလဲ မန်ချူးနယ်ချဲ့ဆီသွားပြီး သတင်းပို့တယ်၊ သူ့ကြောင့် မျိုးချစ်သိုင်းသမားတွေ ဆုံးရှုံးခဲ့ရတယ်၊ နောက်ဆုံး ဟောဒီက ဝူရှောက်ဖုန်းကို သတ်ဖို့ထိ ကြိုးစားခဲ့တယ်၊ ဝူရှောက်ဖုန်းသာ လက်မဦးယင် ခင်ဗျားတပည့်ဟာ တိုင်းပြည်နဲ့လူမျိုးကို ဆိုးကျိုးတွေ ဆက်ပေးနေဦး



မှာပဲ၊ ဒီလိုကောင်မျိုးကို ဝူအစ်ကိုကြီး သတ် တာ မလွန်ဘူး၊ ဝူအစ်ကိုကြီးမသတ်လဲ ကျုပ်တို့မတွေ့တွေ့အောင်ရှာရမှာပဲ'

'ရှာပြီး မင်းကပါ သတ်ဦးမယ်ပေါ့'

'မသတ်တာတောင်မှ သူဟာ တသက်လုံး သိုင်း ပညာ နဲ့ အနိုင်ဆက်မကျင့်နိုင်တော့အောင် မကောင်းမှုတွေ ဆက်မလုပ်နိုင်အောင် အတွင်းအားတွေကော သိုင်းပညာတွေပါဖျောက်ဖျက်ပစ်ရမယ်၊ ဒါမှ သိုင်းလောကသာ သန့်စင်သွားမယ်'

'ဒီကောင် ဒီလောက်ထိ အမှန်တကယ် ဆိုးသွမ်းခဲ့သလား'

လောက်ဝမ်း မယုံကြည်သောလေသံဖြင့် ထပ်မေးသည်။

ချူယိ သက်ပြင်းတချက်ချလိုက်သည်။

'ခင်ဗျားတို့ဟာ ဟိုစန် တောင်ထဲမှာ ပုန်းကွယ် နေခဲ့တာ အနှစ်သုံးဆယ်ကျော်ရှိပြီ၊ ခင်ဗျားတို့တောတောင်ထဲမှာ လွတ်လပ်စွာနေထိုင်ခဲ့ပြီး ခင်ဗျားတို့ဘာဝ ခင်ဗျားတို့ပျော်ရွှင်အောင် နေခဲ့ကြတယ်၊ ဒီကြားထဲမှာ ခင်ဗျားတပည့်တွေရဲ့ဆိုးသွမ်းမှုကို ခင်ဗျားတို့ ဘယ်လိုလုပ်သိနိုင်မှာလဲ၊ ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျားတို့တပည့်ဟာ အမှန်တကယ် ဆိုးသွမ်းပြီး သိုင်းလောကထဲမှာ မရှိသင့်မရှိထိုက်တော့တဲ့ လူတယောက်မို့ ဖယ်ရှားလိုက်ရတယ် မှတ်ပါ၊ ခင်ဗျားတို့ရဲ့ သိက္ခာကိုရော၊ ကိုယ့် အမျိုးသားရဲ့ သိက္ခာ၊ သိုင်းလောကရဲ့သိက္ခာကိုပါ ကျဆင်းအောင်လုပ်ခဲ့တဲ့ မကောင်းတဲ့တပည့်အတွက် ခင်ဗျားတို့ကကော အသက်ကြီးမှ ဘာလို့ဆက်မိုက်နေရတာလဲ၊ ဒါကြောင့်ခင်ဗျားတို့ကို ကျုပ်ကြားက တောင်းပန်ဖျောင်းဖျပါတယ်၊ ခင်ဗျားတို့ စိတ်ထဲက လက်စားချေလိုတဲ့စိတ်တွေကို ဖယ်ရှားလိုက်ကြပါ၊ မကောင်း

တဲ့ တပည့်တယောက်အကြောင်းလဲ ခေါင်းထဲက ဖျောက်ပစ်လိုက်ကြပါ'

စကားဆုံးသည်နှင့် ချူယိအသက်ဘဝရှူလိုက်၏။

'ကြို့ဟန်ချူဟာ ငါတို့ဆီမှာနေတုန်းက ဒီလောက်ထိမဆိုးပါဘူး'

'လူတယောက်ရဲ့ အတွင်းစိတ်သဘောကို တခဏနဲ့ အကဲခတ်လို့ ဘယ်ရမလဲ၊ အချိန်နဲ့ အမျှ ပတ်ဝန်းကျင် လိုက်ပြီး ပြောင်းလဲတတ်ကြတာပဲ၊ ခင်ဗျားတို့ဆီက ထွက်ခွာပြီး ခင်ဗျားတို့ထက်ဆိုးသွမ်းရိုင်းကားတဲ့ လူတွေနဲ့ ပေါင်းတော့ ခင်ဗျားတပည့်ဟာ ခင်ဗျားတို့ထက် ဆိုးရတာပေါ့'

'ဒါတွေကို ငါတို့က ဘယ်လိုယုံရမလဲ'

'မှန်တယ်၊ ခင်ဗျားတို့က တပည့်နဲ့ပတ်သက်ပြီး သဲလွန်စအထောက်အထားလိုချင်တဲ့သဘောရှိနေကြတယ်မို့လား'

'မှန်တယ်'

'ဒါဆိုယင် ကျုပ်ကလဲ ခင်ဗျားတပည့်နဲ့ ပတ်သက်ပြီး သဲလွန်စရှာဖို့ လမ်းစ ပေးလိုက်မယ်၊ ခင်ဗျားတို့ သွားစုံစမ်းပေါ့'

'ဘယ်သူ့ဆီ သွားစုံစမ်းရမှာလဲ'

'ခင်ဗျားတပည့်ရဲ့ စော်ကားမှုကို ခံခဲ့ရတဲ့သူတွေ၊ နောက်ပြီးတော့ စန်တုန်ဒေသက အမည်းရောင်အဖွဲ့က လူတွေ'

'စန်တုန်က အမည်းရောင်အဖွဲ့နဲ့ ဘယ်လို ပတ်သက်လို့လဲ'

'ခင်ဗျားတပည့်ဟာ အဲဒီအဖွဲ့ကပဲ'

လောက်ဝမ်း၊ လောက်မော် မျက်နှာပျက်သွားကြသည်။



စန်တုန်ဒေသမှ အမည်းရောင် သိုင်းသမားများသည် လောကတွင် စက်ဆုပ်ရွံရှာစရာ မကောင်းမှုကိစ္စများကို လုပ်ဆောင်ကြကြောင်း ကောင်းစွာသိထားကြသည်။

လောက်ဝမ်းနှင့်လောက်မော်ကိုယ်တိုင်လည်း ထိုလူများကို မနှစ်မြို့ချေ။

'မင်းစကား အမှန်ပဲလား'

'ကျုပ်လိမ်ပြောတတ်တဲ့ကောင် မဟုတ်ဘူး'

'ငါတို့က မယုံဘူးဆိုယင်ကောဗျာ'

'ကျုပ်တို့ ဒီလောက်မေတ္တာထားပြီး ဖျောင်းဖျရှင်းပြနေပါလျက်နဲ့ ခင်ဗျားတို့က မယုံကြည်ပဲ နယ်ခြားဓားဘုရင်ဝူအစ်ကိုကို တိုက်မယ်ဆို ကျုပ်ကလဲ ကြည့်နေမှာ မဟုတ်ဘူး၊ ပြီးတော့ ကျုပ်ဆက်ပြောလိုက်မယ်၊ ခင်ဗျားတို့ ညီနောင်ဝူအစ်ကိုနဲ့ တယောက်ချင်းသာ ယှဉ်ပြိုင် ဘယ်တော့မှ မနိုင်နိုင်ဘူး၊ ခင်ဗျားတို့ ညီနောင်နှစ်ယောက်ပေါင်းပြီး ယှဉ်တောင်မှ တိုက်ကွက်နှစ်ရာကျော် တိုက်ယူမှအနိုင်ရမယ်၊ ဒါပေမယ့် ကျုပ်ကလဲ လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး'

လောက်ဝမ်း မျက်လုံးပြူးဖြင့် မေးသည်။

'ဘာလဲ မင်းတို့နှစ်ယောက်က ငါတို့ညီနောင်ကို တိုက်မယ့်သဘောလား'

'ကျုပ်တို့က စေတနာထားပြီး ရှင်းပြနေလျက်နဲ့ ကျုပ်တို့ကို ရန်ရှာမယ်ဆိုယင်တော့ ခင်ဗျားတို့ညီနောင်လဲ အသက်ကြီးမှ ခင်ဗျားတပည့်ရဲ့ လမ်းကိုလှမ်းသွားရမယ်မှတ်ပါ၊ ကျုပ်ပြောမယ်၊ သိုင်းလောကမှာ ခင်ဗျားတို့ညီနောင်ကိုယှဉ်နိုင်တဲ့သူ ဆယ့်လေး ငါးယောက်လောက်သာ ရှိကြတယ်ဆိုတာလဲ ကျုပ်

နားလည်တယ်၊ ဒါပေမယ့် ကျုပ်တို့ ညီနောင်နဲ့ ယှဉ်ပြိုင်ယင် ခင်ဗျားတို့ သိုင်းကွက်တရာကျော်အောင် မကာကွယ်နိုင်ဘူး။ ဒီတော့ ကျုပ်တောင်းပန်ပါတယ်၊ မိုက်တဲ့လူဟာသူ့မိုက်ခေတ်သူ သိမ်းသွားတာ ဘာမှ မကျေနပ်စရာမရှိဘူး၊ ခင်ဗျားတို့ ညီနောင်လဲ ဟိုစန်တောင်ကိုသွားပြီး အေးအေး ဆေးဆေး အနားယူပါ'

လောက်ဝမ်းနှင့် လောက်မော်သည် မည်သည့် စကားမျှ မပြော ငြိမ်သက်တိတ်ဆိတ်နေကြသည်။

မှန်သည်။

စင်စစ်။

သူတို့ အနေဖြင့် သိုင်းပညာအရ အဆင့်မြင့်သည်မှာ မှန်၏။

သို့သော်....

တကယ်တမ်း ယှဉ်ပြိုင်ပါက....

နယ်ခြားခါးဘုရင်နှင့် ရတနာ နဂါးချူယိကို ယှဉ်ပြိုင်နိုင်မည်မဟုတ်ချေ။

ထို့ပြင်....

သူတို့၏ တပည့်ဖြစ်သူသည် သူတို့ထက်ပို၍ဆိုးသောကောက်ကျစ် ရက်စက်ယုတ်မာသော စန်တုန်ဒေသမှ အမည်းရောင်သိုင်းသမားများနှင့် ဆက်သွယ်သည်ကိုလည်း သိရှိခဲ့ရသည်။

ပို၍ဆိုးသည်ကား....

သူတို့၏ တပည့်သည် မန်းချူးအလိုတော်ရိ ဖြစ်နေခြင်းပင်တည်း။



လောက်ဝမ်းနှင့် လောက်မော်သည် ဆိုးသွမ်းသူနှစ်ဦးဖြစ်ခဲ့သည်မှာ မှန်ပါသည်။

သို့သော်....

သူတို့တွင် မျိုးချစ်စိတ်ဓာတ်ကား ရှိ၏။

နယ်ခြဲ့ မန်ချူးထံတွင် ဒူးမထောက်လိုကြ။

သူတို့၏ လက်စားချေလိုမှုသည် မမှန်ကန်ကြောင်းတဖြည်းဖြည်း နားလည်လာသည်။

ချူယိ ချောင်းတချက်ဟန့်လိုက်ပြန်သည်။

အဘိုးအိုနှစ်ဦး ချူယိထံ လှည့်ကြည့်ကြသည်။

'ပြောပါ'

'ဒီကနေ့ သိုင်းလောကမှာ အခြေအနေ ရှုပ်ထွေးနေပါတယ်၊ ကျုပ်တို့ဟာရှေ့လျှောက်ပြီး သိုင်းလောကအကျိုးတွေ လုပ်စရာတွေ ရှိနေပါသေးတယ်၊ ဒီအခြေအနေအရ ကျုပ်တို့နှစ်ယောက်ဟာ အဘိုးတို့ နှစ်ယောက်ရဲ့ အကူအညီကို လိုအပ်လာဦးမှာပါ၊ အဲဒီလို ကျုပ်တို့နဲ့ လက်တွဲပြီး သိုင်းလောကအကျိုး တိုင်းပြည်အကျိုးတွေ လုပ်ရှားရာမှာ အဘိုးအိုတို့ ပါဝင်လာယင် အဘိုးတို့ရှေ့က လုပ်ခဲ့တဲ့ မကောင်းမှုတွေဟာ အလိုလို ပပျောက်သွားမှာပါ'

အဘိုးအိုနှစ်ဦးသည် ချူယိစကားကြောင့် ငေးငိုင်သွားကြသည်။

အဘန်ကြာမှ....

လောက်ဝမ်း အဘိုးအိုသည် ဖြည်းညင်းစွာ ပြောလာ၏။

'ချူ သူရဲကောင်းလေးပြောတာ မှန်ပါတယ်၊ ကျုပ်တို့ဟာ တပည့်ဆိုးတွေအတွက် လက်စားချေလိုတဲ့စိတ် ပြင်းပြပြီး

အမှားကို ဆက်ပြီး မှားမယ်ဖြစ်ခဲ့တယ်၊ ကျုပ်တို့ရဲ့အမှားတွေကို အမြင်ရှင်းအောင် ရှင်းပြတဲ့ ချူသူရဲကောင်းကိုလဲ လေးစား ကျေးဇူးတင်ပါတယ်၊ ချူသူရဲကောင်း ပြောတာတွေလဲ လက်ခံပါတယ်၊ ချူသူရဲကောင်းရဲ့ လှုပ်ရှားမှုတွေမှာ ကျုပ်တို့ အကူအညီ လိုအပ်ယင် အကြောင်းကြားပါ၊ ကျုပ်တို့ ညီအစ်ကို အချိန်မရွေးလာခဲ့ပါ့မယ်'

'ကျေးဇူးတင်ပါတယ်'

အဘိုးအိုနှစ်ဦးနှင့် လူငယ်နှစ်ယောက်တို့၏ လက်အစုံပေါင်း ဆက်သွားမိကြချေပြီ။

လောက်မော်အဘိုးအိုသည်ချူယိနှင့် လက်ဆွဲ နှုတ်ဆက်ရာမှ လက်ကို ရုပ်သိမ်းလိုက်ပြီး လေးစားသော လေသံဖြင့် ပြောလိုက်၏။

'ကဲ....ချူသူရဲကောင်း ကျုပ်တို့ကို ခွင့်ပြုပါ'

ချူယိက ခေါင်းညိတ်၏။

လောက်မော်သည် ဝူရှောက်ဖုန်းဘက်လှည့်လိုက်ပြီးတောင်းပန်ပြန်သည်။

'ဝူညီလေး၊ ကျုပ်တို့ညီနောင် အထင်မှားပြီး ပြုမူမိတာတွေကို စိတ်ထဲက ဖျောက်ဖျက်ပစ်လိုက်ပါလို့ တောင်းပန်ပါတယ်'

'စိတ်ထဲမှာ ဘာမှ အမှတ်မထားပါဘူး'

အဘိုးအိုနှစ်ဦး ကျေနပ်စွာ ပြုံးပြီး သစ်တောတွင်းသို့ ခုန်ဝင်ထွက်ခွာသွားတော့သည်။

ချူယိသည် အဘိုး အိုနှစ်ဦး၊ ထွက်ခွာသွားရာ ကြည့်ယင်း သက်ပြင်းတချက်ချလိုက်၏။



အဖြစ်အပျက် အလုံးစုံကို မြင်တွေ့နေရသော မိုးပျံရွှေကျား သိုင်းအဖွဲ့သည်။

ချူယိအား ပို၍ လေးစားသွားကြသည်။

ချူယိအပေါ် စိတ်အာရုံများ စုပြုံရောက်နေခြင်းသည် အမှားတရပ်ကို ကျူးလွန်နေခြင်းလော။

ချူယိသည် အမှန်တကယ် လေးစားထိုက်သူလော။

သို့တည်းမဟုတ်။

ချူယိသည် လူအများအား လေးစားစေရန် ယုံကြည်မှုခံယူပြီး ကွယ်ရာတွင် ဖောက်ပြန်နေသူလော။

မည်သူသိနိုင်ပါအံ့နည်း။

* * *

## ၃၀

ဘဏ္ဍာတော်လှည်းနှင့်အတူ ပါလာသော လူမမာဆိုသည့် လျှို့ဝှက်လူကို အားလုံးမေ့နေကြပုံရသည်။

**အား**လုံး၏ အာရုံသည် လူစွမ်းကောင်း ချူယိထံ စုရောက်နေကြချေပြီ။

လှည်းအတွင်းမှ လျှို့ဝှက်လူသည် သူ၏ လုပ်ငန်းများကို လျှို့ဝှက်စွာ လှုပ်ရှားနေကြောင်း မည်သူမျှ သတိမထားမိကြချေ။

အကယ်သာ....

သတိထားမိမည် ဆိုပါလျှင်....

နယ်ခြားစောင့်ဘုရင် ဝူရှောက်ဖုန်း။



ရွှေစွန်**အ**ဖွဲ့မှ လူထူးလူဆန်းအတိုးအိုသုံးဦး။

ရတနာနဂါး ချူယိတို့နှင့်။

မိုးပျံရွှေကျား **အာမခံ** အဖွဲ့သားတို့သည် အမြေတရပ်ကို ချက်ချင်းပြောင်းလဲပစ်ကြရမည်သာ။

သို့သော်....

အခြေအနေကား ပြောင်းလဲခြင်းမရှိ။

လျှို့ဝှက်လူသည် လျှို့ဝှက်စွာ လှုပ်ရှားနေဆဲပင် ဖြစ်သည်။

* * *

ဝူရှောက်ဖုန်းသည် ချူယ်ကို **လေးစားသော** အကြည့်ဖြင့် ကြည့်နေလျက် ရှိသည်။

'ချူညီလေး၊ ခင်ဗျားကို ကျုပ်ဘာနဲ့နှိုင်းမှာ အသက်သခင် ကျေးဇူးရှင်တယောက်အနေနဲ့ ကျေးဇူးပြန်ဆပ်နိုင်အောင် ကြိုးစားရမယ်'

ချူယိက မကျေနပ်သော မျက်နှာထားဖြင့် အေးဆေးစွာ ပြောလိုက်သည်။

'ဝူအစ်ကို၊ ခင်ဗျားနဲ့ကျုပ်ဟာ ဖြူစင်တဲ့ စိတ်ထားနဲ့ မိတ်ဆွေဖွဲ့ထားပြီးကြပြီပဲ၊ ဒီလို**စကားမျိုး** ပြောစရာမလိုဘူး၊ ဒီလို အပြန်အလှန် ကျေးဇူးစကားမျိုးတွေ ပြောနေကြယင် မိတ်ဆွေရင်းတွေ မဟုတ်တော့ဘူး'

ဝူရှောက်ဖုန်း တချက်ပြုံးလိုက်သည်။

'ကျုပ်စကားပြောမှားသွားပြန်ပြီ၊ ဒါထက် ဒီအမြွာညီနောင်ဟာ ကျုပ်ကို သွေးကြွေးလာတောင်းမယ့် ကိစ္စ ချူညီလေး စကတည်းက သိထားသလား'

ချူယိ ခေါင်းဆတ်ကနဲ ညိတ်လိုက်ပြီး၊

'ဟုတ်တယ်၊ ခုတော့ အားလုံးရှင်းသွားပါပြီ ဝူအစ်ကိုကြီး၊ လျောင်တုံးကို စိတ်ချလက်ချ ပြန်နိုင်ပါပြီ'

ဝူရှောက်ဖုန်း နားမလည်စွာ မျက်ခုံးတွန့်လိုက်သည်။

'ဘာသဘောလဲ၊ ကျုပ်ကို ပြန်ခိုင်းနေတာလား'

'ဝူအစ်ကိုက လျောင်တုံးဒေသကို ပြန်ဖို့ ရည်ရွယ်ချက် မရှိတော့ဘူးလား'

ဝူရှောက်ဖုန်း ခေါင်းခါယမ်းလိုက်ပြီး၊

'ဟုတ်တယ်၊ ကျုပ်မပြန်တော့ဘူး'

ခိုင်မာသော ဆုံးဖြတ်ချက်ကို ပြောလိုက်၏။

'ဒါဆို ဝူအစ်ကိုကြီး ဘယ်သွားမလဲ'

'ကျုပ်အနေနဲ့ ချူညီလေးရဲ့ ပြောစကားအရ ကျုပ်ဟာ မင်းနဲ့အတူ သိုင်းလောကမှာ သွားလာလှုပ်ရှားဖို့ ဆုံးဖြတ်လိုက်ပြီ၊ ဒါကြောင့် ချူညီလေး ဘယ်ကိုပဲသွားသွား ချူညီလေး နောက်က အရိပ်လိုလိုက်နေမယ်'

ချူယိ သက်ပြင်းတချက် ချလိုက်သည်။

'ဝူအစ်ကိုရဲ့ စိတ်ထားကို ကျုပ်နားလည်ပါတယ်၊ ဒါပေမယ့် ဝူအစ်ကိုကြီးအနေနဲ့ ကျုပ်နဲ့အတူ လိုက်နေလို့ မဖြစ်သေးဘူး'



ဝူရှောက်ဖုန်းသည် ချူယိစကားကြောင့် အံ့သြတကြီး ဖြစ်သွားသည်။

နဖူးကြောများ တွန့်သွားသည်ထိ မျက်ခုံးပင့်တက်သွား၏။

'ဘာကြောင့်မလိုက်စေချင်ရတာလဲ ချူညီလေး'

'ခုချိန်မှာ ကျုပ်အနေနဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စလေးတွေ သိပ်များနေသေးတယ်၊ ဒါကြောင့် ဘယ်သူ့ကိုမှ အဖော်ခေါ် မသွားနိုင်သေးဘူး'

'ဘာလဲ၊ ကျုပ်လိုက်လာယင် အနှောင့်အယှက် ဖြစ်နေလို့လား'

ဝူရှောက်ဖုန်း စိတ်အားလျော့သံဖြင့် ပြောသည်။

ချူယိ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းသည်။

'ဒီတခုတော့ သည်းခံပါ ဝူအစ်ကိုကြီး'

'ကောင်းပြီလေ၊ ဒါဆိုလဲ ချူညီလေး လုပ်ဆောင်စရာ ကိစ္စရှိတာ ဆက်လက်လုပ်ကိုင်ပါ၊ ကျုပ်အနေနဲ့လဲ ပီကင်းမြို့ကို တလလောက် သွားနေလိုက်ဦးမယ်'

'ပီကင်းမှာ ဝူအစ်ကို ကိစ္စရှိသလား'

'ဒါတော့သည်းခံ ချူညီလေး၊ ကျုပ်ရဲ့ကိုယ်ရေးကိုယ်တာ ကိစ္စပါ'

ဝူရှောက်ဖုန်းက ချူယိသုံးခဲ့သော အသုံးအနှုန်းအတိုင်း ပြန်ပြောလိုက်ရာ...

ချူယိ ခေါင်းတဆတ်ဆတ်ညိတ်လျက် ပြုံးလိုက်သည်။

'ချူညီလေးရဲ့ ကိစ္စတွေ တလဆိုယင် ပြီးမလား'

'ပြီးနိုင်ပါတယ်'

'ဒါဆိုယင် နောက်ထပ်တလကြာမှ ပြန်ဆုံကြတာပေါ့'

စကားပြောယင်း အနီးရှိလူအားလုံးကို ဝေ့ကြည့်လိုက်ပြီး....

'ကဲ အားလုံးပဲ ကျုပ်ကိုခွင့်ပြုကြပါ'

ပြောဆိုပြီးသည်နှင့် လျှပ်တပြက် ထွက်ခွာသွားလေသည်။

မြန်ဆန်လွန်းလှသဖြင့် တခဏအတွင်းတွင် လူရိပ်လူရောင်ပင် မတွေ့ရတော့ချေ။

* * *

ချူယိသည် ၎င်းရှောက်ဖုန်းထွက်ခွာသွားရာသို့ မျက်စိတဆုံးငေးကြည့်နေခဲ့သည်။

မြင်ကွင်းမှ ၎င်းရှောင်ဖုန်းပျောက်ကွယ်သွားသည်နှင့်ပို့ဆောင်ရေးတာဝန်ခံမှူး ရှောင်ထင်ဘက်လှည့်ကာ ပြောလိုက်၏။

'ကဲ....ခင်ဗျားတို့အဖွဲ့လဲ ဒီကနေ စိတ်ချလက်ချ ခရီးဆက်နိုင်ကြပါပြီ၊ နေပြည်တော်နဲ့လဲ ခရီးမဝေးလှတော့ပါဘူး၊ စိုးရိမ်စရာလဲ မရှိတော့ပါဘူး'

ရှောင်ထင်သည် ချူယိကို ကျေးဇူးတင်သောအကြည့်ဖြင့် ကြည့်လိုက်၏။

'ချူသူရဲကောင်း၊ ခုလို ကြားကနေ ဝင်ရောက်ကူညီပေးတဲ့ ကျေးဇူးကို တသက်မမေ့ပါဘူး၊ ကျုပ်တို့ရဲ့ဆရာ ရှက်မုဝေကိုလဲ ပြောပြလိုက်ပါ့မယ်'



ရှောင်ထင်၏စကားကြောင့် ချူယိ မျက်မှောက်ကြုတ်သွားသည်။

'အခုခရီးမှာ ရှက်မုဝေ ပါမလာဘူးလား'

'ရှက်ဆရာအကြောင်းကိစ္စတခုရှိလို့ ဆိုပြီး လိုက်မလာတော့ပါဘူး'

'ဩော်....ရှက်မုဝေကို နောက်ကနေလိုက်လာမယ်လို့ ထင်နေတာ၊ ဘယ်လိုအကြောင်းကိစ္စကြောင့် လိုက်မလာရတာလဲ'

'ဒါကိုတော့ ပြောမပြပါဘူး ချူသူရဲကောင်း၊ ဒီခရီးကို ကျုပ်နဲ့ပဲ တာဝန်လွှဲပေးလိုက်တာ'

'ဒီလောက်များပြားလှတဲ့ ဘဏ္ဍာတော်တွေကို ကိုယ်တိုင်လိုက်ပြီး စောင့်ရှောက်သင့်တယ်၊ လူစားမလွှဲသင့်ဘူး'

ချူယိ၏စကားများကို ထူးဆန်းသော အတိုးအိုသုံးဦးသည် နားမလည်သောအကြည့်ဖြင့် ငေးကြည့်နေကြသည်။

ရှောင်ထင်အတိုးအိုလည်း သက်ပြင်းတချက် ချလိုက်သည်။

'ရှက်ဆရာကတော့ သူ့ကိစ္စပြီးယင် လိုက်လာခဲ့မယ်လို့တော့ပြောလိုက်ပါတယ် ချူသူရဲကောင်း၊ ကျုပ်ဆရာကိုတော့ အထင်မလွဲစေချင်ပါဘူး'

ချူယိ တချက်ပြုံးလိုက်၏။

'ကျုပ်စိတ်ထဲမှာ ဘယ်လိုမှ မအောင့်မေ့ပါဘူး၊ ဒါပေမယ့် ဒီလိုအရေးကြီးတဲ့ခရီးမှာ လိုက်သင့်တယ် မဟုတ်လား၊ ကဲ... ကဲ....ကျုပ်ကိုလဲ ခွင့်ပြုကြပါ'

စကားမဆုံးခင် သစ်တောအတွင်းဘက်သို့ ခုန်ပျံဝင်သွားလေ၏။

ကိုယ်ဖော့ပညာမှာ အဆင့်မြင့်လွန်းလှသဖြင့် ရိပ်ကနဲသာ တွေ့လိုက်ရပြီး ချက်ချင်း လူရိပ်ပျောက်သွား၏။

ချူယိနှင့် မဓရှုးမနှောင်းပင် ဝတုဘ်အဘိုးအို ဦးဆောင်သည့် ထူးဆန်းသော အဘိုးအိုသုံးဦးလည်း သစ်တောအုပ်ဘက်ဆီသို့ အသီးသီးထွက်ခွာသွားကြလေတော့သည်။

* * *

# ၃၁

ရှောင်ထင်။

ဟန်လိချီ။

နှင်းဆီ။

စံပယ်။

မိုးပျံ အဖွဲ့သားများသည် သစ်တောအုပ်ဆီသို့ ငေးကြည့်ယင်း....

ချူယိလူငယ်နှင့် အဘိုးအိုသုံးဦးတို့၏ လှုပ်ရှားမှုများကို နားမလည်တတ်အောင် ဖြစ်နေမိကြသည်။

အကယ်၍သာ....

ချူယိ လူငယ်နှင့်....

ရွှေစွန်အဖွဲ့မှ အတိုးအိုသုံးဦးသာ အချိန်မီရောက်မလာပါက ဖြစ်ပျက်လာမည့်ကိစ္စများသည် တွေးရဲစရာပင်မရှိ။

တောင်ကမူကွေ့သည်လည်း ယခုလို စိမ်းလန်းနေမည် မဟုတ်။

သွေးရောင် လွှမ်းသွားချေမည်ဖြစ်သည်။

ထို့အတူ....

တောင်ကမူကွေ့တဲပိုက်တွင် သွေးညှိနံ့များ ဖုံးလွှမ်းကာ အရုပ်ဆိုး အကျည်းတန်သွားစေမည်သာ။

သို့သော်....

ယခု....

တောင်ကမူကွေ့ကို တိုက်ခိုက်သော လေသည် လန်းဆန်းစိုပြည်လျက်။

တောင်ကမူကွေ့သည်လည်း သာယာလှပနေဆဲ။

အန္တရာယ်ရန့်များကား လေနှင့်အတူ လွင့်ပါသွားကြချေပြီ....။

တွေးယင်းတွေးယင်း ရှောင်ထင်သည် ချူယိ လူငယ်ကို ကျေးဇူးတင် လေးစားမိသည်။

ချူယိသည် အဘယ်ကဲ့သို့သော လူငယ်နည်း။

ထို့အတူ....

ငတုတ်အတိုးအို....

ပိန်သေးအတိုးအို....

ခေါင်းကြီးအတိုးအိုများတို့သည်ကော....



မည်သို့သော အတိုးအိုများနည်း။

ချူယိနှင့် ထိုအတိုးအိုများသည် မည်သို့ ဆက်နွယ်ပတ်သက် နေသနည်း။

မည်မျှကြာကြာ စဉ်းစားနေမိသည်မသိ၊

ဒုန်းစိုင်း မောင်းနှင်လာသော မြင်းခွာသံ များကြောင့် အကြည့်ကို ချက်ချင်းပြောင်းလဲလိုက်ရသည်။

* * *

ရှောင်ထင်၊ နှင်းဆီနှင့် စပယ်သည် ဒုန်းစိုင်းမောင်းနှင်လာသော မြင်းခွာသံများ ကြားရာသို့ ပြိုင်တူ ဆတ်ကနဲ လှည့်ကြည့်လိုက်ကြ၏။

မြင်းခွာသံများကို ထောက်ချင့်ခြင်းအားဖြင့် ဆယ်ကောင်ထက် မနည်းသော မြင်းများ မောင်းနှင်လာကြောင်း ခန့်မှန်းရလိုက်ကြသည်။

တောင်ကွေ့ ကာရံထားသဖြင့် မြင်းစီးလာသူများကို မတွေ့ရသေးချေ။

ရှောင်ထင်သည် ငွေရောင်ကျာပွတ်ကို လေတွင် ဝှေ့ယမ်းလိုက်၏။

ငွေရောင်ကျာပွတ်သည် လေထဲတွင် တရှီးရှီး မြည်လျက် လှုပ်ရှားသွားသည်။

ဟန်လီချီလည်း သူ၏ ဓားကိုဆွဲထုတ်လိုက်သည်။

မိုးပျံရွှေကျား အာမခံ အဖွဲ့သည် အသင့်အနေအထား ဖြစ်နေကြသည်။

မြင်းများ ဒုန်းစိုင်းလာသူများကား မည်သည့်သိုင်းအဖွဲ့ဖြစ်မည်နည်း။

*  *  *

မြင်းပေါ်တွင် လူတယောက်စီ ပါလာကြသည်။

မြင်းဆယ့်ငါးကောင်....

လူဆယ့်ငါးယောက်။

မြင်းစီးယောက်ျား ဆယ့်ငါးယောက်စလုံးသည် သန်မာထွားကျိုင်းသော အသက်သုံးဆယ်ဝန်းကျင်ရှိ အမျိုးသားများ ဖြစ်ကြသည်။

အားလုံး၏ မျက်နှာထားများများသည် အသားစားကြူးသည့် ဘီလူးများနှယ်....

ကြမ်းတမ်းလှချေ၏။

မျက်လုံးအကြည့်များကလည်း ဘဏ္ဍာတော်လှည်းများဆီသို့ ဝင့်ကြည့်လာကြသည်။

မျက်လုံးအကြည့်များကလည်း ခက်ထန်ကြမ်းတမ်းသော လက္ခဏာများ ပေါ်လွင်နေလျက်ရှိသည်။

ကျောတွင်လည်း ဓားရှည်ကိုယ်စီကို လွယ်ထားကြသည်။

မြင်းဆယ့်ငါးကောင်သည် ဘဏ္ဍာတော်လှည်းကို ဝိုင်းရံလျက် ရပ်တန့်လိုက်ကြသည်။



အရှိန်ပြင်းစွာ မောင်းနှင်လာသောကြောင့် ဖုံမှုန့်များကား တထောင်းထောင်း ထနေဆဲ။

ရှောင်ဆင် အဘိုးအိုသည် မြင်းစီး ယောက်ျားများကို ကြည့်ကာ အသက်တဝရှူလိုက်၏။

*  *  *

မြင်းစီးယောက်ျား ဆယ့်ငါးယောက်ကို သေချာစွာ ကြည့်လိုက်သည်။

အားလုံးသည် သိုင်းလောကမှ လက်ရွေးစင် သိုင်းသမားများ ဖြစ်ကြသည်။

သို့သော်....

သာမန် သိုင်းသမားများ မဟုတ်ကြ။

သူတို့ ဝတ်ဆင်လာသည့် အဝတ်အစား။

ကိုင်ဆောင်လာကြသည့် အသုံးအဆောင်များကို ကြည့်ခြင်းအားဖြင့် နေပြည်တော်မှ ကိုယ်ရံတော် သိုင်းသမားဖြစ်ကြောင်း နားလည်လိုက်သည်။

ခေါင်းဆောင်ဖြစ်ဟန်တူသောလူသည် ပတ်ဝန်းကျင်အခြေအနေ စူးစမ်းသောအကြည့်ဖြင့် အကဲခတ်ကြည့်နေလျက် ရှိသည်။

သူ၏အကြည့်သည် စိတ်တိုင်းမကျသော အကြည့်ဖြစ်ကြောင်း ခန့်မှန်း၍ ရလိုက်၏။

ပတ်ဝန်းကျင်ကို ကြည့်ရှုပြီးမှ ရှောင်ထင်ဘက် လှည့်ကာ မေးလိုက်၏။

'ဘဏ္ဍာတော်ငွေတွေကို ဘယ်အဖွဲ့ကမှ လာမတိုက်ကြဘူးလား'

မာကျောစွာမေးလာသည်။

ရှောင်ထင် သက်ပြင်းတချက်ချလိုက်သည်။

'သိုင်းအဖွဲ့တော်တော်များများ လာတိုက်ကြပါတယ်'

'ဘယ်အဖွဲ့တွေလဲ'

'မာန်စောင်တောင်သရဲညီနောင်၊ ခုနစ်စင်ကြယ် သိုင်းညီနောင်၊ ခြင်္သေ့ဘီလူးညီနောင်၊ ချန်သုံ အတိုးအို၊ နယ်ခြားမားဘုင်ရ၊ ဝံပုလွေငါးကောင်တို့ပါပဲ'

'သူတို့ကို မင်းတို့ အနိုင်တိုက်ထုတ်လိုက်ကြသလား'

ရှောင်ထင် နှုတ်မှမဖြေပဲ ခေါင်းယမ်းပြလိုက်၏။

'ဒါဆို ဘဏ္ဍာတော်တွေ ပါသွားပြီပေါ့'

ရှောင်ထင် ခေါင်းကိုသာ တွင်တွင်ခါယမ်းလျက်ရှိသည်။

ခေါင်းဆောင်သိုင်းသမားသည် နားလည်ပုံမရချေ။

မျက်ခုံးနှစ်ခု ဆက်လုနီးနီး မျက်မှောင်ကြုတ်သွားသည်။

'ဒါဆို အဲဒီသိုင်းညီနောင်တွေ ဘယ်ရောက်သွားကြပလဲ'

'ဆုတ်ခွာသွားကြပါပြီ'

'ပစ္စည်းကိုမတိုက်ပဲ ဆုတ်ခွာသွားတဲ့သဘောလား'

ရှောင်ထင် ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်ပါတယ်'

ခေါင်းဆောင်သိုင်းသမား မျက်ခုံးမြင့်တက်သွားသည်။

'ငါတို့ကို ရှင်းရှင်းလင်းလင်းပြောစမ်း'



'ပထမဆုံး မာန်စောင်တောင်သရဲညီနောင်နဲ့ တောင်ပေါ်မြွေခွေးညီနောင် စတိုက်ပါတယ်၊ အဲဒီတုန်းမှာ ခုနစ်စင်ကြယ်ညီနောင် ဝင်ရောက်လာပါတယ်၊ ခုနစ်စင်ကြယ်ညီနောင်နဲ့ မာန်စောင်တောင်သရဲတို့ ပူးပေါင်းပြီး ဘဏ္ဍာတော်တွေကို လုမယ်ကြံတုန်း အမည်မသိတဲ့ အတိုးကြီးသုံးယောက်ဝင်လာပြီး သူတို့ကိုတိုက်ပါတယ်၊ အဲ့ ဒီ တုန်း မှာ နယ်ခြားမားဘုရင် ရောက်လာတယ်၊ ဒါပေမယ့် ဘဏ္ဍာတော်အတွက် တိုက်ပွဲ ဘာမှမဖြစ်လိုက်ရပဲ ဝတ်ရုံဖြူဝတ်ထားတဲ့ လူငယ်လေး တယောက် ဝင်လာပါတယ်၊ တယောက်ချင်းစိန်ခေါ်ပြီး စည်းကမ်းချက်နဲ့တိုက်ပါတယ်'

'ဘယ်လိုစည်းကမ်းချက်လဲ'

'သူ့ကိုရှုံးယင် ဒီဘဏ္ဍာတော်တွေ မတိုက်ပဲ ဆုတ်ခွာသွားဖို့ပါပဲ'

မြင်းစီးသိုင်းသမားများ မျက်ခုံးတွန့်သွားကြ၏။

'ဒီကောင်က ဘာကောင်လဲ'

'ကျုပ်တို့လဲမသိဘူး'

ရှောင်ထင်က ချုယ်ဘက်မှ ကာကွယ်လိုက်သည်။

ခေါင်းဆောင်က မသင်္ကာသောအကြည့်ဖြင့်ကြည့်ယင်း ။

'ငါတို့ကိုမညာနဲ့'

'မညာပါဘူး'

'ဒါဆို သူ့ပုံစံပြောစမ်း'

'အသက်နှစ်ဆယ်ကျော်အရွယ်၊ ခန့်ခန့်ညားညားပါပဲ'

'ဘာလက်နက်ကိုင်သလဲ'

'ဓား'

ခေါင်းဆောင်သိုင်းသမား အဖြေကို ကျေနပ်ဟန်မတူချေ။

ဘဏ္ဍာတော်လှည်းများကို တလှည့်စီကြည့်ပြီး ဆက်မေးသည်။

'အားလုံး ဒီကောင့်ကိုရှုံးတာနဲ့ ဒီက ဆုတ်ခွာသွားကြပြီပေါ့'

ရှောင်ထင် ခေါင်းညိတ်ပြီး....။

'ဟုတ်ပါတယ်'

'အသေအပျောက် တယောက်မှမတွေ့ပါလား'

'အဲဒီဝတ်ရုံဖြူနဲ့လူက ဒဏ်ရာရလိုက်ရုံပဲ တိုက်လိုက်တာပါ'

'ဒီကောင် တခြား ဘာတွေပြောသေးသလဲ'

'ဘာမှမပြောပါဘူး'

'ဘဏ္ဍာတော်တွေတော့ ဘာမှမပါသွားဘူးပေါ့'

'ဟုတ်ကဲ့'

'ကောင်း၊ပြီ ငါတို့ ရှေ့ကသွားနှင့်မယ်၊ နောက်က ဆက်လိုက်ခဲ့ကြပေတော့'

ခေါင်းဆောင်သိုင်းသမားက မကျေနပ်သောမျက်နှာထားဖြင့် တင်းမာစွာပြောသည်။

ထို့နောက် သူ၏လူများဘက်လှည့်ကာ....။

'သွားကြမယ်ရဲမက်တို့'



ပြောဆိုယင်း မြင်း၏ဝမ်းဗိုက်ကို ခြေဖြင့်ကန်ကျောက်လိုက်သည်။

မြင်းဆယ့်ငါးကောင်သည် တောင်ကမူကွေ့မှ ထွက်ခွာသွားကြသည်။

ရှောင်ထင် သက်ပြင်းတချက်ချလိုက်၏။

* * *

## ၃၂

‘ချူသူရဲ့ကောင်း သိပ်ကံကောင်းတယ်နော် ဘဘ’

မြင်းများ ပျောက်ကွယ်သွားသည်နှင့် နှင်းဆီကပြောလိုက်သည်။

‘ဒီကောင်တွေလဲ ကံကောင်းတယ်’

‘ဘာကြောင့်လဲဘဘ’

‘ချူသူရဲ့ကောင်းရဲ့ ရတနာနဂါးဓားနဲ့တွေ့ယင် ဆယ့်ငါးယောက်စလုံး မသာပေါ်ကုန်မှာမို့ပဲ’

ရှောင်ထင်သည် စကားပြောရာမှ တစုံတရာကိုသတိရလိုက်ပုံရပြီး အရေးတကြီးပြောလိုက်၏။

‘တူမကြီး၊ လူမမာပါတဲ့ လှည်းကော မတွေ့ပါလား’



နှင်းဆီ တချက်ပြုံးလိုက်ကာ....

‘ပါပါဘယ် ဘဘရဲ့၊ တောင်ကွေ့လေးမှာပါ၊ တောင်နံရံကာနေလို့ မမြင်ရတာပါ’

‘သွား...သွား၊ အဲဒီထဲက လူမမာရဲ့အခြေအနေကို သွားကြည့်လိုက်ဦး၊ ဟန်လိချီလဲလိုက်သွား’

* * *

နှင်းဆီနှင့် ဟန်လိချီသည် တောင်နံရံ ကာထားသဖြင့် မြင်ကွင်းမှ ကွယ်နေသောလူမမာပါသည့်လှည်းဆီသို့ အလျင်အမြန် လာခဲ့ကြသည်။

လူမမာလှည်းကား မူလနေရာတွင် အနေအထား မပျက် ရှိနေဆဲပင်။

ဟန်လိချီ ချောင်းဟန့်သံပေး၏။

အတွင်းမှ မည်သည့်အသံမှ မကြားရချေ။

ဟန်လိချီ နှင်းဆီဘက်သို့ လှည့်ကြည့်သည်။

နှင်းဆီ မေးဆတ်ပြသည်။

အသံဆက်ပေးပါ ဆိုသည့်သဘောဖြစ်၏။

ဟန်လိချီ ချောင်းဟန့်ပြန်သည်။

လှည်းအတွင်းမှ မည်သည့်လှုပ်ရှားသံမျှ မကြားရချေ။

နှင်းဆီ မျက်မှောင်ကြုတ်သွား၏။

လှည်း၏ကန့်လန့်ကာနားသို့ နီးကပ်စွာ တိုးပြီး ခေါ်သည်။

‘လှည်းထဲက အစ်ကိုကြီး’

ခေါ်ပြီးသည်နှင့် လှည်းအတွင်းမှ လှုပ်ရှားသံကို နားစွင့်သည်။

မည်သည့်အသံမျှ မကြားပဲ တိတ်ဆိတ်ငြိမ်သက်လျက် ရှိ၏။

နှင်းဆီ တုန်လှုပ်သွားသည်။

လှည်းအတွင်းတွင် လူမမာဆိုသောသူ ရှိမှ ရှိပါလေရဲ့လား ဟု တွေးတောကာ စိုးရိမ်ပူပန်သွား၏။

နှင်းဆီ ထပ်၍ ခေါ်ကြည့်သည်။

'လှည်းထဲက အစ်ကိုကြီး'

မူလအသံထက် ကျယ်ကျယ် အော်ခေါ်သည်။

သို့တိုင်အောင်

လှည်းအတွင်းမှ တုံ့ပြန်သံကား တစုံတရာမျှ ပေါ်မလာ။ တိတ်ဆိတ်ငြိမ်သက်နေဆဲပင် ဖြစ်သည်။

နှင်းဆီ သက်ပြင်းတချက်ချလိုက်သည်။

မည်သို့ လုပ်ရမည်ကို စဉ်းစားသည်။

နောက်ဆုံးတွင် ဆုံးဖြတ်ချက်တရပ်ချလိုက်သည်။

ဆုံးဖြတ်ချက်နှင့်အတူ နှင်းဆီ၏လက်သည် လူမမာနေသော လှည်း၏ လေးဘက်လေးတန် ကာရံထားသော ကန့်လန့်ကာများဆီသို့ လက်ရောက်ရှိသွားသည်။

* * *

# ၃၃

နှင်းဆီ စိတ်သက်သာမှုရရှိသွားသည်။

လှည်းအတွင်းမှ လူမမာသည် လှည်းအတွင်းတွင် ရှိ နေ[...]ျက်ပင်ဖြစ်သည်။

လူမမာသည် ခရီးပန်းမှုကြောင့်လော။

ဝေဒနာကြောင့်လော မပြောတတ်ပေ။

ကျောပေးကာ တဘက်လှည့်လျက် အိပ်ပျော်နေသည်။

နှင်းဆီသည် စိတ်ချသွားပုံရပြီး ကန့်လန့်ကာကို ပြန်ချမည် [...]စဉ်....

လူမမာသည် သူမဘက်ကို ရုတ်တရက်လှည့်လာ၏။

နှင်းဆီအံ့အားသင့်လွန်းသဖြင့် မျက်လုံးများ ဝိုင်းစက်သွား[...]ည်။

လူမမာသည်လည်း သူ၏ကန့်လန့်ကာကို မိန်းမပျိုတဦးက လှပ်ထားသည်ကိုတွေ့လိုက်ရသဖြင့် တုန်လှုပ်သွားပုံရသည်။

အိပ်နေသော မျက်လုံးအစုံသည် ပြူးကျယ်သွား၏။

'ကန့်ကန့်ကာပိတ်လိုက်ပါ၊ ကျုပ် လေစိမ်းတိုက်မခံနိုင်ဘူး မိန်းကလေး'

မျက်နှာထားတည်တည်နှင့် ပြောလိုက်၏။

နှင်းဆီ ကန့်လန့်ကာကို ချလိုက်သည်။

သို့သော် မျက်နှာတွင် မားခုတ်ရာ ဒဏ်ရာနှင့် လူမမာ၏ ထိတ်လန့်ဖွယ်မျက်နှာကိုမူ ဖျောက်ဖျက်၍မရပေ။

'ခင်ဗျားတို့ ကျုပ်ဆီဘာလာလုပ်ကြတာလဲ'

အတွင်းမှ လူက မကျေနပ်သံဖြင့်မေးသည်။

'ရှင့်ကို စိုးရိမ်လို့လာကြည့်တာပါ၊ ဒီရောက်တော့ ရှင့်ကို ခေါ်ကြည့်တယ်၊ အသံပေးတယ်၊ ဘာသံမှမကြားရလို့ စိုးရိမ်ပြီး ကန့်လန့်ကာကို ဖွင့်ကြည့်မိတာ ခွင့်လွှတ်ပါ'

'ကိစ္စမရှိပါဘူး ရပါတယ်'

တိုတောင်းစွာ ပြန်ပြောသည်။

'ကျွန်မတို့ ရှင့်ကို အကူအညီပေးရဦးမလား'

'မလိုပါဘူး၊ ဒါထက် ခင်ဗျားတို့ရော ဘာအခက်အခဲ တွေ့ကြသေးလဲ၊ လူဆိုးတွေကော'

'အားလုံးထွက်သွားကြပြီ၊ ကျွန်မတို့အတွက် ဘာမှ စိုးရိမ်စရာမရှိတော့ပါဘူး'

'ဒါဆိုလဲ ဒီကမြန်မြန်ထွက်ပေါ့ဗျာ၊ တောင်ကြားဒေသ ဆိုတော့ သိပ်အေးတယ်၊ ကျုပ် ကြာရှည်ဒဏ်မခံနိုင်ဘူး'



'ကောင်းပါပြီ၊ ကျွန်မတို့ ခုချက်ချင်းပဲ ထွက်ခွာကြပါ မယ်'

နှင်းဆီသည် စကားမဆုံးခင် လှည်းအနီးမှ ထွက်ခွာလာ ခဲ့သည်။

စိတ်ထဲတွင်မူ လူမမာဆိုသော လျှို့ဝှက်လူနှင့်ပတ်သက်၍ မတင်မကျ ခံစားနေရသည်။

ထိုသူသည် လူမမာဆိုသော်လည်း လူမမာရုပ် မပေါက် ချေ။

ကျန်းမာသူတယောက်၏ မျက်နှာထားကိုသာ တွေ့ခဲ့ရသည် ပါလား။

မျက်နှာထားကလည်း ခက်ထန်၍ ကြမ်းတမ်းလွန်းလှချေ သည်။

ထိုသူသည် မည်သူနည်း။

မည်သည့်ကိစ္စကြောင့် လျှို့ဝှက်စွာ လိုက်ပါခဲ့ရလေ သနည်း။

* * *

ဘဏ္ဍာတော်လှည်းများသည် တောင်ကမူကွေ့မှ ထွက်ခွာ လာခဲ့ကြပြီး....။

နေပြည်တော်နှင့် ဝေးကွာခြင်းမရှိလှတော့။

ခရီးပန်းတိုင်သို့ဝင်ရန် တဖြည်းဖြည်း နီးကပ်လာချေပြီ။

လမ်းခရီးဘွင် မည်သည့်အနှောင့်အယှက်မျှလည်း မတွေ့ရတော့ချေ။

မိုးပျံရွှေကျား အာမခံအဖွဲ့သားများသည် စိတ်လက်ပေါ့ပါးလာကြသည်။

သို့သော်....။

နှင်းဆီကား....။

စိတ်လက်ကြည်လင်မှုမရှိချေ။

ထို့အတူ။

ဘဏ္ဍာတော်လုည်းနှင့် အတူပါလာသော မျက်နှာတွင် မားဒကာ်ရာနှင့် အရုပ်ဆိုး အကျည်းတန်၍ ခက်ထန်သော လူ့ဝှက်လူအကြောင်းကို တလမ်းလုံး စဉ်းစားလာခဲ့ရလွန်းသဖြင့် ခေါင်းများ မူးဝေလျက်ပင်ရှိချေပြီ။

*   *   *

# ၃၄

အခရှ့ဆီဘွင် အရှက်ဦးအလင်းရောင်ကို မြင်နေရပြီ ဖြစ်သည်။

အမှောင်အားသည် တဖြည်းဖြည်း ဆုတ်ခွာသွားသည်မှာ ပျောက်ကွယ်လုနီးချိန်ဖြစ်၏။

အရှက်ဦးရောင်ခြည်များက တဖြည်းဖြည်း ချင်းနင်း ဝင်ရောက်လာချေပြီ။

ကောင်းကင်သည် ကြည်လင်ပြာလဲ့လျက်ရှိ၏။

ထွက်ပေါ်စ နေမင်း၏ ရောင်ခြည်တန်း လေးများသည် ပီကင်းမြို့ပေါ်သို့ ဖြန့်ကျက်လျက်ရှိနေချေပြီ။

ပီကင်းမြို့သည် တညလုံးတိတ်ဆိတ်ငြိမ်သက်ရာမှ လှုပ်ရှားဆက်ဝင်စပြုပြီဖြစ်သည်။

နံနက်မိုးသောက် အလင်းရောက်သည်နှင့် ဝမ်းရေးအတွက် လှုပ်ရှားကြရတော့သည်။

စားသောက်ဆိုင်များသည်လည်း တနေ့တာရောင်းချရေး အတွက် ဆိုင်များကို ခင်းကျင်းပြင်ဆင်နေကြသည်။

လုပ်ငန်းခွင်ဝင်ကြရမည့် အလုပ်သမားများကလည်း အလုပ်ခွင်ဝင်ရန် ဟန်ပြင်နေကြပြီဖြစ်သည်။

ထိုအချိန်မှာပင်....။

ပခုံးနှစ်ဘက်တွင် တောင်ပံဖြန့်ကျက်လျက် ခုန်ပျံတော့မည့် ဟန်ဖြစ်နေသော ကျားပျံအရုပ် ရေးထိုးထားသော မိုးပျံရွှေကျားအလံတော်လွှင့်ထူထားသော မိုးပျံရွှေကျား သယ်ယူပို့ဆောင်ရေး အာမခံအဖွဲ့သည် ဝိကင်းမြို့တွင်းသို့ အောင်သံပေး၍ ဝင်ရောက်လာခဲ့ချေပြီဖြစ်သည်။

မြို့လမ်းမကြီးတလျှောက် ဝင်လာရာမှ ဘဏ္ဍာတော်များကို လွှဲပြောင်းပေးရမည်ဖြစ်သော ကြာပန်းဥယျာဉ်အနီးရှိ တပ်မှူးချုပ်၏နေအိမ်ဆီသို့ ဦးတည်လာကြသည်။

လမ်းတလျှောက်တွင် မြင်းခွာသံများ ဆူညံလျက်ရှိသည်။

လမ်းသွားလမ်းလာများသည် မိုးပျံရွှေကျားအလံတော်ကို စိတ်ဝင်တစား ငေးမောကြည့်နေကြသည်။

ထို့ပြင်...။

များပြားလှသော ဘဏ္ဍာတော်လှည်းများကို ဝေးလံသော ခရီးမှ တာဝန်ယူသယ်ဆောင်လာကြသော မိုးပျံရွှေကျား အာမခံအဖွဲ့သားများကိုလည်း အားကျစွာ ကြည့်နေကြသည်။

* * *



တပ်မှူးချုပ် နေအိမ်တော်ရှေ့သို့ ရောက်ရှိလာကြပြီ ဖြစ်သည်။

'ရောက်ပြီ'

ရှောင်ထင်က ပြောလိုက်သည်။

အားလုံးသည် မြင်းပေါ်မှ ဆင်းလိုက်ကြသည်။

ထို့နောက် ခြံဝင်းထဲသို့ ဝင်သွားကြ၏။

ခြံဝင်းသည် ကျယ်ဝန်းလှသည်မဟုတ်သော်လည်း သေးငယ်ခြင်း မရှိပေ။

ခြံဝင်းအတွင်းရှိ တပ်မှူးချုပ်၏ စံအိမ်မှာလည်း အခမ်းနား လွန်းကြီးမဟုတ်။

သို့သော်....

ထိုက်သင့်သလောက် ခမ်းနားမှုတော့ ရှိသည်။

အစောင့်ဖြစ်ဟန်တူသော သိုင်းသမားတဦး ပြေးလာကာ ရှောင်ထင်ကို ကြိုဆိုစကားဆိုသည်။

'တပ်မှူးချုပ်ကြီး စောင့်နေပါတယ်'

* * *

တပ်မှူးချုပ်ကြီးသည် သပ်ရပ်စွာစီစဉ်ထားသော ဧည့်ခန်း တခုတွင် ရှောင်ထင်အား လက်ခံတွေ့ဆုံသည်။

'တော်တော်ပင်ပန်းလာကြပြီထင်တယ်၊ ထိုင်ပါ'

**ဝင်လာသည်နှင့်** လှိုက်လှဲသောအပြုံးဖြင့် ပဋိသန္ထာရ **စကားဆိုသည်**။

ရှောင်ထင် ပြန်ပြုံးပြလိုက်ပြီး တပ်မှူးချုပ်ရှေ့ရှိ ကုလားထိုင်တလုံးတွင် ဝင်ရောက်ထိုင်ချလိုက်သည်။

ထို့နောက်....

တပ်မှူးချုပ်ကို စူးစမ်းသောအကြည့်ဖြင့် ကြည့်လိုက်၏။

တပ်မှူးချုပ်သည် အရပ်ရှည်သည်။

အရပ်နှင့်လိုက်ဖက်သော ကိုယ်လုံး ကိုယ်ပေါက်ကြောင့် ခန့်ခန့်ညားညား ရှိသည်။

မေးစေ့အောက်တွင် မုတ်ဆိတ်မွေး အနည်းငယ်ရှိသည်။

ကြက်သွေးရောင် ကတ္တီပါအင်္ကျီကို ဝတ်ဆင်ထား၏။

အသက်အရွယ်အားဖြင့် ငါးဆယ်ကျော်ပြီ ဖြစ်သော်လည်း သန်မာဖျတ်လတ်ပုံ ရသည်။

တပ်မှူးချုပ်၏ ဘေးတဘက်တချက်တွင် ဝတ်ရုံနက် ဝတ်ဆင်ထားသော ကိုယ်ရံတော်သိုင်းသမား ဆယ့်ငါးယောက်ကို တွေ့ရသည်။

ရှောင်ထင်သည် ကိုယ်ရံတော်သိုင်းသမားများကို ငဲ့ကြည့်ကာ အကဲခတ်လိုက်၏။

အဆင့်မနိမ့်လှသော သိုင်းသမားများဖြစ်ကြောင်း ခန့်မှန်း၍ ရလိုက်၏။

'လမ်းခရီးမှာ အန္တရာယ်တွေ့ခဲ့သေးလား'



တပ်မှူးချုပ်၏ အမေးစကားကို ပြန်ဖြေရန် ရှောင်ထင် အခက်အခဲ ဖြစ်နေသည်။

၎င်းတို့၏ရှေ့မှ သွားနှင့်သော သိုင်းသမား ဆယ့်ငါးယောက်သည် ကြိုတင်သတင်းပို့ထားပြီးလောက်ချေပြီ။

အခြေအနေကို တပ်မှူးချုပ်သည် မသိဟုတ်။ သိရှိပြီး ဖြစ်သည်။

သို့သော်....

လမ်းတွင် တွေ့ခဲ့သော သိုင်းသမားများ၏ စကားနှင့် တထပ်တည်း ရှိမရှိ ထပ်မံစစ်ဆေးခြင်းဖြစ်ကြောင်း နားလည်လိုက်၏။

ရှောင်ထင် ချောင်းတချက်ဟန့်လိုက်၏။

'ဟုတ်ကဲ့၊ လမ်းခရီးတောင်ကမူကွေ့မှာ ဝိုင်းဝန်းတိုက်ခိုက်မှု ခံရပါသေးတယ်၊ ဒါပေမယ့် အမည်မသိတဲ့ ဝတ်ရုံဖြူခြုံထားတဲ့ ဓားသမားတယောက်ကြောင့် ဘဏ္ဍာတော်တွေ တိုက်ခိုက်ခြင်း မခံခဲ့ရပါဘူး'

'ဘယ်အဖွဲ့တွေက တိုက်ကြတာလဲ'

ရှောင်ထင် တခဏ စဉ်းစားဟန်ပြုပြီး ...

'မာန်စောင်တောင် သရဲညီနောင်လေးဦး၊ တောင်ပေါ် မြွေခွေးညီနောင်၊ ခုနစ်စင်ကြယ်သိုင်းညီနောင် ခုနစ်ဖော်၊ ခြင်္သေ့ဘီလူးညီနောင်၊ ဝံပုလွေညီနောင်ငါးဦးတို့ပါပဲ'

'လာပြီးကယ်တင်တာကကော'

'ရွှေစွန်အဖွဲ့က အဘိုးအိုသုံးဦးနဲ့ အမည်မသိတဲ့ ခေါသမား တဦးပါပဲ'

တပ်မှူးချုပ် ပြုံးလိုက်သည်။

ထိုအပြုံးသည် ကောက်ကျစ်သော ဝံပုလွေအပြုံးဟု နားလည်လိုက်သည်။

'ကောင်းပြီလေ၊ ဘယ်သူပဲဖြစ်ဖြစ် ဒီဘဏ္ဍာတော်တွေကို မဆုံးရှုံးရအောင် ကာကွယ်ပေးတဲ့ အဲဒီသူရဲကောင်းကို ရှာဖွေ စုံစမ်းရမယ်'

'ဘာ့လုပ်မလို့လဲ တပ်မှူးချုပ်'

ရှောင်ထင် ပျာပျာသလဲ မေးမိသည်။

မေးမိပြီ မှ မှားမှန်းသိလိုက်ရ၏။

တပ်မှူးချုပ်က တဟဲဟဲရယ်မောလိုက်ပြီး....

'တာဝန်ခံမှူးကြီးက သိပ်စိုးရိမ်သွားသလား'

ရှောင်ထင်မှာ မိမိအမှားကြောင့် စကားကိုချက်ချင်း ပြင်လိုက်ရသည်။

'ဩော်....မဟုတ်ပါဘူး၊ အရေးသိပ်ကြီးတဲ့လူဆိုယင် ကျုပ်တို့ကလဲ ဝိုင်းဝန်းစုံစမ်းပေးရအောင်လို့ပါ'

'ကူညီမယ်ဆိုယင်တော့ ပိုကောင်းတာပေါ့၊ ကိစ္စကတော့ အဲဒီသူရဲကောင်းကို ဆုလာဘ်ချီးမြှင့်ရအောင်လို့ပါ'

ချီးမြှင့်မည့်ဆုလာဘ်သည် ကောင်းသောဆုလာဘ်မဟုတ်ပဲ အသက်ယူမည့်ဆုလာဘ်ဖြစ်ကြောင်း ရှောင်ထင်နားလည်လိုက်သည်။



ရတနာနဂါးချူယိအတွက်လည်း စိုးရိမ်စိတ်ဝင်သွားသည်။

တပ်မှူးချုပ်သည် ထိုင်ရာမှထလိုက်ပြီး....။

'ကဲ....ကဲ...., တာဝန်ခံမှူးကြီး ပစ္စည်းတွေလက်ခံရအောင် စစ်ဆေးကြစို့'

ရှောင်ထင် ခေါင်းညိတ်ပြီး ထရပ်လိုက်သည်။

ထို့နောက်....။

အခန်းတွင်းမှ ထွက်ခွာလာခဲ့ကြပြီး ဘဏ္ဍာတော်လှည်းများ ဆီသို့ လျှောက်ခဲ့ကြ၏။

* * *

တပ်မှူးချုပ်သည် ဘဏ္ဍာတော်လှည်းများကို အပြန်ပြန် အလှန်လှန် စစ်ဆေးသည်။

ထို့နောက် ဘဏ္ဍာတော်သေတ္တာများတွင် ကပ်ထားသော စာရွက်များကို ခွာယူပြီး ဘဏ္ဍာတော်များကို လက်ခံလိုက်သည်၊

ထူးခြားမှုတခုကို ရှောင်ထင်သတိထားမိ၏။

လူမပါသောလှည်းကိုမူ စစ်ဆေးခြင်းမရှိသလို မေးလည်း မမေးပေ။

ကာရံထားသော ကန့်လန့်ကာများကိုလည်း လှပ်ကြည့်ခြင်း မရှိချေ။

စင်စစ်....။

ထိုလှည်းသည် စာရင်းတွင် ပါဝင်ခြင်းမရှိချေ။

အပိုလှည်းဟု ဆိုရချေမည်။

အပိုလှည်းနှင့် ပတ်သက်၍ မေးမြန်းစစ်ဆေးရမည်ဖြစ်သည်။

သို့သော်....။

ထိုလှည်းနှင့်ပတ်သက်၍ မည်သို့မျှ မမေးမြန်းခြင်းကပင်လျှင် ထူးခြားမှုတရပ်ဖြစ်နေသည်။

သို့တည်းမဟုတ်....။

လှည်းထဲမှ လူမမာသည် နယ်စားကြီး၏ သားချင်းဖြစ်ကြောင်းနှင့် ရောဂါဝေဒနာကို နေပြည်တော်တွင် ကုသရန်အတွက်လာကြောင်း ကြိုတင်သိထား၍ မမေးမြန်းပဲနေခြင်းလည်း ဖြစ်နိုင်ပေသည်။

မည်သို့ဖြစ်စေ....။

ထိုလှည်းနှင့်ပတ်သက်၍ မစစ်ဆေးခြင်းကိုမူ ရှောင်ထင်စိတ်ထဲတွင် မတင်မကျ ခံစားနေရသည်။

တပ်မှူးချုပ်သည် ဘဏ္ဍာတော်လှည်းအတွင်းမှ သေတ္တာများကိုစစ်ဆေးပြီးနောက် စာရွက်စာတမ်းနှင့် စုတ်တံတချောင်းကိုယူလိုက်၏။

စာရွက်ပေါ်တွင် လက်ခံရရှိကြောင်း၊ စာကို လက်မှတ်ရေးထိုးပြီး ရှောင်ထင်ထံ ပေးအပ်လိုက်သည်။

'ကျေးဇူးတင်ပါတယ် တပ်မှူးကြီးခင်ဗျား'

ရှောင်ထင် အရိုအသေပြုကာ ကျေးဇူးတင်စကား ပြောလိုက်သည်။



စိတ်ထဲတွင်လည်း ကြီးမားသော ဝန်ထုပ်ဝန်ပိုးကြီးတခု ကင်းလွတ်သွားသည်နှယ် ပေါ့ပါးသွားသည်။

လက်ခံရရှိသော စာအိတ်ထဲတွင် ထည့်လိုက်ပြီး ခါးကုန်း၍ အရိုအသေထပ်မံပြုပြီး နှုတ်ဆက်စကားဆိုသည်။

'ကျုပ်တို့ကို ထွက်ခွာခွင့်ပြုပါ'

တပ်မှူးချုပ် ခေါင်းညိတ်ပြလိုက်သည်။

ရှောင်ထင်သည် အဖွဲ့သားများကိုခေါ်ကာ ထွက်ခွာလာခဲ့သည်။

ခေါင်းပေါ်တွင် တင်ထားရသော အချိန်တရာလေးသည့် ဝန်တခု ကျဆင်းသွားသည့်နှယ်...။

ပေါ့ပါးသွက်လက်စွာ ပြန်လာခဲ့ကြသည်။

အဖွဲ့သားများလည်း တာဝန်တခုပြီးဆုံးပြီဖြစ်၍ ပျော်ရွှင်နေကြသည်။

သို့သော်....။

ရှောင်ထင်၊ စံပယ်၊ နှင်းဆီနှင့် ဟန်လိချိတို့၏စိတ်ထဲတွင်မူ မဘင်မကျဖြစ်နေသော အရာတခု ရှိနေသေးသည်။

ထိုအရာကား....။

လှည်းအတွင်းမှ မစစ်ဆေးမမေးမြန်းပဲ လက်ခံထားလိုက်သော လူမမာဆိုသည့် လျှို့ဝှက်လူအကြောင်းပင်တည်း။

*　　*　　*

တပ်မှူးချုပ်၏နေအိမ်။

ညှော်ခန်းမထဲတွင် ဘဏ္ဍာတော်လှည်းများ တန်းစီထား၏။ တပ်မှူးချုပ်သည် စကားမပြောပဲ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လျက်ရှိသည်။

တခဏအကြာတွင်....

အနီးတွင်ရှိသော သိုင်းသမားများထံ မျက်လုံးဝေ့ကြည့်လိုက်သည်။

သိုင်းသမားများသည် သခင်၏ အကြည့်ကို နားလည်ပုံရသည်။

အခန်းတွင်းမှ အသီးသီး ထွက်ခွာသွားကြသည်။

*     *     *

## ၃၄

ညှော်ခန်းထဲတွင် သက်ရှိသတ္တဝါဆို၍ တပ်မှူးချုပ်တဦးတည်းကိုသာ တွေ့ရချေမည်။

သို့သော်....

အမှန်အားဖြင့်....

တစ်ယောက်မက ရှိနေပါသည်။

ဘဏ္ဍာတော်များနှင့်အတူ ပါလာသော လှည်းအတွင်းမှ လူမောဆိုသူကား ယခုအချိန်ထိ လှည်းအတွင်းမှ ထွက်ခွာလာခြင်း မရှိသေးသဖြင့် တပ်မှူးချုပ်တဦးတည်း ရှိနေသည်ဟု ထင်ရခြင်း ဖြစ်သည်။

လှည်းအတွင်းမှ လူမမာရော ထည့်တွက်ပါက ညှိခန်းတွင်း၌ လူသားနှစ်ဦး ရှိနေပါသည်။

တပ်မှူးချုပ်သည် လူမမာ လှည်းနားသို့ တလှမ်းချင်း လျှောက်သွား၏။

ထို့နောက် တည်ငြိမ်သော လေသံဖြင့် ပြောလိုက်၏။

'ကဲ-လှည်းထဲကပို့သူငယ်၊ လှည်းထဲက ထွက်ခဲ့ပါတော့၊ ခရီးတလျှောက်လုံး လှည်းထဲကနေ ထောက်လှမ်းရေးခရီး လုပ်လာရတာ ပင်ပန်းလှရောပေါ့'

တပ်မှူးချုပ် စကားအဆုံးတွင် လှည်းအတွင်းမှ ရယ်မောသံကို ကြားလိုက်ရ၏။

'ကောင်းပါပြီ တပ်မှူးချုပ်ကြီး၊ တပ်မှူးချုပ်ကြီးရဲ့ ခွင့်ပြုချက်ကြောင့် ကျုပ်အညောင်းအညာဆန့်ရအောင် ထွက်ခဲ့ပါတော့မယ်'

စကားမဆုံးခင် ကန့်လန့်ကာ ပွင့်ထွက်သွားပြီး အသက်နှစ်ဆယ်ကျော်ခန့် ရှိသန်မာဖျတ်လတ်သော လူငယ်တယောက် ခုန်ထွက်လာ၏။

သို့သော်....

မျက်နှာတွင် ကန့်လန့်ဖြတ်ရှိနေသော ဓားဒဏ်ရာကြောင့် ကြည့်ရသည်မှာ လွန်စွာအရုပ်ဆိုးနေသည်။

လှုပ်ရှားမှုကို ထောက်ချင့်ခြင်းအားဖြင့် လူငယ်သည် သိုင်းပညာ အဆင့်မနိမ့်လှကြောင်း ခန့်မှန်းရသည်။

'ပို့လူငယ်ကို ပို့ဆောင်ရေးတာဝန်ခံမှူး အဖွဲ့က ဘာတွေမေးမြန်းကြသေးသလဲ'



'ကျုပ်ဘယ်သူလဲမေးတယ်၊ ဒါပေမယ့် ကျုပ်က နေထိုင်မကောင်းတဲ့အတွက် နေပြည်တော်ကို ရောဂါကုရအောင် လာတဲ့လူမမာပဲလို့ ကျုပ်ဖြေခဲ့တယ်'

'နောက်ထပ်ကော'

'ဒီဘဏ္ဍာတော်တွေနဲ့ ဘယ်လိုသက်ဆိုင်သလဲမေးတယ်'

'ဘယ်လိုဖြေလိုက်သလဲ'

'နယ်စားကြီးရဲ့ သားချင်းထဲကလို့ ဖြေလိုက်ရတာပေါ့'

'အပြင်မထွက်တဲ့အတွက်ကော သူတို့ သံသယ ရှိကြသေးလား'

'သူတို့သံသယမရှိအောင် ကျုပ်ကိုကျုပ် လူမမာဟန်ဆောင်ခဲ့တယ်၊ လေစိမ်းတိုက်ခံလို့ မရတဲ့အကြောင်း၊ အကြောင်းပြထားတော့ ဘာသံသယမှ မဝင်ပါဘူး'

'ပို့လူငယ်ရဲ့ ရုပ်ကိုရော တွေ့သွားလား'

'ကျုပ်အပေါ်မှာ သိပ်ပြီး သံသယဝင် သွားမှာစိုးလို့ တကြိမ်တော့ မသိမသာ မြင်ခွင့်ပေးလိုက်တယ်'

ဘယ်လိုအကြောင်းကြောင့် ပေးလိုက်ရတာလဲ'

'ပထမတခါ တောင်ကမူကွေ့မှာ တိုက်ပွဲဖြစ်မယ့်အကြောင်း လာပြောတယ်၊ အဲဒီအတွက် ကျုပ်စိတ်မချတဲ့အတွက် နေခဲ့ကြောင်း မေတ္တာရပ်ခံတယ်၊ ဒီတုန်းက ရှောင်ရဲ့ တူမတယောက်က ကျုပ်ကို တွေ့ချင်ဟန်တူတယ်၊ လှည်းထဲဝင်ပြီး စကားပြောဖို့ တောင်းတယ်၊ ကျုပ်ခွင့်မပြုဘူး၊ လေစိမ်းတိုက်ခံလို့ မရကြောင်းပဲ ပြောပြီး ကန့်ကွက်ခဲ့တယ်'

'နောက်တခါ'

'နောက်တခါ တောင်ကမူကွေ့ တိုက်ပွဲတွေ ဖြစ်ပြီးတော့ ကျုပ်ရဲ့ အခြေအနေကို လာကြည့်ကြတယ်၊ အဲဒီအချိန်မှာတော့ ကျုပ်က အိပ်ချင်ဟန်ဆောင်ပြီး တဘက်လှည့်နေတယ်၊ ဒါပေမယ့် အိပ်ချင်ဟန် တမင်ဆောင်မှန်း သိမှာစိုးလို့ သူတို့ထွက်ခွာနီးမှာ ရုတ်တရက် သူတို့ဘက် လှည့်လိုက်တယ်၊ ဒါပေမယ် လေစိမ်းသိပ်တိုက်လို့ ကန့်လန့်ကာကို ချက်ချင်းပြန်ပိတ်ခိုင်းလိုက်တယ်၊ အဲဒီတခဏပဲ သူတို့ ကျုပ်ကို တွေ့လိုက်ရတာပဲ'

တပ်မှူးချုပ် ခေါင်းတညိတ်ညိတ် နားထောင်နေရာမှ....

'တောင်ကမူကွေ့ တိုက်ပွဲကိုကော တွေ့လိုက်ရရဲ့လား'

'လှည်းထဲကထွက်ပြီး အသေအချာ ကြည့်ခဲ့ပါတယ်'

'ပို့သူငယ်ကို သူတို့မမြင်သွားဘူးလား'

'ကံကောင်းချင်တော့ ကျုပ်ရဲ့ လှည်းက နောက်ဆုံးမှာဖြစ်ပြီး တောင်ကွေ့နေရာမှာ ရောက်နေလို့ တောင်နံရံကွယ်နေတယ်၊ ဒါကြောင့် ကျုပ်ရဲ့ လှုပ်ရှားမှုမှန်သမျှသူတို့မတွေ့မြင်လိုက်ကြဘူး'

တပ်မှူးချုပ် ကျေနပ်စွာပြုံး၍ ခေါင်းညိတ်လိုက်သည်။

'ကဲ-ဆက်ပြောပါဦး'

'ဘာကိုလဲ'

'တိုက်ပွဲမှာပါဝင်တဲ့လူတွေအကြောင်း'

'တပ်မှူးချုပ်ရဲ့သိုင်းသမားတွေ ကြိုတင်သတင်းမပို့ထားကြဘူးလား'



'ပို့သူငယ်က ကိုယ်တွေ့မျက်မြင်သမားပဲ၊ ပို့သူငယ်သတင်းကိုသာ အတည်ပြုရမှာပေါ့'

'တိုက်ပွဲက စိတ်ဝင်စားဖို့ကောင်းတယ်။ တောင်ကမူကွေ့မှာတိုက်ပွဲဖြစ်မှာကို အာမခံအဖွဲ့ကလူတွေကလဲ တစုံတယောက်က ကြိုတင်သတင်းပေးထားလို့ ကြိုသိထားတယ်၊ သတင်းပေးတဲ့အတိုင်းလဲ တိုက်ပွဲအမှန်တကယ်ဖြစ်ခဲ့တယ်'

'တိုက်ခိုက်လုယူတဲ့အဖွဲ့ထဲမှာ ဘယ်သူတွေပါသလဲ'

'ပထမဆုံး မာန်ဆောင်တောင်သရဲလေးဦးနဲ့ တောင်ပေါ်မြေခွေးသုံးကောင်ရောက်လာပြီး တိုက်တယ်၊ အဲဒီလိုတိုက်နေတုန်းမှာ ခုနစ်စင်ကြယ်သိုင်းခုနစ်ဖော် မရောက်လာလို့ တိုက်ပွဲရပ်တန့်သွားတယ်၊ သူတို့ချင်း ပူးပေါင်းတိုက်ခိုက်ပြီး ဘဏ္ဍာတော်တွေလုဖို့ ညှိနှိုင်းကြတယ်၊ အဲဒီအချိန်မှာ ရွှေစွန်အဖွဲ့က လူထူးဆန်းအဘိုးအိုသုံးဦး ရောက်လာကြတယ်'

'သူတို့ကကော ဘဏ္ဍာတော် တိုက်တာလား'

တပ်မှူးချုပ် ကြားဖြတ်အမေးကို ပို့သူငယ် ခေါင်းခါယမ်းဖြလိုက်သည်။

'မဟုတ်ဘူး၊ သူတို့က ဖျက်မျဉ်းတွေပဲ'

'ဘာကြောင့်လဲ'

'အဲဒီသုံးဦးက ခုနစ်စင်ကြယ်သိုင်းခုနစ်ဖော်နဲ့ တယောက်ချင်းယှဉ်ပြိုင်ဖို့ စိန်ခေါ်တယ်၊ ဉဒေါင်းမယ်ယင်းချိန်နဲ့ ပိန်သေးအဘိုးအိုတိုက်တယ်၊ ဉဒေါင်းမယ်ရှုံးတယ်၊ ဒါကြောင့် ခုနစ်စင်ကြယ်သိုင်းညီနောင်က ဘဏ္ဍာတော်ကို မတိုက်တော့ပဲ ထွက်ခွာမယ်အလုပ်မှာ နယ်ခြားစားဘုရင် ဝူရှောက်ဖုန်းဆိုတဲ့ကောင်ရောက်လာပြီး ဘဏ္ဍာတော်ကို တိုက်ခိုက်မယ်ယုပ်တယ်၊

အဲဒီအချိန်မှာ ခတ်ရုံဖြူဝတ်ထားတဲ့ကောင် ရောက်လာတယ်'

'အဲဒီကောင်က ဘယ်သူလဲ'

တပ်မှူးချုပ်က စိတ်အားထက်သန်စွာ မေးလိုက်သည်။

ပို့သူငယ်ကလည်း တလုံးချင်းဖြေလိုက်၏။

'ရတနာနဂါးချုယိ'

* * *

'ရတနာနဂါးချုယိ-ဟုတ်သား ပို့သူငယ်'

'ဟုတ်ပါတယ်၊ ဒီတိုက်ပွဲမှာ ဒီကောင်ဝင်မလာယင် တပ်မှူးချုပ်တို့စီစဉ်တဲ့အတိုင်း သူတို့အချင်းချင်း တိုက်ခိုက်ကြပြီး သိုင်းသမားတွေ မျိုးပြုတ်သွားမှာပါ'

တပ်မှူးချုပ်မျက်နှာထား တဖြည်းဖြည်း တင်းမာလာသည်။

'ဆက်ပြောပါဦး'

'ဒီကောင်ဝင်လာပြီး တပ်မှူးချုပ်တို့ရဲ့ အစီအစဉ်တွေကို ဒီကောင် ဘယ်ကနေ ဘယ်လိုသိတယ်မသိဘူး၊ သိုင်းသမားတွေကိုဖွင့်ပြောပြီး အချင်းချင်း ညီညွတ်ရေးလုပ်လိုက်တယ်'

'ဒီကောင် ဘာတွေပြောလိုက်သလဲ'

'မန်ချူးတွေဟာ သိုင်းသမားအချင်းချင်း လောဘဒေါသ တက်ပြီး တိုက်ခိုက်ကြအောင် သိုင်းအင်အား မျိုးပြုတ်စေဖို့ ထောင်ချောက်ဆင်တဲ့အနေနဲ့ ဒီရတနာတွေကိုပို့တဲ့အကြောင်း ရှင်းပြတာပါပဲ'



'တောက်'

တပ်မှူးချုပ်မျက်နှာတပြင်လုံး ဒေါသကြောင့် နီရဲလာကာ တောက်တချက် ပြင်းစွာခေါက်လိုက်သည်။

'နောက်ထပ် ဘယ်သိုင်းအုပ်စုတွေ လာကြသေးသလဲ'

'ဝံပုလွေညီနောင်ငါးဦး၊ ချန်လုံအတိုးအိုတို့ပါပဲ၊ သိုင်းအုပ်စုအကုန်လုံးနီးနီး ရောက်လာကြပါတယ်'

'ဒါဆို ပို့သူငယ်အနေနဲ့ လက်နက်ပုန်းကို ထုတ်သုံးခွင့်တောင် မရလိုက်ဘူးပေါ့'

'သူတို့အချင်းချင်း မတိုက်ခိုက်ကြပဲ စုစုစည်းစည်းဖြစ်နေတော့ ကျုပ် ဘယ်လိုလှုပ်ရှားရမှာလဲ၊ သူတို့သာ အချင်းချင်း တိုက်ကြယင် သူတို့ရှုပ်ထွေးနေချိန်မှာ ကျုပ်ကလဲ လက်နက်ပုန်းနဲ့ပစ်ခတ်ဖို့အသင့်ပါပဲ၊ ဒီတော့ ကျုပ်အနေနဲ့ သတင်းကိုပဲ စုဆောင်းခဲ့ရတာပေါ့'

တပ်မှူးချုပ်သည် အခန်းတွင်း၌ ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်ယင်း၊ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထား၏။

အတန်ကြာမှ....။

ကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး....။

'ပို့သူငယ်ရဲ့ မဏာမလုပ်ဆောင်ချက် အောင်မြင်ပါတယ်လို့ ကျုပ်အသိအမှတ်ပြုပါတယ်၊ ပို့သူငယ်ရဲ့လုပ်ဆောင်ချက်ကြောင့် ဒီအရေးအခင်းမှာ အဓိကတရားခံဟာ ရတနာနဂါး ချုယိမှန်း သိရတာပါပဲ'

ထို့နောက်....။

ပို့သူငယ်ဆိုသူကို စူးစိုက်ကြည့်ပြီး ပြောပြန်သည်။

‘ပို့သူငယ်က နေပြည်တော်မှာ အလုပ်လုပ်ချင်လို့ နယ်စားကြီးက ကြိုတင်စာရေးထားတယ်ဟုတ်လား’

ပို့သူငယ် ခေါင်းညိတ်လိုက်သည်။

‘ဒါဆိုယင် ပို့သူငယ်ရဲ့ သိုင်းပညာနဲ့ အတွင်းအား ဘယ်လောက်ရှိသလဲ’

‘ကျုပ်ရဲ့ပညာကိုသိချင်ယင် တပ်မှူးချုပ်ရဲ့ သူငယ်ချင်း နတ်လက်ဝါး သိုင်းသမားကျူးယုဆီ စာရေးမေးကြည့်ပါ’

တပ်မှူးချုပ် အံ့သြသွားပုံရသည်။

မျက်မှောင်ကြုတ်သွား၏။

ထို့နောက်....

မယုံကြည်သောလေသံဖြင့် မေးလိုက်၏။

‘ပို့သူငယ်က နတ်လက်ဝါး သိုင်းသမား ကျူးယုနဲ့ဘယ်လို ပတ်သက်နေသလဲ’

‘ဒီဘဏ္ဍာတော်လှည်းတွေနဲ့ လိုက်ပါပြီး ဘဏ္ဍာတော်လုယက်ပြီး အချင်းချင်းတိုက်ခိုက်ကြလို့ ဒဏ်ရာရတဲ့သိုင်းသမားတွေ၊ အနိုင်ရတဲ့ သိုင်းသမားအချို့ကို လက်နက်ပုန်းနဲ့ ချောင်းမြောင်းလုပ်ကြံဖို့ သိုင်းသမားတယောက်လိုကြောင်း နယ်စားကြီးက နတ်လက်ဝါးဆီ အကြံလာတောင်းတယ်၊ ဒီမှာတင် နေပြည်တော်မှာ အလုပ်လုပ်ချင်နေတဲ့ကျုပ်ကို ထည့်လိုက်တာပါပဲ၊ နတ်လက်ဝါးကလဲ ပြောလိုက်တယ်၊ တပ်မှူးချုပ်ဟာ သူနဲ့သူငယ်ချင်းပါတဲ့’

ပို့သူငယ်သည် ပြောဆိုယင်း အင်္ကျီအိတ်ထဲသို့ လက်နှိုက်လိုက်သည်။

လက်ပြန်အရုပ်တွင် စာတစောင်ပါလာ၏။



စာကို တပ်မှူးချုပ်အား ပေးလိုက်သည်။

‘နတ်လက်ဝါး သိုင်းသမား ကျူးယုက ပေးလိုက်တာပါ’

တပ်မှူးချုပ်သည် ပို့သူငယ်ထံမှစာကို ကပျာကယာလှမ်းယူလိုက်ပြီး အလျင်စလို ဖွင့်ဖတ်လိုက်၏။

ဝူသုံပီ....

စာနဲ့လာတဲ့သူငယ်ဟာ ငါ့တပည့် ပို့ချောင်ချင်းပဲ။

နေပြည်တော်မှာ အလုပ်ရဖို့ အကူအညီ ပေးစေချင်ပါတယ်။

သိုင်းပညာနဲ့ အတွင်းအားကတော့ ငါ့ရဲ့တပည့်ပဲ၊ အစစစိတ်ချပါ။

နတ်လက်ဝါး ကျူးယု

* * *

## ၃၅

တပ်မှူးချုပ် ဝူလုံပိသည် စာကိုဖတ်ယင်း မျက်နှာထား ကြည်လင်သွားသည်။

ထို့နောက် စာကိုပြန်ခေါက်ပြီး သိမ်းဆည်းလိုက်ကာ ပြုံးချင်စွာ ပြောလိုက်သည်။

'ဒီစာကို စောစောကတည်းက ဘာလို့မပေးရတာလဲ ပို့သူငယ်'

'ကျုပ်ဒီကိုလာတဲ့ ရည်ရွယ်ချက်ကို တပ်မှူးချုပ်လဲ နယ်စားကြီးက ကြိုတင်သတင်းပို့ထားလို့ သိနေမှာပဲ၊ ပြီးတော့ ကျုပ်အရည်အချင်းကို စမ်းမယ်ဆိုလဲ ကျုပ်ရဲ့ပညာကို ကျုပ်ယုံကြည်တယ်'



ပို့သူငယ်က မျက်နှာထားတင်းတင်း ပြောလိုက်သည်။

တပ်မှူးချုပ် မဲ့ပြုံးတချက်ပြုံးလိုက်ပြီး....

'ပို့သူငယ်ရဲ့စကားက သိုင်းပညာနဲ့ပတ်သက်ယင် အစမ်းသတ်ခံဝံ့တဲ့ သဘောပေါ့'

ပို့သူငယ် ခေါင်းညိတ်လိုက်၏။

တပ်မှူးချုပ် ခေါင်းတဆတ်ဆတ် ညိတ်သည်။

'ကျူးယုဟာ ကျုပ်သူငယ်ချင်းပါ၊ ကျုပ်သူငယ်ချင်းကို မယုံလို့ ဒီစကားမေးနေတာမဟုတ်ဘူး'

'ကျုပ်နားလည်ပါတယ်၊ အလုပ်သဘောအရ လိုအပ်ယင် အချိန်မရွေးပါပဲ တပ်မှူးချုပ်'

'ကောင်းပြီလေ၊ ပို့သူငယ်စကားနဲ့အလုပ် ညီမညီကြည့်ကြရအောင်'

'ဖြောင်း....ဖြောင်း....ဖြောင်း'

တပ်မှူးချုပ်သည် စကားမဆုံးခင် လက်ခုပ်သံသုံးချက်ပေးလိုက်၏။

အခန်းတွင်းသို့ ဝတ်ရုံနက်ခြုံထားကြသော သိုင်းသမားများ ဝင်လာကြသည်။

ပို့ချောင်ချင်းသည် ထိုလူများဆီသို့ မျက်စိဝေ့ကြည့်ပြီး မခန့်လေးစား မျက်နှာထားဖြင့် ပြောလိုက်၏။

'ဒီလူတွေအားလုံး ကျုပ်ရဲ့သိုင်းကွက် ဆယ်ကွက်ပြည့်အောင်တောင် ယှဉ်နိုင်ကြမှာမဟုတ်ဘူး'

ပို့ချောင်ချင်းစကားကြောင့် ဝတ်ရုံနက်သိုင်းသမားများ မျက်နှာပျက်သွားကြ၏။

တပ်မှူးချုပ်ကလည်း သဘောကျစွာဖြင့် တဟားဟား ရယ်မောပြီး ထပ်မေးပြန်သည်။

'ပို့သူငယ်၊ မင်းစကားတွေ မှန်ရဲ့လားကွာ'

'ကျုပ် အပိုစကားတွေ မပြောတတ်ဘူး တပ်မှူးချုပ်၊ တပ်မှူးချုပ်မယုံယင် ဒီထဲက ကြိုက်တဲ့ လူနှစ်ယောက်ထွက် လိုက်ပါ၊ ကျုပ်နဲ့ ယှဉ်ကြည့်ကြတာပေါ့ သိပ်မများပါဘူး၊ သိုင်းကွက်ဆယ်ကွက်ထဲပဲ ယှဉ်ကြတာပေါ့၊ အဲဒါမှ တပ်မှူးချုပ်ဟာ ကျုပ်အပြောသမားလား၊ အလုပ်သမားလားဆိုတာ တိတိကျကျ သိသွားမယ်'

တပ်မှူးချုပ်သည် ဝတ်ရုံနက်လူများဘက် လှည့်ကြည့်ပြီး ပြောလိုက်၏။

'ကဲ....စူချိန်၊ မင်းသူနဲ့ ယှဉ်ကြည့်စမ်း'

စူချိန်ဆိုသူသည် ရှေ့သို့ထွက်ရပ်လိုက်ပြီး....

'ကောင်းပါပြီ တပ်မှူးချုပ်'

ထိုသို့ပြောပြီး ခြေလှမ်းကျဲကျဲဖြင့် ပို့ချောင်ချင်းထံလျှောက် သွားပြီး ပြောလိုက်သည်။

'ကဲ....ပို့ညီလေး၊ ကျုပ်ကတော့ တပ်မှူးချုပ် အမိန့် အတိုင်းထွက်လာပြီ၊ မင်းသတိထားပြီး ခုခံတော့'

စူချိန်သည် စကားမဆုံးခင် ပို့ချောင်ချင်းအား လက်ဝါး ဖြင့် ရိုက်ထည့်လိုက်သည်။

ပို့ချောင်ချင်းက ပေါ့ပါးလွယ်ကူစွာ တိမ်းရှောင်ယင်းပြန် ပြောလိုက်သည်။



'စူသူငယ်ချင်း၊ မင်းရဲ့လက်ဝါးအားက မာကျောတင်းမာ တာမှန်ပေမယ့် ငါ့လက်ဝါးအားနဲ့စာယင် ဘာမှအသုံးမကျတဲ့ လက်ဝါးပဲ၊ ဒီတော့ ငါ့လက်ဝါးအားကို တလှည့်မြည်းကြည့် ဦးကွာ'

ပို့ချောင်ချင်းသည် ပြောပြောဆိုဆိုပင် လက်ဝါးအားဖြင့် စူချိန်ကို ရိုက်ထည့်လိုက်သည်။

စူချိန် ဟန်ချက်ပျက်သွားကာ ယိမ်းယိုင်သွားပြီး နောက်သို့ လေးငါးလှမ်း ဆုတ်ခွာလိုက်ရသည်။

ဟန်ချက်ညီအောင် ပြန်ထိန်းပြီး ပို့ချောင်ချင်းကို မျက်လုံး ပြူးဖြင့် စိုက်ကြည့်နေ၏။

ပို့ချောင်ချင်းကား နဂိုနေရာတွင် ပုံမပျက် အေးဆေးစွာ ရပ်နေလျှက် ရှိသည်ကို တွေ့လိုက်ရသည်။

ထိုစဉ်....

ဝတ်ရုံနက်ထဲမှ တဦးဖြစ်သူ စူဆန်ဆိုသူက ရှေ့သို့ တိုးထွက် လိုက်ပြီး တင်းမာသောမျက်နှာထားဖြင့် ပြောလိုက်သည်။

'ပို့ညီလေး၊ မင်းရဲ့လက်ဝါးအားက သိပ်ပြင်းထန်လှပါ လား၊ ဒီလိုဆို ငါနဲ့ယှဉ်ကြည့်ပါဦးကွာ'

'ဒီလိုချီးကျူးတာ ကျေးဇူးတင်ပါတယ်'

ပို့ချောင်ချင်းက မထီမဲ့မြင်လေသံဖြင့် ခပ်လျှောင်လျှောင် ပြန်ပြောလိုက်သည်။

'အေးပါ၊ မင်းရဲ့လက်ဝါးအား ဘယ်လောက်ပဲ ပြင်းထန် ပါစေ၊ ငါနဲ့ယှဉ်ယင် မင်းဟာ ကလေးတယောက်လိုဖြစ်သွား

မှာပါ၊ မင်းရဲ့သိုင်းကွက်တွေလဲ ဘယ်လောက် အောက်တန်းကျသလဲဆိုတာ ငါဆက်စမ်းသပ်ကြည့်ရမယ်'

ပို့ချောင်ချင်းမျက်လုံးသည် ဓားသွားနှယ် စူးရှသွား၏။

ထို့နောက် အေးစက်စွာ မေးလိုက်သည်။

'မင်းနာမည် ဘယ်သူလဲ'

စူဆန်က ရင်ကိုကော့ပြီး ဝင့်ကြွားစွာ ပြောလိုက်သည်။

'ငါ့နာမည် စူဆန်၊ ဘုရင်မင်းမြတ်က ငါ့ကို သက်တော်စောင့် ရာထူးခန့်ထားတာကွ'

ပို့ချောင်ချင်း မျက်နှာထား ချက်ချင်းပြောင်းသွားသည်။

အောက်ကျို့သော လေသံဖြင့် ပြောလိုက်သည်။

'စူဆန့်အစ်ကို ကျုပ်ပြောမှားဆိုမှား ပြုမိတာ ခွင့်လွှတ်ပါ၊ ဒါပေမယ့် စူအစ်ကိုက ကျုပ်ကို စမ်းသပ်စစ်ဆေးချင်တဲ့သဘော ရှိတယ်ဆိုယင်တော့ စူအစ်ကိုကပဲ စတင်တိုက်ခိုက်ပါ'

စူဆန်က မြေခွေးတကောင်နှယ် တဟဲဟဲ ရယ်လိုက်ပြီး....။

'စိတ်ချ မင်းရဲ့ ထောင်လွှားတဲ့ မာနကို ငါချိုးရမယ်၊ ကဲ သတိထားပေတော့'

ပြောလက်စကပင် ရုတ်တရက် ပို့ချောင်ချင်းအနီး ချဉ်းကပ်သွားပြီး လက်ဝါးနှစ်ဘက်ဖြင့် လှိုင်းလုံး သဏ္ဌာန် ရိုက်ချလိုက်၏။

ပို့ချောင်ချင်းသည် ဗယ်ဘက်ညာဘက် နံကြားနှစ်ဘက်ဆီသို့ ဦးတည်လာသော လက်ဝါးနှစ်ဘက်ကို ကိုယ်ယို့၍ တိမ်းရှောင်ပေးလိုက်သည်။



စူဆန်၏ လက်ဝါးအားသည် ပို့ချောင်ချင်းကို မရိုက်မိပဲ လေထဲတွင် ဗွေ့ယမ်းသွား၏။

မကျေနပ်သော စူဆန်သည် ကြောက်မက်ဖွယ်ကောင်းသော အသံနက်ကြီးဖြင့် အော်ဟစ်လိုက်ပြီး လက်ဝါးအားဖြင့် မှန်စချက် ဆက်တိုက်ထိုးရိုက်ပြန်သည်။

ပို့ချောင်ချင်းသည် မလှုပ်မရှား ရပ်တည်နေရာမှ ခန္ဓာကိုယ်သည် လေတိုက်လိုက်သည့်နှယ် ဝေ့ကနဲ ဝေ့ကနဲ လှုပ်ရှားသွား၏။

စူဆန်၏ သက်ဝါးအားများသည် လေဟာနယ်အတွင်းရှိ ဗလာလက်ဝါးအဖြစ် လှုပ်ရှားသွားရပြန်သည်။

တပ်မှူးချုပ်သည် လူနှစ်ယောက်၏ သိုင်းတိုက်ပွဲကို မမှိတ်မသုန် စိုက်ကြည့်နေသည်။

စင်စစ်....

တပ်မှူးချုပ်သည် သိုင်းအကျော်အမော်တယောက်ဖြစ်သည်။

ပို့ချောင်ချင်း၏ မလှုပ်မရှား ရပ်နေရာမှ ရှောင်တိမ်းကွက်များ။

စူဆန်၏ ရိုက်ချက်များ လေထဲတွင် အလဟဿ ဖြစ်သွားရပုံများ။

ပို့ချောင်ချင်း၏ အဆုတ် အတိမ်းအယိမ်း အဖွဲ့များကို ကြည့်နေရာမှ ပို့ချောင်းချင်း၏ သိုင်းအဆင့်ကို အထင်မသေးပုံတော့ချေ။

စူဆန်ကဲ့သို့သော သိုင်းသမားပင်လျှင် ပို့ချောင်ချင်းကို တချက်တလေမျှ ရိုက်မိအောင် တိုက်ကွက် မဆင်နိုင်ခြင်းကပင် စူဆန် သည် ရေရှည်တွင် ပို့ချောင်ချင်းကို မယှဉ်နိုင်ကြောင်း ရိပ်မိလိုက်သည်။

အကယ်၍သာ....

ပို့ချောင်ချင်းက တိုက်ကွက်ဆင်ပါဘ စူဆန်သည် မရှုမလှ ခံရမည်ကိုလည်း ကြိုတင်တွက်ဆမိ၏။

ထို့ကြောင့်....

ပို့ချောင်ချင်းဘက်မှ တန်ပြန်တိုက်ကွက်မဆင်ခင် တပ်မှူးချုပ် စူလုံပိသည်

စူဆန်ကို လှမ်းပြောလိုက်သည်။

'စူဆန်–မင်းတော်လိုက်တော့၊ မင်းကလူကိုမကိုက်ပဲ လေကိုချည်း တိုက်ခိုက်နေတာပဲကွ'

ပြောဆိုယင်း တဟားဟား ရယ်မောလိုက်၏။

စူဆန်မျက်နှာ ညှိုမည်းသွားသည်။

ကျန်သိုင်းသမားများသည်း မျက်စိမျက်နှာ ပျက်သွားကြ၏၊

တပ်မှူးချုပ်သည် ပို့ချောင်ချင်းဘက်လှည့်ပြီး ချီးကျူးစကား ပြောလိုက်သည်။

'ပို့သူငယ်၊မင်းရဲ့သိုင်းပညာနဲ့ အတွင်းအားဟာ တကယ်ထက်မြက်ပါပေဘယ်၊ဒါကြောင့်မို့လဲ ကျူးယုဘ မင်းအတွက်



တာဝန်ခံတဲ့စာကို ရေးပေးလိုက်တာ၊ ငါ့သူငယ်ချင်း ကျူးယု ကိုယ်စား မင်းကို ဂါဂုဏ်ယူပါတယ် သူငယ်'

'ကျေးဇူးတင်ပါတယ် တပ်မှူးချုပ်ခင်ဗျာ'

'ဒါနဲ့နေပါဦး၊ပို့သူငယ်က နေပြည်တော်မှာ ဘယ်လိုအလုပ်မျိုး လုပ်ချင်တာလဲ'

ပို့ချောင်ချင်းမျက်မှောင်ကြုတ်၍တခဏစဉ်းစားဟန်ပြုလိုက်ပြီး ဖြည်းညင်းစွာ ပြောသည်။

'လူအတော်များများဟာ ရာထူးရာခံ ကြီးကြီးမားမား ခပ်မြင့်မြင့် လှမ်းချင်ကြပါတယ်၊ ကျုပ်အနေနဲ့ကတော့ နေပြည်တော်မှာ တာဝန်တခုထမ်းရယင် ကျေနပ်ပါပြီ၊ ဒါပေမယ့် သိပ်ကြီးကြီးမားမားကြီးတော့ မလိုချင်ပါဘူး၊ အခြေခံအောက်ခြေကစပြီး လုပ်သိုဘဲ့ စိတ်ဆန္ဒပဲရှိပါဘယ်၊နောက်ပိုင်းမှ ကျုပ်ရဲ့ လုပ်ရည်ကိုင်ရည်အလိုက် တိုးမြှင့်ပေးချင်လဲ ပေးကြပစေပေါ့'

'ဘယ်လိုတာဝန်မျိုးကို ထမ်းချင်တဲ့ဆန္ဒရှိသလဲ၊ လုပ်လိုတာရှိယင်လဲ ပြောပါ ပို့သူငယ်'

'နန်းတွင်း သာမန်သက်တော်စောင့် တာဝန်က စထမ်းရယင်လဲ ကျေနပ်ပါတယ်၊ တပ်မှူးချုပ်'

တပ်မှူးချုပ်သည် ပို့ချောင်ချင်းကို အကဲခတ်ယင်း စူးစိုက်ကြည့်ပြီး....

'မင်းရဲ့ရုပ်ရည်က ခန့်ခန့်ညားညားရှိပါတယ်ကွ'

'ဒီလိုဆိုလဲ တပ်မှူးချုပ်ရဲ့သဘောအတိုင်း စီစဉ်ပါ၊ ကျုပ်အနေနဲ့ နေပြည်တော်မှာ တာဝန်ထမ်းရယင် ကျေနပ်လှပါပြီ'

တပ်မှူးချုပ်သည် တခဏမျှ မျက်စိမှိတ်၍ စဉ်းစားဟန်ပြုသည်။

ပို့ချောင်ချင်းသည် တပ်မှူးချုပ်၏ပါးစပ်အလှုပ်ကို စောင့်လင့်လျက်ရှိသည်။

တခန်းလုံးသည် တိတ်ဆိတ်ငြိမ်သက်နေသည်။

တခဏမျှအကြာတွင်....

တပ်မှူးချုပ်မျက်လုံးပြန်ပွင့်လာပြီး တည်ငြိမ်စွာ ပြောလိုက်သည်။

'ကျုပ်အနေနဲ့ပို့သူငယ်ကို တာဝန်တခုပေးအပ်ချင်ပါတယ်၊ ဒါပေမယ့် အဲဒါအတွက် ဘုရင့်အမိန့်ကို နာခံမှဖြစ်မယ်'

'ဟုတ်ကဲ့....ပြောပါတပ်မှူးချုပ်'

'ပို့သူငယ် မြို့ထဲမှာ အသိအကျွမ်း မိတ်ဆွေများ မရှိဘူးလား'

ပို့ချောင်ချင်း ခေါင်းခါယမ်းလိုက်ပြီး....

'မရှိပါဘူးတပ်မှူးချုပ်၊ကျုပ်အနေနဲ့ ဒီတခေါက်သာ ပထမဆုံးအကြိမ်ရောက်ဖူးခြင်းပါ'

တပ်မှူးချုပ်သက်ပြင်းတချက်ချလိုက်သည်။

'ဒါဆိုယင် ဒီလိုလုပ်ပါ၊ မြို့ထဲက ကျင်ဝှာ တည်းခိုဆိုင်ကငွေထိန်းက ကျုပ်ရဲ့မိတ်ဆွေပဲ၊ ပို့သူငယ်က အဲဒီ တည်းခိုဆိုင်မှာ နှစ်ရက်လောက်သွားပြီး ခဏနေလိုက်ပါ၊ ကျုပ်က ဘုရင်ဆီက ပထမဆုံးလျှောက်ထားပြီးမှ မင်းကိုအသိပေးအကြောင်းကြား ခေါ်ခိုင်းရမယ်'



ထိုစဉ်....

ခန်းမဆောင်၏နံဘေး ကြိုလမ်းမပေါ်မှ အလွန် တရာကြည်လင်ပြတ်သားသောစကားသံကို ကြားလိုက်ရ၏။

'တပ်မှူးချုပ်-မင်းက သူ့ကို ဘယ်လိုစီစဉ်ထားသလဲ ပြောပြစမ်းပါဦး'

* * *

# ၂၇

အသံကြောင့် တပ်မှူးချုပ် ချာကနဲ လှည့်ကြည့်လိုက်သည်။

မျက်နှာထားသည် ချက်ချင်း ရှိကျိုးသောအသွင်သို့ပြောင်းသွားသည်။

နံဘေးမှ သိုင်းသမားများလည်း ဒူး ထောက် ထိုင်လိုက်ကြသည်။

အသံနှင့် မရှေးမနှောင်းမှာပင် ကိုယ်ခန္ဓာ မြင့်မားသန်မာသော လူတယောက်သည် အခန်းတွင်းသို့ ခန့်ညားစွာ ဝင်ရောက်လာ၏။

ထိုလူ၏ဘေးတွင်လည်း ဝတ်ရုံနက် ခြုံထားကြသော လူနှစ်ယောက် လိုက်ပါလာသည်။



ထိုလူကား အခြားမဟုတ်။
မန်ချူးဘုရင် ဟိုစူပင်တည်း။

* * *

'နေသာသလိုနေခွင့်ပါတယ်တပ်မှူးချုပ်'
ဟိုစူဘုရင်က လက်ကာတား၍ ပြောလိုက်သည်။

ထို့နောက်....

ပို့ချောင်ချင်းဘက်လှည့်ကာ တချက်ဝင့်ကြည့်ပြီး မေးလိုက်သည်။

'သူ့ကို မောင်မင်းက ဘယ်လိုတာဝန်မျိုးထမ်းဆောင်ခိုင်းချင်လို့လဲ'

တပ်မှူးချုပ်စဉ်းစားဟန်ပြုပြီး ကျိုးနွံသော လေသံဖြင့် ပြောလိုက်၏။

'ဘုရင်မင်းမြတ်ဆန္ဒကိုသာ ပြောပါ'

ဟိုစူဘုရင်သည် ပို့ချောင်ချင်းဆီသို့ စူးစိုက် ကြည့်ပြီး ခန့်ညားသောအသံဖြင့် ပြောလိုက်သည်။

'သူနဲ့စူဆန်တို့ ယှဉ်ပြိုင်တိုက်ခိုက်ကြတဲ့ အခြေအနေကို တွေ့မြင်လိုက်ရတယ်၊ သူ့ရဲ့ သိုင်းပညာ အဆင့်ဟာ အံ့ဩလောက်အောင် မြင့်မားလှပါတယ်၊ သူ့ရဲ့ အတွင်း စိတ်ဓာတ်ကလဲ မြင့်မြတ်မှန်ကန်တယ်၊ ကျုပ်တို့ အမျိုးအနွယ်တွေကလဲ ဒီ လို

လူမျိုးကို သဘောကျတယ်၊ ဒါကြောင့် သူ့ကို လောလော ဆယ် နန်းတွင်းမှာ သိုင်းနည်းပြဆရာအဖြစ် ကျုပ်ကိုယ်တိုင် ခန့်အပ်တယ်၊ နောက်နောင် အခြေအနေကြည့်ပြီး ရာထူး တိုး မြှင့်ပေးမယ်'

တပ်မှူးချုပ်မျက်နှာသည် ကြည်လင်ဝင်းလက်သွား၏။

ထို့နောက် ပို့ချောင်ချင်းဘက်သို့ ဝမ်းမြောက် ဂုဏ်ယူစွာ လှည့်ကြည့်လိုက်သည်။

'ပို့သူငယ်၊ မင်းဘုရင်မင်းမြတ်ကို အရိုအသေ ဂါရဝ ပြု လိုက်ပါ'

ပို့ချောင်ချင်းသည် တပ်မှူးချုပ်၏ စကားကို နားလည်ပုံ မရဟန်ဖြင့် မျက်မှောင်ကြုတ်ကြည့်လိုက်သည်။

အရိုအသေပေးခြင်း လုံးဝမရှိ။

တည်ငြိမ်စွာ ရပ်တည်နေလျက်သာ၏။

အတန်ကြာမှ....

ဘုရင်ဘက်သို့ ဘလှမ်းချင်း လျှောက်သွားပြီး သာ မန် လူ တယောက်နှယ် ပြောလိုက်သည်။

'ကျေးဇူးတင်ပါတယ် ဘုရင်မင်းမြတ်'

ဟိုစူဘုရင်သည် တဟားဟား ရယ်မောလိုက်သည်။

'ကျုပ်ကို မင်း ကျေးဇူးမတင်နဲ့၊ မင်းကို ဒီအရောက် ပို့ပေး တဲ့ နယ်စားကြီးကို ကျေးဇူးတင်'

'ဟုတ်ကဲ့....အားလုံးကို ကျေးဇူးတင်ပါတယ်'



'ကောင်းပြီ၊ နက်ဖြန်ကစပြီး သိုင်းနည်းပြအဖြစ် ခန့်လိုက် ပြီ၊ ခန့်အပ်လွှာကို မကြာခင် ပို့ပေးလိုက်မယ်၊ ဒါပေမယ့် တခုတော့ရှိတယ်'

'ပြောပါ'

'မင်း ဘာဝန်တခုကိုတော့ ထပ်ယူရလိမ့်မယ်၊ ဒါကလဲ မင်းလို အဆင့်မြင့်သိုင်းသမားမျိုးမှ လုပ်ဆောင်နိုင်မယ့်ကိစ္စ မို့ပဲ'

'လုပ်ငန်းကိုသာပြောပါ၊ ဘယ်လိုတာဝန်မျိုး ထမ်းဆောင် ပေးရဦးမှာလဲ'

ဟိုစူဘုရင်သည် တည်ငြိမ်ခသာမျက်နှာထားဖြင့် ပြော လိုက်သည်။

'သတင်းအရ ဒီမြို့တော်အတွင်းမှာ ကြယ်တာရာ ဖောက် ပြန်ရေးအဖွဲ့ရဲ့ ဆက်သွယ်ရေးဌာနတခု ရှိနေတယ်ကြားတယ်'

ဟိုစူဘုရင်စကားကြောင့် ပို့ချောင်ချင်း မျက်မှောင်ကြုတ် သွား၏။

'ဟုတ်ကဲ့-ဆက်ပြောပါ၊ စိတ်ဝင်စားပါတယ် ဘုရင်မင်း မြတ်'

'အဲဒီအဖွဲ့ခေါင်းဆောင်ဟာ တခါမှမပေါ်ခဲ့ဖူးဘူး၊ ဘယ် သူမှန်းလဲ ခုထက်ထိမသိခဲ့ရဘူး၊ ဒါပေမယ့် ထိပ်သီး အဆင့် မြင့် သိုင်းသမားကြီးတယောက်ဆိုတာတော့ သိထားရတယ်၊ အဲဒီသိုင်းသမားကြီးကို မင်း ထောက်လှမ်းစုံစမ်းပေးပါ'

ဟိုစူဘုရင်စကားကို ပို့ချောင်ချင်း ခေါင်းတဆတ်ဆတ် ညိတ်၍ နားထောင်နေရာမှ....။

'ဟုတ်ကဲ့-ဒီတာဝန်ကို လက်ခံပါတယ်၊ ဒါပေမယ့် တခု တော့ရှိပါတယ်၊ ကျွန်တော့်အနေနဲ့ ဒီမြို့တော်ကို အခုမှရောက် လာတာပါ၊ ဒါကြောင့် နယ်မြေဒေသအခြေအနေနဲ့ ပေါင်း သင်းဆက်ဆံဖို့ မိတ်ဆွေသင်္ဂဟတွေလဲ သိရှိဖို့ လိုအပ်နေပါ သေးတယ်'

'မင်း ဒီမြို့ကို ခုမှရောက်တာကိုယုံပါတယ်၊ ဒါကြောင့် မို့လဲ မင်းကို ဒီတာဝန် တမင်ရွေးအပ်လိုက်တာပါ၊ မင်းရဲ့ ပညာကိုလဲ သက်သေထူနိုင်တာပေါ့၊ ဒီလိုကိစ္စဆိုတာကလဲ မင်းလိုလူမျိုးမှ ထမ်းဆောင်နိုင်မယ့်ကိစ္စပါ၊ အဲဒီကြယ်တာရာ အဖွဲ့ဟာ သိုင်းသမားတွေချည်းပဲ'

ပို့ချောင်ချင်း ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

'ကျွန်တော်နားလည်ပါတယ်၊ ဒီကြယ်တာရာအဖွဲ့နဲ့ ဆက် သွယ်တဲ့လူတွေဟာ ဘယ်လို လူတန်းစားတွေလဲ ဆိုတာတော့ ဘုရင်မင်းမြတ် ကြိုတင် လျှို့ဝှက်သတင်းရထားမှာပေါ့'

'မှန်ပါတယ်၊ ကျုပ် ဒီသတင်းကိုတော့ စောစောကတည်း က ရထားပါတယ်'

ပို့ချောင်ချင်းမျက်လုံး ဝင်းလက်သွားသည်။

'ဘုရင်မင်းမြတ်အနေနဲ့ ဒီသတင်းကို စောစောကတည်းက ရနေပါလျက်နဲ့ ဘာလို့ အစီအစဉ် မချရသေးတာလဲ'

'သက်သေအထောက်အထား မခိုင်လုံသေးလို့ပေါ့'

'ဒါဆိုယင် ဘုရင်မင်းမြတ်အနေနဲ့ ဒီကိစ္စကို ကျွန်တော် လုပ်ဆောင်နိုင်အောင် လမ်းညွှန်မှုတော့ပြပေးပါ'



ဟိုစူဘုရင် ခေါင်းညိတ်လိုက်သည်။

'ဒါကတော့ ဖြစ်ပါတယ်၊ မိုးတံတားအနီးအနားက အပြာ ရောင် အိပ်ဆောင်နှစ်ဆောင်ရှိတယ်၊ အဲဒီမှာ အပျော်မယ်လေး တွေရှိတယ်၊ အဲဒီအိမ်ကို မင်း နှစ်ခေါက်လောက် သွားလိုက် ယင် လမ်းစပေါ်လာနိုင်ပါတယ်'

'ဘုရင်မင်းမြတ် ညွှန်ပြတာ ကျေးဇူးတင်ပါတယ်၊ ကျွန် တော် အစွမ်းကုန် ကြိုးစားထမ်းဆောင်ပေးပါ့မယ်'

'ကောင်းပြီ၊ ကျုပ်ပြန်မယ်၊ မကြာခင် မင်းကို နည်းပြဆရာ ခန့်အပ်လွှာ ပို့ပေးလိုက်မယ်'

ဟိုစူဘုရင်သည် ပြောဆိုပြီးသည်နှင့် အခန်းတွင်းမှ ထွက် ခွာသွား၏။

တပ်မှူးချုပ်နှင့် သိုင်းသမားများက ဟိုစူဘုရင်ကို ဦးညွှတ် အရိုအသေပေးကြ၏။

သို့သော်....။

ပို့ချောင်ချင်းကား တောသားတယောက်နှယ် အထူး အဆန်း ငေးကြည့်နေမိသည်။

*　　　*　　　*

နေပြည်တော် ဝန်းကျင်တစိုက်တွင် အမိန့်ကြော်ငြာများ ပလူပျံ သည့်နှယ်။

မြို့ရိုးတံတိုင်းများတွင် လည်းကောင်း။

နံရံများတွင်လည်းကောင်း။

လူစုဝေးရာ အရပ်များတွင်လည်းကောင်း။

သွားလေရာနေရာတိုင်းတွင် တူညီစွာ ထုတ်ပြန်ကြော်ငြာထားသော အမိန့်စာရွက်ကို တွေ့ကြရမည်ဖြစ်သည်။

ထိုစာရွက်ကို အနီးကပ်ဖြတ်ကြည့်ပါက....။

* * *

## ၃၈

ဆုငွေ။

●နေပြည်တော်မှ ဘဏ္ဍာတော်များ ပို့ဆောင်ရာတွင် လမ်းတလျှောက်၌ အနှောင့်အယှက် အမျိုးမျိုးပေးခဲ့သော ရေတနာနဂါးချူယိအား တွေ့ရှိပါက အကြောင်းကြားပါ။ သူရင်မင်းမြတ်၏ ဆုငွေချီးမြှင့်ခြင်းကိုခံရမည်။ သတင်းထိမ်ချန်ထားသူများနှင့် လက်ခံထားသူများအား ဘုရင်မင်းမြတ်၏ အရေးယူခြင်းခံရမည်။

* * *

လူအများသည် တွေ့ရာနေရာတိုင်း၌ ရတနာ နဂါးချုပ် ဆိုသူအကြောင်းသာ ပြောနေကြတော့သည်။

အမိန့်ကြော်ငြာကပ်ထားရာတွင်လည်း လူ အ များ ဝိုင်းအုံ လျက်ရှိကြသည်။

မြို့အပြင်ဘက်တွင် ကပ်ထားသော အ မိန့် ကြော်ငြာတွင် လူများ ဝိုင်းအုံနေကြသည်။

ထိုအထဲတွင်....

နယ်ခြားစေားဘုရင် ဥူရှောက်ဖုန်းတယောက်ပါဝင်နေ၏။

ထို့အပြင်–

နေပြည်တော်မှ သိုင်းနည်းပြဆရာဖြစ်သော ပို့ချောင်ချင်း လည်း ပါဝင်နေသည်။

* * *

ဥူရှောက်ဖုန်းသည် ချူယိ ကိုယ် စား ခံပြင်းစိတ်ကြောင့် ဒေါသတထောင်းထောင်းထလျက်ရှိသည်။

ထိုအမိန့်ကြော်ငြာကြောင့် မန်ချူးအာဏာပိုင်များကို ပို၍ မုန်းတီးရွံရှာလာမိသည်။

တဆက်တည်းမှာပင်....

နေပြည်တော်တွင် သိုင်းပညာအဆင့်မြင့်သော သိုင်းသမား တယောက်ကို သိုင်းနည်းပြအဖြစ်ခန့်အပ်လိုက်ကြောင်းဥူရှောက် ဖုန်း သတင်းရရှိထားသည်။



ထိုသတင်းကြားရသည်နှင့် ဥူရှောက်ဖုန်းသည် အဆိပ်ပင် ရေစလောင်းပေးသော ဖောက်ပြန်ရေး သိုင်းသမားကို သုတ်သင် ရန် စုံစမ်းလျက်ရှိသည်။

အကယ်၍သာ....

ထိုသိုင်းနည်းပြသည် သူ၏အနီးတွင် အမိန့်ကြော်ငြာစာကို အတူတကွဖတ်နေကြောင်းသာ သိရှိလိုက်ပါလျှင်မူ....။

* * *

ပို့ချောင်ချင်း။

နေပြည်တော်သိုင်းနည်းပြဆရာ ပို့ချောင်ချင်း။

သူသည် ကြော်ငြာကပ်ထားရာနေရာများတွင်လူအုပ်တွင်း၌ ရောနှော ကြည့်နေလျက်ရှိသည်။

သတင်းလိုက်ယူနေပုံရ၏။

မြို့ပြင်ထွက်၍ မြို့ပြင်နံရံတွင်ကပ်ထားသော အမိန့် ကြော် ငြာစာကို လူအများနှင့် ရောနှော၍ကြည့်နေသည်။

သို့သော်....

သူ၏အကြည့်ကား....။

ကြော်ငြာစာရွက်ပေါ်တွင် မရှိချေ။

နံဘေးဝန်းကျင်မှ လူအများ၏ ပြောစကားများကို နားစွင့် သည်။

အနီးအနားရှိ လူအများ၏ ပုံ ပန်း သဏ္ဍာန် ကို အကဲခတ် ကြည့်သည်။

ထိုစဉ်....

ပို့ချောင်ချင်း၏မျက်လုံးအကြည့်သည် သန်မာ ဝင့်ကြွားသော သူတယောက်ထံရောက်ရှိသွား၏။

သူ၏အကြည့်က မြင်ဖူးသလိုရှိသော အကြည့်မျိုး။

မျက်မှောင်ကြုတ်၍ သေချာစွာကြည့်လိုက်သည်။

သူကြည့်သည့်သူမှာ အခြားသူမဟုတ်။ နယ်ခြားခေါင်းတုရင် ဝူရှောက်ဖုန်းဖြစ်သည်။

ဝူရှောက်ဖုန်းကို စူးစိုက် ကြည့်ပြီးသည်နှင့် လူအုပ်တွင်းမှ တိုးဝှေ့ထွက်ခွာသွား၏။

* * *

# ၃၆

တိုက်ဆိုင်သည်ဟုပင် ဆိုရလေမည်လားမသိချေ။

လူအုပ်တွင်းမှ ပို့ချောင်ချင်းအထွက်တွင် မြို့တွင်း မြို့ပြင် လှည့်ပတ်နေသောတပ်မှူးချုပ်၏ ကိုယ်ရံတော်များ ဖြစ် သည့် စူဆန်နှင့်စူချိန်တို့သည်-

ထိုနေရာသို့ ရောက်ရှိလာကြသည်။

စူဆန်သည် ပို့ချောင်ချင်းထွက်ခွာသွားရာသို့မကျေနပ်သော အကြည့်ဖြင့် ကြည့်လိုက်ပြီး....

'ဒီကောင့်ကို ငါတော့ ကြည့်လို့ လုံးဝမရဘူး'

'ဟုတ်တယ်၊ သိုင်းနည်းပြရာ ထူးရတယ်ဆိုပြီး နေရာတကာ ထောင်ထောင်ထောင်ထောင်နဲ့၊ တနေ့မှ ငါ့အကြောင်း ထပ် ပြရမယ်'

သိုင်းနည်းပြဆိုသော စကားသံကြောင့် အမိန့်ကြော်ငြာကို ဖတ်နေသော ဝူရှောက်ဖုန်း တကိုယ်လုံး တောင့်တင်းအေးစက်သွား၏။

* * *

စကားပြောနေသော စူဆန်နှင့် စူချိန်ဆီသို့ တချက် ကြည့်လိုက်ပြီး....

လူအုပ်ထဲမှ တိုးဝှေ့ထွက်လာခဲ့သည်။

ထို့နောက် ရိုကျိုးသောလေသံဖြင့်....

'စောစောက နောင်ကြီးတို့ပြောတာ ဘယ်သူ့ကို ပြောတာလဲ'

'ဘယ်သူရှိရမှာလဲ၊ အခုနေပြည်တော်မှာ သိုင်းနည်းပြခန့်လိုက်တဲ့ တောက လာတဲ့ငနဲပေါ့'

'ဘယ်မှာလဲ သူက နန်းတွင်းထဲမှာမဟုတ်ဘူးလား'

'ဘယ်ကလာ၊ ကြယ်တာရာအဖွဲ့ခေါင်းဆောင်ကိုပါ လိုက်စုံစမ်းယင်း အပြင်ထွက်နေတာ'

စကားပြောရာမှ ထွက်ခွာသွားသော ပို့ချောင်ချင်းကို လက်ညှိုးထိုး၍....။

'ဟိုးကသွားနေတာသူပေါ့'

ဝူရှောက်ဖုန်းမျက်လုံး မီးတောက် မီးလျှံနှယ် ဝင်းဝင်းတောက်သွားသည်။



ထို့နောက်....။

လျင်မြန်သောအရှိန်ဖြင့် ပို့ချောင်ချင်းနောက်သို့ ထက်ကြပ်မကွာလိုက်သွားတော့သည်။

စူဆန်နှင့်စူချိန်သည် ဝူရှောက်ဖုန်းကို နားမလည်သောအကြည့်ဖြင့် ကြည့်လိုက်သည်။

စူဆန် မျက်မှောင်ကြုတ်၍ပြော၏။

'ဒီလူဘယ်လိုလူလဲ၊ ဘာကြောင့် ဟိုငနဲနောက် လိုက်သွားရတာလဲ'

'သူ့ကိုမကျေနပ်တဲ့လူဖြစ်မှာပေါ့'

'မြန်မြန်သေတာ အေးပါတယ်၊ ဒါမှ ငါလဲ သိုင်းနည်းပြနေရာဝင်ယူရမယ်'

စူဆန်နှင့်စူချိန်ပြောစကားများကိုမူ ဝူရှောက်ဖုန်း ကြားလည်းမကြား။ ဂရုလည်းမစိုက်နိုင်တော့ပေ။

ဝူရှောက်ဖုန်းအာရုံသည် တခုတည်း၌ စူးစိုက်နေ၏။

သိုင်းနည်းပြရာထူး ဆက်ခံထားသော။

မျိုးချစ်ကြယ်တာရာအဖွဲ့ကိုပါ ဖြိုဖျက်ရန် ကြိုးစားနေသော။

ဖောက်ပြန်ရေး မျိုးဖျက်သိုင်းသမားကို သုတ်သင်ပစ်ရန်ပင်ဖြစ်သည်။

* * *

ဝူရှောက်ဖုန်း ခြေလှမ်းများသွက်လာသည်။

ရှေ့မှသွားနေသော ပို့ချောင်ချင်းသည် နောက်မှလူလိုက်လာသည်ကို ရိပ်မိပုံရ၏။

လူရှုပ်ထွေးရာကိုဖြတ်သည်။

နောက်မှလိုက်သူသည် ကပ်၍ပါလာဆဲ။

လူရှင်းရာလမ်းမှာမှ ဖြတ်ထွက်သည်။

ထိုလူသည် ထက်ကြပ်မကွာပါနေဆဲ။

သေချာသွားပြီ။

နောက်မှ လိုက်လာသော ဝတ်စုံမည်းနှင့်လူသည် သူ၏နောက်သို့လိုက်လာကြောင်း နားလည်လိုက်ပြီဖြစ်သည်။

ပို့ချောင်ချင်း မည်သို့စိတ်ကူးရသွားသည်မသိ။

လူသူကင်းဝေးရာလမ်းဘက်သို့ ဦးတည်လိုက်၏။

နောက်မှလိုက်လာသော ဝူရှောက်ဖုန်း ပို၍ သဘောကျသွားပုံရသည်။

တချက်ပြုံးလိုက်၏။

*   *   *

ပတ်ဝန်းကျင်တခွင်လုံး ပကတိ ငြိမ်သက်တိတ်ဆိတ်လျက်ရှိသည်။

အနီးအနားတွင် လူနေအိမ်လည်းမရှိ။

လူသူအရိပ်အရောင်လည်း မတွေ့ရချေ။



ဝူရှောက်ဖုန်း ကိုယ်ဖော့၍ တချက်ခုန်လိုက်သည်။

ပို့ချောင်ချင်း၏ရှေ့တွင် မတ်မတ်ရပ်လျက် တားဆီးထားလိုက်သည်။

ပို့ချောင်ချင်း ခြေလှမ်း တုံ့ကနဲဖြစ်သွားသည်။

ဝူရှောက်ဖုန်းကို စူးစိုက်ကြည့်လိုက်သည်။

မည်သည့်စကားမျှမပြောပေ။

ဝူရှောက်ဖုန်းကလည်း မည်သည့်စကားမျှမပြော။

အေးစက်စွာကြည့်လိုက်ပြီး ရတနာဓားကို ထုတ်လိုက်သည်။

'သစ္စာဖောက်မျိုးဖျက်သိုင်းသမား မင်းလိုကောင်မျိုး ဆက်ပြီးအသက်ရှင်နေယင် တိုင်းပြည်ရောလူမျိုးပါ ဒုက္ခရောက်ကုန်မယ်၊ ဒါကြောင့် မင်းကို ဒီကနေ့ လူ့ပြည်ကနေ ဖယ်ထုတ်ပစ်ရမယ်၊ ဒါမှ သိုင်းလောကလဲ သန့်စင်သွားမယ်'

ပို့ချောင်ချင်း မည်သည့်စကားမျှမတုံ့ပြန်။

မတုန်မလှုပ် ကျောက်ရုပ်နှယ် ရပ်နေလျက်ရှိသည်။

'ကဲ-မင်းမှာ လက်နက်ပါယင်ထုတ်လိုက်ပါ'

ပို့ချောင်ချင်း နှုတ်ခမ်းတင်းတင်းစေ့ထားသည်။

အကြည့်သည် ဝူရှောက်ဖုန်းထံတွင် စူးစူးရဲရဲ ကြည့်နေဆဲဖြစ်သည်။

'ဘာလဲ-မင်းက သိုင်းနည်းပြကြီးဆိုတော့ ငါ့ကို လက်နက်မပါပဲ ရင်ဆိုင်မယ့်အဓိပ္ပာယ်လား၊ ကောင်းပြီ၊ နေပြည်တော်

က သိုင်းနည်းပြကြီးကို ရတနာခါးနဲ့ မိတ်ဆက်ပေးရတာ ပေါ့'

ဝူရှောက်ဖုန်း ဆတ်ကနဲခုန်လိုက်ပြီး ပို့ချောင်ချင်းကို ဓား ဖြင့်ခုတ်ပိုင်းသည်။

ပို့ချောင်ချင်း ကိုယ်ကိုယို့၍ ရှောင်တိမ်းလိုက်၏။

ဝူရှောက်ဖုန်း ဓားကို ပန်းဝတ်မှုန်တိုက်ကွက်ဖြင့် သိုင်း ကွက်ဆင် တိုက်ခိုက်သည်။

သို့သော်....။

ပို့ချောင်ချင်းက လျင်မြန်ဖျတ်လတ်စွာ တိမ်းရှောင်ပေး လျက်ရှိသည်။

'တယ်တော်ပါလားကွ၊ အေးလေ ဒါကြောင့်လဲ နေပြည် တော်ရဲ့ သိုင်းနည်းပြကြီး ဖြစ်တာပေါ့၊ ဒါပေမယ့် မင်း ငါ့ရဲ့ ဓားသိုင်းစကြာ ကိုးဆင့်ကိုတော့ မရှောင်နိုင်ပါဘူး'

ဝူရှောက်ဖုန်း၏ စကားကြောင့် ပို့ချောင်ချင်းလက် ဆတ် ကနဲ လှုပ်ရှားသွားသည်။

ပို့ချောင်ချင်း၏လက်ထဲတွင် ဓားတလက် ရောက်ရှိသွား ချေပြီ။

ပို့ချောင်ချင်းလက်လဲမှဓားကို စိုက်ကြည့်ကာ ဝူရှောက်ဖုန်း စိတ်ညို့ခံရသူနှယ် ဖြစ်သွား၏။

* * *



ဝူရှောက်ဖုန်းသည် ပို့ချောင်ချင်းလက်ထဲမှဓားကို လက်ညှိုး ဖြင့်ထိုးကာ အံ့ဩထိတ်လန့်စွာ ပြောလိုက်သည်။

'မင်း....မင်း....ဒီ....ဒီဓား....ဒီဓား....'

ဝူရှောက်ဖုန်းသည် အံ့ဩမှုကြောင့် စကားပြောရသည်မှာ ပင် ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၏။

သို့သော် ...

ပို့ချောင်ချင်းက တလုံးချင်းပီသစွာ ပြောလိုက်၏။

'ရတနာနဂါးဓား'

'ဒါဆိုယင် မင်း....'

ပို့ချောင်ချင်း တချက်ပြုံးလိုက်သည်။

ထို့နောက် မျက်နှာကို ညာလက်ဖြင့် လှုပ်ရှားမှုတရပ် ပြုလိုက်သည်။

ပို့ချောင်ချင်း၏မျက်နှာသည် တမုဟုတ်ချင်း ပြောင်းလဲ သွားသည်။

ပို့ချောင်ချင်း၏မျက်နှာကား ပင်ကိုမျက်နှာမဟုတ်။

အမာရွတ်ဖြင့် ရုပ်ပြောင်းလဲစေရန် မျက်နှာဖုံးစွပ်ထားခြင်း ဖြစ်၏။

ပို့ချောင်ချင်း၏ မူလမျက်နှာကို မြင်တွေ့လိုက်ရသော ဝူရှောက်ဖုန်းသည်....

တစ္ဆေသရဲ အခြောက်ခံရသည့်နှယ်။

မျက်လုံးအစုံ ပြူးကျယ်သွားကာ....

'မင်း....မင်း....ချူယီ'

ချူယီ ခေါင်းညိတ်ပြလိုက်၏။

'မင်းဘာလို့ ဒီလိုအလုပ်မျိုး လုပ်နေရတာလဲ'

ဝူရှောက်ဖုန်း အံ့သြစွာမေးလိုက်၏။

'လာပါ ဝူအစ်ကို၊ ကျုပ်နောက် လိုက်ခဲ့ပါ၊ အကြောင်းစုံ သိပါလိမ့်မယ်'

ချူယိသည် မျက်နှာဖုံးတုကို ပြန်စွပ်လိုက်၏။

ပို့ချောင်ချင်းသဏ္ဍာန် ချက်ချင်း ပြောင်းလဲသွားတော့သည်။

* * *

## ၄၀

လမ်းကြိုလမ်းကြားမှ ဖြတ်လာကြသည်။

တဖြည်းဖြည်းနှင့် လူသူကင်းဝေးရာအရပ်သို့ ရောက်ရှိလာ၏။

ဝူရှောက်ဖုန်းသည် ချူယိခေါ်ရာသို့ နားမလည်စွာ လိုက်လာခဲ့သည်။

အရာအားလုံးကို မစဉ်းစားတတ်အောင် ဖြစ်သွားသည်။

တဖြည်းဖြည်းနှင့် မြို့ပြင်ပြန်ရောက်လာသည်။

မြက်ပင်များ ထူထပ်စွာပေါက်ရောက်နေရာ တနေရာသို့ ရောက်ရှိလာ၏။

လေများ တဟူးဟူးတိုက်ခတ်လျက်ရှိသည်။

မြက်ပင်များ လေတိုက်ခတ်ရာတွင် ယိမ်းနွဲ့ လှုပ်ရှားနေလေသည်။

လူသားနှစ်ဦးကား မည်သည့်စကားမျှမပြောပဲ လမ်းဆက်လျှောက်နေကြဆဲ။

တဖြည်းဖြည်းနှင့် အိမ်ပျက်ကြီးတခုရှေ့ ရောက်လာခဲ့၏။

အိမ်ပျက်ကြီး၏ ဝန်းကျင်တွင် သစ်ပင်များထူထပ်စွာပေါက်ရောက်လျက်ရှိသည်။

ထိုစဉ်....

ရှိ....

လေချွန်သံတချက်ကို ကြားလိုက်ရ၏။

ရှိ....ရှိ....

ချူယီသည် လမ်းလျှောက်နေရာမှ လေနှစ်ချက် ချွန်လိုက်သည်။

လူသုံးဦး၏အရိပ်ကို တွေ့လိုက်ရသည်။

လူရိပ်သုံးဦးသည် ချူယီထံ လျှောက်လာကြသည်။

အနီးရောက်သည်နှင့် လူရိပ်များ သဲကွဲစွာ မြင်လိုက်ရသည်။

ရွှေစွန်အဖွဲ့မှ အဘိုးအိုသုံးဦး။

အဘိုးအိုသုံးဦးသည် ဝူရှောက်ဖုန်းကိုတွေ့လိုက်ရသည်နှင့် အံ့အားသင့်စွာ ကြည့်လိုက်ကြသည်။

'သူက ဘယ်ကနေဘယ်လိုပါလာတာလဲ သခင်လေး'

ဝတုတ်အဘိုးအိုက မေးလိုက်သည်။



'အဘဲကျူမှ ရှင်းပြမယ်၊ သခင်ကြီးရှိသလား'

'သခင်ကြီး သခင်လေးအလာကို စောင့်မျှော်နေပါတယ်'

* * *

သခင်ကြီး။

သခင်ကြီးဆိုသူသည် မည်သူနည်း။

ဝူရှောက်ဖုန်း အစဉ်းစားရ ကျပ်သွား၏။

လူသူမနေဟု ထင်ရသော အိမ်ပျက်ကြီး၏ နောက်ဘက်ဆီသို့ လျှောက်လာခဲ့၏။

လူတကိုယ်စာ ဝင်နိုင်သော အပေါက်ကလေးမှ ဝင်လာခဲ့၏။

ထို့နောက် လှေကားအတိုင်း ဆက်လျှောက် လာခဲ့ကြသည်။

တဖြည်းဖြည်းနှင့် မြေအောက်ခန်းထဲသို့ ရောက်ရှိလာခဲ့ကြသည်။

တခန်းလုံး မီးများထိန်လင်းနေ၏။

အခန်း၏အလယ်တွင် စားပွဲဝိုင်းကြီးတခုကို တွေ့လိုက်ရသည်။

စားပွဲဝိုင်းကြီး၏ထိပ်တွင် ခန့်ညားစွာထိုင်နေသော လူကြီးတဦးကို တွေ့လိုက်ရသည်။

ဝူရှောက်ဖုန်း အံ့သြသွားရချေပြီ။

ထိုလူကြီးကား....

သိုင်းလောကတွင် ချစ်ခင်ရှိသေသူပေါများသော တောင်ဝံ မားစကြာ ရှက်မုစေ ဖြစ်နေသောကြောင့်ပင်တည်း။

*　　*　　*

'ဝူအစ်ကိုကြီး ထိုင်ပါ'

ချူယိသည် မျက်နှာဖုံးကိုချွတ်လိုက်ယင်း ပြောလိုက်သည်။

ထို့နောက် ရှက်မုစေဘက် လှည့်လိုက်ပြီး....

'ရှက်သခင်ကြီး၊ ဒီကဝူအစ်ကိုက ကျွန်တော့်ကို အထင်မှားပြီး လိုက်တိုက်လို့ အကြောင်းစုံရှင်းပြရအောင် ခေါ်လာတာပါ'

ရှက်မုစေပြုံးလျက် ခေါင်းညိတ်လိုက်သည်။

'ဒီလိုပါ ဝူအစ်ကိုကြီး၊ ကျွန်တော်ဟာ နေပြည်တော်က သတင်းတွေ ရရှိနိုင်ဖို့အတွက် နေပြည်တော်မှာ အလုပ်ရဖို့ ပထမ ကြိုးစားခဲ့ရတယ်၊ အဲဒီလိုကြိုးစားနေချိန်မှာ ဟိုစူဘုရင်က ဘဏ္ဍာတော်တွေပို့ပြီး သိုင်းသမားအချင်းချင်း လောဘဇောတက်ပြီး တိုက်ကြရအောင် စီစဉ်တယ်၊ အဲဒီ တိုက်ခိုက်ချိန်မှာ လျှို့ဝှက်လက်နက်ပုန်းနဲ့မသေတဲ့ သိုင်းသမားတွေကိုသုတ်သင်ဖို့ သိုင်းသမားတယောက်ကို နတ်လက်ဝါး သိုင်းသမား ကျူးယုထံကို နယ်စားကြီးကတဆင့် အကူညီ တောင်းတယ်၊ ဒီတော့ နယ်စားကြီးက ပို့ချောင်ချင်းဆိုတဲ့ သိုင်းသမားကို လွှတ်လိုက်တယ်၊ ဒါကို ကြိုတင်သတင်းရထားတဲ့ ကျွန်တော်က ပို့ချောင်ချင်းကိုသတ်ပြီး ပို့ချောင်ချင်း နေရာမှာ ကျွန်တော် အစားဝင်ခဲ့တယ်၊ ဘဏ္ဍာတော်လှည်းရဲ့ နောက်ဆုံးလှည်းထဲမှာ လူပမာဟန်ဆောင်နေခဲ့တယ်၊ ဘဏ္ဍာတော်တွေကို ဝူအစ်ကိုတို့ တိုက်နေချိန်မှာ ကျွန်တော်က မူလရုပ်နဲ့ လှည်းထဲကထွက်ပြီး ဝူအစ်ကိုအပါအဝင် သိုင်းသမားအားလုံးကို ဖြစ်ရပ်မှန်ရှင်းပြပြီး ဖယ်ရှားခဲ့တာပါပဲ၊ ကံကောင်းချင်တော့ ကျွန်တော့်လှည်းက တောင်နံရံအကွယ်မှာ ဖြစ်နေတော့ ကျွန်တော့်လှုပ်ရှားမှုမှန်သမျှ တယောက်မှ မရိပ်မိဘူး၊ ဟောဒီရှက်သခင်ကြီးကလဲ အဲဒီအချိန်မှာ တခြားသိုင်းအဖွဲ့တွေကို လမ်းကနေ ကြားဖြတ်ရှင်းပြပြီး ပြန်လွှတ်နေလို့ ရှောင်ထင်နဲ့ လွဲခဲ့ရတာပါပဲ၊ ခုတော့ ကျွန်တော်ဟာ နေပြည်တော်မှာ သိုင်းနည်းပြရာထူး ယူထားတာ ဟန်ပြပါပဲ၊ အဲဒီမှာလဲ ဘာသိုင်းမှ ခုထိမပြသေးပါဘူး၊ ကျွန်တော့်အနေနဲ့ နေပြည်တော်ရဲ့ အတွင်းရေးတွေကို ထောက်လှမ်းနေတာပါ၊ ဝူအစ်ကို ရှင်းလောက်ပါပြီ'



ဝူရှောက်ဖုန်းသည် မျက်မှောင်ကြုတ်လိုက်ပြီး။

'ဒါတော့ ရှင်းပါပြီ၊ ဒီနေရာဟာ'

'ဒီနေရာဟာ ကြယ်တာရာ တန်ပြန်တိုက်ခိုက်ရေး အဖွဲ့ရဲ့ ဌာနပါပဲ'

ဝူရှောင်ဖုန်း ခေါင်းတဆတ်ဆတ်ညိတ်လျက် ပြုံးလိုက်၏။

ချူယိသည် အိတ်ထဲမှ စာရွက်တရွက်ကိုထုတ်၍ ရှက်မုစေ ပေးလိုက်ပြီး။

'ရှက်သခင်၊ အဲဒါ နေပြည်တော်ရဲ့ အနေအထားနဲ့ လူအင်အား ဇယားပါပဲ၊ ကျွန်တော့်ကို ခွင့်ပြုပါ၊ ဝူအစ်ကိုကိုလဲ ကျွန်တော်တို့နဲ့ လက်တွဲပါလို့ ပြောခဲ့ပါရစေ'

ချူယိသည် ပြောဆိုယင်း နေရာမှ ထွက်ခွာလာခဲ့၏။

မြင်ပရောက်သည်နှင့် ချူယိသည် ပို့ချောင်ချင်းဘာဝ ပြောင်း သွားရပြန်ချေပြီ။

* * *

ဟိုစူဘုရင်သည် သူ၏ နေပြည်တော်၌ သိုင်းနည်းပြ ခန့်ထားသော ပို့ချောင်ချင်းသည် အမိန့်ထုတ်ထားသော ရတနာနဂါးချူယိမှန်းမသိလေစွ။

မြွေပွေးကို ခါးပိုက်ပိုက်ထားကြောင်းလည်း နားမလည်။

အကယ်၍သာ....

ချူယိသည် သိုင်းနည်းပြဖြစ်သော ပို့ချောင်ချင်းမှန်း သိပါလျှင်မူ။

မည်သို့ဖြစ်ရေး

ကြယ်တာယာအဖွဲ့၏ ဌာနချုပ်တွင်မူ။

ရှက်မုဝေသည် ချူယိပေးခဲ့သည့် ဇယားများ၊ မြေပုံများကို ကြည့်ကာ ရွှင်လန်းတက်ကြွနေချေပြီ။

ဆက်လက်၍ နေပြည်တော်မှလျှို့ဝှက်မှု မှန်သမျှကို ချူယိထံမှ ရရှိပေဦးမည်။

ထိုသို့ဆိုပါက အောင်ပွဲများသည်ဆက်၍ဆက်၍နေဦးမည်မှာ မြေကြီး လက်ခတ်မလွဲချေတကား။

ပြီးပါပြီ။
တော်စောဟင်း

လွင်စာပေ
အမှတ် ၁၅/၁၃၈၊ [illegible]
[illegible]

လေးစားစွာဖြင့်-

၁၉၆၄ ခုနှစ်မှ ၁၉၇၄ ခုနှစ်ထိ။
ဝတ္ထု၊ ပုံပြင်၊ ကျန်းမာရေး၊ ဘာသာပြန်စသည့် လုံးချင်းစာအုပ်ပေါင်း (၃၃) အုပ်ခန့် ရေးသား ထုတ်ဝေခဲ့ပြီးသော။

# ရန်ကုန်ကျော်ဟင်း

ပင်ကိုယ်ရေးဝတ္ထုများ၊ ဘာသာပြန်စာအုပ်များကို တစုတစည်းဖြင့် ယုံကြည်ချက်စာပေနှင့် အိအိတော် စာပေမှ လက်ရွေးစင်အဖြစ် အထူးထုတ်ဝေဖြန့်ချိရန်စီစဉ်နေပါကြောင်း လေးစားအပ်သော စာဖတ်ပရိသတ်များသို့ သတင်းကောင်းပါးလိုက်ရပါသည်ရှင့်...

ဒေါ်အေးအေးမြင့်
(တာဝန်ခံ)
အိအိတော်စာပေဖြန့်ချိရေး

စာဖူး ၁၉၇၊ ရန်ကုန်စာတိုက်ကြီး၊ ဖုန်း-၈၂၁၃၅။